# ရှေးဦးသင်အဘိဓမ္မာ

**ABHIDHAMMA**

*For beginners and Intermediate students*

*by*

*U Aung Thein*

၁၅၀၀-

ရေးသူ
ဦးအောင်သိမ်း
ဗုဒ္ဓကျမ်းစာဒုတိယကထိက
ရန်ကုန်တက္ကသိုလ်

အောင်သိပုံစာအုပ်တိုက်

၁၉၈၂၇

ရန်ကုန်တက္ကသိုလ်

ဝိဇ္ဇာတန်း ကျောင်းသားများအတွက်

# ရှေးဦးသင် အဘိဓမ္မာ

## သင်္ဂြိုဟ်သစ်

ဦးအောင်သိမ်း ဆရာမှူးဓအေး - ရန်ကုန်။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ

နှင့်

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ရန်ကုန်တက္ကသိုလ်ဗုဒ္ဓကျမ်းစာဌာန ဒုတိယ ကထိက

ရေးသားသည်

ကုသလဝတီပုံနှိပ်တိုက်၊ ၆၀-ရေကျော်လမ်း၊ ရန်ကုန်မြို့။

၁၃၂၄-၁၉၆၂

A.

ဒုတိယ အကြိမ် ၁၃၂၄ ခု—၁၉၆၂ ခု။

## ဆရာတော်-ဦးသေဋ္ဌိလ,၏ ထင်မြင်ချက်

အဘိဓမ္မာ တရားတော်သည် စိတ်၏သဘော, စိတ်၏ ထူးထူးထွေထွေ ဖြစ်ပုံ, ပျက်ပုံ, တက်ပုံ, ကျပုံ စသည်ကို ပြသောကြောင့် (Psychology) စိတ်အကြောင်း အရာ ပညာမည်၏။

အကြောင်းရင်း, အကြောင်းမှန်, အကျိုးရင်း, အကျိုးမှန် များကို ပြသောကြောင့် (Philosophy) ကြောင်းကျိုးပြ ပညာ လည်းမည်၏။

သူတော်ကောင်း ကျင့်ဝတ်စဉ်ကို ပြသောကြောင့် (Ethics) သူတော်ကောင်း ကျင့်စဉ်ပညာလည်းမည်၏။

သို့ဖြစ်၍ အဘိဓမ္မာတရားတော်ကို (Psycho-Ethical Philosophy) စိတ်၏အကြောင်းနှင့် သူတော်ကောင်းကျင့်စဉ် ကြောင်းကျိုးမြင် ပညာဟုခေါ်ဆိုထိုက်ပေသည်။

ဤသို့လျှင် အဘိဓမ္မာ တရားတော်သည် စိတ်အကြောင်း အရာပညာ, သူတော်ကောင်းကျင့်စဉ်ပညာ, ကြောင်းကျိုးမြင် ပညာ ဟူသော ပညာသုံးရပ်ပါဝင်သဖြင့် ရိုးရိုး (Psychology, Ethics နှင့် Philosophy) ထက်သာလွန်ပေသည်။

၎င်းပြင်၊ အဘိဓမ္မာ တရားတော်သည် စိတ်၏ အကြောင်းကို အသေးစိပ်၍ အပြည့်အစုံ ပြရုံသာမက ၎င်းစိတ်ကို အဘိဓမ္မာနည်းအရ အကြွင်းမရှိ စင်ကြယ်အောင်ထိမ်းနိုင်လျှင် ၎င်းစိတ်ဖြင့်ပင် လောကီချမ်းသာထက် သာလွန်သော လောကုတ္တရာ နိဗ္ဗာန် ချမ်းသာကို မြင်နိုင်သော ပညာဖြစ်သဖြင့် ကာလပေါ် (Psychology) ထက်လည်း အထက်တန်းကျပေသည်။

လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, မဂ်ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာများကို ရရာရကြောင်း လမ်းကောင်းကျင့်ဝတ်များကို ပြသောကြောင့် ရှုံးခိုး (Ethics) များထက်လည်း အထက်တန်းကျပေသည်။

လူ့,နတ်,ဗြဟ္မာ စသော သက်ရှိသတ္တဝါ, ဧတာ, တောင်, ရေ,မြေ စသော သက်မဲ့အရာဝတ္ထု ဟူသော ဘုံသုံးပါးအတွင်းရှိ လောကီရုပ်နာမ် တရားများနှင့်တကွ လောကုတ္တရာမဂ်,ဖိုလ် တရားတို့၏ အကြောင်းခစ် အကျိုးစစ်များကို ပိုင်းပိုင်းခြားခြား ဝေဘန်၍ ပြထားသောကြောင့် ရှုံးခိုး(Philosophy)များထက် လည်း အထက်တန်းကျပေသည်။

ဤကဲ့သို့ သာလွန် ထူးမြတ်သည့် အတိုင်းလည်း အလွန် ကျယ်ဝန်းနက်နဲ ခက်ခဲလှ၍ အဘိဓမ္မာ၏ သဘောများကို လူသာမန်တို့ သိနိုင်ရန် အလွန် ခဲယဉ်း ပေသည်။ ထိုကြောင့် လူသာမန်တို့၏ အကျိုးငှါ အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို အနုရုဒ္ဓါဆရာ စီရင်ရေးသားတော်မူခဲ့ပေသည်။ ၎င်းကျမ်းမှာ အကျဉ်းချုပ် ဖြစ်သည့်အတိုင်း အဘိဓမ္မာတရားတို့၏ အမည်သရုပ်သာများ၍၊ လိုရင်းသဘောများမှာ အလွန်တိမ်မြုပ်နေသဖြင့် ၎င်းကျမ်း၏အဘွင့် ကျမ်းများကို ပါဠိဘာသာ, မြန်မာဘာသာစသည်ဖြင့် အမျိုးမျိုး ရေးသားခဲ့ကြပေသည်။ ထိုသို့ ရေးသားကြရာ၌လည်း ပါဠိပုဒ်များ၏ အဘွင့် စုဒ် စောဒနာ အထွက် အတက် ကိုးကားချက် စသည်ဖြင့် မြိုင်မြိုင် ဆိုင်ဆိုင် တန်းဆာဆင်၍ ရေးသားကြသဖြင့် ကျမ်းစာများမှာ ခမ်းနားကြပါ၏။ သို့ရာတွင် အဘိဓမ္မာ တရားတို့၏ သဘော များကို " လွယ်လွယ် နှင့် သိစေရန် " ဟူသော လိုရင်းကိုစွ မပြီးဘဲ

ရှိနေသေးရာ ခေတ်မှီဆရာများ ကျေးဇူးကြောင့် ၄င်းကိစ္စလုံးဝ မပြီးသေးသော်လည်း အတော်တိုးတက်လျက်ရှိသဖြင့် အလွန် ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

နောက်ရေးစာအုပ်များအနက် "ဦးအောင်သိမ်း" စီရင် ရေးသားသော "ရှေးဦးသင်အဘိဓမ္မာ" ကျမ်းသည် ခေတ်မှီ စကား အသွားအလာ ဥပမာ ဥပမေယျတို့ဖြင့် စာအဘိဓမ္မာ သက်သက်မဟုတ်, သဘောအဘိဓမ္မာ အတော်ပါအောင် ရေး သားထားသော ကျမ်းဖြစ်သဖြင့် ကျမ်းအမည်နှင့် လိုက်လျော စွာ အဘိဓမ္မာကို အလျဉ်းမသင်ဘူးသူများနှင့် အသင့်အတင့် သင်ဘူးသူများအတွက် ရှေးဦးသင်ရန် အလွန်သင့်လျော် သော ကျမ်းဖြစ်ပေသည်။ ။

**ဆရာတော်-ဦးသေဋ္ဌိလ၊**

ရန်ကုန် တက္ကသိုလ် အဘိဓမ္မာ ကထိက။

၁၃၁၅ ခု၊ ကဆုန်လဆန်း ၈ ရက်။

## ကျမ်းဆရာ၏ အမှာစကား

ဤကျမ်းစာ၌ မူလစာကိုယ်, အဓိပ္ပါယ် ဟူ၍ ၂ မျိုး ၂ စား ရေးသားထားပါသည်။ မူလစာကိုယ် နံပါတ်များမှာ သင်္ဂြိုဟ် ကျမ်းလာ (သုဓမ္မဝတီရိုက်) နံပါတ်များဖြစ်သည်။

မူလသင်္ဂြိုဟ် ပါဠိအဓိပ္ပါယ်များအတိုင်း မြန်မာပြန်ထား၍ အဓိပ္ပါယ်အကျယ်ကို မူလစာကိုယ်နံပါတ် အတိုင်း ရေးသား ထားပါသည်၊ တိုက်ဆိုင်၍ကြည့်ရှုပါ။

ထိုပြင် စာသားများ၌ (　　) ဤကဲ့သို့ လက်သည်းကွင်း ပြ၍ ရေးသားထားသော အရာများရှိ၏။ ထိုလက်သည်းကွင်း အတွင်းရှိ အဓိပ္ပါယ်များမှာ ရှေ့စကား ပေါ်လွင်ရန် ထပ်ဖြည့် ထားသော အဓိပ္ပါယ်များ ဖြစ်၏။ ထိုကြောင့် ထည့်သွင်း၍ ဘာသ်မည်ဆိုကလည်း ဘာသ်နိုင်၏။ မထည့်ပဲ ကျော်၍ဘာသ် ကလည်း ဘာသ်နိုင်၏။

သို့ရာတွင် ပဌမဦးစွာ လက်သည်းကွင်းရှိစာများကို ကျော် ၍ ဘာသ်ပြီးလျှင် အဓိပ္ပါယ် အကျဉ်း မှတ်သားပါ။ ထိုနောက် လက် သည်း ကွင်း ရှိ ထပ် ဖြည့် အ ဓိ ပ္ပါ ယ် ကို ပါ ထည့် စွက်၍ ဘာသ်ပါ။

**ဥပမာ**-"ဘဝတခု၌ ရှေးဦးစွာ ဖြစ်သော (ပဋိသန္ဓေခေါ်) စိတ်နှင့်ဘဝတခု၏ အဆုံးစွန် နောက်ဆုံး (စုတိခေါ်) စိတ်နှစ် မျိုးမှတပါး" ဤစာပိုဒ်၌—

လက်သည်းကွင်းကျော်ဘာသ်လျှင်၊

"ဘဝတခု၏ ရှေးဦးစွာဖြစ်သော စိတ်နှင့် ဘဝတခု၏ အဆုံးစွန်နောက်ဆုံးစိတ်နှစ်မျိုးမှတပါး"ဟူ၍ဖြစ်၏။ထိုနောက်....

လက်သည်းကွင်းအတွင်းရှိ ထပ်ဖြည့် အဓိပ္ပါယ်မှာ ရှေးဦးစွာဖြစ်သော စိတ်-ဟူသည် "ပဋိသန္ဓေခေါ်"သော စိတ်ဟု အဓိပ္ပါယ်ရ၏။

အဆုံးစွန်နောက်ဆုံးစိတ်ဟူသည် "စုတိခေါ်" သော စိတ်ဟုအဓိပ္ပါယ်ရ၏။

ဤညွှန်ကြားချက်ကို မှတ်သား၍ ဘာသ်ပါက အဓိပ္ပါယ် ပိုမို၍ ရှင်းလင်းပါလိမ့်မည်။

မှတ်သားနာယူနိုင်ပါစေသတည်း။
ဘာသ်ကြားစာမူနိုင်ပါစေသတည်း။

(ဤကျမ်းစာဖြစ်မြောက်ရေးကို ကူညီသော ဘာသာပြန်ဌာန အယ်ဒီတာ ဦးအေးမောင် အား ကျေးဇူးတင်ပါကြောင်း ဤစာဖြင့် မှတ်တမ်းတင်ပါသည်။)

**အောင်သိမ်း။**

၁၃၁၆ ခု၊ နယုန်လဆုတ် ၁ ရက်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | ဆရာတော် ဦးသေဋ္ဌိလ၏ ထင်မြင်ချက် | | .... | (ဂ) |
| | ကျမ်းဆရာ၏ အမှာစကား | .... | .... | (စ) |
| ၁။ | **ကျမ်းတက်အနုသန္ဓေ** | .... | .... | ၁ |
| ၂။ | **ဘူမိစတုက္က** .... | .... | .... | ၃ |
| | ဘုံ ၃၁ ဇယား .... | .... | .... | ၄ |
| | အပါယ်လေးဘုံအကြောင်း | .... | .... | ၅ |
| | ကာမသုဂတိ ၇ ဘုံအကြောင်း .... | | .... | ၈ |
| | ရူပ ၁၆ ဘုံအကြောင်း | .... | .... | ၁၀ |
| | ဥာဏရနိမ္မာနဝါဒ .... | .... | .... | ၁၀ |
| | အရူပလေးဘုံအကြောင်း | .... | .... | ၁၆ |
| ၃။ | **ပဋိသန္ဓိစတုက္က** .... | .... | .... | ၁၇ |
| | ကာမပဋိသန္ဓေ ၁၀ မျိုး | .... | .... | ၁၈ |
| | နတ် ၆ ဘုံသက်တမ်း | .... | .... | ၁၉ |
| | ရူပပဋိသန္ဓေ ၆ မျိုး.... | .... | .... | ၂၂ |
| | ဗြဟ္မာတို့၏သက်တမ်း | .... | .... | ၂၅ |
| | အရူပ ပဋိသန္ဓေ ၄ မျိုး | .... | .... | ၂၇ |
| | တဘာဝဉ္စ တူမြဲတရား ၃ ပါး | .... | .... | ၂၇ |
| ၄။ | **ကမ္မစတုက္က** .... | .... | .... | ၂၈ |
| | အလုပ်ကိစ္စကံ ၄ မျိုး | .... | .... | ၂၈ |
| | အကျိုးပေးစဉ် ကံ ၄ မျိုး | .... | .... | ၃၁ |
| | အကျိုးပေးရာကာလ ကံ-မျိုး | .... | .... | ၃၄ |
| | အကျိုးပေးရာဌာန ကံ ၄ မျိုး | .... | .... | ၃၈ |
| | အကုသိုလ်ကံဖြစ်ခြင်းအကြောင်း .... | | .... | ၄၈ |
| | ကုသိုလ်ကံအကြောင်း | .... | .... | ၅၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အကုသိုလ်ကံအကျိုးပေးရာဌာန .... .... ၅၅
ကုသိုလ်ကံ အကျိုးပေးရာဌာန .... .... ၅၇
ရူပါဝစရ ကုသိုလ်အကျိုးပေးရာဌာန .... ၆၁
အရူပါဝစရ ကုသိုလ်အကျိုးပေးရာဌာန .... ၆၃

၅။ မရဏာသပ္ပတ္တိစတုက္က .... .... .... ၆၄

ဥပစ္ဆေဒက သေခြင်း ၁၄ ပါး .... .... ၆၆
သေခါနီး နိမိတ်ထင်ပုံ .... .... ၆၆
မရဏာသန္နဝီထိ ဇယား .... .... ၆၉
ဘဝကူးပုံ .... .... .... ၇၀
လောက်လမ်းသဘွယ် ဝိညာဏ်တွယ် .... ၇၅
ကံ,ကမ္မနိမိတ်,ဂတိနိမိတ် .... .... ၇၆
စုတိနောက် ပဋိသန္ဓေနှောင်းပုံ .... .... ၈၀
ဗြဟ္မာတို့၏ဖြစ်နိုင်သောဘုံ .... .... ၈၆
လူ နတ် တို့၏ ဖြစ်နိုင်သောဘုံ .... .... ၈၉
သံသရာလမ်းစဉ် အမြင်ဆက်ပုံ .... .... ၉၁
သံသရာစက်ပြတ်ပုံ .... .... ၉၂


## ရုပ်ပိုင်းမာတိကာ


၆။ အနုသန္ဓေနှင့်ပဋိညာ .... .... ၉၃

၇။ ရုပ်အကြောင်း .... .... .... ၉၄

၈။ ရူပသမုဒ္ဒေသ .... .... .... ၉၆

မဟာဘုတ်အကြောင်း .... .... ၉၆
ဥပါဒါရုပ်အကြောင်း .... .... ၁၀၂
ပသာဒရုပ်အကြောင်း .... .... ၁၀၂

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဂေါစရရုပ်အကြောင်း .... .... | ၁၀၅ |
| | ဘာဝရုပ်အကြောင်း .... .... | ၁၀၈ |
| | ဟဒယရုပ်စသည်အကြောင်း .... .... | ၁၁၁ |
| ၉။ | ရူပဝိဘာဂ | |
| | ဧကဝိဓနည်းရုပ်များ .... .... | ၁၂၂ |
| | ဒုဝိဓနည်းရုပ်များ ... .... .... | ၁၂၃ |
| ၁၀။ | ရူပသမုဋ္ဌာန | |
| | ကမ္မဇရုပ်အကြောင်း .... .... | ၁၂၇ |
| | စိတ္တဇရုပ်အကြောင်း .... .... | ၁၃၀ |
| | ဥတုဇရုပ်အကြောင်း .... .... | ၁၃၆ |
| | အာဟာရဇရုပ်အကြောင်း .... .... | ၁၃၇ |
| | ဧကဇ,ဒွိဇစသောရုပ်များ .... .... | ၁၄၀ |
| ၁၁။ | ရူပကလာပ | |
| | ရုပ်ကလာပ်စည်း လက္ခဏာများ .... .... | ၁၄၁ |
| | ရုပ်ကလာပ် ၂၁ စည်း .... .... | ၁၄၂ |
| | ကမ္မဇကလာပ် ၉ မျိုး .... .... | ၁၄၃ |
| | စိတ္တဇကလာပ် ၆ မျိုး .... .... | ၁၄၃ |
| | ဥတုဇကလာပ် ၄ မျိုး .... .... | ၁၄၅ |
| | အာဟာရဇကလာပ် ၂ မျိုး .... .... | ၁၄၆ |
| | သဘောအားဖြင့် ရသင့်သောကလာပ်များ .... | ၁၄၇ |
| ၁၂။ | ရူပပဝတ္တိက္ကမ .... .... .... | ၁၄၉ |
| | ကာမဘုံ၌ ရုပ်ဖြစ်ပုံ .... .... .... | ၁၄၉ |
| | ပဋိသန္ဓေ ၄ မျိုး .... .... .... | ၁၅၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ပဋ္ဌိသန္ဓေ တည်နေပုံ .... .... | ၁၅၄ |
| | ရုပ် ၄ ပါးတို့ စ၍ဖြစ်ပုံ .... .... | ၁၆၀ |
| | ရုပ် ၄ ပါးတို့ နောက်ဆုံးချုပ်ပုံ .... .... | ၁၆၃ |
| | ရူပဘုံ၌ ရုပ်ဖြစ်ပုံ .... .... .... | ၁၆၆ |
| | အသညသတ်ဘုံ၌ ရုပ်ဖြစ်ပုံ .... .... | ၁၆၇ |
| | မြဟ္မာတို့၏ ရုပ်ချုပ်ပုံ .... .... | ၁၆၉ |
| ၁၃။ | နိဗ္ဗာန်အကြောင်း .... .... .... | ၂၇၁ |

# ရှေးဦးသင်အဘိဓမ္မာ

## ဝီထိမုတ်ပိုင်း

၁ ဝီထိစိတ္တ ဝသေနေဝံ၊ ပဝတ္တိယံ မုဒီရိတော။
ပဝတ္တိသင်္ဂဟောနာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။ ။

ဤသို့ ဝီထိစိတ်တို့၏ဖြစ်ပုံကို ပြသော ''ပဝတ္တိသင်္ဂဟ'' မည်သော ဝီထိပိုင်းကို ပြပြီး၍၊ ယခုအခါ ပဋိသန္ဓေအခါ၌ ဝီထိမုတ်စိတ် တို့၏ ဖြစ်ပုံကိုပြသော ''ပဝတ္တိသင်္ဂဟ''မည်သော ဝီထိမုတ်ပိုင်းကို ပြပေတော့အံ့။

**အဓိပ္ပါယ်အကျယ် ရှင်းလင်းချက်** ဤစကား ရပ်များကား သင်္ဂြိုဟ်ကျမ်းဆရာ ရှင်အနုရုဒ္ဓါ၏ ''ဝီထိမုတ်ပိုင်း၌ ဤမည်သော သဘာဝများကို ပြဆိုမည်'' ဟု ပဋိညာဉ်ပြု (ဝန်ခံ)သော စကားများဖြစ်သည်။ ဆိုလိုရင်းမှာ ဝီထိပိုင်းဖြင့် ပဝတ္တိအခါဖြစ်သော ဝီထိစိတ်တို့၏ ဖြစ်ပုံ,ချုပ်ပုံ ဖြစ်ရာဘုံဌာန ဖြစ်သော ပုဂ္ဂိုလ်တို့ဖြင့် ဝေဖန်ကာ ပြပြီး၍ ယခုအခါ ဤဝီထိမုတ်ပိုင်းဖြင့် ပဋိသန္ဓေနှင့် စုတိအခါတို့၌ ဖြစ်သော ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံ, ချုပ်ပုံ အလုံးစုံတို့ကို ပြခြင်းငှါ ဤစကားကို ဆိုသတည်း။

**ပဝတ္တိအခါ** သတ္တဝါ တို့၏ ဘဝ တခု၌ ရှေးဦးစွာ ဖြစ်သော(ပဋိသန္ဓေခေါ်)စိတ်နှင့်ဘဝ တခု၏ အဆုံးစွန် နောက်ဆုံး (စုတိခေါ်) စိတ်နှစ်မျိုးမှ တပါးသော စိတ်များ၏ ဖြစ်ရာကာလသည်၊ ပဝတ္တိအခါမည်၏။

**ပဝတ္တိအခါ၌ ဖြစ်သောစိတ်** ၎င်း ပဝတ္တိအခါ၌ ဖြစ်သော စိတ်များကား ပြခဲ့ ပြီးသော ဝီထိ စိတ်များနှင့် ဘဝင်စိတ်များ ဖြစ်ကြသည်။

**ပဋိသန္ဓေအခါ** သတ္တဝါ တို့၏ ဘဝ တခု၌ ရှေးဦးစွာ ဖြစ်သော အစဆုံး (ပဋိသန္ဓေ ကိစ္စ ဖြစ်သော) စိတ်၏ဖြစ်ရာကာလသည် ပဋိသန္ဓေအခါမည်၏။

**ပဋိသန္ဓေအခါ၌ ဖြစ်သောစိတ်** ၎င်း ပဋိသန္ဓေ အခါ၌ ဖြစ်သော စိတ်များကား ဝီထိမုတ်စိတ် ၁၉ ခုတို့ဖြစ်ကြသည်။

**စုတိအခါ** သတ္တဝါ တို့၏ ဘဝတခု၌ အဆုံးစွန် ဖြစ်သော နောက်ဆုံး ( စုတိ ကိစ္စ ဖြစ်သော) စိတ်၏ဖြစ်ရာကာလသည် စုတိအခါမည်၏။

**စုတိအခါ၌ ဖြစ်သောစိတ်** ၎င်းစုတိအခါ၌ဖြစ်သောစိတ်များကား ဝီထိမုတ် စိတ် ၁၉ ခုတို့ ဖြစ်ကြသည်။ သို့ဖြစ်၍ ဤဝီထိမုတ်ပိုင်း၌ ပဋိသန္ဓေအခါ, စုတိအခါ နှစ်မျိုးလုံးမှာဖြစ်သော ဝီထိမုတ်စိတ် ၁၉ ခုတို့၏ ဖြစ်ပုံ, ချုပ်ပုံအလုံးစုံကို ပြမည်ဟု ဆိုလိုသည်။

ဤသို့ ဆိုလျှင် ဤနှစ်မျိုးကိုသာမကဘုံနှင့်ကံတရားအကြောင်းကိုပါ ထည့်စွက်၍ စတုက္ကအားဖြင့် အဘယ့်ကြောင့်ဝေဖန်ထားသနည်းဟု မေးလျှင် ပဓာန ဖြစ်သော ပဋိသန္ဓေ နှင့် စုတိ အကြောင်းကို ပြလိုလျှင် ထိုနှစ်ခုနှင့် စပ်လျဉ်းသော ဖြစ်ရာဘုံ, ဖြစ်ကြောင်းကံတရားတို့ကို ပြဆိုမှသာ အဓိပ္ပါယ်စုံလင်စွာ သိရမည်။ သို့ဖြစ်၍ပဋိသန္ဓေခန်းနှင့်စုတိ(မရဏုပ္ပတ္တိ)ခန်းတို့ကိုသာ

မပြပဲ၊ ဘုံခန်း (ဘူမိစတုက္က)၊ ကံခန်း (ကမ္မစတုက္က)တို့ကိုပါ ထည့်စွက်၍ စတုက္က ၄ မျိုးပြုလုပ်ကာ ရှင်အနုရုဒ္ဓါ ဆရာ ပြတော်မူသည်ဟုဖြေ။

၍ပဋိသန္ဓေ စကားရပ်၏ ရှင်လင်းချက်များကို သေချာ နားလည်အောင် ဖတ်ပြီးမှ ရှေ့သို့ဆက်လက်ကြည့်ရှုသင့်သည်။

---

## စတုက္က ၄ မျိုး (အပိုင်းအခဏ်း ၄ မျိုး)

| | | |
|---|---|---|
| ၁။ ဘူမိစတုက္က | ဘုံ ၄ မျိုး။ |
| ၂။ ပဋိသန္ဓိစတုက္က | ပဋိသန္ဓေ ၄ မျိုး။ |
| ၃။ ကမ္မစတုက္က | ကံ ၄ မျိုး။ |
| ၄။ မရဏုပ္ပတ္တိစတုက္က | သေပုံ ၄ မျိုး။ |

## ဘူမိစတုက္က

၁။ အပါယ်ဘုံ။
၂။ ကာမသုဂတိဘုံ။
၃။ ရူပါဝစရဘုံ။
၄။ အရူပါဝစရဘုံ။

**မှတ်ချက်။** ။ကာမ, ရူပ, အရူပ ဟု လောက ၃ ပါး ခေါ်သောအခါ အမှတ် ၁ နှင့် ၂ ကို ပေါင်း၍ကာမဘုံဟု ခေါ်သည်။ ကာဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရဟု ခေါ်သောအခါ အမှတ် ၃ အရတွင် ကာဝေါကာရဖြစ်သော အသညတ်သတ်ကိုကြဉ်၍ အမှတ် ၂ နှင့်ပေါင်းကာ ပဉ္စဝေါ ကာရဟု ခေါ်သည်။

ဘုံဆိုသည်မှာ သတ္တဝါ တို့၏ ဖြစ်ထွန်း ပေါ်ပေါက်ရာ ဌာနပင်ဖြစ်၏။ထိုသတ္တဝါတို့၏ဖြစ်ထွန်းပေါ်ပေါက်ရာဘုံတို့ကို အစထား၍ပြဆိုသော အပိုင်းအခန်းဖြစ်သောကြောင့် ဤဝီထိ မုတ်ပိုင်းကို ဘုံပိုင်းဟူ၍လည်းခေါ်ဝေါ်ကြလေသည်။

## ဘုံ ၃၁ ဇယား

| | |
|---|---|
| ၁။ အပါယ် ၄ ဘုံ။ | ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ၄ ဘုံ |
| ၂။ ကာမသုဂတိ ၇ ။ | လူဘုံ, နတ်ပြည် ၆ ဘုံ, ၇ ။ |
| ၃။ ရူပ ၁၆ ။ | ပထမဈာန် ၃၊ ဒုတိယဈာန် ၃၊ တတိယဈာန် ၃၊ စတုတ္ထဈာန် ၇၊ ၁၆ ။ |
| ၄။ အရူပ ၄ ။ | အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံ ၄ ။ |
| (၃၁)ဘုံ | (၃၁)ဘုံ |

## နတ်ပြည် ၆ ဘုံ

၁။ စတုမဟာရာဇ်။
၂။ တာဝတိံသာ။
၃။ ယာမာ။
၄။ တုသိတာ။
၅။ နိမ္မာနရတိ။
၆။ ပရနိမ္မိတဝသဝတ္တီ။

---

ပထမဈာန် ၃ ဘုံ
၁။ ဗြဟ္မပါရိသဇ္ဇာ။
၂။ ဗြဟ္မပုရောဟိတာ။
၃။ မဟာဗြဟ္မာ။

| | |
|---|---|
| ဒုတိယစျာန် ၃ ဘုံ | ၁။ ပရိတ္တာဘာ။ |
| | ၂။ အပ္ပမာဏာဘာ။ |
| | ၃။ အာဘဿရာ။ |
| တတိယစျာန် ၃ ဘုံ | ၁။ ပရိတ္တသုဘာ။ |
| | ၂။ အပ္ပမာဏသုဘာ။ |
| | ၃။ သုဘကိဏှာ။ |
| စတုတ္ထစျာန် ၇ ဘုံ | ၁။ ဝေဟပ္ဖလာ။ |
| | ၂။ အသညသတ္တာ။ |
| | ၃။ သုဒ္ဓါဝါသ ၅ ဘုံ။ |

ထိုတွင်

| | |
|---|---|
| သုဒ္ဓါဝါသ ၅ ဘုံမှာ | ၁။ အဝိဟာ။ |
| | ၂။ အတပ္ပါ။ |
| | ၃။ သုဒဿာ။ |
| | ၄။ သုဒဿီ။ |
| | ၅။ အကနိဋ္ဌာ။ |

ဤသို့ သရုပ်ဖေါ်ပြခြင်းအားဖြင့် ၃၁ ဘုံဖြစ်၏။

---

## အပါယ်လေးဘုံအကြောင်း

**၁။ ငရဲ** နိရ+အယ=နိရယ။ ချမ်းသာမရှိသော ဘုံ၊ စင်စစ် အားဖြင့် ချမ်းသာရန် အကြောင်းရင်းနှင့် အကူအညီ အထောက်အပံ့များပင် မရှိသဖြင့် ချမ်းသာသုခဟူသမျှ မြူလောက်မျှ မရှိသောဘုံဖြစ်သည်။ ၎င်းသည် အရေအတွက်အားဖြင့် ငရဲကြီးရှစ်ဘုံ ရှိသည်။

၂။ တိရစ္ဆာန် ခန္ဓာကိုယ်ကို အထက်မတ်မတ်မထားပဲ တွားး၍ အလျားလိုက် သွားတတ်သော တိရစ္ဆာန်သတ္တဝါမှန်သမျှကို ခေါ်သည်။ ၎င်းတို့သည်သီးခြား ဘုံဌာနဟူ၍မရှိ။ လူ့ဘုံ၌ များသော အားဖြင့် ဖြစ်ကြ၏။ ထို သတ္တဝါမျိုးစုကိုပင် ဘုံဟူ၍ခေါ်ရ၏။ ထို့ကြောင့် 'တိရစ္ဆာန ယောနိ' ဟု ယောနိသဒ္ဒါဖြင့် ဟောတော်မူ၏။ ထိုတိရစ္ဆာန် တို့သည် အခြေလေးချောင်း ရှိသော သားကောင်မျိုး၊ အခြေ နှစ်ချောင်းရှိသော ငှက်မျိုး၊ အခြေမရှိသော မြွေနဂါး စသော သတ္တဝါမျိုး၊ ငါး လိပ်စသော ရေနေသတ္တဝါမျိုးများဖြစ်သည်။

၃။ ပြိတ္တာ ချမ်းသာ ကင်းဝေးသော အရပ်၌ ဖြစ် သော သတ္တဝါများပင် ဖြစ်သည်။ ၎င်း တို့သည် သီးခြားဘုံဌာနဟူ၍မရှိ။ တော၊ တောင်၊ မြစ်၊ ချောင်း၊ သုသာန် စသော သူတို့၏ဖြစ်ရာဌာန လူ့ဘုံ အစိတ် အပိုင်း များကိုပင် ဘုံဟူ၍ ခေါ်ရ၏။ ထိုကြောင့် 'ပေတ္တိဝိသယ' ဟု ဝိသယသဒ္ဒါဖြင့် ဟောတော်မူ၏။ (ဝိသယ=ဖြစ်ရာအရပ်ဒေသ နယ်ပယ်) ၎င်းတို့သည် တစ္ဆေ၊ မှင်စာ၊ သူရဲ၊ သူဘက်၊ ဘုတ် ပြိတ္တာ၊ အိမ့်ဒလိမ့်စုံး စသည်အပြင် ကျမ်းဂန်များ၌ လာသော ပြိတ္တာ ၁၂ မျိုးရှိသည်။၎င်းတို့တွင် ထင်ရှားသောပြိတ္တာ ၅ မျိုး ကို ထုတ်ပြဦးမည်။

**နိဇ္ဈာမတဏှိက** .... အမြဲတန်း ခံတွင်းက မီးတောက်နေသ ဖြင့် အစာငတ်၊ ရေငတ် ပြိတ္တာမျိုး။

**ခုပ္ပိပါသိက** .... ထမင်းရေစာ ငတ်မွတ်ခြင်း နှိပ်စက်ခံ ရသော ပြိတ္တာမျိုး။

**ကာလကဥ္စိက** .... ကိုယ်မှာ ၃ ဂါဝုတ်လောက်ရှိ၍ မျက်စိမှာ ပုဇွန်မျက်စိကဲ့သို့အားနည်း ပျော့ခွေ၍ သစ်ကိုင်းခြောက် ကဲ့သို့ အရိုးကျဲကျဲရှိသော ပြိတ္တာမျိုး။

**ပရဒတ္တူပဇီဝိက** .... သူတပါးပေးသောအစားအစာကိုအမှီပြု၍ အသက်ရှည်ရသောပြိတ္တာမျိုး။

**ဝေမာနိက** .... နေ့မှာ ဆင်းရဲဒုက္ခ ခံရ၍ ညဉ့်မှာ ချမ်းသာသုခ စံရသော ပြိတ္တာမျိုး။

**၄။ အသူရကာယ** အစိုးရမှု၊ မြူးထူးပျော်ပါးမှု စသည်မရှိသော ကာလကဥ္စိက ပြိတ္တာမျိုး ကိုပင် အသူရကာယ်ဟူ၍ ကျမ်းဂန်များ၌ ဆိုကြသည်။သိကြားမင်းနှင့် စစ်ခင်းသော ဝေပစိတ္တိ အသူရာများ မဟုတ်ပေ။ ၎င်းအသူရာတို့မှာ တာဝတိံသာနတ်မျိုးတို့သာ ဖြစ်ကုန်၏။ဤ၌လိုအပ်သော အသူရကာယ်တို့မှာ သမုဒ္ဒရာ၊ ဂင်္ဂါမြစ်ဝှမ်း စသည်တို့မှာ နေကြသည်ဟု အဆိုရှိသဖြင့် သမုဒ္ဒရာအတွင်း ရေနက်ထည်း၌ ရှိသော ပြိတ္တာဟူ၍ ခေါ်ရလောက်သော သတ္တဝါတို့ပင် ဖြစ်ကောင်းရာ၏။

ဤနေရာတွင် အပါယ် ၄ ဘုံကို ပြဆိုသော ပါဠိရပ်တို့၌ ငရဲဘုံကို တည်ရာဌာနဘုံအသီးအခြားရှိသောကြောင့် 'နိရယ' ဟူသာပြဆို၏။ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့ ကိုကား တည်ရာဌာနဘုံအသီးအခြားမရှိ။ လူ့ဘုံ၌သာ ရောနှောတည်နေကြသော ကြောင့်၊ 'တိရစ္ဆာန ယောနိ' ဟု ယောနိသဒ္ဒါ၊ 'ပေတ္တိဝိသယ'ဟု ဝိသယသဒ္ဒါ၊'အသုရကာယ'ဟု ကာယသဒ္ဒါ တို့ကိုတွဲဖက်၍ပြဆိုထားသည်။ (ဤကားပါဠိ၌ စိစစ်ချက်။)

## ကာမသုဂတိ ၇ ဘုံအကြောင်း

**၁။ လူဘုံ** အများသိကြသည့်အတိုင်း လူသတ္တဝါတို့၏ နေရာဌာနပင်ဖြစ်၏။ ကမ္ဘာမြေကြီး၏ ရှုံ့မြေပေါ်မှာ တည်နေ၏။ လေးကျွန်းရှိ၏ဟုလည်း စာများ၌ဆို၏။

**၂။ စတုမဟာရာဇ်** စတု၊ လေး။ မဟာရာဇ၊ နတ်မင်းကြီး လေးဦးပိုင်စိုးသောဘုံ။ဓတရဋ္ဌ,ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ ဟူသော လောကပါလ နတ်မင်းကြီး တို့၏ တပည့် လက်သား အစေ အပါး နတ်တို့၏ နေရာဘုံ ဖြစ်၏။ မြင့်မိုရ်တောင်၏ အလယ်မှ အောက် တောက်လျှောက်မြေပြင် အထိနေကြသော ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုုသ်၊ ဂန္ဓဗ္ဗ နတ်မျိုး၊ ဝိနိပါတိက အသူရာ၊ ဝေမာနိက ပြိတ္တာမျိုးစသည် အားလုံးတို့သည် စတုမဟာရာဇ် နတ်မျိုးတွင် ပါဝင်ကြကုန်၏။

**၃။ တာဝတိံသာ** မာဃ လုလင် အမှူးရှိသော သုံးကျိပ် သုံး ယောက် သော သူတို့၏ နေရာဘုံ ဖြစ်၏။ တနည်း(မာဃ လုလင်တို့ သိကြားမဖြစ်မီကပင် ထိုဘုံ ရှိနှင့်ပြီးဖြစ်၍) ပဇ္ဇာပတိ ဝရုဏ၊ဤသာန စသောနတ်မင်းကြီး သုံးကျိပ်-သုံးယောက်တို့၏ နေရာဘုံဖြစ်၏။ မြင့်မိုရ်တောင်ထိပ်၌ တည်ရှိ၏။ ထိုဘုံသားတို့သည် စတုမဟာရာဇ် ဘုံသားတို့ထက် တန်ခိုး ဣဒ္ဓိပါဒ် ချမ်းသာကြီးကြ၏။

**မှတ်ချက်။** ။ဤ စတုမဟာရာဇ် ဘုံနှင့် တာဝတိံသာဘုံ တို့သည် မြင့်မိုရ်တောင်၏ အလယ်နှင့် ထိပ်အပြင်မှာ တည်နေ

ကြသောကြောင့် ၎င်း ၂ ဘုံသားတို့သည် မြေ၌ တည်သော (ဘူမဋ္ဌက) ဘူမစိုးနတ်တို့ ဖြစ်ကြ၏။ အချို့သော နေနတ်သား, လနတ်သားစသော ကောင်းကင်၌ တည်သော (အာကာသဋ္ဌ) အာကာသစိုးနတ်များလည်း ရှိကြ၏ဟု မှတ်။

၄။ ယာမာ

တာဝတိံသာ ဘုံ၏ အထက် ကောင်းကင် ပြင်၌ တည်သော သုယာမ နတ်မင်း၏ ဘုံဗိမာန် ဖြစ်၏။ ထိုဘုံ၌ ဖြစ်သော နတ်တို့သည် နတ်ချမ်းသာကို ကောင်းစွာ ခံစားရသော နတ်များ ဖြစ်ကြ၍ တာဝတိံသာ နတ်တို့ထက် သာလွန်၏။ ၎င်းမှ အထက်ကား ကောင်းကင်၌တည်သော ( အာကာသဋ္ဌ ) အာကာသစိုးနတ် များသာဖြစ်၏။

၅။ တုသိတာ

ယာမာဘုံ၏ အထက်ကောင်းကင်ပြင်၌ တည်သော သန္တုသိတ နတ်မင်း၏ ဘုံဗိမာန်ဖြစ်၏။ ထိုဘုံ၌ဖြစ်သော နတ်တို့သည် အလွန်ရွှင်လန်း နှစ်သက်သော မျက်နှာရှိကုန်၍ ယာမာနတ်တို့ထက် သာလွန်၏။

၆။ နိမ္မာနရတိ

တုသိတာ ဘုံ၏ အထက် ကောင်းကင် ပြင်၌ တည်သော သုနိမ္မိတ နတ်မင်း၏ ဘုံဗိမာန်ဖြစ်၏။ ထိုဘုံ၌ ဖြစ်သော နတ်တို့သည် ကာမစည်းစိမ် ချမ်းသာတို့ကို ကိုယ်တိုင်ဖန်ဆင်းကာ ခံစားကြကုန်၍ တုသိတာ နတ်တို့ထက်သာလွန်သော ချမ်းသာသုခရှိကြ၏။

၇။ ပရနိမ္မိတဝသဝတ္တီ

နိမ္မာနရတိဘုံ၏ အထက် ကောင်းကင် ပြင်၌တည်သော ဝသဝတ္တီ မာရ်နတ် မင်း၏ ဘုံဗိမာန်ဖြစ်၏။ ထိုဘုံ၌ နေသော နတ်တို့သည် နတ်

အစေအပါးများက ဖန်ဆင်း ပေးသော စည်းစိမ် ချမ်းသာ ကာမဂုဏ်တို့ကို ခံစားကုန်၏။ ကိုယ်တိုင် မဖန်ဆင်းကုန်။

---

## ရူပ ၁၆ ဘုံအကြောင်း

### ပထမဈာန် ၃ ဘုံ

၁။ ဗြဟ္မပါရိသဇ္ဇာ .... မဟာ ဗြဟ္မာ ကြီး များ ၏ ခြွေ ရံ ပရိ သတ် လက် ပါး စေ ဗြဟ္မာ များ၏ ဖြစ်ရာဘုံ။

၂။ ဗြဟ္မ ပုရောဟိတာ.... မဟာဗြဟ္မာကြီးများ၏ ရှေ့ဆောင် ရှေ့ရွက်ပုရောဟိတ်ဗြဟ္မာများ၏ ဖြစ်ရာဘုံ။

၃။ မဟာဗြဟ္မာ .... ဗြဟ္မာတို့၏ အဓိပတိ မဟာဗြဟ္မာ ကြီး၏ဖြစ်ရာဘုံ။ ၎င်းမဟာဗြဟ္မာ ကြီးသည် ကမ္ဘာဦး ကာလက အာဘဿရဘုံမှစုတေ၍ ဤပထမ ဈာန်ဘုံမှာ ရှေးဦးစွာ ဖြစ်လာ သောဗြဟ္မာကြီးတည်း။

## ကမ္ဘာဦးဗြဟ္မာသရနိမ္မာနဝါဒ စတင်ပေါ်လာပုံ

ထိုဗြဟ္မာကြီးသည်၊ ထိုပထမဈာန်ဘုံမှာ တဦးတည်း ကြာ မြင့်စွာ တည်နေရသော အခါ ပျင်းရိသဖြင့် 'အခြား အဖော် များရောက်လာလျှင် ကောင်းလေရာ၏'ဟု အခြားအဖော်များ ရောက်လာရန် တောင့်တ၏။ ထိုအခါ 'ထန်းသီးကြွေခိုက် ကျီး ပျံခိုက်' ဟူသကဲ့သို့ အခြားသော ဗြဟ္မာငယ်များ ဖြစ်လာ၏။

ထိုအခါ မဟာဗြဟ္မာကြီးမှာ 'ဤသူတို့ကား ငါ၏ တောင့်တမှုကြောင့်ဖြစ်လာကြ၏။ငါဖန်ဆင်းလိုက်သူများဖြစ်ကြ၏' ဟု အယူရှိ၏။ ဗြဟ္မာငယ်များကလည်း "ဤဗြဟ္မာကား ဗြဟ္မာကြီးပင်ဖြစ်၏။ လွှမ်းမိုး အုပ်စိုးသူ ဖြစ်၏၊ လွှမ်းမိုးအုပ်စိုး မခံရ၊ စင်စစ်အားဖြင့် အလုံးစုံကို မြင်နိုင်၏။ အားလုံးကို သူ့ အလိုသို့ လိုက်စေနိုင်၏။ လောကကိုအစိုးရသူ ဗြဟ္မာဖြစ်၏။ လောကကိုဖန်ဆင်းသူတည်း။(မြေကြီးမြင့်မို စကြာဝဠာ မဟာသမုဒ္ဒရာ လ,နေတို့ကို ဖန်ဆင်းသူတည်း)။ ့လောကထက် မြတ်သူဖြစ်၍ လောကလူသားများကို"အသင်ကားမင်းမျိုး၌ဖြစ်လော့၊အသင်ကား ပုဏ္ဏားမျိုး၌ဖြစ်လော့၊ အသင်ကားကုန်သည်မျိုး၊ အသင်ကား ဆင်းရဲသားမျိုး၊ အသင်ကားလူ၊ အသင်ကား ဆိတ်၊ အသင်ကား နွားဖြစ်လော့''ဟု စီမံဖန်တည်းသူဖြစ်၏။ ဖြစ်မည့်သတ္တဝါဖြစ်ပြီး သတ္တဝါတို့၏ ဘခင်ဖြစ်၏။ ငါတို့ကိုလည်း ဤဗြဟ္မာကြီးပင် ဖန်ဆင်း လိုက်၏ ဟု ထင်ကုန်၏။ (ဤကား သီလက္ခန် ပါဠိတော်လာ စကားရပ်များတည်း)။ ဤသို့ အိုးနှဲ့နှင့်စလောင်းနှဲ့ ကိုက်ညီလျက်ရှိကြသည်။ သို့ဖြစ်၍ ယခုကာလဖန်ဆင်းဝါဒီ မည်သူမဆို ကမ္ဘာဦးက စတင် ယူဆ ထင်မှတ်လာခဲ့ကြသော မဟာဗြဟ္မာကိုပင် ထာဝရ(God)ဟု ထင်မှတ်နေကြသည်။

## လူ့ပြည်၌ ဗြဟ္မာနတ်ဝါဒ စတင်ပေါ်လာပုံ

ထိုပထမဈာန် ဘုံသား ဗြဟ္မာငယ်တို့တွင် တဦး တယောက်သည် စုတေသေလွန်၍ ဤလူ့ဘုံသို့ ရောက်လာ၏။ ထိုဗြဟ္မာပြည်မှစုတေ၍ ဤလူ့ဘုံသို့ဖြစ်လာသော လူသားသည် ကြီးပြင်း

သောအခါ တောထွက်၍ ရသေ့ရဟန်းပြုကာ လုလ္လဝီရိယဖြင့် ဈာန်တရားအားထုတ်၏။ ဈာန်တရားရ၏။ တဘဝလောက်သာ အောက်မေ့ စဉ်းစားနိုင်သော ပုဗ္ဗေနိဝါသ ဉာဏ်ကိုရ၏။ ထို ဉာဏ်ဖြင့် လွန်ခဲ့သောဘဝကို ပြန်၍စဉ်းစားသော်၊ သူတို့ကို ဖန်ဆင်းသူဟု ထင်ခဲ့ဘူးသော မဟာဗြဟ္မာကြီး ယခုတိုင်ရှိနေသည်ကိုတွေ့ရ၏။ ထိုကြောင့် ထိုရသေ့သည် ဤသို့ပြော၏။

အကြင် အရှင်သခင် မဟာဗြဟ္မာကြီးသည် လွှမ်းမိုးအုပ်စိုးသူဖြစ်၏။ လွှမ်းမိုးအုပ်စိုးမခံရ၊ စင်စစ်အားဖြင့် အလုံးစုံကိုမြင်နိုင်၏။ အားလုံးကို သူ့အလိုသို့လိုက်စေနိုင်၏။ လောကကို အစိုးရသူ ဣဿရဖြစ်၏။ လောကကို ဖန်ဆင်းသူတည်း။ (မြေကြီး မြင့်မိုရ် စကြာဝဠာ မဟာသမုဒ္ဒရာ လ,နေတို့ကို ဖန်ဆင်းသူတည်း)။လောကထက် မြတ်သူဖြစ်၍ လောကလူသား များကို "အသင်ကား မင်းမျိုး၌ဖြစ်လော့" စသည်ဖြင့် စီမံဖန်တည်းသူဖြစ်၏၊ ဖြစ်မည့် သတ္တဝါ၊ ဖြစ်ပြီး သတ္တဝါတို့၏ ဘခင်ဖြစ်၏။ ငါတို့ကိုလည်း ဤဗြဟ္မာကြီးပင် ဖန်ဆင်းခဲ့၏။ သူကား အမြဲ တည်သောကြောင့် နိစ္စထာဝရ ဖြစ်၏၊ မသေမပျောက်ပဲလည်း မြဲ၏။ အခါခပ်သိမ်း ထင်ရှားရှိနေသောကြောင့်လည်း မြဲ၏။ အိုမင်းရင့်ရော်ခြင်းဖြင့်လည်း မပြောင်းလဲမဖေါက်ပြန်။ မြေကြီး၊ တောတောင် လ,နေများကဲ့သို့ ခိုင်မြဲတည်တန့်၏။ သူဖန်ဆင်း ထားသော ငါတို့ကားမမြဲကြ၊ စုတေခဲ့၍သေကြရကုန်သဖြင့် ဤလူ့ပြည်သို့ ရောက်လာခဲ့ကြရ၏

ဟု ပြော၏။ ထိုအခါမှစ၍ ယခု တိုင်အောင် ဣဿရ နိမ္မာန ဝါဒီများ ကမ္ဘာတွင် ပေါ်ပေါက်လာခဲ့ကြပေသည်။

စင်စစ်အားဖြင့် သူတို့ထင်နေကြသော နိစ္စထာဝရ (God) ခေါ်သော ဗြဟ္မာကြီးလည်း အမြဲမရှိ၊ အနိစ္စအဓုဝသာဖြစ်၏။ သူ၏သက်တမ်း အသင်္ချေယျကပ် ကုန်ဆုံးသော အခါ သေရမည်ပင်ဖြစ်၏။ ဖေါ်ပြခဲ့ပြီးသော ရသေ့သည်ကား ထိုအသင်္ချေယျကပ် ဆုံးသည်တိုင်အောင် မြင်နိုင်သော ပုဗ္ဗေနိဝါသ ဉာဏ်ကိုမရသဖြင့် မိမိမြင်နိုင်သမျှ ဉာဏ်အမြင်ကလေးမျှဖြင့် အဟုတ်ထင်မှတ်ကာ နိစ္စ,ဓုဝ,ထာဝရ (God) ဟု ပြောဆိုမိခြင်း ဖြစ်၏။ ထို့ကြောင့် အမြင်တိုခြင်းကား အမှားဒိဋ္ဌိ ဖြစ်တတ် လေသည်။ မိမိ မသိမမြင်သဖြင့် မယုံကြည်နိုင်သူများ မိမိ အမြင်မျှဖြင့် ဆုံးဖြတ်တွေးတောကြံဆ သိတတ်သူများ, န္ဟားခြေရာ ခွက်ထဲကရေကို သမုဒ္ဒရာ ထင်နေသော ဖါးသူငယ်ကဲ့သို့ လောကီပညာ လောကဓာတ် အကြောင်းစာ တထွာနတ္တိဖြင့် အဟုတ်အဟတ် အထင်ကြီးနေကြသူများ အများအပြား အယူ အဆ လွဲမှားတတ်သည်ကို သတိပြုရာ၏။

---

## ဒုတိယရျာန် ၃ ဘုံ

၁။ **ပရိတ္တာဘာ** .... နည်းသော အရောင်အဝါရှိသောဗြဟ္မာတို့၏ နေရာဌာနဖြစ်၏။ (ဒုတိယရျာန် မဟာဗြဟ္မာ၏ အစေအပါး ပရိသတ်ဗြဟ္မာများ၏ဘုံ။)

၂။ **အပ္ပမာဏာဘာ** များသောအရောင်အဝါရှိသော ဗြဟ္မာတို့၏ နေရာဌာနဖြစ်၏။ (ဒုတိယရျာန် မဟာဗြဟ္မာ၏ ပုရောဟိတ်ဗြဟ္မာများ၏ဘုံ။)

၃။ **အာဘဿရာ....** ကိုယ်ခန္ဓာမှ အရောင်အဝါတလျှပ်လျှပ် ထွက်နေသောဗြဟ္မာတို့၏ နေရာဌာနဖြစ်၏။ (ဒုတိယဈာန် မဟာ ဗြဟ္မာကြီး၏ဘုံ။)

ဂုင်းသုံးဘုံတို့သည် ပထမဈာန် ၃ ဘုံ၏ အထက်ကောင်းကင် တပြင်တည်း၌ တည်နေကြသည်မှတ်။

## တတိယဈာန် ၃ ဘုံ

၁။ **ပရိတ္တသုဘာ ....** တင့်တယ်သောကိုယ်ရောင်ရှိသောဗြဟ္မာတို့၏နေရာဌာနဖြစ်၏။(တတိယဈာန် မဟာဗြဟ္မာ၏ အစေအပါး ပရိသတ် ဗြဟ္မာများ၏ဘုံ။)

၂။ **အပ္ပမာဏသုဘာ....** တင့်တယ်သော ကိုယ်ရောင် များစွာရှိသော ဗြဟ္မာတို့၏ နေရာဌာနဖြစ်၏။ (တတိယဈာန် မဟာဗြဟ္မာ၏ ပုရောဟိတ် ဗြဟ္မာများ၏ဘုံ။)

၃။ **သုဘကိဏှာ ....** တင့်တယ်သော ကိုယ်ရောင် ရောပြွမ်းပြိုးပြက်နေသော ဗြဟ္မာတို့၏ နေရာဌာနဖြစ်၏။(တတိယဈာန်မဟာဗြဟ္မာကြီး၏ဘုံ။)

ဂုင်း ၃ ဘုံတို့သည် ဒုတိယဈာန် ၃ ဘုံ၏ အထက်ကောင်းကင် တပြင်တည်း၌ တည်နေကြသည်မှတ်။

## စတုတ္ထဈာန် ၇ ဘုံ

၁။ ဝေဟပ္ဖိုလ် .... (ဝိပုလဖလ) ပြန့်ပြော များပြားသော အကျိုးရှိသော ဗြဟ္မာတို့၏နေရာဌာန ဖြစ်၏။

၂။ အသညသတ် .... နာမ်တရား မရှိသော (ရုပ်တရားသာ ရှိနေသဖြင့် သတ္တဝါမှ ဟုတ်ပါလေစ ဟု သံသယဖြစ်ဘွယ်ရှိသောကြောင့်) သတ္တဟု အညွှန်းခံရသော ဗြဟ္မာ၏ တည်ရာဌာနဖြစ်၏။

ဤင်း ၂ ဘုံသည် တတိယဈာန် ၃ ဘုံ၏အထက်ကောင်းကင် တပြင်တည်း၌ တည်နေကြသည်မှတ်။

၃။ အဝိဟာ .... မိမိတို့၏စည်းစိမ်နှင့်နေရာဌာနကို မစွန့်လွှတ်သော ဗြဟ္မာတို့၏ နေရာ ဌာန ဖြစ်၏။

၄။ အတပ္ပါ .... တစုံတခုသော စိတ်ပူ စိတ်ညစ် တို့ဖြင့် မပူပန်ရသော ဗြဟ္မာတို့၏နေရာဌာန ဖြစ်၏။

၅။ သုဒဿာ .... *မျက်စိ ၄ မျိုးရှိ သောကြောင့် ကောင်းစွာ မြင်နိုင်သော ဗြဟ္မာတို့၏ နေရာ ဌာနဖြစ်၏။

---

* မျက်စိ ၄ မျိုး ၁။ ပသာဒစက္ခု - အကြည်ဓါတ်မျက်စိ။
၂။ ဒိဗ္ဗစက္ခု - နတ်မျက်စိ။
၃။ ဓမ္မစက္ခု - တရားမျက်စိ။
၄။ ပညာစက္ခု - အသိဉာဏ်မျက်စိ။

၆။ **သုဒဿီ** .... ထိုသုဒဿာ ဗြဟ္မာတို့ထက် လွန်ကဲစွာ မြင်နိုင်သော ဗြဟ္မာတို့၏ နေရာဌာန ဖြစ်၏။

၇။ **အကနိဋ္ဌ** .... ရူပ ဗြဟ္မာ တို့တွင် သူ့ထက် သာလွန်ကြီးကဲသော ဗြဟ္မာ မရှိသဖြင့် ရူပ ဗြဟ္မာတို့၏ အလယ်မှာ ဂုဏ် မငယ်သောဗြဟ္မာတို့၏။ (ဝါ) ဂုဏ်စည်းစိမ် အကြီးဆုံးဗြဟ္မာတို့၏ နေရာဌာန ဖြစ်၏။

၎င်း ၅ ဘုံတို့ကား စင်ကြယ်သော အနာဂါမ်, ရဟန္တာတို့၏ နေရာ ဌာန ဖြစ်သောကြောင့် သုဒ္ဓါဝါသ ဟူသော အမည်ကိုရ၏။

ဤသို့လျှင် ကာမ ၁၁ ဘုံ၊ရူပ ၁၅ ဘုံ၊ပေါင်း ၂၆ ဘုံကို ပဉ္စဝေါကာရဘုံဟု ခေါ်အပ်၏။ အသညသတ်ဘုံကို ဧကဝေါကာရဘုံဟု ခေါ်အပ်၏။

---

## အရူပ ၄ ဘုံအကြောင်း

၁။ **အာကာသာနဉ္စာယတန** .... အာကာသာနဉ္စာယတန စိတ်ဖြင့် မှတ်အပ်သောနာမ်ခန္ဓာ ၄ ပါး၏ဖြစ်ရာ ကောင်းကင်ပင်ဖြစ်၏။

၂။ **ဝိညာဏဉ္စာယတန** .... ဝိညာဏဉ္စာ ယတန စိတ်ဖြင့် မှတ်အပ်သော နာမ် ခန္ဓာ ၄ ပါး၏ ဖြစ်ရာ ကောင်းကင်ဖြစ်၏။

၃။ **အာကိဉ္စညာ ....** အာကိဉ္စညာယတန စိတ်ဖြင့် မှတ်အပ်
**ယတန** သော နာမ် ခန္ဓာ ၄ ပါး၏ ဖြစ်ရာ
ကောင်းကင်ပင်ဖြစ်၏။

၄။ **နေဝသညာ ....** နေဝသညာ နာသညာ ယတနစိတ်ဖြင့်
**နာ သ ညာ** မှတ်အပ်သော နာမ်ခန္ဓာ ၄ ပါး၏
**ယတန** ဖြစ်ရာကောင်းကင်ပင်ဖြစ်၏။

ဤအရူပ ၄ ဘုံသည် ရုပ်အထည်ဒြပ်မရှိ၊ ဝိညာဏ်ဘုံသာ ဖြစ်၏။ ထို့ကြောင့် ဝိညာဏ်၏ တည်ရာ ကောင်းကင် ကိုပင် ဘုံဟူ၍ ခေါ်ဆိုရသည်။ ၎င်း ၄ ဘုံကို စတုဝေါကာရ ဘုံဟူ၍ ခေါ်အပ်၏။

**ဘူမိစတုက္ကပြီးပြီ။**

---

## ပဋိသန္ဓိစတုက္က

မူလစာကိုယ် အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေ, ရူပါဝစရ
၁၄ ပဋိသန္ဓေ, အရူပ ပဋိသန္ဓေဟူ၍ပဋိသန္ဓေ ၄ မျိုးရှိ၏။

---

**အဓိပ္ပါယ်** ဘုံ ၃၁ နှင့်ထိုဘုံတို့၌ ဖြစ်သင့်သောပုဂ္ဂိုလ်များကို
**၁၄** ပြပြီး၍၊ဘုံ၌ ဖြစ်သောပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်
များကိုပြရန်ဤပဋိသန္ဓိစတုက္ကကိုဆိုသတည်း။ ။

သတ္တဝါတို့၏တည်ရာဖြစ်ရာဘုံတို့သည်မူအားဖြင့် ကာမဘုံ, ရူပဘုံ,အရူပဘုံဟူ၍ ၃ မျိုးသာရှိ၏။ သို့ရာတွင် စတုက္က ဖြစ်အောင် ကာမဘုံကို အောက်ဘူမိစတုက္က၌အပါယ်ဘုံ,ကာမသုဂတိဘုံဟု ခွဲခြားထားသကဲ့သို့၊ ထိုအတူ ဤပဋိသန္ဓိ စတုက္က၌ လည်း ပဋိသန္ဓေသည် ကာမပဋိသန္ဓေ,ရူပ ပဋိသန္ဓေ,အရူပ ပဋိသန္ဓေ

ဟူ၍ သုံးမျိုးသာရှိသော်လည်းဘုံများနည်းတူစတုက္ကဖြစ်အောင် အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေဟု ကာမ ပဋိသန္ဓေကို ၂ မျိုးခွဲထားရသည်။ သို့ဖြစ်၍ မူအားဖြင့် ပဋိသန္ဓေ ၃ မျိုး ကိုသာ အခြေခံထား၍ ပြသွားမည်။ သင်္ဂြိုဟ် ဆရာလည်း ဤအတိုင်းပင်ပြဆိုထားပေသည်။

## ကာမပဋိသန္ဓေ ၁၀ မျိုး

မူလစာကိုယ် ၁၅ (၁) အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ စိတ် ဘပါး သည် အပါယ်ဘုံ၌ပဋိသန္ဓေ စိတ်, ဘဝင်စိတ်, စုတိစိတ် ဖြစ်၏။ ၎င်းကို ဒုဂ္ဂတိအဟိတ် (အပါယ်) ပဋိသန္ဓေဟုခေါ်သည်။

မူလစာကိုယ် ၁၆ (၂) ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ် ၁ ပါး သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်၏။ ၎င်းကို သုဂတိအဟိတ် ပဋိသန္ဓေဟု ခေါ်သည် (ဤ၌ ကာမသုဂတိဘုံ ဆိုသော်လည်း ၇ ဘုံလုံးမဟုတ်။ လူ့ဘုံနှင့် စတုမဟာရာဇ်နတ် ၂ ဘုံသာယူ။ ထိုတွင်လည်း လူ့ဘုံ၌ ပကတိ အင်္ဂါနှင့် ပြည့်စုံသော လူများ မဟုတ်၊ ပဋိသန္ဓေ နေစဉ်က ကန်းသူ, ပင်းသူ, အသူ, ဆွံ့အသူများ, ဝမ်းတွင်းရူးများ, လိင်အင်္ဂါ ချို့ယွင်းသော ပဏ္ဍုက်များ,ူလိင်အင်္ဂါ ၂ ခုရှိသော ဥဘတောဗျည်း များနှင့် မြေကြီးပေါ်မှီနေသောဝိနိပါတိကာအသူရာခေါ်သူရဲသူဘက်, တဉ္စေ့,မြေဘုတ်, အစိမ်းစသော နတ်ဆိုးတို့သာ ၎င်းစိတ်ဖြင့်ပဋိသန္ဓေ နေကြသည်)။

မူလစာကိုယ် ၁၇ (၃-၆) မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး တို့သည်၊ ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ စိတ်များဖြစ်ကြသည်။ ၎င်းတို့ကို ဒွိဟိတ်ပဋိသန္ဓေ ဟုခေါ်ကုန်၏။

(၇-၁၀) မဟာဝိပါက် ဉာဏ သမ္ပယုတ် ၄ ပါးတို့သည်၊ ကာမ သုဂတိ ၇ ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ စိတ်များဖြစ်ကုန်၏။ ၎င်းတို့ကို တိဟိတ်ပဋိသန္ဓေဟုခေါ်ကုန်၏။

## ဤကား ကာမပဋိသန္ဓေ ၁၀ တည်း။

ထိုကာမပဋိသန္ဓေစိတ် ၁၀ မျိုးတို့ဖြင့်ပဋိသန္ဓေနေကြသော ကာမပုဂ္ဂိုလ်တို့၏ အသက်အတိုင်းအရှည်ကို ပြဆိုပေအံ့။

**မူလစာကိုယ် ၂၀** ထိုကာမ ပုဂ္ဂိုလ် တို့တွင် အပါယ် လေးဘုံ သားနှင့် လူပုဂ္ဂိုလ်, ဝိနိပါတိကာ အသူရာတို့သည် အသက် အတိုင်းအရှည် အရေ အတွက် သတ်မှတ် ထားခြင်း မရှိကုန်။

---

**အဓိပ္ပါယ် ၂၀** ကာမဘုံသားတို့တွင် ငရဲသား, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့၏ အသက်သည် အပိုင်း အခြား သတ်မှတ်ချက်မရှိ။ အသက် ရှည်သူလည်း ရှိ၏။ တိုသူလည်းရှိ၏။ သူတို့၏ ကံအတိုင်းသာ ဖြစ်ရ၏။ (အပါယေသုပန ကမ္မမေဝ ပမာဏံ။)

လူပုဂ္ဂိုလ်တို့မှာလည်း အသက်တမ်းအမြဲမရှိပေ။ ကံ, ဉာဏ်, ဝီရိယ အားလျော်စွာ ဖြစ်ရ၏။ ၁၀ နှစ်တမ်းမှ အသင်္ချေယျ အထိ တက်ကပ် ဆုတ်ကပ်ဟူ၍ ယာယီသက်တမ်းကားရှိ၏။

## နတ် ၆ ဘုံသက်တမ်း

**မူလစာကိုယ် ၂၁** စတုမဟာရာဇ် နတ်တို့၏ အသက်သည် နတ်သက် အားဖြင့် အနှစ် (၅၀၀) ရှိ၏။ လူ့ အရေ အတွက် အားဖြင့် အနှစ် (၉,၀၀၀,၀၀၀) ကိုးသန်းရှိ၏။

**မူလစာကိုယ်** တာဝတိံသာနတ်တို့၏ နတ်သက်ကည် ထိုစတုမဟာ
၂၂ ရာဇ်နတ်သက်၏ ၄ ဆဖြစ်၏။ ယာမာနတ်တို့၏ နတ်သက်သည် ထိုတာဝတိံသာ နတ်သက်၏ ၄ ဆ ဖြစ်၏။ တုသိတာနတ်တို့၏ နတ်သက်သည် ထိုယာမာ နတ်သက်၏ ၄ ဆဖြစ်၏။ နိမ္မာနရတိနတ်တို့၏ နတ်သက်သည် ထိုတုသိတာနတ်သက်၏ ၄ ဆဖြစ်၏။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏နတ်သက်သည် ထိုနိမ္မာနရတိ နတ်သက်၏ ၄ ဆဖြစ်၏။

## ၄ ဆတက်၍ဖြစ်သောနတ်သက်များ

| နတ်ဘုံများ | နတ်သက် | လူ့အရေအတွက် |
|---|---|---|
| စတုမဟာရာဇ် | ၅၀၀ | ၉,၀၀၀,၀၀၀ |
| တာဝတိံသာ | ၁,၀၀၀ | ၃၆,၀၀၀,၀၀၀ |
| ယာမာ | ၂,၀၀၀ | ၁၄၄,၀၀၀,၀၀၀ |
| တုသိတာ | ၄,၀၀၀ | ၅၇၆,၀၀၀,၀၀၀ |
| နိမ္မာနရတိ | ၈,၀၀၀ | ၂,၃၀၄,၀၀၀,၀၀၀ |
| ပရနိမ္မိတဝသဝတ္တီ | ၁၆,၀၀၀ | ၉,၂၁၆,၀၀၀,၀၀၀ |

**အဓိပ္ပါယ်** စတုဂ္ဂုဏ ၄ ဆ တက်ဖြစ်ပုံကား။ ။လူတို့၏
၂၁-၂၂ အနှစ် ၅၀ သည် စတုမဟာရာဇ်မှာ တရက်၊ ၎င်းရက် ၃၀ တလ၊ ၁၂ လ တနှစ်။ ဤသို့ နှစ် ၅၀၀ သည် စတုမဟာရာဇ် နတ်သက်ဖြစ်၏။ ထိုစတုမဟာရာဇ် နတ်သက် ၅၀၀ ၏ ၄ ဆ (၅၀၀×၄=၂၀၀၀) သည် တာဝတိံသာနတ်သက်ဖြစ်၏။ ၎င်း ၂၀၀၀ ကို တာဝတိံသာ နတ်တို့၏ နေ့တာ, လ, နှစ်တို့ဖြင့် ရေတွက်သော် စတုမဟာရာဇ်

၂ ရက်သည် တာဝတိံသာ ၁ ရက် ဖြစ်သဖြင့် (၂၀၀၀ ÷ ၂=၁၀၀၀) နှစ်ထောင်ကို ၂ ဖြင့်စား တာဝတိံသာ နတ်သက်သည် တာဝတိံသာ နတ်တို့၏ နေ့, လ, နှစ်အားဖြင့် (၁၀၀၀) တထောင်သာဖြစ်၏။

ပို၍ရှင်းစေရန် ထပ်၍ ပြဦးမည်။ ဥပမာ လူတယောက်မှာ တကျပ်တန်ငွေ ၅၀၀ ရှိသည်။ လူတယောက်မှာကား နှစ်ကျပ်တန်ငွေ ၁၀၀၀ ရှိသည်ဆိုကြပါစို့။ ထိုနှစ်ယောက်အနက်ပထမလူမှာ ရှိသည့် ငွေထက် ဒုတိယလူမှာရှိသည့်ငွေက ဘယ်နှစ်ဆသာလွန်သနည်း။ ဤသို့မေးရာ၌ငွေတန်ဘိုးသာသည်မှာ ၂ ဆ၊ အရေ အတွက် သာသည်မှာလည်း ၂ ဆဖြစ်၏။ ထိုကြောင့် ၄ ဆသာသည်ဟု ဆိုရလိမ့်မည်။ ဤနည်းတူစွာစတုမဟာရာဇ်နတ်သက်၏ နေ့တာ, လတာ, နှစ်တာထက် တာဝတိံသာ၏ နေ့တာ, လတာ, နှစ်တာကပို၍ရှည်သည်မှာ (၂ ရက်သည် ၁ ရက်ဖြစ်၍) ၂ ဆ၊ သင်္ချာအရေအတွက် သာသည်မှာလည်း ၅၀၀ နှင့် ၁၀၀၀ ဖြစ်၍ ၂ ဆ၊ ဤသို့အားဖြင့် ၄ ဆသာပေသည်။ ထိုကြောင့် တတောစတုဂ္ဂုဏံ တာဝတိံသာနံ့စသည်ဖြင့်သင်္ဂြိုဟ်ဆရာဆိုပေသည်။ ဤနည်းအတူ အထက်ယာမာနတ်တို့၏ အသက်ကိုလည်း ၄ ဆတက်ပါလေ။

---

မူလစာကိုယ် ၂၃ — ထိုပရနိမ္မိတ ဝသဝတ္တီနတ်သက်ကို လူ့အရေအတွက်အားဖြင့် ရေတွက်သော် (၉,၂၁၆,၀၀၀,၀၀၀) ကိုးရာနှစ်ဆဲ့တစ်ကုဋေ့ခြောက်သန်းရှိ၏။

---

အဓိပ္ပါယ် ၂၃ — နတ်သက်များကို လူ့အရေအတွက်ဖြင့် ရေတွက်သော် လူတို့၏ အနှစ် ၅၀ သည်၊ စတုမဟာရာဇ် တရက်ဖြစ်၏။ ထိုရက်, လ, နှစ် အားဖြင့် အနှစ်

၅၀၀ သည် စတုမဟာရာဇ် နတ်သက် ဖြစ်၏။ သို့ဖြစ်၍စတုမဟာရာဇ် ၁လ=လူနှစ် ၁၅၀၀ (၅၀×၃၀=၁၅၀၀) စတုမဟာရာဇ် ၁ နှစ်=လူနှစ် ၁၈၀၀၀(၁၅၀၀×၁၂=၁၈၀၀၀)။ စတုမဟာရာဇ် နတ်သက် ၅၀၀= လူနှစ် ကိုးသန်း (၁၈၀၀၀× ၅၀၀=၉၀၀၀၀၀၀) အရေ အတွက် ရှိ၏။ အထက်အထက်နတ်ဘုံများ၌လည်း ၄ ဆတက်၍ရေတွက်သော် လူ့အရေအတွက်ရ၏။

(ရှေ့ နတ်သက်ဇယား၌ လူ့ အရေ အတွက် နှစ်များကို ပြခဲ့ပြီး ဖြစ်၍ပြန်၍ကြည့်ပါ။)

---

## ရူပ ပဋိသန္ဓေ ၆ မျိုး

**မူလစာကိုယ်** ၂၄-၂၆ ပထမဈာန် ဝိပါက်စိတ် ၁ ပါး သည် ပထမဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။ ထိုနည်းတူ ဒုတိယ ဈာန်ဝိပါက်စိတ် ၁ ပါးနှင့် တတိယဈာန် ဝိပါက်စိတ် ၁ ပါးသည် ဒုတိယဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်,စုတိစိတ်ဖြစ်၏။ စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်၏။

---

**အဓိပ္ပါယ်** ၂၄-၂၆ ဤ၌ ပထမဈာန် ဝိပါက်က ပထမဈာန် ဘုံ၌ ပဋိသန္ဓေ စသည် ဖြစ်ရာမှာ ပြောစရာ မလိုပေ။ ဒုတိယ ဈာန် ဝိပါက် လည်း ဒုတိယ ဈာန် ဘုံ၌ ပဋိသန္ဓေစသည် လိုက်လျော၍ ပြောစရာမလိုပေ။ တတိယဈာန် ဝိပါက်က ဒုတိယဈာန်ဘုံ၌၊ စတုတ္ထဈာန် ဝိပါက်က တတိယ ဈာန်ဘုံ၌၊ ပဉ္စမဈာန်ဝိပါက်က စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ ဖြစ်သည်ဟု ဆိုထားခြင်းသည် မလျော်လှပေ။

အဘယ့်ကြောင့် ဤသို့ အလွဲလွဲဖြစ်နေရသနည်းဆိုသော်သဂြိုဟ် ကျမ်းပြုဆရာသည် အောက်စိတ်ပိုင်းက ဈာန်စိတ်ကိုပဉ္စကနည်း အရ ၅ မျိုးပြခဲ့မိသဖြင့် ဤဝီထိမုတ်ပိုင်းမှာလည်းအောက်နှင့် လိုက်လျောအောင်ဈာန်ဝိပါက်စိတ်ကိုပဉ္စကနည်းအရ ပြဆိုရပြန် သဖြင့် ရှုပ်ထွေးကာအလွဲလွဲဖြစ်နေသည်။ စတုက္ကနည်းအတိုင်း သာပြမည်ဆိုလျှင်—

ပထမဈာန် ဝိပါက်သည် ပထမဈာန်ဘုံ၌၊

ဒုတိယဈာန် ဝိပါက်သည် ဒုတိယဈာန်ဘုံ၌၊

တတိယဈာန် ဝိပါက်သည် တတိယဈာန်ဘုံ၌၊

စတုတ္ထဈာန်ဝိပါက်သည် စတုတ္ထဈာန်ဘုံ၌

ပဋိသန္ဓေ,ဘဝင်,စုတိ ဖြစ်၏ဟု မှတ်သားရန် လွယ်ကူပေမည်။ (အောက်စိတ်ပိုင်းတွင်ပြန်ကြည့်) ဆိုလိုရင်းမှာ စတုက္က-ပဉ္စက ဘယ်နည်းဖြစ်ဖြစ် ပထမဈာန် ဝိပါက်သည် ပထမဈာန်ဘုံ၌ ပဋိသန္ဓေ,ဘဝင်,စုတိ။စတုက္កနည်းအားဖြင့် ဒုတိယခေါ်ရသော ပဉ္စကနည်းအားဖြင့် ဒုတိယ,တတိယ, နှစ်မျိုးခွဲထားသောဈာန် ဝိပါက်သည် ဒုတိယဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ။ စတုက္က နည်းအားဖြင့်တတိယ,ပဉ္စကနည်းအားဖြင့် စတုတ္ထခေါ်ရသော ဈာန်ဝိပါက်သည် တတိယဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ။ စတုက္က နည်းအားဖြင့် စတုတ္ထ။ ပဉ္စက နည်းအားဖြင့် ပဉ္စမ ခေါ်ရသော ဈာန်ဝိပါက်သည် စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိများ ဖြစ်ကြသည်မှတ်။

**မူလစာကိုယ်** ပဉ္စမဈာန်ဝိပါက်စိတ်သည် စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ
၂၇ စိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်၏။ ဤကား နာမ်ရုပ်ရှိသော ပဋိသန္ဓေ ၅ မျိုးတည်း။
၂၈ ရုပ်သာလျှင် ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်မှာ အသညသတ် ဗြဟ္မာဖြစ်၏။ သေသော အခါမှာလည်း ရုပ်သာလျှင် ဖြစ်၍ချုပ်၏။ ဤသို့ ရူပ ပဋိသန္ဓေ ၆ မျိုးဖြစ်လေသည်။

---

**အဓိပ္ပါယ်** အသညသတ် ဗြဟ္မာဟူသည် သညာခေါ် နာမ်
၂၈ တရားမရှိသော ဗြဟ္မာ ဖြစ်သည်။ ကာမဘုံတွင် ပဉ္စမဈာန်ရပြီးနောက် (ဓိ သညာ၊ သညာရောဂါ) သညာခေါ်နာမ်တရားသည် စက်ဆုပ်ဘွယ် ကောင်း၏။ အနာရောဂါနှင့်တူ၏ဟု ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ဘာဝနာ တန်ခိုးအားလျော်စွာ နာမ်မပါပဲ ရုပ်ချည်းဖြစ်သောဗြဟ္မာတည်း။ ထိုရုပ်မှာ ဇီဝိတနဝက ကလာပ် (ဇီဝိတအမှူးပြုသော ရုပ်ပေါင်း ၉ ခု) သာဖြစ်၏။ ပဝတ္တိအခါ၌ ဥတုဇ ရုပ်တုံး ရုပ်ခဲ ဖြစ်၏။ ကာမဘုံက သေသည့်အတိုင်း (အိပ်လျက်သေလျှင် အိပ်လျက်၊ ထိုင်လျက် သေလျှင် ထိုင်လျက်) ဖြစ်၍ ကမ္ဘာ ၅၀၀ ပတ်လုံး ရွှေတုံးကြီးကဲ့သို့ တည်သောဟူ၏။ စင်စစ်မှာ ဘာဝနာတန်ခိုးအားဖြင့် လွင့်တက်၍ ဖြစ်နေရသော သတ္တဝါတမျိုးပေတည်း။ ထိုဘုံမှ သေပြန် လျှင်လည်း ဤ ကာမဘုံသို့သာ ပြန်လာရ၏။ သို့ဖြစ်၍ မှိုင်းတန်ခိုးဖြင့် လွင့်တက် သွားသော မီးပုံးပျံသည် မှိုင်းအား ကုန်သောအခါ မြေကြီးသို့ ပြန်ကျရသကဲ့သို့ ဈာန်ဘာဝနာတန်ခိုးအာနုဘော်ကုန်သောအခါ ဤကာမဘုံသို့သာ ကျရောက်လာပေသည်။ တုံးတိုင်ကဲ့သို့ ရုပ်တုံးတမျိုးပင်ဖြစ်၏။ သို့သော် အခြား ရုပ်များနှင့် မတူ သတ္တဝါ ဖြစ်၏။ သတ္တဝါ မဟုတ်-ဟု အချို့သူများ အယူလွဲမှားမည် စိုးရိမ်သောကြောင့်

''အသညသတ္တ''ဟု နောက်ဆွယ်က သတ္တသဒ္ဒါထည့်၍ ဟော တော်မူသည်။

## ဗြဟ္မာတို့၏သက်တမ်း

### ပထမဈာန်ဗြဟ္မာ

မူလစာကိုယ် ၃၀

၁။ ထိုရူပဗြဟ္မာ တို့တွင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၏ သက်တမ်းမှာ အသင်္ချေယျကပ် သုံးပုံတပုံဖြစ်၏။

၂။ ဗြဟ္မပုရောဟိတဗြဟ္မာတို့၏သက်တမ်းမှာအသင်္ချေယျကပ် ထက်ဝက်ဖြစ်၏။

၃။ မဟာ ဗြဟ္မာတို့၏ သက်တမ်းမှာ သင်္ချေယျကပ် တကပ်ဖြစ်၏။

### ဒုတိယဈာန်ဗြဟ္မာ

မူလစာကိုယ် ၃၁

၁။ ပရိတ္တာဘာ ဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ် ၂ ကပ်ဖြစ်၏။

၂။ အပ္ပမာဏာဘာ ဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ် ၄ ကပ်ဖြစ်၏။

၃။ အာဘဿရာ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် ၈ ကပ်ဖြစ်၏။

---

အဓိပ္ပါယ် ၃၀

ကပ်သည် အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်ဟု ၄ မျိုးရှိ၏။ ထိုတွင် အချိန်ကာလအလိုက် ၁၀၀ တမ်း၊ ၉၀ တမ်း စသည် သတ်မှတ်ထားသော အသက်သည် အာယုကပ်မည်၏။ ၁၀ နှစ်မှ အသင်္ချေယျ တက်ကပ်၊ အသင်္ချေယျမှ ၁၀ နှစ်ဆုတ်ကပ်၊ ဤ

ဆုတ်ကပ်,တက်ကပ် တစုံသည် အန္တရကပ်မည်၏။ အန္တရကပ် ပေါင်း ၆၄ ကပ်သည် အသင်္ချေယျကပ်မည်၏။ ထိုအသင်္ချေယျ ကပ် ၄ ကပ်သည် မဟာကပ် မည်၏။ ဝါ၊ တကမ္ဘာခေါ်၏။ ထိုကပ် ၄ မျိုးတွင် ပထမဈာန်ဗြဟ္မာတို့၏ သက်တမ်းမှာကမ္ဘာ ပျက်ရာတွင် ပျက်တိုင်းပျက်တိုင်း ပါသောကြောင့် အသင်္ချေယျ ကပ်ဖြင့်သာ ရေတွက်အပ်၏။ မဟာကပ်ကြီးဖြင့်မရေတွက်နိုင်။ ထိုအသင်္ချေယျကပ်မှာ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်ဖြစ်၏။

**မှတ်ချက်။** ။ဤင်းသက်တမ်းသင်္ချာများကား အဋ္ဌကထာပြ စကား မဟုတ်။ ဝိဘင်း ပါဠိတော် ဓမ္မဟဒယ ဝိဘင်း၌ အတိ အလင်း ဟောထားလျက် ရှိသည်။ ဤင်းပြင် သုတ္တန် အင်္ဂုတ္တရ ပါဠိတော် တိက အင်္ဂုတ္တိုရ်မှာလည်း ဟောထားတော် မူသေးသည်။

## တတိယဈာန်ဗြဟ္မာ

မူလစာကိုယ် ၁။ ပရိတ္တသုဘာ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာ ကပ် ၁၆ ကပ်ဖြစ်၏။
၃၂
၂။ အပ္ပမာဏ သုဘာ သက်တမ်းမှာ ၃၂ ကပ်။
၃။ သုဘာကိဏှာ သက်တမ်းမှာ ၆၄ ကပ်။

---

## စတုတ္ထဈာန်ဗြဟ္မာ

မူလစာကိုယ် ၁။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ် ၅၀၀ ဖြစ်၏။
၃၃
၂။ အသညသတ် ဗြဟ္မာ၏ သက်တမ်း မှာလည်း ၅၀၀။
၃၄ ၃။ အဝိဟာ ဗြဟ္မာ၏သက်တမ်းမှာ ၁၀၀၀။
၄။ အတပ္ပါ ။ ။ ၂၀၀၀။

၅။ သုဒဿာဗြဟ္မာ၏သက်တမ်းမှာလည်း ၄၀၀၀။
၆။ သုဒဿီ ။ ။ ၈၀၀၀။
၇။ အကနိဋ္ဌ ။ ။ ၁၆၀၀၀။

---

## အရူပ ပဋိသန္ဓေ ၄ မျိုး

မူလစာကိုယ် ၃၅ — ပထမအရူပဝိပါက်သည်အာကာသဘုံ၌ဗြဟ္မာကြီးတို့၏
ဒုတိယ အရူပဝိပါက်သည် ဝိညာနဘုံ၌ ။
တတိယ ။ အာကိဉ္စဘုံ၌
စတုတ္ထ ။ နေဝသညာဘုံ၌
ပဋိသန္ဓေ,ဘဝင်,စုတိဖြစ်၏။

အဓိပ္ပါယ်လွယ်ကူ၏။

မကြည်စိန်
၁၅၀၀-

---

## အရူပဗြဟ္မာ

မူလစာကိုယ် ၃၆-၃၉
၁။ အာကာသာနဉ္စာယတနဗြဟ္မာတို့၏သက်တမ်းမှာ မဟာကပ် ၂၀၀၀၀ ဖြစ်၏။
၂။ ဝိညာနဉ္စာယတန- ။ ၄၀၀၀၀ ဖြစ်၏။
၃။ အာကိဉ္စညာယတန- ။ ၆၀၀၀၀ ဖြစ်၏။
၄။ နေဝသညာ နာသညာယတန ၈၀၀၀၀ ဖြစ်၏။

---

## တဘဝ၌ တူမြဲသဘာဝ ၃ ပါး

မူလစာကိုယ် ၄၀ — တခုသောဘဝတွင် ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် ဤသုံးပါးတို့သည် ဘုံ, ဇာတ်,သမ္ပယုတ်,သင်္ခါရတို့ တူကုန်၍ အာရုံလည်းတူကုန်၏။

---

**အဓိပ္ပါယ် ၄၀** — တခုသော ဘဝတွင် ပဋိသန္ဓေ စိတ်သည် ကာမ, မဟာ ဝိပါက်, သောမနဿ, ဉာဏ သမ္ပယုတ်, အသင်္ခါရိက ဖြစ်လျှင် ဘဝင်စိတ်, စုတိစိတ်များ

လည်း ကာမ, မဟာဝိပါက်, သောမနဿ, ဉာဏ သမ္ပယုတ်, အသင်္ခါရိကဖြစ်၏။ ထိုပဋိသန္ဓေက ကံနိမိတ်ကို အာရုံပြုလျှင် ဘဝင်, စုတိတို့လည်း ကံနိမိတ်ကို အာရုံ ပြုကုန်၏။ သို့မဟုတ် ပဋိသန္ဓေက ဂတိနိမိတ်ကို အာရုံပြုလျှင် ဘဝင်, စုတိတို့က လည်း ဂတိနိမိတ် အာရုံကိုပင် အာရုံ ပြုကုန်၏။ ဤသို့ ဘုံ, ဇာတ်, သမ္ပယုတ်, သင်္ခါရ, အာရုံတူကြသည်။

**ပဋိသန္ဓိစတုက္က ပြီး၏။**

---

## ကမ္မစတုက္က

**မူလစာကိုယ် ၄၁** ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတက ကံဟူ၍ အလုပ်အားဖြင့် ကံ ၄ မျိုး။

---

**အဓိပ္ပါယ် ၄၁** ကံဟူသည် အလုပ်ကို ခေါ်၏၊ သို့ရာတွင် "အ ရင်းစစ် အမြစ်မြေက" ဆိုသကဲ့သို့ အရင်းစစ်၍ အမြစ် ရှာလိုက်သော် ထိုအလုပ်ကို ဖြစ်အောင် လှုံ့ဆော်တတ်သော (စိတ်)စေတနာသည် ကံအစစ် ဖြစ်လေ သည်၊ ထို့ကြောင့် "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟု ထိုထိုသုတ်တို့၌ ဘုရားရှင်ဟောတော်မူ၏။ ထိုကံသည် အထက် ဖေါ်ပြပါအတိုင်း သင်္ဂြိုဟ်ကျမ်း၌ ၄ မျိုးရှိသည်။ ထိုတွင်—

(၁) **ဇနကကံ** - ဟူသည် ဖြစ်စေတတ်သောကံဖြစ်သည်။ ဘဝကိုဖြစ်စေသနည်း။ ဘဝသစ်တခု၏ စစဦးအချိန်(ပဋိသန္ဓေ) အခါ ပဋိသန္ဓေစိတ်, စေတသိက်နာမ်နှင့် * ကမ္မဇရုပ်တို့ကို

---

*ကမ္မဇရုပ်—ဟူသည် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကို ခေါ်သည်။

ဖြစ်စေသည်။ ဝါ၊ နာမ်နှင့်ရုပ် အထည်ကိုယ်သတ္တဝါလေးကို စ၍ဖြစ်စေသည်၊ နောက် ကြီးပြင်းလာသော (ပဝတ္တိ) အခါ ခဏမပြတ် ရုပ်နှင့်နာမ်တို့ကို ဖြစ်စေသည်။ မိခင်သည် သားရတနာကိုဖြစ်စေသကဲ့သို့တည်း။

(၂) **ဥပတ္ထမ္ဘကကံ** - ဟူသည် ထောက်ပံ့ ကူညီ တတ်သော ကံဖြစ်သည်၊ အဘယ်သို့ ထောက်ပံ့သနည်း။ ဖြစ်စေတတ်သော ဇနကကံကို အကျိုးပေးခွင့် ရအောင်ငှင်း၊ ဇနကကံကို အကျိုးပေးရှင့်သန်လာအောင်ငှင်း၊ အကျိုးပေးတာရှည်အောင်ငှင်း ထောက်ပံ့ ကူညီသည်။ ၎င်းကံသည် ထောက်ပံ့ကူညီရုံမျှသာဖြစ်၏။ ကိုယ်တိုင်မဖြစ်စေနိုင်။(ဖြစ်စေလျှင် ဇနကကံ ဖြစ်ရာ၏)။ ၎င်းစကားကို အင်္ဂုတ္တရအဋ္ဌကထာတို့၌ "ဥပတ္ထမ္ဘကံနာမ ဝိပါကံ ဇနေတုံ နသက္ကောတိ" စသည်ဖြင့် ဆိုထား၏။ အထိန်းအယ (အာယား)တို့သည် မိခင်မွေးထားသော သားရတနာကို ထိန်းကျောင်း စောင့်ရှောက် သကဲ့သို့တည်း။ အဘိဝါဒန=ရှိသေစွာ ရှိခိုးခြင်း၊ ဝုဍ္ဎါပစာယန=အသက်ကြီး ဝါကြီးတို့အား လုပ်ကျွေး ခ,စားခြင်း စသည်တို့သည် ဥပတ္ထမ္ဘကကံများပင် ဖြစ်ပေသည်။

(၃) **ဥပပီဠကကံ** - ဟူသည် ကပ်၍ နှိပ်စက် တတ်သော ကံဖြစ်သည်။ ၎င်းကံသည် ဇနကကံကို အကျိုးပေးခွင့် မရအောင် အကျိုးပေး မထက်သန်အောင် အကျိုးပေး တာမရှည်အောင် နှိပ်စက်တတ်သည်၊ ဥပမာ- သူဌေးသား တယောက်သည် ရုပ်ရည် ရူပကာယလည်း ချောမော လှပ၏ ပညာကလည်း ခေတ်အလျောက် တတ်၏။ သို့ရာတွင် နူနာရောဂါ

ဖြစ်၍ လူထည်းသို့ မဝင်နိုင်ရှာတော့ပေ။ ဤသူ၌ နူနာရောဂါ မရှိပါက လူပုံအလယ်၌ တင့်တင့်-တယ်တယ် ရှန်းရှန်းတောက် အကျိုးပေးစရာရှိ၏၊ သို့ရာတွင် နူနာရောဂါ စွဲကပ်နေသဖြင့် အကျိုးမပေးတော့ပေ။ ဤနည်းတူ ကုသိုလ်ကံ အကျိုးပေး ရာ၌ ဝင်ရောက်နှောက်ယှက်သော အကုသိုလ် ကံမျိုးသည် ဥပ ပီဠကကံမည်၏။ အကုသိုလ်ကံ အကျိုးပေးရာ၌ ကုသိုလ်ကံ က နှိပ်စက်သော အရာလည်းရှိ၏။ ဤကား နှိပ်စက်ပုံ ပေါ်လွင် ရုံမျှ ဥပမာတည်း။

(၄) **ဥပဃာတကကံ** - ဟူသည် ကပ်၍ သတ်ဖြတ် တတ် တတ်သော ကံဖြစ်သည်။ ၎င်းကံကို ဥပစ္ဆေဒက ကံဟူ၍လည်း ခေါ်ကြသည်။ ၎င်းသည် ဇနကကံကြောင့် ဖြစ်ပေါ်နေသော အကျိုးကိုသတ်ဖြတ်၍ မိမိကိုယ်တိုင်ပင် အကျိုးပေးသောကံ၊ ကံတပါးကို အကျိုးပေးခွင့် ပြုလိုက်သော ကံဟူ၍ နှစ်မျိုး ရှိ၏။ ဒေဝဒတ်, စိဉ္စမာဏာတို့၏ အကုသိုလ်ကံသည် ကုသိုလ်ကံကျိုးကို သတ်ဖြတ်၍ သူကိုယ်တိုင်ကပင် ငရဲသို့ ပို့ဆောင် တတ် ၏။ ဗိမ္ဗိသာရ, သာမာဝတီတို့၏ အကုသိုလ်ကံသည် ကုသိုလ်ကံ၏ အကျိုးကို သတ်ဖြတ်၍ အခြားသော ကုသိုလ်ကံ၏ နတ်ပြည်သို့ ပို့ဆောင်ခြင်းကို ခွင့်ပြုလိုက်သည်။ ဤမျှသာမှတ်ပါ။ ကံအ ကြောင်းကား ကျယ်လှဘိတောင်း။ ဤဆိုခဲ့ပြီးသော ကံ ၄ မျိုး တို့သည် ကုသိုလ်ကံ အကုသိုလ်ကံဟူ၍ ၂ မျိုးစီရှိသောကြောင့် ကံ ၈ မျိုးဖြစ်၏။ ဖြစ်စေခြင်း, ထောက်ပံ့ခြင်း, ညှင်းဆဲခြင်း, သတ်ဖြတ်ခြင်းဟူ၍ အလုပ်ကိစ္စ လုပ်ငန်းအားဖြင့် ကွဲပြားခြား နားသောကြောင့် "ကိစ္စ စတုက္က" ဟု သင်္ဂြိုဟ်ဆရာဆိုသည်။

မူလစာကိုယ် ၄၂ ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ ဟူ၍ အကျိုးပေးစဉ်အားဖြင့် ကံ ၄ မျိုး။

အဓိပ္ပါယ် ၄၂ (၁) ဂရုကကံ ဟူသည် ကြီးလေးသော ကံဖြစ်သည်။ ၎င်းသည် ကုသိုလ်-အကုသိုလ်ဟူ၍ ၂-မျိုးရှိ၏။ ကုသိုလ် ဂရုကကံမှာ မဟဂ္ဂုတ် ကုသိုလ်ကံများဖြစ်၏။ အကုသိုလ် ဂရုကကံမှာ နိယတ မိစ္ဆာဒိဋ္ဌိ နှင့် ပဉ္စာနန္တရိယကံများဖြစ်ကြ၏။

---

## မဟဂ္ဂုတ် ကုသိုလ်ကံ ဟူသည်

| | | |
|---|---|---|
| ၁။ | ပဌမဈာန် ကုသိုလ်ကံ | ၁ ပါး |
| ၂။ | ဒုတိယဈာန် ” | ၁ ပါး |
| ၃။ | တတိယဈာန် ” | ၁ ပါး |
| ၄။ | စတုတ္ထဈာန် ” | ၁ ပါး |
| ၅။ | ပဉ္စမဈာန် ” | ၅ ပါး |
| | ပေါင်း | ၉ ပါး။ |

---

## နိယတမိစ္ဆာဒိဋ္ဌိ ၃ ပါး

နတ္ထိကဒိဋ္ဌိ (အကျိုးတရားမရှိဟု မှားသောအယူ)။
အဟေတုကဒိဋ္ဌိ (အကြောင်းတရားမရှိဟု မှားသောအယူ)။
အကြိယဒိဋ္ဌိ(တစုံတခုသော ကံကိုမလုပ်အပ်ဟုမှားသောအယူ)။

## အနန္တရိယကံ ၅ ပါး

၁။ မာတုဃာတက .... အမိသတ်သောကံ။
၂။ ပိတုဃာတက .... အဘသတ်သောကံ။

၃။ အရဟန္တဃာတက....ရဟန္တာသတ်သောကံ။

၄။ လောဟိတုပ္ပါဒက....ဘုရားသွေးထွက်အောင်ပြုသောကံ။

၅။ သံဃဘေဒက .... သံဃာသင်းခွဲသောကံ။
မိဘရဟန်း, လောဟိတံ, ဘေဒံနန္တရိ။

(၂) **အာသန္နကံ** - ဟူသည် သေခါနီးကာလ အောက်မေ့အပ် ပြုအပ်သောကံဖြစ်သည်။ ၎င်းကံသည်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံ ၂ မျိုးရှိသည်။ သေခါနီးဟူသည် စုတိစိတ်(သေစိတ်)၏ရှေ့ ဇော ၅ ကြိမ် ဖြစ်သော (ယခုလူတို့က ဇော ၅ တန်ပြန်သည်ဟု ပြောကြဆိုကြသော)အခါ ရှေ့ပိုင်းလူမမာ သတိရနေသောအခါများဖြစ်သည်။ ဇော ၅ တန် ပြန်နေသော အခါများမှာ အဘယ်ကံကိုမျှ မပြုနိုင်တော့ပြီ။ လုပ်ပြီးကံများကိုသာ သတိရအောက်မေ့နိုင်တော့သည်။ထို့ကြောင့် မရဏာသန္နဇော ၅ ကြိမ်၏ရှေ့အဘို့ လူမမာ သတိရ၍ ပြုလုပ်နိုင်သေးသော အချိန်ကိုငင်း၊ ဇော ၅ တန်ပြန်သောအခါကိုငင်း သေခါနီးဟု ဆိုသင့်သည်။

(၃) **အာစိဏ္ဏကံ** - ဟူသည် အမြဲမပြတ် လေ့ကျက်အပ်သောကံဖြစ်သည်။ ၎င်းသည်လည်း ကုသိုလ်ကံ အကုသိုလ်ကံ ၂ မျိုးရှိသည်။ တချို့က တံငါ ဖလောင်း ဝက်ရောင်း သားထိုးစသော ပါဏာတိပါတတို့ဖြင့် အလေ့အကျက်များ၏။ အချို့က ပေးကမ်းမှုဒါန, စောင့်ထိန်းမှုသီလ, ပွားများမှု ဘာဝနာတို့ဖြင့် အလေ့အကျက် များ၏။ ထိုလေ့ကျက်သောကံအတိုင်း အကျိုးပေးရ၏။

(၄) **ကဋတ္တာကံ** - ဟူသည် ရှေးရှေးဘဝတို့က ပြုခဲ့သော အလယ်ဇော ၅ ချက်ကံနှင့် ယခုဘဝ အမှတ်မဲ့ ပြုလုပ်သော သာမညကံများ ဖြစ်သည်။ ၎င်းကံသည်ကား ဂရုက,အာသန္န, အာစိဏ္ဏ ကံ ၃ ပါးသို့ မရောက်သော ပြုလုပ်သမျှကံစုတည်း။ ထိုကံတို့၏ ပါကဒါန ပရိယာယ အကျိုးပေးလှည့် ဝါ၊အကျိုး ပေးစဉ်ကား အဘယ်သို့နည်း။ ၎င်းကံ ၄ ပါးလုံးရှိလျှင် ဂရုကကံ အကျိုးပေး၏။ ဂရုကကံမရှိလျှင် အာသန္နကံ၊ အာသန္နကံ မရှိလျှင် အာစိဏ္ဏကံ၊ အာစိဏ္ဏကံ မရှိလျှင် ကဋတ္တာကံ အကျိုး ပေးရ၏။ဂရုကကံရှိလျှင်၎င်းကံပထမအကျိုးပေး၏၊၎င်းနောက် အာသန္နကံ ဒုတိယ၊ ၎င်းနောက် အာစိဏ္ဏကံ တတိယ၊ ၎င်း နောက် ကဋတ္တာကံစတုတ္ထ။ ဤသို့ အစဉ်အတိုင်း အကျိုးပေး ကြသောကြောင့် အကျိုးပေးစဉ်အားဖြင့် ကံ ၄ မျိုးရှိသည် ဟူလို။

ထိုကံ ၄ ပါးတို့တွင် အာသန္နကံသည် အာစိဏ္ဏကံထက် အင်အားသတ္တိကြီးမားသောကြောင့်အလျှင်အကျိုးပေးသလော ဟူမူ၊ မဟုတ်ပေ။ အာစိဏ္ဏကံကပင် အင်အား ကြီးမားပေ သည်။ ဥပမာအားဖြင့် နွားအိုကြီးသည် ညနေခြံဝင်သောအခါ နောက်ကျ၍ ခြံဝနား နေရသဖြင့် နံနက်ခြံဖွင့်သောအခါ တံခါး ဝနှင့်နီးကပ်၍ အလျှင် ထွက်ရသကဲ့သို့ ထိုအတူ အာသန္နကံ သည် အင်အား မကြီး သော်လည်း သေခါနီးမှ ဖြစ်သော ကြောင့် အာစိဏ္ဏကံထက် အကျိုးပေး အလျှင်ကျပေသည်။

၎င်းကံတို့၏ အကြောင်းကို အကျယ်သိလိုက အင်္ဂုတ္တရပါဠိ အဋ္ဌကထာမှာ ကြည့်ပါကုန်။

မူလစာကိုယ် ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိ
၄၃ ယဝေဒနီယကံ, အဟောသိကံ ဟူ၍ အကျိုးပေးသော
အချိန်အခါအားဖြင့် ၄-ပါးရှိသည်။

---

အဓိပ္ပါယ် (၁) **ဒိဋ္ဌဓမ္မဝေဒနီယကံ**-ဟူသည် မျက်မှောက်
၄၃ (ပစ္စုပ္ပန်) ဘဝ၌ ခံစားအပ်, ခံစားထိုက်သော
ကံဖြစ်သည်။ ကံပြုလုပ်ရာ၌ စေတနာပြဋ္ဌာန်းသော
ဇောစိတ်သည် ၇-ကြိမ် ရှိ၏။ ထိုအနက် ပထမဆုံး ဇော
စိတ္တုပ္ပါဒ် တကြိမ်သည် ဒိဋ္ဌဓမ္မကံဖြစ်၏။ ၎င်းသည်အကျိုးပေး
မကြီးကျယ်သဖြင့် ယခုမျက်မှောက်ဘဝမှာ အကျိုးပေး၏၊
ကောက်ရိုးမီးသည် ဟုန်းကနဲ အမြန်တောက်၍ အမြန်ငြိမ်းေ
သွားသကဲ့သို့ ယခုဘဝ၌ မြန်မြန်အကျိုးပေး၍ မြန်မြန်ချုပ်
သွားသည်။ သို့ရာတွင် အကြောင်းတရား ညီညွတ်ပြည့်စုံပါမှ
အဟိတ်ကုသလဝိပါက် အကုသလဝိပါက်အကျိုးမျှကို ပေး
သည်။ ဘဝတခု၏ သေသောအချိန်အခါကို ကျော်လွန်၍
ဘဝသစ်၏ ခန္ဓာစဉ်ဖြစ်အောင်။ ဂါ-သတ္တဝါ၏ ပဋိသန္ဓေမှစ
၍ ခန္ဓာကိုယ် ဒြပ် သဏ္ဍာန် ပေါ်ပေါက်လာအောင် အကျိုးမ
ပေးစွမ်းနိုင်။ ထိုကြောင့် ဒိဋ္ဌဓမ္မကံသည် အလွန်အားနည်းသော
ကံဖြစ်၏။ ယခုကာလလူများကား မဟာဒုတ်, ကာကဝလိယ
တို့ကဲ့သို့ ရွှေမိုး-ငွေမိုးရွာသော အကျိုးပေးကို ကြီးကျယ်သည်
အထင်ရှိကြ၏။ ဘဝသစ်တခု၌ သတ္တဝါတယောက်ဖြစ်အောင်
ပဋိသန္ဓေကို ဖြစ်စေနိုင်ခြင်းနှင့် အပေါ်ရံအပယိက ရွှေ-
ငွေရခြင်းသည် မည်သည့်အရာက ကြီးကျယ်မည်နည်း သတိ
ထား၍ စဉ်းစားကြည့်ပါ။ ဘဝသစ်တခုတွင် ပဋိသန္ဓေ တည်
ဖြစ်အောင် အကျိုးတရားသည် အလွန်ကြီးကျယ်၏၊ အဘယ်

လောကဓါတ် ဆရာမျှ မပြုလုပ်နိုင်။ ရွှေ,ငွေ ရဘို့ရန် ကား လူတိုင်းလောက်ပင် ပြုလုပ်နိုင်သဖြင့် မကြီးကျယ်ပေ။ ထိုကြောင့် ဋီကာကျော်၌၊ ဍူမေဝ ပုပ္ဖမတ္တံဝိယ ပဝတ္တိဝိပါကမတ္တံ အဟေတုက ဖလံ ဒေတိ— ဟု ဆို၏။ ဤဒိဋ္ဌဓမ္မ ကံ သည် ဤဘဝ၌သာ ပဝတ္တိကျိုးမျှဖြစ်သောအဟိတ်ကုသလဝိပါက်,အကုသလဝိပါက် အကျိုးကိုပေး၏။ ဥပမာ- အပွင့်သာ ဝေဝေဆာဆာ ပွင့်၍ အသီးမသီးသော သစ်ပင် ကဲ့သို့တည်း။ ထိုသို့သော ပဝတ္တိ အဟိတ်ကျိုးမျှကိုပင် အကြောင်း ( ပစ္စယ ) ပြည့်စုံမှ ပေး လေသည်။ အဘယ်သို့သော အကြောင်း ပြည့်စုံရမည်နည်းဆိုသော် ဋီကာကျော်အလို (က) ဆန့်ကျင်ဘက် တရားတို့က မလွှမ်းမိုးခြင်း. (ကုသိုလ် ဒိဋ္ဌဓမ္မကံဖြစ်လျှင် အကုသိုလ်ဆန့်ကျင်ဘက် တရား၊ အကုသိုလ် ဒိဋ္ဌဓမ္မကံ ဖြစ်လျှင် ကုသိုလ် ဆန့်ကျင်ဘက် တရား။) (ခ) အကြောင်း ထူးဖြင့် ရအပ်သော အကြောင်း ရှိခြင်း။ ဤအ ကြောင်း များ ကြောင့် အားရှိသ ဖြင့် အ ကျိုး ပေး၏။

(ခ) အကြောင်းထူးဖြင့် ရအပ်သော အကြောင်းရှိခြင်းမှာ သမ္ပဒါတရား ၄-ပါးနှင့် ပြည့်စုံရခြင်းဖြစ်၏။

## သမ္ပဒါ ၄-ပါး

၁။ **ဝတ္ထုသမ္ပဒါ....** လှူအပ်သော ဝတ္ထု ပစ္စည်း၏ တရားသဖြင့် ရသော ( ဓမ္မိယလဒ္ဓ ) ပစ္စည်း ဖြစ်ခြင်း။

၂။ **ခေတ္တသမ္ပဒါ....** အလှူခံပုဂ္ဂိုလ်၏ အနာဂါမ်၊ သို့မဟုတ် ရဟန္တာဖြစ်ခြင်း။

၃။ **အဇ္ဈာသယ.... သမ္ပဒါ** — စေတနာသုံးတန်ညီညွတ်၍သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်ဖြင့် လှူခြင်း။

၄။ **ဂုဏာတိရေက သမ္ပဒါ** — အလှူခံ ပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထပြီး စဖြစ်ခြင်း။

ဤအကြောင်းထူးများနှင့် ပြည့်စုံမှသာ ယခုဘဝ၌ကောင်းသောဘက်၌ ရွှေမိုး, ငွေမိုး ရွာခြင်း, မကောင်းသောဘက်၌ မြေမျိုခြင်းစသော အဟိတ်ကုသလဝိပါက် အကုသလဝိပါက်နှင့် ကမ္မဇရုပ်- ဥတုဇရုပ် များ ကို ဖြစ် စေ နိုင် သည်။ ဤအထက်ဖော်ပြပါ အကြောင်း ၄ ပါးမှာ ကုသိုလ်ကံ အရာနှင့် ဒါနအရာသာဖြစ်၏။ အကုသိုလ် နှင့် သီလ ဘာဝနာ ကုသိုလ်များ၌ မသက်ဆိုင်ပေ။ ဤမျှသာ မှတ်လေ။ အလွန်ကျယ်ဝန်း၏။

(၂) **ဥပပဇ္ဇဝေဒနီယကံ** - ဟူသည် အခြားမဲ့ ဒုတိယဘဝ၌ ခံစားအပ်, ခံစားထိုက်သော ကံဖြစ်သည်။ ကံပြုလုပ်ရာ၌ စေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် ၇ ကြိမ်အနက် သတ္တမဇောစေတနာပင်ဖြစ်၏။ ၎င်းသည် ရှေ့ဇော ၆ ကြိမ်၏ ထုံပေးမှုဖြင့် အားရှိ၏။ ထို့ကြောင့် ဘဝသစ်တခု၏ ပဋိသန္ဓေကို ဖြစ်စေနိုင်၏၊ ၎င်းကံမှာ အောက် ဂရုကကံစုပင်ဖြစ်၏။ ပထမဈာန်ရသူသည် ပထမဈာန်ဘုံ ရောက်ရ၏ စသည်များ, အကုသိုလ်ကံ အရာ၌ အမိသတ်လျှင် သေသည်၏ အခြားမဲ့ ဒုတိယဘဝမှာ ငရဲကျရောက်ရ၏ စသော ပဉ္စာနန္တရိယ ကံများ တည်း။ ဘဝသစ်တခုအတွက် ပဋိသန္ဓေနေခြင်း စသော ခက်ခဲသော အကျိုးကို ပေးနိုင်သော ကံတရားများတွင် ဥပပဇ္ဇကံသည်

အထက်မျက်ဆုံးဖြစ်၍ ပထမဆုံးအကျိုးပေး,ပွဲဦးထွက် အကျိုးပေးခြင်းဖြစ်၏။ တတိယဘဝ၏ ပဋိသန္ဓေကျိုးစသည်မှာ နောက်ကျသော အကျိုးပေးများ ဖြစ်၏။ ထို့ကြောင့် ထိုအကျိုးများကို အလယ်ဇော ၅ ချက်ကသာ ပေးလတ္တံ့။

(၃) **အပရာပရိယဝေဒနီယကံ** - ဟူသည် တတိယဘဝမှစ၍ ဘဝအဆက်ဆက်၌ ခံစားအပ်, ခံစားထိုက်သော ကံဖြစ်သည်။ ကံပြုရာ၌ စေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် ၇ ကြိမ်အနက် အလယ်ဇော ၅ ချက် စေတနာပင် ဖြစ်၏။ ၎င်းသည် သတ္တမဇော (ဥပပဇ္ဇ) ကံလောက် အားမရှိသဖြင့် ဘဝအတိအကျ မပိုင်းခြားနိုင်ပဲ တတိယဘဝမှစ၍ ဘဝအဆက်ဆက်မှာ အကြောင်း ညီညွတ်သလို အကျိုးပေးသည်ဟု ဆိုရ၏။ သို့ရာတွင် ဇောစေတနာ ၁ ချက်လျှင် ပဋိသန္ဓေ တခုကို ဖြစ်စေ၏။ ထို့ကြောင့် အလယ်ဇော စေတနာ ၅ ချက်ရှိသဖြင့် ၅ ဘဝ ပဋိသန္ဓေကို ဖြစ်စေ၏၊ အချို့ကား အလယ်ဇော ၅ ချက်၏ စေတနာ ၅ ချက်လုံးကမှ တဘဝ ပဋိသန္ဓေကိုဖြစ်စေ၏ဟု အယူရှိကြ၏။ ယုတ္တိရှိ၍ကောင်း၏။

၎င်းအပရာပရိယဝေဒနီယကံကို ခွေးမုဆိုးဥပမာဖြင့် အဋ္ဌကထာ ဆရာများဆိုကြ၏၊ ချဲ့အံ့။ ခွေးမုဆိုးသည် သားကောင်လိုက်ရာ၌ ခွေးတို့ကို လိုက်၍ ကိုက်စေ၏။ ခွေးသည် အကြင်နေရာ၌ သားကောင်ကိုမှီ၏။ ထိုနေရာ၌ ကိုက်သတ်၏။ အကြင်နေရာ၌မမှီသေး၊ ထိုနေရာ၌ မကိုက်နိုင်သေးပဲ မှီအောင်သာ လိုက်ရ၏။ မှီသော နေရာမှာ ကိုက်သတ်၏။ ၎င်း၏ အတူ အပရာပရိယ စေတနာသည် အကြင်ဘဝမှာ အကြောင်းညီညွတ်၏။ ထိုဘဝမှာ အကျိုးပေး၏။ အကြင်ဘဝမှာ အကြောင်းမညီညွတ်သေး၊

ထိုဘဝမှာ အကျိုးမပေးသေး၊ အကြောင်းညီညွတ်သည် တိုင် အောင် ငံ့ဆိုင်း၍ အကြောင်းညီညွတ်သော ဘဝမှာ အကျိုး ပေးသည်။

(၄) **အဟောသိကံ** - ဟူသည် သတ်မှတ် ထားသော မိမိ၏ နယ်ပယ်ဖြစ်သော အကျိုးပေးချိန်မှာ အကြောင်း မညီညွတ်သဖြင့် အကျိုးမပေးသော ဆိုခဲ့ပြီး ကံ ၃-မျိုးပင် ဖြစ်သည်။ ချဲ့အံ့။ ဒိဋ္ဌဓမ္မကံသည် ယခုဘဝတွင် အကြောင်း မညီညွတ်သဖြင့် အကျိုး မပေးလျှင် အဟောသိကံ မည်၏။ ဥပပဇ္ဇကံသည် ဒုတိယဘဝတွင် အကြောင်း မညီညွတ် သဖြင့် အကျိုးမပေးလျှင် အဟောသိကံမည်၏။ အပရာပရိယကံသည် နိဗ္ဗာန် ရောက်သွားသည် တိုင်အောင် အကျိုးမပေး လိုက်ရလျှင် အဟောသိကံမည်၏။

ဤကံတရားစုကား သုတ္တန်အဂုတ္တရပါဠိတော်လာ စကား များဖြစ်သည်။ ဉာဏဝိဘင်းတွင်အနီးငယ်မှ တပါး အဘိဓမ္မာ ပါဠိတော်၌ မလာပေ။

---

မူလစာကိုယ် ၄၄-၄၆ အကုသိုလ်ကံ, ကာမာဝစရ ကုသိုလ်ကံ, ရူပါဝစရ ကုသိုလ်ကံ,အရူပါဝစရကုသိုလ်ကံဟူ၍ အကျိုးပေးရာ ဌာနအားဖြင့် ၄ မျိုး။ ။ထိုတွင် အကုသိုလ်ကံသည် ကာယကံ, ဝစီကံ,မနောကံဟူ၍ ကံပြီးစီးခြင်းအကြောင်း၏ အစွမ်းဖြင့် ၃ ပါးရှိ၏။ ။ထိုတွင် ကာယကံသည် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ အားဖြင့် ၃ ပါးရှိ၏။

---

**အဓိပ္ပါယ် ၄၄-၄၆** ဤကံ ၄ မျိုးမှာ အဘိဓမ္မာဒေသနာလာ ကံများ ဖြစ်သည်။ ထိုတွင်—

(၁) ပါဏာတိပါတ ဟူသည် (ပါဏ=သတ္တဝါ၊ အတိပါတ=လျင်မြန်စွာ (ဝါ) လွန်မိုးနှိပ်စက်၍ကျစေခြင်း။ပါဏ အတိပါတ=ပါဏာတိပါတ၊သတ္တဝါကိုလျင်မြန်စွာကျစေခြင်း။ (ဝါ)၊ လွှမ်းနှိပ်စက်၍ ကျစေခြင်း၊ ချခြင်း၊ သတ်ခြင်း) သူ့ သဘာဝတိုင်း မသေစေပဲ မိမိပယောဂဖြင့် သေစေခြင်း၊ သတ်ခြင်းတည်း။

(၂) အဒိန္နာဒါန ဟူသည် မပေးသော သူတပါး ဥစ္စာကို ခိုးယူခြင်းတည်း။

(၃) ကာမေသုမိစ္ဆာစာရဟူသည် မသွားလာအပ်သော (အဂမနီယ) ဝတ္ထု ကာမ တို့၌ မှားသော အားဖြင့် ပြုကျင့်ခြင်းတည်း။

ချဲ့၍ပြဦးမည်။ သူတပါးကိုသတ်သူ, သတ်စေသူ၏ စေတနာ စေတသိက်သည် ပါဏာတိပါတ ကာယကံမည်၏။ ၎င်းကံသည် ကမ္မပထမြောက်သောကံ, ကမ္မပထ မမြောက်သော ကံဟူ၍ ၂ မျိုးရှိ၏။ အင်္ဂါညီညွတ်မှ ကမ္မပထမြောက်၏။ အင်္ဂါမညီ ညွတ်လျှင် ကမ္မပထမမြောက် ကံသာလျှင်ဖြစ်၏။ ၎င်းပါဏာတိ ပါတကံ၏ အင်္ဂါများမှာ—

၁။ သတ္တဝါဖြစ်ခြင်း။
၂။ သတ္တဝါဟု အမှတ်ရှိခြင်း၊ သတ္တဝါမှန်းသိခြင်း။
၃။ သတ်လိုသော စိတ်ရှိခြင်း။
၄။ ပယောဂလုလ္လပြုခြင်း။
၅။ ထိုလုလ္လဖြင့်သေခြင်းဟု ၅ ပါးတည်း။

သတ္တဝါရှိ၊ မှတ်သိသညာ၊ ဃာတကာနှင့်၊ ၂ ဖြာလုလ္လ၊ မရဏ၊ ငါးဝအကြောင်းတည်း။

(၂) ပိုင်ရှင်မပေးသော ဥစ္စာကိုခိုးသူ ခိုးစေသူ၏ စေတနာ စေတသိက်သည်အဒိန္နာဒါနကာယကံမည်၏။ ၎င်းသည်လည်း အင်္ဂါ ညီညွတ်မှ ကမ္မပထ မြောက်၏။ အင်္ဂါ မညီညွတ်လျှင် ကမ္မပထ မမြောက်၊ ကံသာလျှင်ဖြစ်၏။ ၎င်းအဒိန္နာဒါနကံ၏ အင်္ဂါများမှာ—

၁။ သူတပါး ဥစ္စာဖြစ်ခြင်း။

၂။ သူတပါးဥစ္စာဟု ထင်မှတ်ခြင်း, သိခြင်း။

၃။ ခိုးလိုသော စိတ်ရှိခြင်း။

၄။ ပယောဂ လုလ္လပြုခြင်း။

၅။ ခိုးယူခြင်းဟု ၅ ပါးတည်း။

တပါးဥစ္စာ၊ ဥစ္စာဟုသိ၊ ခိုးစိတ်ရှိနှင့်၊ ပြုဘိလုလ္လ၊ ခိုးယူကြ၊ ငါးငအကြောင်းတည်း။

(၃) မသွားလာသင့် မသွားလာထိုက်သော အဂမနီယ ဝတ္ထု ၂၀ တို့၌ သွားလာသူတို့၏ စေတနာ စေတသိက်သည် ကာမေသု မိစ္ဆာစာရ ကာယကံမည်၏။ ၎င်းကံ သည်လည်း အင်္ဂါညီညွတ်မှ ကမ္မပထ မြောက်၏။ အင်္ဂါ မညီညွတ်လျှင် ကမ္မပထ မမြောက်၊ကံသာလျှင်ဖြစ်၏။၎င်းကာမေသုမိစ္ဆာစာရ ကံ၏ အင်္ဂါများမှာ—

၁။ မသွားလာသင့်သော(အဂမနီယ)ဝတ္ထုဖြစ်ခြင်း။

၂။ မှီဝဲပေါင်းဘော်လိုသောစိတ်ရှိခြင်း။

၃။ (ကာယပယောဂ) ကိုယ်ဖြင့်လုလ္လပြုခြင်း။

၄။ မဂ်အချင်း ချင်း ပြု ကျင့်မှု ကို သာ ယာ ခြင်းဟု ၄ ပါးတည်း။

အဂမနီယ၊ မိန်းမမလွဲ, မှီဝဲစိတ်လို, ကိုယ်ပယောဂ, မဂ္ဂမဂ်ချင်း၊ ပြုခြင်းသာယာ, ဤ ၄ ဖြာသည်။ မိစ္ဆာကာမအကြောင်းတည်း။

ချုပ်ဦးအံ့။ ။ယောကျ်ားတို့ မသွားလာအပ်သော မိန်းမများမှာ ၂၀ ရှိ၏။

၁။ မာတုရက္ခိတာ အမိအုပ်ထိန်းသောမိန်းမ။
၂။ ပိတုရက္ခိတာ အဘအုပ်ထိန်းသော မိန်းမ။
၃။ မာတာပိတုရက္ခိတာ မိ,ဘ အုပ်ထိန်းသော မိန်းမ။
၄။ ဘဂိနီ ရက္ခိတာ အစ်မ, ညီမအုပ်ထိန်းသော မိန်းမ။
၅။ ဘာတုရက္ခိတာ မောင်အုပ်ထိန်းသောမိန်းမ။
၆။ ဉာတိရက္ခိတာ ဆွေမျိုးအုပ်ထိန်းသော မိန်းမ။
၇။ ဂေါတ္တရက္ခိတာ အနွယ်အုပ်ထိန်းသောမိန်းမ။
၈။ ဓမ္မရက္ခိတာ တရားကျင့်သူ အုပ်ထိန်းသောမိန်းမ။
၉။ သပရိဒဏ္ဍာအစိုးရမင်းများဒဏ်ထားခံရသောမိန်းမ။
၁၀။ သာရက္ခာ ထိမ်းမြားရန်ဂတိထားပြီးမိန်းမ။
၁၁။ ဓနရက္ခိတာငွေဖြင့် ဝယ်ထားသော မယား။
၁၂။ ဆန္ဒဝါသိနီ-သူ့အလိုအတိုင်းကြေနပ်၍နေသောမယား။
၁၃။ ဘောဂဝါသိနီ-စည်းစိမ်ရသဖြင့် နေသော မယား။
၁၄။ ပဋဝါသိနီ-အဝတ်တန်းဆာရသဖြင့်နေသောမယား။
၁၅။ ဩဒပတ္တကိနီ-ရေခွက်၌ လက်ဆုံ၍။ ဝါ၊ လက်ထပ်၍ ထိမ်းမြားသော မယား။
၁၆။ ဩဘဋစုမ္ဗဋာ-ခေါင်းခုကိုချစေ၍ ယူထားသောမယား။
၁၇။ ဓဇာဟဋာ-စစ်နိုင်၍ ဆောင်ယူ သိမ်းပိုက်ထားသော (သုန့်ရ) မယား။
၁၈။ ကမ္မကာရီဘရိယာ-အမှုလုပ်အစေခံမယား။
၁၉။ ဒါသီဘရိယာ-ကျွန်မ မယား။
၂၀။ မုဟုတ္တိကာ-ခဏခေတ္တယူသောမယား။

ထို ၂၀ တို့တွင် ရှေ့ ဆယ်ယောက်ကား အပျို၊ နောက် ၁၀ ယောက်ကား အအိုများဖြစ်ကြ၏။ ယောကျ်ားများအဘို့၊ အပျို ၁၀ ယောက်၊ ကိုယ်ပိုင် မဟုတ်သောအအို ၁၀ ယောက် လုံးကိုပင် မသွားလာအပ်၊ သွားလာလွန်ကျူးက ကံထိုက်၏။ မိန်းမများ အဘို့ကား လင်ရှိ မယား ၁၀ ယောက်နှင့် ၉-၁၀ နံပါတ် အပျို များသာ ကံထိုက်၏။ ကျန်အပျို ၈ ယောက်မှာ ကံ မထိုက်၊ သူတို့ကို လွန်ကျူးသူယောကျ်ားမှာသာ ကံထိုက်၏။

ဤကာယကံ ၃ ပါးသည် ကာယဒွါရခေါ်ကိုယ်လှုပ်ရှားမှု ပေါ်၌ အဖြစ်များ၍သာ ကာယကံခေါ်သည်။ နှုတ်မှ ဝစီကံ ၌လည်း ရံခါ ဖြစ်သေး၏။ သို့ရာတွင် များရာကိုကြည့်၍ ဝစီကံ ဟု မခေါ်ပဲ ကာယကံဟုသာ ခေါ်ရသည်။ ဥပမာ ဝနစရက တောမုဆိုး ဆိုရာ၌ တော၌ အနေများသောကြောင့်သာ ခေါ် ရ၏။ တခါအရံ မြို့၌ရင်း၊ ရွာ၌ရင်း နေမည်ဖြစ်၏။ ထို့ကြောင့် သင်္ဂြိုဟ်ဆရာသည် ''ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယ ကမ္မံနာမ''ဟု ဆိုပြီ။

---

| | |
|---|---|
| **မူလစာကိုယ်** ၄၇ | မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူ၍ ဝစီကံသည် ၄ ပါးရှိ၏။ |

---

**အဓိပ္ပါယ်** ၄၇ (၁) မုသာဝါဒ-ဟူသည် လိမ်လည်လှည့်ဖြား၍ ပြောဆိုခြင်းတည်း။

(၂) ပိသုဏာဝါစာ-ဟူသည် ဂုံးတိုက်စကားပြောဆို ခြင်းတည်း။

(၃) ဖရုသဝါစာ-ဟူသည် သူတပါးကို ထိပါး ပုတ်ခတ် ဆဲရေးသောစကားကို ပြောဆိုခြင်းတည်း။

(၄) သမ္ဖပ္ပလာပ-ဟူသည် အကျိုးမရှိ အနှစ်သာရ မပါသော ဒဏ္ဍာရီပုံပြင်များကို ပြောဆိုခြင်းတည်း။

ချဲ့၍ ပြဦးမည်။ (၁) မဟုတ် မမှန်သော အရာဝတ္ထုကို အဟုတ်အမှန်လုပ်၍ပြောဆိုသောသူ၏စေတနာစေတသိက်သည် မုသာဝါဒကံမည်၏။ ၎င်းသည် ကမ္မပထမြောက်သောကံ, ကမ္မပထမမြောက်သောကံဟု ၂ မျိုးရှိ၏။ အင်္ဂါညီညွတ်၍သူတပါး အကျိုး ပျက်စီးလျှင် ကမ္မပထ မြောက်၏။ အင်္ဂါ မညီညွတ်၍ သူတပါးအကျိုးမပျက်စီးလျှင် ကမ္မပထ မမြောက်။ ၎င်းမုသာဝါဒ၏အင်္ဂါများမှာ—

၁။ မဟုတ်မမှန်သောအကြောင်းဝတ္ထု။

၂။ လိမ်လည်လိုသောစိတ်။

၃။ ကိုယ်နှုတ်ဖြင့် လုံ့လပြုခြင်း။

၄။ အလိမ်ခံရသူက အဟုတ်မှတ်ခြင်း၊ ဤ ၄ ပါးတို့တည်း။

ဝတ္ထုမမှန်၊ ကလိမ်ဉာဏ်နှင့်၊ တဖန်ကိုယ်နှုတ်၊ အဟုတ်ထင်မှတ်၊ ဤ ၄ ရပ်မှာ မုသားသာတည်း။

ဤမုသာဝါဒကံသည် လူအများ အလွန်ရှောင်နိုင် ခဲသောကံဖြစ်၏။ 'မုသားမပါ လက်ာမချော' ဆိုသည့် အတိုင်း လူမှုဆက်ဆံရေးတို့၌ အဆင်ပြေအောင် မုသားကို သုံးကြရသည်။ ၎င်းမုသားပြောခြင်းသည် တဘက်သားအကျိုး ပျက်စီးမှုမရှိ၍ အပြစ်မကြီးဟု အဋ္ဌကထာ များ၌ ဆို၏။ ကျောင်းသားသည် ဆရာကိုကြောက်၍မိမိအတွက် ကာကွယ်သောအားဖြင့်လိမ်ခြင်း၊ ၁စ္စည်းဥစ္စာ ချေးငှါးလာသော် မချေးလို မငှါးလိုသဖြင့် မရှိဟု ပြောခြင်းများသည် ကမ္မပထ မမြောက်သဖြင့် အပြစ်မကြီးပေ။ အိမ်သုံး မုသာဝါဒ-ဟု ခေါ်ကြ၏။ ထိုမုသာဝါဒမျိုး ကိုပင် ရှောင်ကြဉ်နိုင်က ကောင်းသည်သာ။

(၂) ချစ်ခင် ညီညွတ်နေသူ များကို ကွဲပြားအောင် မညီညွတ်အောင် ပြောဆိုတတ်သောသူ၏ စေတနာစေတသိက်သည် ပိသုဏာဝါစာ ဝစီကံမည်၏။ ၎င်းသည်လည်း အင်္ဂါညီညွတ်၍ သူနှစ်ဦး ကွဲပြားမှ ကမ္မပထ မြောက်၏။ ၎င်းပိသုဏာဝါစာ၏ အင်္ဂါများမှာ—

၁။ ချစ်ခင်ညီညွတ်နေကြခြင်း။

၂။ မိမိကိုချစ်ခင်စေလိုခြင်း။

၃။ ထိုအတွက်လုံ့လပြုခြင်း။

၄။ ပြောသည့်အတိုင်း နားလည်ခြင်း၊ ဤ ၄ ပါးတို့တည်း။

ဂုံးတိုက်၊ ဂုံးချော၊ ယခုကာလသုံး ခြေထိုး အတူတူမှတ်။

(၃) သူတပါးကို ထိပါးပုတ်ခတ် ကြမ်းကြမ်း တမ်းတမ်း ဆဲရေး ကြိမ်ဆဲသော သူ၏ စေတနာ စေတသိက်သည် ဖရုသဝါစာ ဝစီကံမည်။ ၎င်း၏အင်္ဂါများမှာ—

၁။ ဆဲရေးအပ်သူ၊ ဝါ-ခံရသူ ရှိခြင်း။

၂။ စိတ်ဆိုးအမျက်ထွက်ခြင်း။

၃။ ဆဲရေး တိုင်းထွာ ကြိမ်ဆဲခြင်း ဤ ၃ ပါးတို့ တည်း။

တောသို့ သွားသော သားသို့မီးကို တားမြစ်သော်လည်း မရသဖြင့် မိခင်က ''တောကျွဲရိုင်းခတ်လို့သေပါစေဟယ်''ဟု ကြိမ်ဆဲခြင်းသည် ကြမ်းတမ်း သော်လည်း စေတနာ မကြမ်းသောကြောင့် ဖရုသဝါစာ မဖြစ်ဘူးဟူသတတ်။ ။ဤစကားယုတ္တိမရှိ ဖရုသဝါစာဖြစ်သင့်သည်။

## ဆဲရေးခြင်း ၁၀ ပါးအဓိပ္ပါယ်

၁။ ဇာတိ၊ အမျိုးဇာတ်အားဖြင့် ဆဲရေးခြင်း။
၂။ နာမ၊ အမည်နာမအားဖြင့် ။
၃။ ဂေါတ္တ၊ အဆက်အနွယ်အားဖြင့် ။
၄။ ကမ္မ၊ အလုပ်အားဖြင့် ။
၅။ သိပ္ပ၊ အတတ်ပညာအားဖြင့် ။
၆။ အာဗာဓ၊ အနာရောဂါအားဖြင့် ။
၇။ လိင်္ဂ၊ အသွင်အပြင်အားဖြင့် ။
၈။ ကိလေသာ၊ ညစ်ညစ်ပတ်ပတ် ။
၉။ အာပတ္တိ၊ အပြစ်ရောက်သောအားဖြင့်။
၁၀။ အက္ကောသ၊ ဒေါသအမျက်အားဖြင့်။

(၄) ပြိန်ဖျင်း, အကျိုးမရှိ, အသားမပါ, ဒဏ္ဍာရီဝတ္ထု, ပုံပြင်, ကွက်စိတ်စသည်တို့ကို ပြောသူ၏ စေတနာ စေတသိက် သည် သမ္ဖပ္ပလာပ ဝစီကံ မည်၏။ ယခုကာလ ခေတ်ပေါ် ဝတ္ထုဆန်းများနှင့် ရှေးအခါက ရာမဇာတ်, အီနောင်ဇာတ် များသည် အကျိုးမရှိ အသားမပါသော မဟုတ် မဟတ် လုပ် ဇာတ်များဖြစ်၏။

ဤကံ ၄ ပါးသည် ဝစီဒွါရခေါ်နှုတ် (ပါးစပ်) လှုပ်ရှားမှု ပေါ်၌ အဖြစ်များ၍သာ ဝစီကံခေါ်သည်။ ကိုယ်မှု ကာယကံ၌ လည်း ရံခါဖြစ်သေး၏။ သို့ရာတွင်များရာကိုကြည့်၍ကာယကံဟု မခေါ်ပဲ ဝစီကံဟုသာခေါ်ရသည်။ ထို့ကြောင့် သဂြိုဟ် ဆရာ သည် "ဝစီဒွါရေ ဗါဟုလ္လဝုတ္တိတော ဝစီကမ္မံနာမ" ဟု ဆိုပြီ။

**မူလစာကိုယ်** ၄၇ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဟူ၍ မနောကံ သည် သုံးပါးရှိ၏။

---

**အဓိပ္ပါယ်** ၄၇ (၁) အဘိဇ္ဈာ ဟူသည် သူ့စည်းစိမ်ကို ရှေးရှုကြံခြင်း။ (ဝါ)၊ လိုချင်ခြင်းတည်း။ ဤကား စာသုံးစကား ဖြစ်၏။ နားလည် လွယ်အောင် အလုပ်ဖြင့် ဖေါ်ပြရသော် လောင်းတမ်း ကစားခြင်း အမှုများ ဖြစ်၏။ ရှင်းလင်းဦးအံ့။ သူတပါး၏ ရွှေ, ငွေ, စိန်, ကျောက် ရတနာများ,တိုက်အိမ်အဆောက်အဦး,မော်တော်ယာဉ်စသည် များကို မြင်တွေ့သောအခါ မိမိမှာလည်း ဤလို ရွှေ,ငွေ စသည် လိုချင်, ရချင်ခြင်းဖြစ်၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော လောဘ စိတ်မှာ အဘိဇ္ဈာမဟုတ်၊ ဓမ္မတာ လောဘ ရိုးရာသာ ဖြစ်၏။ ထိုလောဘရိုးရာကိုအဘိဇ္ဈာ မနောကံဟု ယူဆလျှင် အပြစ်ကြီး လှသော မနောကံအတွက် အလွန်ဝန်လေးကာ နေစရာပင်ရှိနိုင် တော့မည်မဟုတ်။ သို့ဖြစ်ရကား အဘိဇ္ဈာဟု ပါဠိသံ အားဖြင့် လည်းထူးခြား၊ ထိုပါဠိအားလျော်စွာ သူ့စည်းစိမ်ကို ရှေးရှု ကြံစည်ခြင်း, လိုချင်ခြင်းဟု မြန်မာ ဘာသာ အားဖြင့်လည်း ထူးခြားစွာ ဟောတော် မူထားသော အရာမျိုးသာ အဘိဇ္ဈာ မနောကံ ဖြစ်သည်ဟုသေချာစွာမှတ်ပါ။

သူ့စည်းစိမ် ဟူသည် သူတပါး တို့၏ စည်းစိမ်ဥစ္စာဘဏ္ဍာ များတည်း။

ရှေးရှုကြံစည် ဟူသည် သူ့စည်းစိမ်ပေါ်သို့ စိုက်၍ လိုချင် နေခြင်းဖြစ်၏။ ရှေးရှုစိုက်၍ လိုချင်ခြင်း ဖြစ်ပေါ် နိုင်သည်မှာ လည်း ‘နိုင်သူယူတမ်းဂတိ’ မျိုးရှိမှ ဖြစ်ပေါ်နိုင်၏။နိုင်သူယူတမ်း ဂတိမှာလည်း လောင်းတမ်းကစားခြင်းအပေါ်မှာသာရှိနိုင်၏။

ထို့ကြောင့် အဘိဇ္ဈာလုပ်ငန်းမှာ လောင်းတမ်း ကစားခြင်း၌ များစွာဖြစ်၏။ လောင်းတမ်းကစားခြင်းမှ တပါး သူခိုး, ဓါးပြ တို့၏ သူတပါး စည်းစိမ်ကို ရှေးရှု၍ ခိုးရန် တိုက်ရန် ကြံစည်နေခြင်းသည်လည်း အဘိဇ္ဈာပင်ဖြစ်၏။ အခြားအရာ၌ လောဘမျှသာ ဖြစ်၏။ အဘိဇ္ဈာမဖြစ်။ ဤအဘိဇ္ဈာကို လောက က မနာလိုခြင်း တရားမျိုးဟု ထင်မှတ်ကာ အဘိဇ္ဈာ များသည်ဟု ခေါ်ဝေါ်နေကြခြင်း ဖြစ်၏။ အရပ်သား စာမတတ်သူများက ပြောဆိုခြင်းကား အပြစ်တင်စရာ မဟုတ်၊ စာတတ်သူ အခေါ်ခံ ပုဂ္ဂိုလ်အချို့သည်ပင် ဤအဘိဇ္ဈာကို သေချာအောင် မသိကြ။ စာအဓိပ္ပါယ်သာ ပြောနေကြ၏။ ဤအဓိပ္ပါယ်များကို မိမိတို့၏ ပညာရှင်များနှင့် နှီးနှော မေးမြန်းကြပါကုန်။

၎င်းအဘိဇ္ဈာ၏ အင်္ဂါများမှာ—

၁။ သူတပါးစည်းစိမ်ဘဏ္ဍာဖြစ်ခြင်း။

၂။ မိမိဥစ္စာဖြစ်စေလိုသောအားဖြင့် စူးစိုက်၍လိုချင်နေခြင်း။

ဤ ၂ ပါးတို့တည်း။

(၂) ဗျာပါဒ ဟူသည် သူတပါး၊ သူတပါး အသက်စီးပွါးရေး, ကြီးပွါးရေးနှင့် ချမ်းသာမှုကို ပျက်စီးစေလိုသော ဒေါသ တရားတည်း။ "ဤသတ္တဝါသည် ဘယ်တော့ ပျက်စီးပါမည် လဲ"ဟု ပျက်စီးစေချင်နေသော စိတ်များတည်း။ စေတသိက် အားဖြင့် အတိအကျပြရလျှင် ဋ္ဌသာစေတသိက် ပြဋ္ဌာန်းသော ဒေါသ စိတ္တုပ္ပါဒ်ပင်ဖြစ်၏။ ထိုကြောင့် အရည်မရ အဖတ် မရကြီးလှသော အကုသိုလ်ကို အလွန်သတိထား၍ ရှောင်ကြဉ် ထိုက်၏။ ၎င်းဗျာပါဒ၏ အင်္ဂါများမှာ—

၁။ တပါးသော သတ္တဝါ ဖသည်များဖြစ်ခြင်း။

၂။ ပျက်စီးစေလိုသော ဒေါသစိတ် ဖြစ်ခြင်း။ ဤ ၂ ပါး တို့တည်း။

(၃) မိစ္ဆာဒိဋ္ဌိ-ဟူသည် မှားသောအယူပင် ဖြစ်၏။ သက္ကာယဒိဋ္ဌိ ၂၀၊ သဿတ စသော ဒိဋ္ဌိ ၆၂ ပါး၊ နတ္ထိက စသော နိယတမိစ္ဆာဒိဋ္ဌိ-ဟူ၍ များစွာရှိရာတွင် နိယတမိစ္ဆာ ဒိဋ္ဌိကြီး ၃ ပါးသာ ဤနေရာ၌ ကံမြောက်၏။ မိစ္ဆာဒိဋ္ဌိ အရ ယူရ၏။ အခြားဒိဋ္ဌိများကား မနောကံသာဖြစ်၏။ကံမမြောက်။ ၎င်းမနောကံ ၃ ပါးတို့သည် ကာယဒွါရ, ဝစီဒွါရတို့၌မဖြစ်၊ မနောဒွါရ၌သာလျှင် များစွာဖြစ်၏။ စိတ်ထဲမှာ ဖြစ်ကာမျှဖြင့် အင်္ဂါမြောက်၏။ ကံမြောက်၏။ ၎င်းမနောကံသည် ကာယကံ, ဝစီကံတို့ထက် အပြစ်ကြီး၏။ မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ္တန်၌ အကျယ်လာ၏။

---

## အကုသိုလ်ကံဖြစ်ခြင်း၏အကြောင်းများ

ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ ဤကံ ၃ ပါး တို့သည် ဒေါသတရားအရင်းခံ၍ ဖြစ်ကုန်၏။

ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ ဤကံ ၃ ပါး တို့သည် လောဘတရားအရင်းခံ၍ ဖြစ်ကုန်၏။

အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ ဤကံ ၄ ပါးတို့သည် လောဘ, ဒေါသ တရားနှစ်ပါး အရင်း ခံ၍ ဖြစ်ကုန်၏။

ဤအကုသိုလ်ကံ ၁၀ ပါးတို့သည် စိတ်အားဖြင့် ဆိုလျှင် အကုသိုလ်စိတ် ၁၂ ပါးတို့သာ ဖြစ်ကုန်၏။

## ဒုစရိုက်အကျယ် ၄၀

### အထက်ဖေါ်ပြပြီး ဒုစရိုက် ၁၀ ပါးကို

(၁) ကိုယ်တိုင်ပြုခြင်း၊ သာဟတ္ထိကတပါး။
(၂) သူတပါးကိုပြုစေခြင်း၊ အာဏတ္တိကတပါး။
(၃) သူတပါးပြုလုပ်သည်ကိုစိတ်တူခြင်း၊သမနုညတပါး။
(၄) သူတပါးပြုလုပ်သည်ကို ချီးမွမ်းခြင်း၊ ဝဏ္ဏဘာသနတပါး။

ဤ ၄ ပါးနှင့်မြှောက်၊ အကျယ် ၄၀ ဖြစ်၏။

ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ မြှောက်ပွါးမူ၊ မှတ်ယူ ဒုစရိုက်အကျယ်တည်း။ ။ ဝိသုဒ္ဓါရုံလင်္ကာ။)

### အကုသိုလ်ကံ ၁၂ ပြီးပြီ။

---

မူလစာကိုယ် ၅၃ ကာမာဝစရ ကုသိုလ်ကံသည်လည်း ကာယဒွါရ၌ ဖြစ်သော ကာယကံ၊ ဝစီဒွါရ၌ဖြစ်သော ဝစီကံ၊ မနောဒွါရ၌ဖြစ်သောမနောကံ ဟူ၍ ကမ္မဒွါရအစွမ်းအားဖြင့် ၃ ပါးရှိ၏။

---

အဓိပ္ပါယ် **ကုသိုလ်ကာယကံသည်**

၅၃ (၁) ပါဏာတိပါတ ဝိရတီ-အသက် သတ်မှုမှ ရှောင်ခြင်း။
(၂) အဒိန္နာဒါနဝိရတီ-ခိုးယူခြင်းမှ ရှောင်ခြင်း။
(၃) ကာမေသုမိစ္ဆာစာရ ဝိရတီ-ကာမတို့၌ အလွဲအမှား ပြုကျင့်ခြင်းမှ ရှောင်ခြင်းဟူ၍ ၃ ပါးရှိ၏။

## ကုသိုလ်ဝစီကံသည်

(၁) မုသာဝါဒဝိရတိ-လိမ်လည်ပြောခြင်းမှ ရှောင်ခြင်း။
(၂) ပိသုဏာဝါစာဝိရတိ-ကုံးတိုက်ခြင်းမှ ရှောင်ခြင်း။
(၃) ဖရုသဝါစာဝိရတိ-ဆဲရေးခြင်းမှ ရှောင်ခြင်း။
(၄) သမ္ဖပ္ပလာပဝိရတိ-အကျိုးမရှိ အချီးနှီး ပြောခြင်းမှ ရှောင်ခြင်းဟူ၍ ၄ ပါးရှိ၏။

## ကုသိုလ်မနောကံသည်

(၁) အနဘိဇ္ဈာ-သူတပါးဥစ္စာကို မလိုချင်ခြင်း၊ ပေးချင်ခြင်း။
(၂) အဗျာပါဒ-သူတပါးကို မပျက်စီးစေလို၊ ကြီးပွား ချမ်းသာစေလိုခြင်း။
(၃) သမ္မာဒိဋ္ဌိ-အယူမှန်ကန်ခြင်းဟူ၍ ၃ ပါးရှိ၏။

ဤကုသိုလ်ကံ အရာ၌ ကာယကံဟူ၍ ခေါ်ရ သော်လည်း သတ်မှု ရှောင်ကြဉ်ခြင်းသည် ကာယဒွါရ၌မဖြစ်၊ မနောဒွါရ၌သာဖြစ်၏။ သို့ရာတွင် လွန်ကျူးလျှင် ကာယဒွါရ၌သာ ဖြစ်၍ ရှောင်ကြဉ်ခြင်းသည်လည်း ထိုကာယဒွါရ၌ဖြစ်သော လွန်ကျူးခြင်းကို ရှောင်ကြဉ်သောကြောင့် ကာယကံ ဟူ၍ ခေါ်ဝေါ်ရသည်။ ဝစီကံလည်း နည်းတူ။

တခါတရံ ခြင်,သန်း, ကြမ်းပိုးတို့ကို သတ်မည်ဟု လက်ရွယ်ပြီးမှ မသတ်တော့ပါဟု လက်ကိုနောက်ဆုတ်၍ ရှောင်၏။ ထိုအခါမျိုးမှာ ပါဏာတိပါတ ဝိရတိ ကုသိုလ်ကံသည် ကာယဝိညတ်ခေါ် ကာယဒွါရ၌ဖြစ်၏။ ထို့ကြောင့် ဝိညတ်မပါပဲရှင်း၊ ပါ၍ရှင်း ၂ မျိုးဖြစ်နိုင်သည်ဟုမှတ်။

**မူလစာကိုယ်** တနည်း-ကုသိုလ်ကံသည် ဒါန သီလ ဘာဝနာအား
၅၄ ဖြင့် ၃ ပါးရှိ၏။

---

**အဓိပ္ပါယ်** အထက်ပါ ပါဏာတိပါတ ဝိရတီ စသော
၅၄ သုစရိတ် ကံတို့ကား မပြုလုပ်ဲ ရှောင်ကြဉ်၍
ဖြစ်သော ကုသိုလ်ကံ များတည်း။ ဤ ဒါန သီလ ဘာဝနာ ကုသိုလ်တို့ကား ပြုလုပ်သော အားဖြင့် ကံမြောက်သော ကံတရားတို့တည်း။

(၁) **ဒါန** ဟူသည် ပေးကမ်းခြင်းတည်း။ ၎င်းသည် ပေးကမ်းလှူဒါန်းလိုသောစိတ်စေတနာဒါန၊ ဝတ္ထုပစ္စည်းဟူသော ဝတ္ထုဒါနအားဖြင့် ၂ မျိုးရှိ၏။ ထိုတွင် ဤအရာ၌ စေတနာဒါနကို ယူရမည်။

(၂) **သီလ** ဟူသည် စောင့်စည်းအပ်သောအကျင့်တည်း။ ၎င်းသည် ရဟန်းတို့၏သီလ, ရဟန်းမတို့၏သီလ, ရှင်သာမဏေတို့၏ သီလ, လူတို့၏ သီလ ဟူ၍ ၄ မျိုးရှိ၏။ ထိုတွင်ရဟန်းတို့၏ သီလမှာ အကျဉ်းအားဖြင့် ၂၂၇ သွယ်သော သိက္ခာပုဒ် (ဥပဒေ)တော်များတည်း။

ရဟန်းမတို့၏ သီလမှာလည်းအကျဉ်းအားဖြင့် ၃၁၁ သွယ်သော သိက္ခာပုဒ်(ဥပဒေ)တော်များတည်း။

သာမဏေတို့၏ သီလမှာ သရဏဂုမ် ၁၀ ပါးသီလတည်း။

လူတို့၏ သီလမှာ နိစ္စပဉ္စသီလ, အဋ္ဌင် ဥပေါသထ သီလ များတည်း။(သုစရိတ် ၁၀ ပါးတွင် ပါသော အာဇီဝဋ္ဌမက သီလလည်း ပါဝင်သင့်၏)။

(၃) **ဘာဝနာ** ဟူသည် လွန်ကဲသောကုသိုလ်စိတ်ကို ဖြစ်စေခြင်း။ (ဝါ)ပွားများခြင်းတည်း။မဖြစ်သေးလျှင်ဖြစ်အောင်, ဖြစ်ပြီးက တိုးပွား အောင် ပြုလုပ်ခြင်းပင် ဖြစ်၏။ ၎င်းသည် သမထဘာဝနာ, ဝိပဿနာ ဘာဝနာဟူ၍ ၂ မျိုးရှိ၏။ ၎င်း အဓိပ္ပါယ်ကို အထက်ပိုင်းများရောက်မှ ထင်ရှားစေအံ့။

ထိုဒါန, သီလ, ဘာဝနာ ကုသိုလ်ကံတို့သည် စိတ်အားဖြင့် ဆိုလျှင် ကာမာဝစရ ကုသိုလ်စိတ် ၈ ပါးတို့သာ ဖြစ်ကုန်၏။ ပုညကြိယာဝတ္ထုအားဖြင့် ၁၀ မျိုးဖြစ်ကုန်၏။

၎င်းတို့မှာ ဒါန၊သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ တို့တည်း။ ထိုတွင် ဒါန,သီလ, ဘာဝနာတို့၏ အဓိပ္ပါယ်များ ကားပြခဲ့ပြီးပြီ။

**အပစာယန** ဟူသည် ရတနာသုံးပါး, မိဘ, ဆရာသမား, တရားစောင့်သော ရဟန်းသူတော် သူမြတ်များ, ဂုဏ်ကြီးသူ, အရွယ်ကြီးသူ စသည်တို့ကို ခရီးဦးကြိုပြုခြင်း, ရှိခိုးခြင်း, လက်အုပ်ချီခြင်း, အရို အသေပေးခြင်း, ဝတ်ကြီး ဝတ်ငယ် ပြုခြင်း စသည်ဖြစ်၏။

**ဝေယျာဝစ္စ** ဟူသည် ဆရာ,မိဘ စသည်တို့၏၎င်း,ညှော်သည်တို့၏၎င်း,ခရီးသွားတို့၏၎င်း,မကျန်းမာသူတို့၏၎င်း,အိုမင်းသော သူတို့၏၎င်း, အမှုကြီးငယ်တို့၌ စင်ကြယ် သန့်ရှင်းသော စိတ်ကောင်းဖြင့် မိမိ၏အလုပ်ကိစ္စကဲ့သို့ လုံ့လကြိုးကုတ်ပြုလုပ်ပေးခြင်းပင်ဖြစ်၏။

**ပတ္တိဒါန** ဟူသည် မိမိ ပြုလုပ် သော ကောင်းမှု အဘို့ကို သူတပါးအား မိမိနှင့်ထပ်တူ ထပ်မျှရစေရန်ပေးခြင်းတည်း။

**ပတ္တာနုမောဒနာ** ဟူသည် သူတပါးက ပေးဝေသော ကုသိုလ်ကိုဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်းအနုမောဒနာ ပြုခြင်းပင်ဖြစ်၏။

**ဓမ္မဿဝန** ဟူသည် တရားနာခြင်းဖြစ်၏။ အပြစ်ကင်းသော ပညာသင်ယူခြင်းစသည်တို့လည်းဓမ္မဿဝနပင်ဖြစ်၏။

**ဓမ္မဒေသနာ** ဟူသည် တရားဟောခြင်းဖြစ်၏။ အပြစ်ကင်း သော ပညာ သင်ပေးခြင်း စသည် တို့လည်း ဓမ္မဒေသနာပင် ဖြစ်၏။

**ဒိဋ္ဌိဇုကမ္မ** ဟူသည် အယူအမြင်ဖြောင့်မှန်မှုဖြစ်၏။ကံ-ကံ၏ အကျိုးကို ယုံကြည်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်လျှင် အယူဖြောင့်မှန်သည်ဟုဆိုနိုင်၏။

ဤပုညကြိယာဝတ္ထု ၁၀ ပါးတို့ကို သဘောတူရာသိမ်းယူ လိုက်သော် ဒါန, သီလ, ဘာဝနာဟူ၍ ၃ ပါးသာ ဖြစ်၏။ ပတ္တိဒါန, ပတ္တနုမောဒန ၂ ပါးကို ဣဿာ, မစ္ဆရိယ တို့၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ဒါနသဘော ရှိသောကြောင့် ဒါန၌ သိမ်းယူအပ်၏။

အပစာယန, ဝေယျာဝစ္စ ၂ ပါးကို စာရိတ္တသီလဖြစ် သောကြောင့် သီလ၌ သိမ်းယူအပ်၏။

ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ၃ ပါးတို့ကို ဘာဝနာ သဘောရှိသောကြောင့် ဘာဝနာ၌ သိမ်းယူအပ်၏။

တနည်းအားဖြင့် ဒိဋ္ဌိဇုကမ္မကို ဒါန,သီလ,ဘာဝနာ ၃ မျိုး လုံးတို့၌ သိမ်းယူအပ်၏။ လှေတစင်းလုံး ဖြောင့်ဖြောင့်သွားမှု

သည်ပွဲကိုင်ဦးစီးလှေသူကြီးသာဖြစ်သကဲ့သို့၊ ထိုအတူ ကမ္မဿက တာ သမ္မာဒိဋ္ဌိရှိမှသာ ဒါန, သီလ, ဘာဝနာ ၃ ပါးပြည့်စုံနိုင်၏။ ထိုကြောင့် ၃ မျိုးလုံးတို့၌ သိမ်းယူအပ်၏။

ဤမျှသော စကားတို့ဖြင့် အကုသိုလ်ကံ ၁၂ ပါး၊ ကာမကုသိုလ်ကံ ၈ ပါး၊ ပေါင်း ၂၀ သောကံတို့ကို ကာမာဝစရကံမည်ကုန်၏ဟု ဆိုအပ်ကုန်၏။

———

**မူလစာကိုယ် ၅၈-၅၉** (ရူပါဝစရ ကုသိုလ်ဈာန်စိတ်၌ ပါသော စေတနာဟူသော) ရူပါဝစရကုသိုလ်ကံသည်မနောကံသာတည်း။ (ကာယကံ, ဝစီကံ မဟုတ်)။ ဘာဝနာဖြင့်သာပြီး၏။ (ဒါနမယ, သီလမယ မဟုတ်)။ အပ္ပနာသို့ရောက်၏။ (ဝါ) ဘာဝနာတန်ခိုးဖြင့် အာရုံ၌ မတုန်မလှုပ် တည်ကြည်ခြင်းအားဖြင့် သက်ဝင်၍ဖြစ်၏။ ၎င်းသည် ဈာန်အင်္ဂါအကွဲအပြားအားဖြင့် ၅ ပါးရှိ၏။

ထို့အတူ အရူပါဝစရ ကုသိုလ်ကံသည်လည်း မနောကံဖြစ်၏။ ဘာဝနာဖြင့်သာပြီး၏။ အပ္ပနာသို့ရောက်၏။ ၎င်းသည် အာရုံအကွဲအပြားအားဖြင့် ၄ ပါးရှိ၏။

---

**အဓိပ္ပါယ် ၅၈-၅၉** အဓိပ္ပါယ်မှာ စာကိုယ်ဖြင့် ထင်ရှား၏။ အနည်းငယ်မှာ ရူပဗြဟ္မာ, အရူပဗြဟ္မာဘုံများသို့ ဒါနပြုကာမျှ, သီလ ဆောက်တည်ကာမျှဖြင့် မရောက်နိုင်။ ဘာဝနာအားထုတ်မှ ရောက်နိုင်၏ဟု စကားကျအဓိပ္ပါယ်ပေါ်ထွက်လျက်ရှိသည်။ ၎င်းဘာဝနာကို ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း ပြုလုပ်၍မရ၊ စိတ်မနောဒွါရဖြင့် ပြုလုပ်မှသာရသည်ဟုလည်း ပြလျက်ရှိသည်။ ဒါန, သီလတို့ကား ဘာဝနာ၏ အဆင်တန်ဆာ အခြံအရံတို့သာဖြစ်ကုန်၏။

ဤသို့လျှင်—

အကုသိုလ်ကံ ၁၂ ပါး၊
ကာမကုသိုလ်ကံ ၈ ပါး၊
ရူပကုသိုလ်ကံ ၅ ပါး၊
အရူပကုသိုလ်ကံ ၄ ပါး

အားဖြင့် ကံတို့သည် ၂၉ ပါးရှိကုန်၏။ စိတ္တုပ္ပါဒ် အားဖြင့် ရေတွက်သော် လောကီကုသိုလ် အကုသိုလ်စိတ် ၂၉ ပင်ဖြစ်၏။

ကံသည် ၃၃ ပါးရှိသော်လည်း ဤနေရာ၌လောကုတ္တရာကံ ၄ ပါးကို မပြပေ။ ထို့ကြောင့် ၂၉ ပါးသာဖြစ်၏။

လောကုတ္တရာ မဂ်ကံ ၄ ပါးမှာ ပဋိသန္ဓေကျိုးပေးသောကံ မဟုတ်သဖြင့်ဤပဋိသန္ဓေ,စုတိဆိုင်ရာမှာမပြပေ။ နာနာက္ခဏိက ကံဆိုင်ရာမှာကားကံအားလုံးပင် ပြထားလျက်ရှိသည်။

---

## အကုသိုလ်ကံအကျိုးပေးရာဌာန

**မူလစာကိုယ် ၆၀** ဤကံ ၄ ပါးတို့ဘွင်ဥဒ္ဓစ္စစေတနာမပါသောအကုသိုလ်ကံ ၁၁ ပါးတို့သည် အပါယ် ၄ ဘုံ၌ ပဋိသန္ဓေကျိုးကို ဖြစ်စေကုန်၏။ ပဝတ္တိအခါ၌ အကုသိုလ်ကံ ၁၂ ပါး လုံးတို့သည် ကာမဘုံ,ရူပဘုံတို့၌ ထိုက်သည်အားလျော်စွာ အကုသလ ဝိပါက်စိတ် ၇ ပါးကို ဖြစ်စေကုန်၏။

---

**အဓိပ္ပါယ် ၆၀** ဤမျှဖြင့် ကံ တရားများတို့ ပြပြီး၍ ယခု အခါ၌ ၎င်းကံတရားတို့၏(ပါကဌာန)အကျိုးပေးရာဌာန နှင့်အကျိုးဝိပါက်တို့ကိုပြလိုသဖြင့် 'တွောကုသလကမ္မံ'စသည်ကိုဆိုတော်မူ၏။

ဥဒ္ဓစ္စ စေတနာ ကြဉ်သော အကုသိုလ်ကံ ၁၁ ပါးတို့သည် အပါယ် ၄ ဘုံ၌ ပဋိသန္ဓေကျိုးပေး၍ ပဝတ္တိအခါ ကာမဘုံ, ရူပဘုံတို့၌ မကောင်းသော အနိဋ္ဌာရုံများကို မြင်ရ, ကြားရ, နံရ, စားရ, တွေ့ထိရခြင်းဟူသော မကောင်းကျိုး (အကုသလ ဝိပါက်)တို့ကို ထိုက်သည်အားလျော်စွာ အကျိုးပေးလေသည်။ ဥဒ္ဓစ္စ စေတနာကို ပဋိသန္ဓေကျိုး မပေးသောကြောင့် ကြဉ် ရသည်။

ဥဒ္ဓစ္စစေတနာသည် အဘယ်ကြောင့်အပါယ်ဘုံ၌ ပဋိသန္ဓေ ကျိုးကို မပေးသနည်း။

ဥဒ္ဓစ္စစေတနာသည် သောတာပတ္တိမဂ်ပယ်ရမည့် တရားတွင် မပါဝင်၊ အထက်မဂ်ပယ်ရမည့် တရားတွင် ပါဝင်သောကြောင့် ပဋိသန္ဓေကျိုးမပေးနိုင်ဟု သိသာထင်ရှား၏။ စင်စစ် ပဋိသန္ဓေ ကျိုးမပေးသည်မှာ ဘဝသစ်တခုပဋိသန္ဓေကိုဖြစ်စေနိုင်လောက် အောင် အစွမ်းသတ္တိ မရှိသော ကြောင့်ပင် ဖြစ်၏။ ဤဥဒ္ဓစ္စ စိတ္တုပ္ပါဒ်၌ သတ္တိအစွမ်းထက်သော လောဘ, ဒိဋ္ဌိ,မာန ဟူသော လောဘပါတီ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဟူသော ဒေါသပါတီ၊ ဘုရားစသည်၌ ယုံမှားသော ဝိစိကိစ္ဆာတို့ မပါ မရှိ၍ ဥဒ္ဓစ္စ စေတနာ သည် ပဋိသန္ဓေကျိုး ဖြစ်စေနိုင် လောက် အောင် အစွမ်းသတ္တိမရှိဟု တထစ်ချမှတ်ပါလေ။

## ကာမကုသိုလ်ကံအကျိုးပေးရာဌာန

မူလစာကိုယ် ၆၁ ကာမာဝစရကုသိုလ်ကံ ၈ ပါးသည် ကာမသုဂတိ ၇ ဘုံ၌ပဋိသန္ဓေကျိုးကိုဖြစ်စေ၏။ ပဝတ္တိအခါ၌မဟာဝိပါက်များနှင့် အဟိတ်ကုသလဝိပါက် ၈ ပါးပေါင်း ဝိပါက် ၁၆ ပါးတို့သည် ကာမဘုံ, ရူပဘုံတို့၌ထိုက်သည်အားလျော်စွာ အကျိုးကိုဖြစ်စေကုန်၏။

**အဓိပ္ပါယ် ၆၁** ကာမာဝစရကုသိုလ် စိတ် ၈ ခုတွင်ပါသော စေတနာ ၈ ပါးသည် ကာမာဝစရ ကုသိုလ်ကံ မည်၏။ ၎င်းသည် ကာမသုဂတိ ၇ ဘုံ၌သာပဋိသန္ဓေကျိုးကို ဖြစ်စေ၍ ပဝတ္တိအခါ၌လည်း ထို ကာမသုဂတိ ၇ ဘုံ၌သာ မဟာဝိပါက်ကိုဖြစ်စေ၏(အိပ်သောအခါဖြစ်သော ဘဝင်စိတ်များသည် ဤမဟာဝိပါက် စိတ်များဖြစ်၏) ကောင်းသော 'ဣဋ္ဌ' အာရုံများကို မြင်ရ,ကြားရ,နံရ,စားရ,တွေ့ထိရခြင်းတည်းဟူသော ကောင်းကျိုးကုသလဝိပါက်တို့ကို ကာမဘုံ ရူပဘုံတို့၌ ထိုက်သည်အားလျော်စွာ ဖြစ်စေ၏။

ထိုက်သည်အား လျော်စွာ-ဟူသည် ကာမဘုံ၌ အဟိတ်ကုသလ ဝိပါက် ၈ ပါးလုံး ကိုပင် ဖြစ်စေ၏။ ရူပဘုံ၌ကား အဟိတ် ကုသလ ဝိပါက် စက္ခု, သောတ နှင့် သမ္ပဋိစ္ဆန, သန္တီရဏ ၂၊ ဤ ၅ ပါးတို့ကိုသာ ဖြစ်စေ၏ ဟူလို။

ထိုကာမကုသိုလ် ၈ မျိုးတို့သည် ပဋိသန္ဓေကျိုး နှင့် ပဝတ္တိကျိုးကို ဖြစ်စေကုန်၏-ဟုဆိုသော်လည်း သာမန်အရမ်းကာရော အကျိုးကို ဖြစ်စေကြသည် မဟုတ်။ သူ့သဘာဝ အလျောက် စည်းကမ်းဖြင့် အကျိုးကို ဖြစ်စေကြသည်။ ထိုစည်းကမ်းမှာ—

တိဟိတ် ကုသိုလ် ၄ မျိုးသည် ဘိဟိတ် ပဋိသန္ဓေ ကျိုးနှင့်ပဝတ္တိအခါ ဝိပါက် ၁၆ ပါးကိုဖြစ်စေ၏။

ဒွိဟိတ်ကုသိုလ် ၄ မျိုးသည် ဒွိဟိတ်ပဋိသန္ဓေကျိုးနှင့် ပဝတ္တိအခါ ဝိပါက် ၁၂ ပါးကိုဖြစ်စေ၏။ ဤကဲ့သို့မူလ စည်းကမ်းကိုမှတ်ထားပါ။ ထိုတွင် တိဟိတ်ကုသိုလ်မှာ ဥက္ကဋ္ဌ ကုသိုလ်, ဩမက ကုသိုလ် ဟူ၍ ၂ မျိုးရှိ၏။ စေတနာ ၃ တန် ညီညွတ် ပြည့်စုံက ဥက္ကဋ္ဌ ခေါ်၏။ စေတနာ ၃ တန် မညီညွတ် ရှေ့နောက်အကုသိုလ်ခြံရံက ဩမကကုသိုလ် ခေါ်၏။ ထိုကြောင့် ဖော်ပြထားသော ဇယားအတိုင်းမှတ်။

---

မူလစာကိုယ်
၆၂-၆၄

## ကံနှင့်အကျိုးပေးဇယား

| ကံ | | ပဋိသန္ဓေကျိုး | ပဝတ္တိကျိုး |
|---|---|---|---|
| တိဟိတ်ဥက္ကဋ္ဌကံ- | ၄။ | တိဟိတ်ပဋိသန္ဓေ | ဝိပါက်- ၁၆။ |
| တိဟိတ်ဩမကကံ<br>ဒွိဟိတ်ဥက္ကဋ္ဌကံ | ၄။ | ဒွိဟိတ်ပဋိသန္ဓေ | ဝိပါက်- ၁၂။ |
| ဒွိဟိတ်ဩမကကံ- | ၄။ | သု,အဟိတ်ပဋိသန္ဓေ | ဝိပါက်- ၈။ |

---

**အဓိပ္ပါယ်**
**၆၂-၆၄**

ဝိပါက် ၁၆ ပါး ဟူသည် မဟာ ဝိပါက် ၈။ အဟိတ်ကုသလဝိပါက် ၈ တို့တည်း။ ။

ဝိပါက် ၁၂ ပါးဟူသည် မဟာ ဝိပါက် ဉာဏဝိပ္ပယုတ် ၄ အဟိတ်ကုသလဝိပါက် ၈ တို့တည်း။ ။

ဝိပါက် ၈ ပါးဟူသည် အဟိတ်ကုသလဝိပါက်တည်း။ ။

ကုသိုလ်သည် သိ၍ပြုသောကုသိုလ်၊ မသိပဲပြုသောကုသိုလ် ဟူ၍ ၂ မျိုးရှိ၏။ ထိုတွင် ကံပြုသောအခါ အယုတ်ဆုံးကံ,ကံ၏ အကျိုးသိသော ကမ္မဿကတာဉာဏ် အယူမှန် ရှိလျက် ပြုလုပ်သော ကံသည်သိ၍ပြုသောကုသိုလ်မည်၏။ ကမ္မဿကတာဉာဏ် အယူမှန် မရှိပဲ တော်အောင် အမှတ်မဲ့ပြုသော ကုသိုလ်သည် မသိပဲပြုသော ကုသိုလ်မည်၏။ ထိုတွင် သိ၍ပြုသော ကုသိုလ်သည် တိဟိတ်ကုသိုလ်။ ဝါ၊ ဉာဏ်ပါသော ကုသိုလ် မည်၏။ မသိပဲပြုသော ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်။ ဝါ၊ ဉာဏ်မပါသောကုသိုလ်မည်၏။ ထိုတွင် ကုသိုလ်ကိုပြုပြီးနောက် ဤသို့ပြုရခြင်းသည် အရတော်လေစွ၊ ရခဲသည်ကိုရအပ်၏၊ ဤကုသိုလ်မျိုးကို ပွါးအပ်၏၊ ပွါးထိုက်၏ ဟု ဝမ်းမြောက် ဝမ်းသာရှိလျှင် ဥက္ကဋ္ဌ (မြင့်မြတ်သော) ကုသိုလ်မည်၏။

ကုသိုလ်ကို ပြုပြီးနောက် တစုံတခုသော အကြောင်းဖြင့် ငါသည် မကောင်းသဖြင့် ပြုအပ်ပြီစသည်ဖြင့် နှလုံးမသာယာရှိလျှင် ဩမက (ယုတ်ညံ့သော) ကုသိုလ်ဖြစ်၏။ ဤသို့လည်း ဥက္ကဋ္ဌ, ဩမက ကုသိုလ်ကို မှတ်ပါဦး။

**ကေစိဝါဒ** အသင်္ခါရိကကံသည်အသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေ၏။ သသင်္ခါရိက ဝိပါက်ကို မဖြစ်စေ။ သသင်္ခါရိက ကံသည် သသင်္ခါရိက ဝိပါက်ကိုသာ ဖြစ်စေ၏။ အသင်္ခါရိက ဝိပါက်ကို မဖြစ်စေ။ ဤနည်းဖြင့် ပဝတ္တိအခါ ၁၂ ပါး, ၁၀ ပါး, ၈ ပါးသော ဝိပါက်တို့ကို ဖြစ်စေသည်။ ဤကားကေစိဝါဒတည်း။

အကျယ်ရှင်းလင်း ဖေါ်ပြဦးမည်။ ကေစိဆရာဟူသည် မောရဝါပီ (ဒေါင်းမွေးသော) အရပ်နေ မဟာဒတ္တ ထေရ်တည်း။

၎င်းမဟာထေရ်၏အယူဝါဒကိုမကြိုက်နှစ်သက်ကြသဖြင့် ကေစိဝါဒဟု ဆိုကုန်၏။ ၎င်း၏ ဝါဒအားဖြင့် အကျိုးပေးပုံမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိက တိဟိတ် ဥက္ကဋ္ဌကံ ၂ ပါးတို့သည်၊ မဟာဝိပါက်ဉာဏသမ္ပယုတ်အသင်္ခါရိက တိဟိတ် ဥက္ကဋ္ဌ ဝိပါက်ဖြင့် ပဋိသန္ဓေကျိုးကို ဖြစ်စေ၍၊ ပဝတ္တိအခါမဟာဝိပါက်အသင်္ခါရိက ၄ ပါး။ အဟိတ်ကုသလဝိပါက် ၈ ပါး။ ပေါင်း ၁၂ ပါးသော ဝိပါက်တို့ကို ဖြစ်စေ၏။

၂။ မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိက တိဟိတ် ဥက္ကဋ္ဌကံ ၂ ပါး တို့သည် မဟာဝိပါက် ဉာဏ သမ္ပယုတ် သသင်္ခါရိက တိဟိတ် ဥက္ကဋ္ဌ ဝိပါက်ဖြင့် ပဋိသန္ဓေ ကျိုးကို ဖြစ်စေ၍၊ ပဝတ္တိ အခါ မဟာဝိပါက် သသင်္ခါရိက ၄ ပါး။ အဟိတ်ကုသလ ဝိပါက် ၈ ပါး။ ပေါင်း ၁၂ ပါးသော ဝိပါက်တို့ကို ဖြစ်စေ၏။

၃။ မဟာကုသိုလ် ဉာဏ သမ္ပယုတ် အသင်္ခါရိက တိဟိတ် ဩမကကံ ၂ ပါးတို့သည်၎င်း၊ မဟာကုသိုလ် ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက ဒွိဟိတ် ဥက္ကဋ္ဌကံ ၂ ပါးတို့သည်၎င်း၊မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ဒွိဟိတ် ဥက္ကဋ္ဌ ဝိပါက် ၂ ပါး ဖြင့် ပဋိသန္ဓေကို ဖြစ်စေ၍၊ ပဝတ္တိအခါ မဟာဝိပါက် ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက ၂ ပါး။ အဟိတ်ကုလဝိပါက် ၈ ပါး။ ပေါင်း ၁၀ ပါးသော ဝိပါက်တို့ကိုဖြစ်စေ၏။

၄။ သသင်္ခါရိကကံက သသင်္ခါရိက ဝိပါက်ကို ဖြစ်စေရာ၌လည်း ဤနည်းတူသိပါ။

၅။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ဒွိဟိတ် သြခကကံ ၂ ပါးတို့သည် အဟိတ်ကုသလဝိပါက် သန္တီရဏ ဖြင့် ပဋိသန္ဓေကို ဖြစ်စေ၍ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈ ပါးကို ဖြစ်စေ၏။

၆။ ဉာဏဝိပ္ပယုတ်သသင်္ခါရိကကံက သသင်္ခါရိကဝိပါက်ကို ဖြစ်စေရာ၌လည်း ဤနည်းတူပင် သိပါ။ ဤ၌ ဖြစ်စေအပ်သော အဟိတ် ကုသလ ဝိပါက် သန္တီရဏ စိတ်မှာ အသင်္ခါရိက, သသင်္ခါရိက အကွဲအပြားမရှိ၍မထုး တော့ပြီ။

---

## ရူပါဝစရကံ အကျိုးပေးရာဌာနနှင့် ဝိပါက်

**ရူပါဝစရကုသိုလ်ကံ ၅ ပါးတို့တွင်—**

(၁) ပထမဈာန် ကုသိုလ်သည် ပထမဈာန် ၃ ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိုဖြစ်စေ၏။ ထိုတွင်—

၁။ အာနုဘော်နည်းအောင်ပွားလျှင် ဗြဟ္မပါရိသဇ္ဇာ ဘုံရောက်၏။

၂။ အာနုဘော် အလယ် အလတ် ပွားလျှင် ဗြဟ္မ ပုရောဟိတာဘုံရောက်၏။

၃။ အာနုဘော် ကြီးအောင် ပွားလျှင် မဟာ ဗြဟ္မာ ဘုံရောက်၏။

(၂) ဒုတိယဈာန်ကုသိုလ်သည်၎င်း၊ တတိယဈာန်ကုသိုလ် သည်၎င်း ဒုတိယဈာန် ၃ ဘုံ၌ ပဋိသန္ဓေ, ဘဝင်,စုတိကိုဖြစ် စေ၏။ ထိုတွင်—

၁။ အာနုဘော်နည်းအောင် ပွားလျှင် ပရိတ္တာဘာဘုံ ရောက်၏။

၂။ အာနုဘော် အလယ်အလတ် ပွားလျှင် အပ္ပမာဏာဘာဘုံရောက်၏။

၃။ အာနုဘော်ကြီးအောင် ပွားလျှင် အာဘဿရာဘုံ ရောက်၏။

(၃) စတုတ္ထဈာန် ကုသိုလ်သည် တတိယဈာန် ၃ ဘုံ၌ ပဋိသန္ဓေ, ဘဝင်,စုတိကို ဖြစ်စေ၏။ ထိုတွင်—

၁။ အာနုဘော်နည်းအောင်ပွားလျှင် ပရိတ္တသုဘာဘုံ ရောက်၏။

၂။ အာနုဘော် အလယ် အလတ်ပွားလျှင်အပ္ပမာဏ သုဘာဘုံရောက်၏။

၃။ အာနုဘော်ကြီးအောင်ပွားလျှင် သုဘကိဏှာဘုံ ရောက်၏။

(၄) ပဉ္စမဈာန်ကုသိုလ်သည် စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်,စုတိကို ဖြစ်စေ၏။ ထိုတွင်—

၁။ ရိုးရိုး ပွားများ အား ထုတ် လျှင် ဝေဟပ္ဖိုလ်ဘုံ ရောက်၏။

၂။ နာမ်ကို ရွံ့မုန်း၍ အားထုတ်လျှင် အသညသတ်ဘုံ ရောက်၏။

၃။ အနာဂါမ် ပုဂ္ဂိုလ် ဖြစ်လျှင် သုဒ္ဓါဝါသ ၅ ဘုံ ရောက်၏။ ထိုတွင်—

၁။ သဒ္ဓါလွန်ကဲသော အနာဂါမ်သည် အဝိဟာဘုံသို့ ရောက်၏။

၂။ ဝီရိယလွန်ကဲသော အနာဂါမ်သည် အတပ္ပါဘုံသို့ ရောက်၏။

၃။ သတိလွန်ကဲသော အနာဂါမ်သည် သုဒဿာဘုံသို့ ရောက်၏။

၄။ သမာဓိ လွန်ကဲသော အနာဂါမ်သည် သုဒဿီ ဘုံသို့ရောက်၏။

၅။ ပညာလွန်ကဲသော အနာဂါမ်သည် အကနိဋ္ဌဘုံသို့ ရောက်၏။

ဤ ပြဆိုခဲ့ပြီးသော အကျိုးပေး များသည် ရိုးရာ ဓမ္မတာ အားဖြင့် အကျိုးပေးရာ ဘုံဌာနကို ပိုင်းခြား၍ ပြခြင်းမျှသာ ဖြစ်၏။ **သမာပတ် ရှစ်ပါးရသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့သည် သီလစင်ကြယ်၍စိတ်စင်ကြယ်လျှင် အလို ရှိရာဘုံ၌ ဖြစ်နိုင်ကုန်၏။**

---

## အရူပါဝစရကုသိုလ်ကံ အကျိုးပေးရာဌာနနှင့် ဝိပါက်

၁။ အာကာသာနဉ္စာယတန ကုသိုလ်သည် အာကာသာ နဉ္စာဘုံ၌၊

၂။ ဝိညာဏဉ္စ ကုသိုလ်သည် ဝိညာဏဉ္စာဘုံ၌၊

၃။ အာကိဉ္စည ကုသိုလ်သည် အာကိဉ္စည ဘုံ၌၊

၄။ နေဝသညာ နာသည ကုသိုလ်သည် နေဝသညာ နာသညဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့ကိုဖြစ်စေ၏။

ဤသို့ ကံတို့၏ အကျိုးပေးပုံ အမျိုးမျိုး အားဖြင့် ပိုင်းခြား သတ်မှတ်ထားသော မဟဂ္ဂုတ် ကုသိုလ်ကံ တို့သည် ပဋိသန္ဓေ

အခါ ပဝတ္တိအခါတို့၌ တူမျှသော အကျိုးကို ဖြစ်စေကုန်၏။ မှန်၌ထင်သော အရိပ်သည် မှန်ကြည့်သူနှင့် လုံးဝ တူသကဲ့သို့ တူမျှသောအကျိုးကို ပေးသည်မှတ်။

ကမ္မုနာ ဝတ္တတေ လောကော၊ ကမ္မုနာ ဝတ္တတေ ပဇာ။
ကမ္မနိဗန္ဓနာ သတ္တာ၊ ရထဿာဏီဝ ယာယတော။ ။
(သုတ္တနိပါတ်ပါဠိတော်)

လောကသည် ကံကြောင့်ပဋိသန္ဓေနေသောအားဖြင့်ဖြစ်၏။ သတ္တဝါအပေါင်းသည် ကံကြောင့် ပဝတ္တိအခါ၌ဖြစ်ရ၏။

**ဥပမာ။** ။သွားနေသော ရထားဘီး၏ နားပန်းစွန်းနှင့် တူ၏။ နားပန်းစွန်းသည် လည်နေသော ဘီးကို ကျွတ်ထွက် မသွားအောင် အမြဲစောင့်သကဲ့သို့ ကံသည်သတ္တဝါတို့၏ ဖြစ်မှု, ပျက်မှု ပြတ်စဲ မသွားရအောင်။ ဝါ၊ သံသရာလည်နေအောင် အမြဲပြုလုပ်စောင့်နေလေသည်။

**ကမ္မစတုက္ကပြီးပြီ။**

---

## မရဏုပ္ပတ္တိ ၄ မျိုး

မူလစာကိုယ် ၈၁ — အသက်တမ်း ကုန်၍ သေခြင်း၊ ကံကုန်၍ သေခြင်း၊ အသက် ကံ ၂ ပါးကုန်၍ သေခြင်း၊ ဥပစ္ဆေဒကကံ ကြောင့်သေခြင်းဟူ၍ သေခြင်း ၄ မျိုးရှိ၏။

---

**အဓိပ္ပါယ် ၈၁** (၁) အာယုက္ခယ အသက်တမ်း ကုန်၍သေခြင်း ဟူသည် မိမိတို့ သတ်မှတ် ပိုင်းခြား ထားသော အသက်ကုန်သဖြင့် သေခြင်းတည်း။ အသက်တမ်း ဟူသည် လူတို့၌ ၁၀ နှစ်မှ အသင်္ချေ၊ အသင်္ချေမှ ၁၀ နှစ် အာယုကပ်သည် အသက်တမ်းဖြစ်သည်။

(၂) ကမ္မက္ခယ ကံကုန်၍ သေခြင်း ဟူသည် ကုသိုလ်ကံ အကျိုးပေးရန် ကုန်၍ သေခြင်းတည်း။ ကံဟူသည် မကုန်နိုင်သော်လည်း ရင့်ကျက်၍ အကျိုးပေးမည့်ကံတရားစု အရှိန်ကုန်ခြင်းဖြစ်သည်။

(၃) ဉဘယက္ခယ အသက်တမ်းလည်းကုန် ကံလည်း အကျိုးပေးရန် ကုန်သဖြင့် ၂ ပါးသော အကြောင်းကြောင့် သေဆုံးခြင်းတည်း။

(၄) ဉပစ္ဆေဒက ကံကြောင့် သေခြင်းဟူသည် တစုံတခုဖြင့် ညှဉ်းဆဲနှိပ်စက်၍ သေဆုံးခြင်းတည်း။

**ဉပမာ။** ။ဆီမီးဘောက်သည်—

(၁) မီးစာကုန်သဖြင့်လည်း ငြိမ်း၏။
(၂) ဆီကုန်သဖြင့်လည်း ငြိမ်း၏။
(၃) မီးစာ,ဆီ ၂ မျိုးလုံးကုန်သဖြင့်လည်း ငြိမ်း၏။
(၄) လေတိုက်၍၎င်း၊ တမင်ငြိမ်း၍၎င်း ငြိမ်း၏။

ထိုနည်းတူ သတ္တဝါသည် ပြဲခဲ့ပြီး သေခြင်း လေးမျိုးဖြင့် သေသည်။ ဉပမာနှင့် ဉပမေယျတို့ကို နံပါတ်စဉ် အတိုင်း ဟတ်ယူပါလေ။

ထိုတွင် ရှေ့သေခြင်း ၃ မျိုးသည် အချိန်ကျ၍ သေခြင်းဖြစ်သောကြောင့် ကာလမရဏ မည်၏။ နောက်ဆုံး သေခြင်း တမျိုးသည် အချိန်မကျပဲ သေခြင်းဖြစ်သောကြောင့် အကာလမရဏမည်၏၊

———

## ဥပစ္ဆေဒကကံကြောင့် သေခြင်း ၁၄ ပါး

၁။ အစာငတ်သေခြင်း။
၂။ ရေငတ်သေခြင်း။
၃။ မြွေကိုက်သေခြင်း။
၄။ အဆိတ်ဖြစ်၍သေခြင်း။
၅။ မီးလောင်၍သေခြင်း။
၆။ ရေနစ်သေခြင်း။
၇။ လက်နက်ထိ၍သေခြင်း။
၈။ လေထိုး၍သေခြင်း။
၉။ သည်းခြေနာဖြင့်သေခြင်း။
၁၀။ သလိပ်နာဖြင့်သေခြင်း။
၁၁။ ငန်းသန္နိပါတ်ဖြင့်သေခြင်း။
၁၂။ ဥတုဖောက်ပြန်၍ သေခြင်း။
၁၃။ မညီမညွတ်နေထိုင်စားသောက်မှုကြောင့်သေခြင်း။
၁၄။ ကိုယ့်ကိုကိုယ်သတ်၍ သေခြင်း။

---

**မူလစာကိုယ်** ၈၂ ထိုသေခြင်း ၄ မျိုးဖြင့် သေကုန်သော သတ္တဝါတို့အား သေခါနီး အခါ၌ ထိုက်သည်အားလျော်စွာ (ဘဝသစ်၌ပဋိသန္ဓေကို ရှေ့ရှုမျက်မှောက် လက်တွေ့ဖြစ်စေတတ်သော) ကုသိုလ်ကံ, အကုသိုလ်ကံ နိမိတ်သော်ငင်း၊ (သို့မဟုတ် ထိုကုသိုလ်ကံ, အကုသိုလ်ကံ ပြုစဉ်က တွေ့ကြုံခံစားခဲ့ရသော အဆင်းစသောအာရုံ ၆ ပါးနှင့် ထိုကုသိုလ်,အကုသိုလ် ပြုလုပ်ကြောင်း အဆောက်အဦးဖြစ်သော အာရုံ ၆ ပါး) ကမ္မနိမိတ်သော်ငင်း၊ (သို့မဟုတ် ဖြစ်လတ္တံ့သော ဘဝ၏ ဖြစ်ရာ လားရောက်ရာ)

ဂတိနိမိတ်သော်၎င်း၊ ကံ၏အစွမ်းကြောင့် (မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနော, ဤ ၆ ခုသော ဒွါရတို့တွင်) တခုခုသော ဒွါရမှာထင်ပေါ်လာတတ်သည်။

---

**အဓိပ္ပါယ် ၈၂** ဆိုလိုရင်း အဓိပ္ပါယ်မှာ သတ္တဝါတို့ သေခါနီးအခါ (မရဏာသန္နခေါ်) ဇောတို့၏ ရှေ့ပြေးစိတ်တို့သည် ကံနိမိတ်ကိုသော်၎င်း, ကမ္မနိမိတ်ကိုသော်၎င်း, ဂတိနိမိတ်ကိုသော်၎င်း တခုခုကိုအာရုံပြုသည်ဟု ဆိုလိုရင်းဖြစ်သည်။

ကံနိမိတ်ဟူသည် အကုသိုလ်ကံ ၁၁ ပါး၊ (ဥဒ္ဒစ္စစေတနာမပါ) မဟာကုသိုလ်ကံ ၈ ပါး၊ ပေါင်း ၁၉ ပါးသောဇနကကံတည်း။

ကမ္မနိမိတ်ဟူသည် ထို ကံနိမိတ် စေတနာတို့၏ အာရုံပြုခဲ့သော အာရုံများတည်း။ ၎င်းသည် ဒါန၌ အလှူခံပုဂ္ဂိုလ်အာရုံနှင့် အလှူဝတ္ထုပစ္စည်းများ, သီလ၌ ရှောင်အပ်သော ဝတ္ထုအာရုံနှင့် ရှောင်ကြဉ်ခဲ့ပုံများ, ဘာဝနာ၌ ပွားအပ်သော ဝတ္ထုအာရုံနှင့် ပွားများအားထုတ်ပုံများ ဤသို့ ဥပလဒ္ဓပုဗ္ဗ (တိုက်ရိုက်တွေ့ကြုံရသော)ကမ္မနိမိတ်၊ဥပကရဏဘူတ (အလုပ်ပြီးစီးကြောင်း အဆောက်အဦးဖြစ်သော)ကမ္မနိမိတ်အားဖြင့် ၂ မျိုးရှိလေသည်။

ဂတိနိမိတ်ဟူသည် လားရောက်ရမည့် ဘုံဌာနနှင့် အသုံးအဆောင် စည်းစိမ်အာရုံများတည်း။၎င်းသည်လည်း ဥပလဘိတဗ္ဗ ဂတိနိမိတ်။ (တိုက်ရိုက် လားရောက် ရမည့် ဘုံဌာန)။ ဥပဘောဂ ဂတိနိမိတ်။ (ထိုဘုံဌာန၌ ခံစားရမည့် အသုံး

အဆောင် စည်းစိမ်)ဟူ၍ ၂ မျိုးရှိသည်။ ၎င်းတို့မှာ ငရဲရောက်မည့် သတ္တဝါအား ငရဲအိုး, ငရဲမီး, ငရဲထိန်း, ခွေးနက်ကြီး, လင်းတ, ကျီး စသည်တို့သည်၊ တိရစ္ဆာန် ဖြစ်မည့် သူအား တော, တောင်, ခြုံနွယ်ပိတ်ပေါင်း စသည်တို့သည်၊ ပြိတ္တာ ဖြစ်မည့်သူအား တောကြီး, တောင်ကြီး, မြစ်ချောင်းများ, သမုဒ္ဒရာများ, အမိုက်မှောင်ကြီးများ ထင်လာတတ်သည်။ လူဖြစ်မည့်သူမှာ အမိဝမ်းရေ, ရေအိမ်, ရေမြွာစသည်ထင်လာတတ်သည်။ နတ်ဖြစ်မည့်သူများမှာ နတ်ဘုံ, နတ်နန်း, နတ်သွီးပဒေသာပင်, နတ်ဥယျာဉ် စသည် ထင်လာတတ်သည်။

---

**မူလစာကိုယ် ၁၃-၁၄** ထိုနောက် ထိုပြဆိုခဲ့သော ထင်လာတိုင်းသောကံ, ကမ္မနိမိတ်,ဂတိနိမိတ် အာရုံကို အာရုံပြု၍ အကျိုးပေးလတ္တံ့သော ကံအားလျော်စွာ ဖြူစင် သန့်ရှင်းသော ကုသိုလ်စိတ် အစဉ်သည်, သို့မဟုတ် ညစ်နွမ်းသော အကုသိုလ်စိတ် အစဉ်သည် ရထိုက် ဖြစ်ထိုက်သော ဘဝဆီသို့ ကိုင်းညွတ်သကဲ့သို့ မပြတ်မစဲ များသောအားဖြင့် ဖြစ်၏။ တမျိုးအားဖြင့်ရှေးကလုပ်ခဲ့သော ဇနကကံသည် ယခုပင်အသစ်ပြုလုပ်နေသကဲ့သို့စိတ်မှာထင်လာ၏။

---

**အဓိပ္ပါယ် ၁၃-၁၄** အကျဉ်းချုပ်မှာ သေခါနီး၌ မိမိ ပြုခဲ့သော ကောင်းမှု, မကောင်းမှု၏ကံ, ကမ္မနိမိတ် ဂတိနိမိတ်တို့သည် မျက်မြင် နားကြား စသည် ဖြစ်လျက်၊ ကုသိုလ်ကံများကို မျက်မြင်နားကြားဖြစ်လျှင်ကုသိုလ်ဇောစိတ်များသည် ဖြစ်မည့်ဘဝဆီသို့ ကိုင်းညွတ်သကဲ့သို့ မပြတ်မစဲဖြစ်လာတော့သည်ဟူလို။လိုရင်းမှာကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တခုခုကို အာရုံပြုလျက် ကုသိုလ် အကုသိုလ်ဇောများ ဖြစ်သည်ဟူလို။

တမျိုးထင်ပုံမှာ ရှေးကပြုလုပ်ခဲ့သော ကောင်းမှု မကောင်းမှု တို့သည် ယခု လက်တွေ့ပင် ပြုနေရ သကဲ့သို့ ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် မနောဒွါရ၌ ထင်လာကုန်၏။

ဘဝဆီသို့ ကိုင်းညွတ်-ဟူသည် ခရီးသွားမည့်သူသည် သွား ရန်အတွက် ပြင်ဆင်စီမံနေရင်း သွားမည့်အရပ်သို့ စိတ်ညွတ် နေ၏၊ ရောက်နေ၏၊ ထိုအတူ ဤဘဝ၌ သေခါနီး ပုဂ္ဂိုလ်၏ စိတ်သည် ဖြစ်မည့်ဘဝသို့ စိတ်ညွတ်နေတော့သည် ဟူလို။

---

မူလစာကိုယ် ၈၅ သေခြင်း အလွန် နီးကပ်လာသူအား မရဏာသန္နဇော တဒါရုံတို့၏အဆုံး၌စုတေသည်၏ အစွမ်းဖြင့် ယခုဘဝ ၏ အဆုံးစွန်ဖြစ်သော စုတိစိတ်ဖြစ်၍ ချုပ်လေ၏။

အချို့သူအား မရဏာသန္နဇော တဒါရုံတို့၏အဆုံး၌ ဘဝင်စိတ် ဖြစ်၍ ဘဝင်ကုန်ဆုံးသောအခါ စုတိစိတ်ဖြစ်၍ချုပ်၏။

---

အဓိပ္ပါယ် ၈၅ ဤစကားဖြင့် မရဏာသန္နဝီထိ အမျိုးအစားကို ပြသည်။ ၎င်းအမျိုးအစားမှာ—

(၁) ဇောနောက် စုတိကျသောဝီထိ။

(၂) ဇောနောက် တဒါရုံ၊ တဒါရုံနောက် စုတိကျသော ဝီထိ။

(၃) ဇောနောက် ဘဝင်၊ ဘဝင်နောက် စုတိကျသော ဝီထိ။

(၄) ဇောနောက် တဒါရုံ၊ တဒါရုံနောက်ဘဝင်၊ ဘဝင် နောက် စုတိကျသောဝီထိဟူ၍ ၄ မျိုးရှိသည်။

ထိုတွင် ကာမဘုံမှသေ၍ကာမဘုံ၌ ပြန်ဖြစ်မည့်ပုဂ္ဂိုလ်အား ဤ ၄ ဝီထိစလုံး သင့်သလိုတခုခုဖြစ်နိုင်၏။

## ပဋ္ဌာန်ပါဠိ မရဏာသန္နဝီထိများ

(ဘဝ ၂ ခု အစပ်)

| ရှေ့ဘဝ | .... | နောက်ဘဝ |
|---|---|---|
| ၁။ ···ဘဝင်,တီ,န,ဒ,ပဉ်,စ,သံ,တီ,ဝု,ဇော,ဇ,ဇ,ဇ,ဇ,စုတိ | .... | ပဋိသန္ဓေ, ဘဝင်···၁၅, ၁၆ |
| ၂။ ···ဘဝင်,တီ,န,ဒ,ပဉ်,စ,သံ,တီ,ဝု,ဇော,ဇ,ဇ,ဇ,ဇ,တဒါ,တဒါ,စုတိ | .... | ပဋိသန္ဓေ, ဘဝင်···၁၅, ၁၆ |
| ၃။ ···ဘဝင်,တီ,န,ဒ,ပဉ်,စ,သံ,တီ,ဝု,ဇော,ဇ,ဇ,ဇ,ဇ,ဘဝင်,ဘဝင်,စုတိ | .... | ပဋိသန္ဓေ, ဘဝင်···၁၅, ၁၆ |
| ၄။ ···ဘဝင်,တီ,န,ဒ,ပဉ်,စ,သံ,တီ,ဝု,ဇော,ဇ,ဇ,ဇ,ဇ,တဒါ,တဒါ,ဘဝင်,စုတိ | .... | ပဋိသန္ဓေ, ဘဝင်···၁၅, ၁၆ |

(မနောဒွါရ မရဏာသန္နဝီထိများလည်းရှိသည်။)

**မှတ်ချက်။** ၎င်း ၄ ဝီထိတို့တွင်ကာမဘုံမှသေ၍ ကာမဘုံ၌ပြန်ဖြစ်မည့် ပုဂ္ဂိုလ်မှာသာ ၄ ဝီထိလုံးရ၏၊ ကာမဘုံမှသေ၍ ဗြဟ္မာဘုံသို့ သွားမည့်ပုဂ္ဂိုလ်၊ ဗြဟ္မာဘုံချင်းချင်းသို့ သွားမည့်ပုဂ္ဂိုလ်၊ ဗြဟ္မာဘုံမှ ကာမဘုံသို့လာမည့် ပုဂ္ဂိုလ်တို့၌ ၂၂, ၄ နံပါတ် ၂ ဝီထိမရနိုင်ပေ။ ၁-၃ နံပါတ် ၂ ဝီထိသာရ၏။

ကာမဘုံမှသေ၍ ဗြဟ္မာဘုံသွားမည့်ပုဂ္ဂိုလ်၊
ဗြဟ္မာဘုံမှသေ၍ ဗြဟ္မာဘုံသွားမည့်ပုဂ္ဂိုလ်၊
ဗြဟ္မာဘုံမှ သေ၍ ဤကာမဘုံလာမည့် ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့မှာ တဒါရုံကျသော (၂-၄) ဝီထိ ၂ မျိုး မရနိုင်။ တဒါရုံမကျသော (၁-၃) ဝီထိ ၂ မျိုးသာ သင့်သလို တခုခုဖြစ်နိုင်၏။

(မရဏာသန္န ၄ ဝီထိကို ဇယားမှာကြည့်ပါ။)

---

**မူလစာကိုယ် ၈၆** ထိုစုတိစိတ် ချုပ်သည်ရှိသော် စုတိစိတ် အခြားမဲ့၌သာလျှင် ထိုမရဏာသန္နဇောသည် အာရုံပြုသောကံ ကမ္မနိမိတ်, ဂတိနိမိတ်အာရုံကို အာရုံပြုလျက် ဘဝနှစ်ခု၏အစပ်ဖြစ်သော ပဋိသန္ဓေစိတ်သည် ဘဝသစ်, တခု၌ဖြစ်လေပြီ။ ၎င်းသည် ဝတ္ထုရုပ်ကိုမှီ၍၎င်း၊ မမှီပဲ၎င်းဖြစ်၏။ ၎င်းကို အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကံသင်္ခါရသည် ဖြစ်စေအပ်၏။ ၎င်းပဋိသန္ဓေစိတ်သည် ယှဉ်ဘက်ဖဿစသော စေတသိက်တို့နှင့် အတူတကွဖြစ်၏။ ထိုအကူတကွ ယှဉ်ဘက်တရားတို့၏ တည်ရာဖြစ်၍ ရှေ့သွားခေါင်းဆောင်ဖြစ်၏။

---

**အဓိပ္ပါယ် ၈၆** အထက်ပါသေခါနီး၌ဖြစ်သော ဝီထိစိတ် အစဉ်အတိုင်း စုတိခေါ်ဖြစ်ဆဲ ဘဝတခု၏ နောက်ဆုံးစိတ်ချုပ်သည် ရှိသော် ထိုစိတ်နောက် ဘဝသစ်၏ အစဆုံး ပဋိသန္ဓေစိတ် ဖြစ်၏။ (ကြားလဲမှာ ဘာမျှ မခြားဘဲဖြစ်သည်) ၎င်းပဋိသန္ဓေစိတ်သည် ကာမ ရူပဘုံ၌ ဖြစ်မူ ဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ အရူပဘုံ၌ဖြစ်မူ ဝတ္ထုရုပ်ကိုမမှီဘဲဖြစ်၏။

၎င်းပဋိသန္ဓေစိတ်ကို မည်သူသည် ဖြစ်စေသနည်း၊ ထာဝရဘုရားသည် ဖန်ဆင်း၍ ဖြစ်ပေါ်လာသလော ဟု ပြုလုပ်သူ၊ ဖန်ဆင်းသူ လက်သည်ရှာသော် ''သင်္ခါရေန ဇနိယမာနံ''ဟု

သင်္ဂြိုဟ်ဆရာ အတိအလင်းဆိုထားသဖြင့် ကံသင်္ခါရသည် ၎င်း ပဋိသန္ဓေကိုဖြစ်စေသည်။ ကံသင်္ခါရက ပြုလုပ်ဖန်ဆင်းသည်ဟု လက်သည်ပေါ်လာပေ၏။ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်တရားတော် ''သင်္ခါရပစ္စယာ, ဝိညာဏံ ကံသင်္ခါရကြောင့် ပဋိသန္ဓေစိတ် (ဝိညာဏ်) ဖြစ်ပေါ်သည်'' ဟု ဟောတော်မူသည်။ ထိုကံ သင်္ခါရသည် အဘယ်ကြောင့် ဖြစ်သနည်းဟု တဖန် လက်သည် ရှာပြန်သော် အဝိဇ္ဇာနှင့်တဏှာတို့ကိုတွေ့ရ၏။ "အဝိဇ္ဇာတဏှာ ဝသေနဒွေမူလာနိ''ဟု အဆက် ပစ္စည်းပိုင်း၌ ဆိုလတ္တံ့သော အတိုင်း အဝိဇ္ဇာအကြောင်းတရားခြံရံလျက် တဏှာအကြောင်း ရင်းခံလျက် ကံသင်္ခါရတို့ ဖြစ်ရသည် ဟူလို။ ထိုကြောင့် ပဋိစ္စ သမုပ္ပါဒ်၌ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ''ဟု ဟောတော်မူ၏။

ပဋိသန္ဓေစိတ်သည် သူချည်း သက်သက် ဖြစ်သည် မဟုတ်၊ ယှဉ်ဘက် ဖဿ စသော (သမ္ပယုတ်) တရားတို့ဖြင့် ခြံရံလျက် ဖြစ်သည်။ ထိုကြောင့် ''သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ''ဟု သင်္ဂြိုဟ် ဆရာ ဆို၏။

ပဋိသန္ဓေစိတ်သည် အတူတကွ ဖြစ်ကြသော ဖဿစသော စေတသိက် များနှင့် ကမ္မဇရုပ်တို့၏ တည်ရာ (သဟဇာတ နိဿယ) မှီရာဖြစ်သဖြင့် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ထိုကြောင့် ''သဟဇာတာန မဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ''ဟု သင်္ဂြိုဟ် ဆရာဆို၏။ ဓမ္မပဒ၌ " မနောပုဗ္ဗင်္ဂမာ ဓမ္မာ '' ဟု ဘုရားရှင် ဟောတော်မူသည်နှင့်လည်း ကိုက်ညီ၏။

ဤနေရာ၌ ယခုလူတို့ သံသယ ဖြစ်တတ်သော ဘဝကူး အကြောင်းကို အကျဉ်းမျှ ပြဦးမည်။ နောက်ဘဝမရှိဟုယူသော ပုဂ္ဂိုလ်များ အတွက်ကား ပြောစရာမလို၊ ပြောဘွယ်မရှိ။ မူလ

ပင်ကိုယ်ကပင် ဒိဋ္ဌိဖြစ်နေပြီ၊ နောက်ဘဝ ရှိသည်ဟု ယူသော ပုဂ္ဂိုလ်များအတွက် ဤပြဆိုလတ္တံ့သော အချက်များကို သတိထားသင့်၏။ ယခုဘဝ မောင်ဘသည် နောက်ဘဝ၌ မောင်လှ ဖြစ်လာသည်ဟု မပြတ်မစဲ လိပ်ခဲတင်းလင်း ယူဆမှု သဿတဒိဋ္ဌိဖြစ်၏။ ယခုဘဝ မောင်ဘသည် သေသောအားဖြင့်ပြတ်၏။ နောက်ဘဝဖြစ်လာသော မောင်လှက သတ္တဝါသစ်တယောက်ဟု သတ္တဝါ အသစ် ဖြစ်သကဲ့သို့ ယူဆမှု ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။ ဤအချက် ၂ ခုကို သတိထား၍ မှန်ကန်အောင် အောက်ပါအတိုင်းမှတ်ပါလေ။

ယခုဘဝမောင်ဘသည်၊ နောက်ဘဝ မောင်လှဖြစ်လာသည်ဟု ပညတ်ပြော ပြောလျှင် မှန်၏။ ထို့ကြောင့် ဘုရားရှင်သည် ဇာတ်တော်များ၌ ဤကမ္ဘာမှ ၄၁ ကမ္ဘာထက်၌ ငါသည် မျောက်မင်းဖြစ်ဘူးပြီ။ဟိုစဉ်အခါက မျောက်မင်းသည် ငါဘုရားဖြစ်သည်ဟု ဇာတ်ပေါင်းတော် မူခဲ့သည်။ သို့ရာတွင် ယခုဘဝတို့၏ ရုပ်နာမ်သည် နောက်ဘဝ ဖြစ်ရာပါသည်ဟုယူဆတတ်ကြသဖြင့် သဿတဒိဋ္ဌိ ဖြစ်တတ်သည်။ အမှန်မှာ ယခုဘဝ၏ ရုပ်နာမ်တို့သည် ယခုဘဝ၌ပင် တနေ့နှင့်တနေ့၊ တနာရီနှင့်တနာရီ မတူကြပေ။ ရှေ့ ရုပ်နာမ်ချုပ်၍ နောက်ရုပ်နာမ် အသစ်မပြတ်ဖြစ်နေကြပေသည်။ ဘဝ တခုနှင့် ဘဝ တခု ခြားရာ၌ကား ပြောဘွယ်ရာပင် မလို၊ ဤသို့ ယခုဘဝ၏ ရုပ်နာမ်နှင့် နောက်ဘဝ၏ ရုပ်နာမ်တို့သည် မတူကြ၍ တခြားစီဖြစ်လျှင် မောင်ဘသည် မောင်လှ ဖြစ်လာသည် ဟု အဘယ်ကြောင့် လောကပညတ်အားဖြင့် အခေါ်အဝေါ် ပြုနိုင်ပါသနည်း။ ဤအခေါ်အဝေါ်သည်ပင် အမှားဖြစ်နေပါသလော ဟု စောဒနာမှု မမှား

ပေ။ ယခုဘဝမောင်ဘသည် နောက်ဘဝ မောင်လှဖြစ်လာသည်ဟု ပညတ်အားဖြင့် ခေါ်ဝေါ် လောက်သော အကြောင်းရှိပေသည်။

အကြောင်းမှာ မောင်ဘသေပြီးနောက် နောက်ဘဝမောင်လှ ခေါ်မည့် လူသတ္တဝါတယောက် ဖြစ်သည်ဆိုကြပါစို့၊ ဤဥပမာ၌အထက် ဖေါ်ပြခဲ့သည့် 'မရဏာသန္နဝီထိ' ခေါ် သေခါနီးဖြစ်သော စိတ်စဉ်အတိုင်း—

| ဇော ၅ ကြိမ်၊ စုတိ | ပဋိသန္ဓေ၊ ဘဝင် ၁၅ ချက် |
| --- | --- |
| ယခုဘဝ | နောက်ဘဝ |

စုတိခေါ် ယခုဘဝအဆုံးနှင့် နောက်ဘဝ အစဆုံးပဋိသန္ဓေစိတ်တို့သည် အကြောင်း အကျိုး အဖြစ်ဖြင့် ဆက်သွယ်လျက်ရှိသည်။ပဋ္ဌာန်းပစ္စည်းအားဖြင့်ပြောရလျှင် အနန္တရ၊သမနန္တရ၊ နတ္ထိ၊ဝိဂတ ပစ္စည်း ပစ္စယုပ္ပန်အဖြစ်ဖြင့် ဖြစ်ကြ၏။ လုံးဝအဆက်အသွယ်မရှိသောရုပ်နာမ် အရာများမဟုတ်ကြပေ။ လိုရင်းမှာ ယခုဘဝ ရုပ်နှင့် နာမ် တို့သည် နောက်ဘဝ၌ မဖြစ်ကြ ကုန်။ နောက်ဘဝ၏ ရုပ်နာမ်တို့သည်အသစ်ရုပ်နာမ်တို့သာဖြစ်ကြ၏။ သို့ရာတွင် ယခုဘဝ၏ ရုပ်နာမ်အကြောင်းကြောင့် နောက်ဘဝ ရုပ်နာမ် အသစ် ဖြစ်ပေါ် ရသည်ဟု တထစ်ချ မှတ်ပါလေ။ ဥပမာ တံဆိပ်တုံးနှင့် (ရိုက်နှိပ်ထားသော)တံဆိပ်ကဲ့သို့တည်း။ ကြေး, ရာဘာ စသည်ဖြင့် ပြုလုပ်ထားသော တံဆိပ်တုံးနှင့် စက္ကူပေါ်တွင် ရိုက်နှိပ်ထားသော တံဆိပ်တို့သည် အတူတူ မဟုတ်ကြပေ။ တခြားစီသာ ဖြစ်၏။ သို့ရာတွင် တံဆိပ်တုံးရှိ ပုံအက္ခရာစာလုံးနှင့် စက္ကူပေါ်ရှိ တံဆိပ်တို့သည် ပုံစံအက္ခရာ

စာလုံးချင်း ထပ်တူထပ်မျှ တူကြပေသည်။ ဤနည်းတူယခုဘဝ ရုပ်နာမ်က အကြောင်းပေးသဖြင့် ဖြစ်ပေါ်လာသောနောက် ဘဝ၏ ရုပ်နာမ်အသစ်သည် ရုပ်နာမ်ချင်း တခြားစီ ဖြစ်သော် လည်း အကြောင်းအဆက်အစပ်မကင်းသဖြင့်တို့ရုပ်နာမ်နှင့်ပင် တူသည်ဟု ဆိုရပေသည်။ ဤဥပမာ၌ ယခုဘဝ၏ရုပ်နာမ်နှင့် တံဆိပ်တုံးနှင့်တူသည်။ နောက်ဘဝ၏ ရုပ်နာမ်နှင့် စက္ကူပေါ် တွင် နှိပ်ထားသော တံဆိပ်နှင့်တူသည်။ အကြောင်း အကျိုး အဖြစ် ဆက်သွယ်ခြင်းနှင့် တံဆိပ်တုံးဖြင့်စက္ကူပေါ်ခပ်နှိပ်ခြင်း တို့တူကြသည်။ တံဆိပ်၏ ပုံစံ အက္ခရာစာလုံးနှင့် တံဆိပ်တို့ တထပ်တည်း တူခြင်းနှင့် ယခု ဘဝ ရုပ်နာမ်နှင့် နောက်ဘဝ ရုပ်နာမ်တို့၏ ထပ်တူထပ်မျှဖြစ်ခြင်းသည်တူကြသည်။

## လောက်လမ်းသဖွယ်ဝိညာဏ်တွယ်

လောက်လမ်း သဖွယ် ဝိညာဏ်တွယ်ဟု ရှေးကဆိုရိုးစကား ရှိသည်။ ၎င်းစကားသည် မမှန်ပေ။ အကြောင်းမှာ လောက် လမ်းတို့သည်တွား၍ တွား၍ ဘွန့်လျက်သွားတတ်၏၊ ရှေ့မှီရာကို ရမှ တွယ်ဒ်မှ နောက်မှီရာကို ယွှတ်ကြသည်။ ပဋိသန္ဓေဝိညာဏ် နေမှုကား ဤသို့ ရှေ့မှီရာရမှ နောက်က ချုပ်သည် မဟုတ်။ နောက်က စုတိချုပ်ပြီးမှ ရှေ့ပဋိသန္ဓေစိတ်ဖြစ်ပေါ်ဥပါဒ်ရသည်။ ထိုကြောင့် ထိုရှေးက ဆိုရိုးစကားသည်လုံးဝမဆည်လျော်ပေ။

ဘဝသစ်၌ ပဋိသန္ဓေ ဖြစ်ပေါ်ပုံကို သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဆိုသည့်အတိုင်းမှတ်သားအပ်၏။

**ဥပမာ** ယောကျ်ားသည် ရေ မြောင်း၏ ဤဘက် ကမ်းရှိ သစ်ပင်၌ ဖွဲ့ချည်ထားသော ကြိုးကိုဆွဲကိုင်၍ ရေမြောင်း၏ထိုမှာ ဘက်ကမ်းကို ကူးသကဲ့သို့၊ထိုအတူ ပဋိသန္ဓေစိတ်သည် ဤဘဝ

မရဏာသန္နဇောရဲ့အာရုံကို အာရုံပြုလျက် နောက်ဘဝသစ်၌ ပဋိသန္ဓေကိစ္စဖြင့် ဖြစ်ပေါ်လာသည်။ ဤဥပမာ၌ ယောကျာ်းနှင့် ပဋိသန္ဓေစိတ် ရေမြောင်း၏ ဤဘက်ကမ်းနှင့် ဤယခုဘဝ၊ ဟိုမှာဘက်ကမ်းနှင့် နောက်ဘဝ၊ ဤဘက်ကမ်းရှိ သစ်ပင်၌ ဖွဲ့ချည်ထားသောကြိုးနှင့် ဤဘဝ၏ မရဏာသန္နဇော၏အာရုံ၊ ကြိုးကိုကိုင်၍ ကူးခြင်းနှင့် ပဋိသန္ဓေစိတ် မရဏာသန္န ဇော၏ အာရုံကို အာရုံပြု၍ နောက်ဘဝ၌ဖြစ်ခြင်းတို့သည် တူကြကုန်၏ (သမ္မောဟ ဝိနောဒနီ နှင့် ဇင်းမူလ ဋီကာ ထွက် စကားများ ဖြစ်သည်။)

---

မူလစာကိုယ် ၈၇-၈၉ ဤသေခြင်း ၄ မျိုးကို ပြသော အခဏ်း၌ မရဏာသန္န ဝိထိ၌ နုံညံ့ အားနည်းကုန်သော ဇော ၅ ကြိမ်တို့ကို သာလျှင် အလိုရှိအပ်ကုန်၏။ထိုကြောင့် ပစ္စုပ္ပန်အာရုံ များထင်လာကုန်သည်ရှိသော် ထင်ဆဲဖြစ်နေတုံးမှာပင်လျှင် အကယ်၍ စုတိစိတ်ကျအံ့။ (ဝါ) သေအံ့၊ ထိုအခါ (နောက်ဘဝ၏) ပဋိသန္ဓေ စိတ်, ဘဝင်စိတ်တို့ သည်လည်း ပစ္စုပ္ပန်အာရုံကို အာရုံပြုကြကုန်၏။ သို့ဖြစ်၍—

ကာမ ပဋိသန္ဓေ ၁၀ ၏၊ ၆ ဒွါရ၌ဖြစ်သော ကမ္မနိမိတ် ဂတိနိမိတ် အာရုံများကို ပစ္စုပ္ပန်ကာလ,အတိတ်ကာလ အာရုံအဖြစ်ဖြင့်ယူအပ်၏။

ကံအာရုံကိုကား အတိတ်ကာလအာရုံမနောဒွါရ၌ဖြင့်သာ ယူအပ်၏၊ ပြဆိုခဲ့ပြီးသော ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံတို့သည် ကာမ အာရုံတို့သာလျှင် ဖြစ်ကုန်၏။

---

**အဓိပ္ပါယ် ၈၇-၈၉** မရဏာသန္နဇောတို့သည် ၅ ကြိမ်သာ ကျရိုးထုံးစံ ဖြစ်၏။ သေခါနီးမှာ ကံအရှိန်အားနည်း၍ ဇော စိတ်၏မှီရာ ဟဒယဝတ္ထုရုပ် အားနည်းနေသော ကြောင့် မှီတတ်သောဇောစိတ်လည်း အားနည်းစွာပင် ၇ ကြိမ်

မကျပဲ ၅ ကြိမ်သာ ကျရသည်။ ထိုကြောင့် ထိုဇော ၅ ကြိမ်သည် ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင်တခုခုကိုအာရုံပြု၍ စုတိစိတ်ကျအံ့၊ စုတိနောက်က ပဋိသန္ဓ စိတ်နှင့် ဘဝင်စိတ်တို့သည်လည်း ထင်ရှားရှိဆဲ မချုပ်သေးသော ပစ္စုပ္ပန်ကမ္မနိမိတ်, ဂတိ နိမိတ်ကို အာရုံ ပြုကြသည်။ ထင်ရှားအောင် ပြဦးအံ့။ မရဏာသန္နဝီထိ ၄, ဝီထိရှိရာဇောနောက်စုတိကျသော ပဉ္စဒွါရဝီထိ၌ အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်,သမ္ပဋိစ္ဆန်း, သန္တီရဏ, ဝုဋ္ဌော, မရဏာသန္နဇော ၅ ကြိမ်၊ စုတိဟူ၍ ၁၄ ချက်၊ ပဋိသန္ဓေဘဝင် ဘဝင်ဟူ၍ ၃ ချက်အားဖြင့် စိတ် ၁၇ ချက်ရောက်မှ ပစ္စုပ္ပန် ရူပါရုံသည် အသက် ၁၇ ချက် ပြည့်သဖြင့် ချုပ်၏။ ထို၌ ဘဝသစ် ပဋိသန္ဓေနှင့် နောက်ဘဝင် ၂ ချက်တို့သည် ပစ္စုပ္ပန် အာရုံမှီလိုက်ကြသဖြင့် ပစ္စုပ္ပန်အာရုံဖြစ်ကြသည်။

ဇောနောက် တဒါရုံ၊တဒါရုံနောက် စုတိကျသော ပဉ္စဒွါရဝီထိ၌ ဘဝသစ် ပဋိသန္ဓေစိတ် တခုသာပစ္စုပ္ပန်အာရုံကိုအာရုံပြုသည်။ ဘဝင်စိတ်များ ပစ္စုပ္ပန်ကို အာရုံမပြုနိုင်၊ ပဋိသန္ဓေစိတ်၏ ဘင်ခဏမှာ ပစ္စုပ္ပန်အာရုံသည် အသက် ၁၇ ချက် ပြည့်၍ ချုပ်သွားသောကြောင့်တည်း။

ဇောနောက် စုတိကျသော မနောဒွါရိက ဝီထိ၌ ဘဝင်, န, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, စုတိဟူ၍ ၁၀ ချက် ပဋိသန္ဓေ။ ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,ဘဝင်ဟူ၍ ၆ ချက်အားဖြင့် စိတ် ၁၇ ချက်ရောက်မှပစ္စုပ္ပန်အာရုံသည် အသက် ၁၇ ချက် ပြည့်သဖြင့် ချုပ်၏။ ထို၌ဘသစ်ပဋိသန္ဓေစိတ်နှင့် ဘဝင် ၆ ချက်တို့သည် ပစ္စုပ္ပန်အာရုံကိုမှီသဖြင့် ပစ္စုပ္ပန်အာရုံဖြစ်ကြသည်။

ဇောနောက် တဒါရုံ တဒါရုံနောက် စုတိကျသော မနောဒွါရိက ဝီထိ၌ ဘဝင်၊ န၊ ဒ၊ မ၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ရုံ၊ ရုံ၊ စုတိ ဟူ၍ ၁၂ ချက်။ ပဋိသန္ဓေ၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင် ဟူ၍ ၅ ချက်အားဖြင့် ၁၇ ချက်ရောက်မှ ပစ္စုပ္ပန် အာရုံသည် အသက် ၁၇ ချက်ပြည့်သဖြင့် ချုပ်၏။ ထို၌ဘဝသစ်ပဋိသန္ဓေနှင့် ဘဝင် ၄ ချက်တို့သည် ပစ္စုပ္ပန်အာရုံကို မှီသဖြင့် ပစ္စုပ္ပန်အာရုံ ဖြစ်ကြသည်။

ဇောနောက်ဘဝင်၊ တဒါရုံနောက် ဘဝင်ကျ၍ စုတိကျသော အခါများ၌လည်း ပဋိသန္ဓေဘဝင်တို့ ပစ္စုပ္ပန်အာရုံပြုသည်မှာ အလွန် အကြိမ် နည်းပေ လိမ့်မည်။ ပဉ္စဒွါရ၌ ပဋိသန္ဓေစိတ် တခုသာ၊ မနောဒွါရ၌ ဘဝင် ၄ ကြိမ်ထိလောက်သာပစ္စုပ္ပန် အာရုံရှိကြသည်ဟု အဋ္ဌကထာ၌ ဆိုသည်။

**မှတ်ချက်။** ။ဤ၌ ဇော တဒါရုံနှင့် ပဋိသန္ဓေသစ် ဘဝင် စိတ်တို့ အာရုံချင်းတူကြသော်လည်း အလယ်ကစုတိမှာ အာရုံ မတူပေ၊ ဘဝဟောင်းက ကံ ကမ္မနိမိတ် ဂတိနိမိတ်သာ ဖြစ်၍ ဘဝဟောင်းက ပဋိသန္ဓေနှင့်သာ အာရုံတူရမည်။

ဤ ပြဆိုခဲ့ပြီးသည့် အတိုင်း ကာမ ပဋိသန္ဓေတို့၏ အာရုံများမှာ—

| | | | |
|---|---|---|---|
| (၁) ကံအာရုံ | အတိတ်ကာလ | မနောဒွါရ | ဓမ္မာရုံ |
| (၂) ကမ္မနိမိတ်အာရုံ | ပစ္စုပ္ပန်,အတိတ် | ဒွါရ ၆ ပါး | အာရုံ ၆ |
| (၃) ဂတိနိမိတ်အာရုံ | ။ ။ | မနောဒွါရ | ဓမ္မာရုံ |

ဤကား ဋီကာကျော်နှင့် အဋ္ဌကထာ ဝါဒတည်း။ ဤနေရာ၌ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ သစ္စသံခိပ်၊လယ်တီဆရာတော်တို့၏ အယူမှာ—

| | | |
|---|---|---|
| (၁) ကံအာရုံ | အတိတ်ကာလ | မနောဒွါရ |
| (၂) ကမ္မနိမိတ် | ပစ္စုပ္ပန်,အတိတ် | ဒွါရ ၆ ပါး |
| (၃) ဂတိနိမိတ် | ။ ။ | ။ |

ဤကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူ၍ ခေါ်ဝေါ်ထားသော အာရုံများသည် ကာမအာရုံတို့သာ ဖြစ်ကုန်၏။ ကာမ အာရုံများကို အောက်ပါ ပကိဏ်းပိုင်း အာရမ္မဏ သင်္ဂဟမှာကြည့်။

---

ရူပဗြဟ္မာများ၏ ပဋိသန္ဓေစိတ်များမှာပညတ် ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ပညတ်ကမ္မနိမိတ် အာရုံဆိုသည်မှာ သမထဈာန် ဘာဝနာကံ ပြုလုပ်စဉ်က ပထဝီ ကသိုဏ်းစသော (ကမ္မဋ္ဌာန်း ၄၀ ခေါ်) ပညတ်များကို အာရုံပြု၍ ဈာန်ရခဲ့၏။ ထိုစဉ်က အာရုံပြု၍ ဖြစ်ပေါ်ခဲ့သော ပထဝီကသိုဏ်း စသော ပညတ်များ တည်း။ ပညတ်များဖြစ်၍ ကာလမေးစရာမလို၊ ကာလ ၃ ပါးမှ လွတ်သော ကာလဝိမုတ်ဖြစ်၏။

အရူပဗြဟ္မာများ၏ ပဋိသန္ဓေစိတ်များတွင် ပထမ,တတိယ ပဋိသန္ဓေစိတ်များသည် ကောင်းကင်ပညတ်၊ နတ္ထိဘာဝပညတ် ကမ္မနိမိတ် အာရုံများကို အာရုံပြု၏။ ဒုတိယ,စတုတ္ထ ပဋိသန္ဓေ စိတ်များသည် ပထမစိတ်၊ တတိယစိတ် ဟူသော ကမ္မနိမိတ် အာရုံများကို အာရုံပြုကြ၏။

ရုပ်သာရှိသောအသညသတ်ပြဟ္မာ၏ပဋိသန္ဓေမှာ စိတ်မရှိ၍ ဇီဝိတနဝက ရုပ်သာလျှင် ဖြစ်၏။ ထို့ကြောင့် ဘယ်အာရုံမျှ အာရုံမပြုတတ်။

| | |
|---|---|
| နာမ် ပဋိသန္ဓေ-အရူပပဋိသန္ဓေ | ၄။ |
| ရုပ် ပဋိသန္ဓေ-အသညသတ် | ၁။ |
| နာမ် ရုပ်ပဋိသန္ဓေ-ကာမ, ရူပ | ၁၅။ |
| ပေါင်း | ၂၀။ |

---

မူလစာကိုယ် ၉၄ အရူပစုတိ ၄ ခုနောက်၌—
အောက်အောက် အရူပကြဉ် အရူပ ပဋိသန္ဓေ ၄ ခု၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ခု၊ ပေါင်း ၈ ခု ဖြစ်နိုင်၏။

---

## အဓိပ္ပါယ် ၉၄ (က)

| | |
|---|---|
| ၁။ အာကာသာနဉ္စာယတနဘုံက ပုထုဇဉ် စုတိနောက်၌ | အရူပ ပဋိသန္ဓေ ၄။ ကာမတိဟိတ်ပဋိသန္ဓေ ၄။ |
| ၂။ အာကာသာနဉ္စာယတနဘုံက အောက်ဖလ၄ာန် ၃ ယောက်၏စုတိနောက်၌ | အရူပ ပဋိသန္ဓေ ၄ သာ။ ကာမတိဟိတ် ပဋိသန္ဓေ-မရ။ |
| ၃။ အာကာသာနဉ္စာယတနဘုံက ရဟန္တာပုဂ္ဂိုလ် စုတိနောက်၌ | ဖြစ်ထိုက်သော ပဋိသန္ဓေစိတ်မရှိ နိဗ္ဗာန်ဝင်တော့သည်။ |

( ခ )

| | |
|---|---|
| ၁။ ဝိညာဏဉ္စာယတနဘုံက ပုထုဇဉ်၏ စုတိနောက်၌ | ဝိညာ, အာကိဉ်, နေဝသညာ အရူပ ပဋိသန္ဓေ ၃၊ ကာမတိဟိတ်ပဋိသန္ဓေ၄ ပေါင်း၇ပါး။ |
| ၂။ ဝိညာဏဉ္စာယတနဘုံက အောက်ဖလဋ္ဌာန် ၃ ယောက်တို့၏ စုတိစိတ်နောက်၌ | ဝိညာ, အာကိဉ်, နေဝသညာ, အရူပ ပဋိသန္ဓေ ၃ သာရ၏။ ကာမတိဟိတ်ပဋိသန္ဓေမရ။ |
| ၃။ ဝိညာဏဉ္စာယတနဘုံက ရဟန္တာ၏စုတိနောက်၌ | ဖြစ်ထိုက်သော ပဋိသန္ဓေစိတ်မရှိ နိဗ္ဗာန်ဝင်တော့သည်။ |

( ဂ )

| | |
|---|---|
| ၁။ အာကိဉ္စညာယတနဘုံက ပုထုဇဉ်၏ စုတိနောက်၌ | အာကိဉ်,နေဝ အရူပပဋိသန္ဓေ ၂ ကာမတိဟိတ် ပဋိသန္ဓေ ၄။ |
| ၂။ အာကိဉ္စညာယတနဘုံက အောက်ဖလဋ္ဌာန် ၃ ယောက်တို့၏ စုတိစိတ်နောက်၌ | အာကိဉ်, နေဝ အရူပပဋိသန္ဓေ ၂ သာရ၏။ ကာမဟိတ်ပဋိသန္ဓေမရ။ |
| ၃။ အာကိဉ္စညာယတနဘုံက ရဟန္တာ၏ စုတိနောက်၌ | ဖြစ်ထိုက်သော ပဋိသန္ဓေစိတ်မရှိ နိဗ္ဗာန်ဝင်တော့သည်။ |

( ဃ )

| | |
|---|---|
| ၁။ နေဝသညာနာသညာဘုံက ပုထုဇဉ်၏စုတိနောက်၌ | နေဝသညာ-နာသညာအရူပ ပဋိသန္ဓေ ၁။ ကာမတိဟိတ်ပဋိသန္ဓေ၄ |
| ၂။ နေဝသညာနာသညာဘုံက အောက်ဖလဋ္ဌာန် ၃ ယောက်တို့၏ စုတိနောက်၌ | နေဝသညာနာသညာ အရူပ ပဋိသန္ဓေ ၁ သာရ၏။ ကာမတိဟိတ် ပဋိသန္ဓေမရ။ |

| | |
|---|---|
| ၃။ နေဝသညာ ‌နာသညာ ဘုံက ရဟန္တာ၏ စုတိနောက်၌ | ဖြစ်ထိုက်သောပဋိသန္ဓေမရှိနိဗ္ဗာန် ဝင်တော့သည်။ |

မှတ်ချက်။ ။အောက်အောက် အရူပ ပဋိသန္ဓေများ မယှဉ်ပုံ(ကြဉ်ထားပုံ)များကို ဤဇယားဖြင့် နားလည်လောက်ပြီ။

---

မူလစာဂိုဏ် ၉၄ ရူပါဝစရ စုတိများ၏ နောက်၌ အဟိတ် ပဋိသန္ဓေ ၂ ပါးကြဉ်ထား၍ သဟိတ်ပဋိသန္ဓေ ၁၇ ပါးတို့သည် ဖြစ်ကုန်၏။ ကာမတိဟိတ် စုတိ၏နောက်၌ ပဋိသန္ဓေ ၂၀ အားလုံးဖြစ်ကုန်၏။ ကျန်ကာမဒွိဟိတ်,အဟိတ်တို့၏စုတိနောက်၌ ကာမဘုံ၌ဖြစ်သော ကာမပဋိသန္ဓေ ၁၀ တို့သာဖြစ်ကုန်၏။

အဓိပ္ပါယ် ၉၄ ဤဂါထာပါဠိဖြင့် စုတိနောက် ပဋိသန္ဓေဖြစ်နိုင်ပုံကို မူအားဖြင့် ပြဆိုခြင်းဖြစ်၏။အသေးစိတ်အားဖြင့် မပြပေ။ အသေးစိတ်ပြသော်—

( က )

| | |
|---|---|
| ၁။ ပ,ဒု,တ ဈာန်ဘုံက ပုထုဇဉ်၏ စုတိနောက်၌ | သဟိတ်ပဋိသန္ဓေ ၁၇ ပါးဖြစ်၏။ |
| ၂။ ပ,ဒု,တ ဈာန်ဘုံက အောက်ဖလဌာန် ၃ ယောက် တို့၏ စုတိနောက်၌ | မဟဂ္ဂုတ်ပဋိသန္ဓေ ၉ ပါးဖြစ်၏။ |

( ခ )

| | |
|---|---|
| ၁။ ဝေဟပ္ဖိုလ်ဘုံက ပုထုဇဉ်၏ စုတိနောက်၌ | သဟိတ်ပဋိသန္ဓေ ၁၇ ပါးဖြစ်၏။ |
| ၂။ ဝေဟပ္ဖိုလ် ဘုံက အောက် ဖလဋ္ဌာန် ၃ ယောက် တို့၏ စုတိနောက်၌ | ရူပါဝစရ ပဉ္စမဈာန်ဝိပါက် (စတုက္က နည်းအလို စတုတ္ထဈာန် ဝိပါက်) ပဋိသန္ဓေ ၁ သာဖြစ်၏။ |

( ဂ )

| | |
|---|---|
| ၁။ အသညသတ်ဘုံက သုဂတိ အဟိတ်၏စုတိနောက်၌ | ကာမတိဟိတ် ဒွိဟိတ် ပဋိသန္ဓေ ၈ ပါးဖြစ်၏။ |

သုဒ္ဓါဝါသ ၅ ဘုံတို့တွင် ( ဃ )

| | |
|---|---|
| ၁။ အဝိဟာဘုံက အနာဂါမ်၏ စုတိနောက်၌ | အထက် ၄ ဘုံ၌ ဖြစ်ထိုက်သော ရူပါဝစရ ပဉ္စမဈာန် ဝိပါက် ပဋိသန္ဓေ ၁ သာဖြစ်၏။ |
| ၂။ အတပ္ပါဘုံက အနာဂါမ်၏ စုတိနောက်၌ | အထက် ၃ ဘုံ၌ ဖြစ်ထိုက်သော ရူပါဝစရ ပဉ္စမဈာန် ဝိပါက် ပဋိသန္ဓေ ၁ သာဖြစ်၏။ |
| ၃။ သုဒဿာဘုံကအနာဂါမ်၏ စုတိနောက်၌ | အထက် ၂ ဘုံ၌ ဖြစ်ထိုက်သော ရူပါဝစရ ပဉ္စမဈာန် ဝိပါက် ပဋိသန္ဓေ ၁ သာဖြစ်၏။ |
| ၄။ သုဒဿီ ဘုံက အနာဂါမ်၏ စုတိနောက်၌ | အကနိဋ္ဌဘုံ၌ ဖြစ်ထိုက်သော ရူပါဝစရ ပဉ္စမဈာန်ဝိပါက် ပဋိသန္ဓေ ၁ သာဖြစ်၏။ |
| ၅။ အကနိဋ္ဌာ ဘုံက အနာဂါမ်ငါးဘုံလုံးကရဟန္တာ၏စုတိနောက်၌ | ရဟန္တာ မဖြစ်ပဲ မနေရ။ ကေန် ရဟန္တာဖြစ်ရမည်ဖြစ်၍ ဖြစ်ထိုက်သော ပဋိသန္ဓေမရှိ။ |

ဤနေရာ၌ ဋီကာဆရာများ၏ သင်္ဂဟဂါထာကို မှတ်သား ထိုက်သဖြင့် ထည့်၍ပြအံ့။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
နပုနာညတ္တ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
နပုန တတ္ထ ဇာယန္တိ၊ သဗ္ဗေပိ သုဒ္ဓဝါသိကာ။
ဗြဟ္မလောက ဂတာ ဟေဋ္ဌာ၊ အရိယာ နောပ ပဇ္ဇရေ။

ဝေဟပ္ဖိုလ်ဘုံ၊ အကနိဋ္ဌဘုံ၊ ဘဝဂ်ခေါ် နေဝသညာ နာ သညာယတနဘုံတို့၌ ရှိကုန်သော အရိယာပုဂ္ဂိုလ်အားလုံးတို့ သည် တဖန် အခြားသောဘုံတို့၌ မဖြစ်ကြကုန်။

သုဒ္ဓါဝါသ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်လည်း ဖြစ်ပြီးသော ဘုံ၌ တဖန် ထပ်၍ မဖြစ်ကြကုန်။ ဗြဟ္မာပြည်၌ ဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့သည် အောက်အောက် ဘုံတို့၌ မဖြစ်ကြ တော့ကုန်။

ထို့ကြောင့် အဘိဓမ္မာ ညဝါအကောက် ဆရာတို့သည်။

သုဒ္ဓါဝါသ-ဘူး-မရ၊ အကနိဋ္ဌ-တု-မရ၊အပါယိက-စစ်မရ။

ဟု ဆိုကြကုန်၏။ အဓိပ္ပါယ်မှာ သုဒ္ဓါဝါသ ၅ ဘုံ၌ ဖြစ်သော အနာဂါမ် ပုဂ္ဂိုလ်တို့သည် ဖြစ်ပြီးသောဘုံ၌ ထပ်၍ တဖန်မဖြစ် သောကြောင့် မိမိဖြစ်သောဘုံ၌ ရှေးက ဖြစ်ခဲ့ဘူးပြီဟု မဆိုနိုင်၊ မဆိုရဟူလို။

သုဒ္ဓါဝါသ ၅ ဘုံတို့၏ ထိပ်ဆုံး အကနိဋ္ဌဘုံ၌ကား သံသ ရာမှ မထွက်သေးသော မိမိ ဖြစ်ခိုက် ဘုံ၌ နောက်ဆုံး ဖြစ် သောကြောင့် ''ပစ္ဆိမ ဘဝိက''ဟု ခေါ်ရသော ပစ္ဆိမဘဝိက

ပုဂ္ဂိုလ် အတူမျိုး မရနိုင်။ သံသရာမှ ထွက်မည့် သံသရာတွင် ဤဘဝသည် နောက်ဆုံးဘဝဟု ဆိုရသော ရဟန္တာ ကေန်ဖြစ်မည့် အနာဂါမ်ပုဂ္ဂိုလ်ဟူသော ပစ္ဆိမဘဝိက အစစ်မျိုးသာ ရ၏ဟူလို။

| | |
|---|---|
| ၁။ ကာမ သုဂတိ ၇ ဘုံက တိဟိတ် ပုထုဇဉ်၏ စုတိနောက်၌ | ကာမ ပဋိသန္ဓေ ၁၀ ချာန်ရက သုဒ္ဓါဝါသမှတပါး မဟဂ္ဂုတ် ပဋိသန္ဓေ ၉ ပါး၊ အသညသတ် ပဋိသန္ဓေ။ |
| ၂။ ကာမ သုဂတိ ၇ ဘုံက အောက်ဆုံး ဖလဌာန် ၂ ယောက်တို့၏ စုတိနောက်၌ | ကာမ တိဟိတ် ပဋိသန္ဓေ ၄ ပါး၊ သုဒ္ဓါဝါသအသညသတ်ကြဉ်သော မဟဂ္ဂုတ်ပဋိသန္ဓေ ၉ ပါး ပေါင်း ၁၃ ပါးဖြစ်နိုင်၏။ |
| ၃။ ကာမသုဂတိ ၇ ဘုံကအနာဂါမ်ပုဂ္ဂိုလ်စုတိနောက်၌ | မဟဂ္ဂုတ် ပဋိသန္ဓေ ၉ ခု။ |
| ၄။ ကာမသုဂတိ ၇ ဘုံကဒွိဟိတ် ပုထုဇဉ်၏ စုတိနောက်၌ | ကာမပဋိသန္ဓေ ၁၀ ဖြစ်နိုင်၏။ |
| ၅။ ကာမ ၁၁ ဘုံက အဟိတ် ပုထုဇဉ်တို့၏စုတိနောက်၌ | ကာမပဋိသန္ဓေ ၁၀ ဖြစ်နိုင်၏။ |

**စုတိ ပဋိသန္ဓေ အခန်း ပြီးပြီ။**

ဤသင်္ဂြိုဟ် စာကိုယ် ၉၄ ဂါထာ အရ စုတိနောက် ပဋိသန္ဓေဖြစ်ပုံ ဟူ၍ စာသဘော အားဖြင့် သုံးနှုန်း ထားခြင်းကို စကားကျ (ဇျင်္ဂြ၊ထ္တ) အားဖြင့် အောက်ပါ အတိုင်း ထပ်၍ မှတ်သားပါဦး။

## အရူပဖြစ်ဗြဟ္မာဘုံက ဖြစ်ဗြဟ္မာကြီးများတို့တွင်

က-၁။ အာကာသာနဉ္စ ပုထုဇဉ်ဖြစ်ဗြဟ္မာသေလျှင် အရူပလေးဘုံသို့ ရောက်နိုင်၏။ အောက်လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့လည်း ရောက်နိုင်၏။ အပါယ်လေးဘုံသို့ကား မရောက်နိုင်။ ရူပ ၁၆ ဘုံသို့လည်း မရောက်နိုင်။

၂။ အာကာသာနဉ္စ အရိယာဖြစ်ဗြဟ္မာသေလျှင် အရူပလေးဘုံသို့သာ ရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ မရောက်နိုင်။ အပါယ် ၄ ဘုံနှင့် ရူပ ၁၆ ဘုံသို့ကား အဘယ်မှာရောက်နိုင်ပါအံ့နည်း။

ခ-၁။ ဝိညာဏဉ္စ ပုထုဇဉ်ဖြစ်ဗြဟ္မာသေလျှင် အထက် အရူပ ၃ ဘုံသို့ ရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့လည်း ရောက်နိုင်၏။ အပါယ် ၄ ဘုံနှင့် ရူပ ၁၆ ဘုံသို့ မရောက်နိုင်။ အာကာသဘုံသို့လည်းမရောက်နိုင်။

၂။ ဝိညာဏဉ္စ အရိယာဖြစ်ဗြဟ္မာသေလျှင် အထက် အရူပ ၃ ဘုံသို့သာရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့မရောက်နိုင်။ အပါယ် ၄ ဘုံ၊ ရူပ ၁၆ ဘုံသို့ကား အဘယ်မှာ ရောက်နိုင်ပါအံ့နည်း။

ဂ-၁။ အာကိဉ္စည ပုထုဇဉ်ဖြစ်ဗြဟ္မာသေလျှင် အထက် အရူပ ၂ ဘုံသို့သာရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့လည်း ရောက်နိုင်၏။ အပါယ် ၄ ဘုံနှင့် ရူပ ၁၆ ဘုံသို့ မရောက်နိုင်။ အာကာသ, ဝိညာဏ ဘုံများသို့လည်း မရောက်နိုင်။

၂။ အာကိဉ္စညာ အရိယာဗြဟ္မာသေလျှင် အထက် အရူပ ၂ ဘုံသို့သာရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ကား အဘယ်မှာ ရောက်နိုင်ပါအံ့နည်း။

ဃ-၁။ နေဝသညာ နာသည ပုထုဇဉ် ဗြဟ္မာသေလျှင် မိမိဘုံ ၁ ဘုံသို့ရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့လည်း ရောက်နိုင်၏။ အပါယ် ၄ ဘုံ၊ ရူပ ၁၆ ဘုံသို့ကား မရောက်နိုင်။ အောက် အရူပ ၃ ဘုံသို့လည်း မရောက်နိုင်။

၂။ နေဝသညာ နာသည အရိယာဗြဟ္မာသေလျှင် မိမိဘုံ ၁ ဘုံသို့သာ ပြန်၍ဖြစ်၏။ အဘယ်ဘုံမျှ မရောက်ပေ။ ရှေ့၌ သင်္ဂဟဂါထာဖြင့်လည်း ဆိုခဲ့ပြီ။

**အရူပဗြဟ္မာများပြီးပြီ။**

---

## ရူပဗြဟ္မာဘုံက ဗြဟ္မာတို့တွင်

၁-က။ ပဉ္စမဈာန် ၃ ဘုံက ပုထုဇဉ် ဗြဟ္မာ သေလျှင် အရူပ ၄ ဘုံသို့ငှင်း၊ ရူပ ၁၅ ဘုံသို့ငှင်း၊ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ငှင်း ရောက်နိုင်၏။ အပါယ် ၄ ဘုံသို့ မရောက်နိုင်။

ခ။ ပဉ္စမဈာန် ၃ ဘုံက အရိယာဗြဟ္မာသေလျှင် အရူပ ၄ ဘုံသို့ငှင်း၊ ရူပ ၁၅ ဘုံသို့ငှင်း ရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ကား မရောက်နိုင်။ အပါယ် ၄ ဘုံသို့ကား ပြောဘွယ်မရှိ။

၂-က။ ဒုတိယဈာန် ၃ ဘုံက ပုထုဇဉ်ပြုဟ္မာသေလျှင် အရူပ ၄ ဘုံသို့ရင်း၊ ရူပ ၁၅ ဘုံသို့ရင်း၊ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ ရင်း ရောက်နိုင်၏။ အပါယ် ၄ ဘုံသို့ မရောက်နိုင်။

ခ။ ဒုတိယဈာန် ၃ ဘုံက အရိယာပြုဟ္မာသေလျှင် အရူပ ၄ ဘုံသို့ရင်း၊ ရူပ ၁၂ ဘုံသို့ရင်း ရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ကား မရောက်နိုင်။ အပါယ် ၄ ဘုံသို့ကား ပြောဘွယ်မရှိ။

၃-က။ တတိယဈာန် ၃ ဘုံက ပုထုဇဉ်ပြုဟ္မာသေလျှင် အရူပ ၄ ဘုံသို့ရင်း၊ ရူပ ၁၅ ဘုံသို့ရင်း၊ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ရင်း ရောက်နိုင်၏။ အပါယ် ၄ ဘုံသို့ကား မရောက်နိုင်။

ခ။ တတိယဈာန် ၃ ဘုံက အရိယာပြုဟ္မာသေလျှင် အရူပ ၄ ဘုံသို့ရင်း၊ ရူပ ၉ ဘုံသို့ရင်း ရောက်နိုင်၏။ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ မရောက်နိုင်။ အပါယ် ဘုံသို့ကား ပြောဘွယ်မရှိ။

## စတုတ္ထဈာန် ၇ ဘုံတို့တွင်

၁-က။ ဝေဟပ္ဖိုလ်ဘုံက ပုထုဇဉ် ပြုဟ္မာသေလျှင် အရူပ ၄ ဘုံသို့ရင်း၊ ရူပ ၁၅ ဘုံသို့ရင်း၊ လူ့ပြည်၊ နတ်ပြည် ၆ ထပ်သို့ရင်း ရောက်နိုင်၏။ အပါယ် ၄ ဘုံသို့ကား မရောက်နိုင်။

ခ။ ဝေဟပ္ဖိုလ်ဘုံက အရိယာဖြဟ္မာသေလျှင် ဝေဟပ္ဖိုလ်ဘုံသို့ သာရောက်နိုင်၏။ အခြားဘုံများသို့မရောက်နိုင်။

၂။ အသညသတ်ဖြဟ္မာသေလျှင် ကာမသုဂတိ ၇ ဘုံသို့ သာရောက်နိုင်၏။

## သုဒ္ဓါဝါသ ၅ ဘုံတို့တွင်

| | |
|---|---|
| ၁။ အဝိဟာဘုံက | အနာဂါမ် ဖြဟ္မာ သေလျှင် အထက်သုဒ္ဓါဝါသ ၄ ဘုံသို့။ |
| ၂။ အာတပ္ပါဘုံက | ။ ၃ ဘုံသို့။ |
| ၃။ သုဒဿာဘုံက | ။ ၂ ဘုံသို့။ |
| ၄။ သုဒဿီဘုံက | အထက် အကနိဋ္ဌ ဘုံသို့ ရောက်နိုင်၏။ |

(အကနိဋ္ဌဘုံက အနာဂါမ်ဖြဟ္မာသည် အနာဂါမ်အဖြစ်ဖြင့် မသေ ရဟန္တာ ကေန်ဖြစ်သောကြောင့် ရဟန္တာဖြစ်၍သာ ပရိနိဗ္ဗာန်စံရသည် ထို့ကြောင့် "အကနိဋ္ဌဘုံက အနာဂါမ်ဖြဟ္မာ သေလျှင်" ဟု ပြောစရာ မရှိတော့။)

## ကာမ ၁၁ ဘုံက ပုဂ္ဂိုလ်တို့တွင်

က။ တကယ် တိဟိတ် သေသော် ကာမ ၁၁ ဘုံသို့သာ ရောက်နိုင်၏။

ခ။ ကာမသုဂတိ ၇ ဘုံက သောတာပန်, သကဒါဂါမ် သေလျှင် လူ့ပြည်,နတ်ပြည် ၆ ထပ်။ ပထမဈာန် ၃ ဘုံ, ဒုတိယဈာန် ၃ ဘုံ, တတိယဈာန် ၃ ဘုံ, ဝေဟပ္ဖိုလ်ဘုံ, အရူပ ၄ ဘုံသို့ ရောက်နိုင်၏။ အပါယ် ၄ ဘုံ, အသညသတ်ဘုံ, သုဒ္ဓါဝါသ ၅ ဘုံသို့ မရောက်နိုင်။

ဂ။ ကာမသုဂတိ ၇ ဘုံက အနာဂါမ် သေလျှင် ပဌမ ဈာန် ၃ ဘုံ, ဒုတိယဈာန် ၃ ဘုံ, တတိယဈာန် ၃ ဘုံ, ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ ၅ ဘုံတို့သို့ ရောက်နိုင်၏။ အရူပ ၄ ဘုံ သို့လည်းရောက်နိုင်၏။ ကာမ ၁၁ ဘုံ, အသညသတ်ဘုံများသို့ မရောက်နိုင်။

ဃ။ ကာမသုဂတိ ၇ ဘုံမှ ဒွိဟိတ် ပုထုဇဉ် သေလျှင် အပါယ် ၄ ဘုံ, လူ့ပြည်, နတ်ပြည် ၆ ထပ်ရောက်နိုင်၏။

င။ ကာမ ၁၁ ဘုံမှ အဟိတ် ပုထုဇဉ် သေလျှင် အပါယ် ၄ဘုံ, လူ့ပြည်, နတ်ပြည် ၆ ထပ်သို့ ရောက်နိုင်၏။

---

မူလစာကိုယ် ၉၅-၉၆ ဤသို့လျှင် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်အား ပဋိသန္ဓေ စိတ်၏ အခြားမဲ့မှစ၍ ထိုပဋိသန္ဓေ၏ အာရုံကို အာရုံပြုလျက် ထိုစိတ်အမျိုး အစားသည်ပင် စုတိစိတ်တိုင်အောင် ဝီထိစိတ်များ မဖြစ်သည်ရှိသော် (ဘဝ၏အစိတ်အပိုင်း ဖြစ်သောကြောင့်) ဘဝင်ဟု ခေါ်ရသော စိတ်သည် မပြတ် ဆက်ကာ ဆက်ကာ မြစ်ရေအလျှင်ကဲ့သို့, (ဝါ) မြစ်ရေစီးသကဲ့သို့ဖြစ်လေသည်။ ဘဝတခု၏အဆုံး၌လည်း သေသည်၏အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ချုပ်၏။ ထိုမှနောက်၌ ပဋိသန္ဓေ, ဘဝင်, စုတိသည် ရထားစက်ဘီးကဲ့သို့ အစဉ်အတိုင်းလည်၍ ဖြစ်ကုန်၏။

မူလစာကိုယ် ၉၇ ဤဖြစ်ဆဲဘဝတခု၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, ဝီထိစိတ်, စုတိစိတ်ဟူ၍စိတ်ဖြစ်စဉ်သည် ချားရဟတ်ပမာ ချာချာလည်၍ ဖြစ်သကဲ့သို့၊ ထိုအတူ ဘဝသစ် တခု၌လည်း တဖန်နောက်ထပ် ပဋိသန္ဓေစိတ်,ဘဝင်စိတ်,ဝီထိစိတ်, စုတိစိတ် ဤစိတ်ဖြစ်စဉ်သည် ဝဋ်မြစ်ပြတ်သည်တိုင်အောင်လည်း၍ဖြစ်၏။

အဓိပ္ပါယ်
၉၅-၉၇

## သံသရာလမ်းစဉ် အမြင်ဆက်ပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ဘဝင်စိတ်, စုတိစိတ် | ပဋိသန္ဓေ, ဘဝင်, ဝိထိစိတ်, စုတိစိတ် | | | ပဋိသန္ဓေ,ဘဝင်,ဝိထိစိတ်,စုတိ | | |
| ရှေ့ဘဝ | နောက်ဘဝ | | ရှေ့ဘဝ | နောက်ဘဝ | | ရှေ့ဘဝ |

ပဋိသန္ဓေနေ, ထိုနောက် ဘဝင်စိတ်ဖြစ်၊ ထိုနောက် တဘဝလုံးဝိထိစိတ်ဖြစ်လိုက်,ဘဝင်ဖြစ်လိုက်၊ ဘဝင်ဖြစ်လိုက်,ဝိထိစိတ်ဖြစ်လိုက် အားဖြင့် နောက်ဆုံးသေသောအခါ စုတိစိတ်ဖြစ်၏။ စုတိပြီးလျှင် ပဋိသန္ဓေဟု ဘဝသစ် တခု စ၍ဖြစ်ပြန်၏၊ ဘဝသစ်၌လည်း ဋိသန္ဓေ, ဘဝင်, ဝိထိစိတ်, ဘဝင်, ဝိထိစိတ်, စုတိဟုဖြစ်ရပြန်၏။ စုတိနောက်၌ ပဋိသန္ဓေဟု ဘဝသစ် တခုဖြစ်ပြန်၏။ ဤသို့ရဟန္တာ မဖြစ်မခြင်း သံသရာ၌ တဝဲလည်လည်ဖြစ်ရ၏။ သံသရာစက်ရဟတ်၌ မပြတ်လည်ရ၏။ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံပြီးနောက်မှ ဤသံသရာစက်ဝန်းက လွတ်၍ ထွက်မြောက်ရတော့သည်။

## ၉၈။ သံသရာစက်ပြတ်ပုံ

ပညာရှိ တိဟိတ် ပုဂ္ဂိုလ် များသည် ဤသံသရာဝဋ် ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်ကို ပညာဉာဏ်ဖြင့် ရှုဆင်ခြင်၍ အချိန် ကြာမြင့်စွာ ကောင်းသော အကျင့်ပဋိပတ် ရှိကြကုန်၍ မအို မနာ မသေရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုကုန်၍ အနှောင် အဖွဲ့တဏှာတို့ကို ကောင်းစွာမဂ်ဖြင့် ပယ်သတ်ပြီးဖြစ်ကြကုန်၍ ငြိမ်းရာ အမှန် ရွှေပြည် နိဗ္ဗာန်သို့ ရောက်ကြရ ကုန်တော့ လတ္တံ့။ ။ဤသို့လျှင် အဘိဓမ္မတ္ထ သင်္ဂဟာကျမ်း၌ဝိထိမုတ်ပိုင်း အမိပ္ပါယ်ပြီးဆုံးပြီ။

**ဝိထိမုတ် (ဘုံ) ပိုင်း ပြီးပြီ။**

★

# ရုပ်ပိုင်း

## အနုသန္ဓေနှင့်ပဋိညာ

စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိပိုင်း, ဝီထိမုတ်ပိုင်း ၅ ပိုင်းတို့ဖြင့် စိတ်, စေတသိက် ပရမတ် ၂ ပါးတို့ကို ပဘေဒ, ပဝတ္တိ တို့ဖြင့်ပြဆိုပြီး၍ ယခုအခါ၌ ရုပ်ပရမတ်ကို ပြဆိုပေအံ့။

ဤကျမ်းတက်ပဋိညာစကား၌—

က။ ပဘေဒ-ဟူသည် ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ ၃ မျိုး တည်း။

ခ။ ပဝတ္တိ-ဟူသည် ဝီထိဖြစ်ပုံ ပဋိသန္ဓေ ဘဝင် စုတိစိတ် ဖြစ်ပုံတို့တည်း။

က။ ပဘေဒကို စိတ်ပိုင်းစေတသိက်ပိုင်း ပကိဏ်းပိုင်းတို့ဖြင့် ပြ၍ပြီးခဲ့ပြီ။

ခ။ ပဝတ္တိကို ဝီထိပိုင်း ဝီထိမုတ်ပိုင်း ၂ ပိုင်းဖြင့်ပြ၍ပြီးခဲ့ပြီ။

---

အနုသန္ဓေ-စကားအဆက်အစပ်
ပဋိညာ-ဝန်ခံချက်။

**ပဘေဒ၌....** ဥဒ္ဒေသ ဟူသည် ပရမတ္ထ ၄ ပါး အကျဉ်းပြ ဂါထာဖြစ်သည်။

နိဒ္ဒေသ ဟူသည် စိတ်ပိုင်း စေတသိက်ပိုင်း ၂ ပိုင်း အကုန်လုံးဖြစ်သည်။

ပဋိနိဒ္ဒေသ ဟူသည် ပကိဏ်းပိုင်း အကုန်လုံး ဖြစ်သည်။

ဤသို့ ပဘောဒ ပဝတ္တိတို့နှင့်တကွဖြစ်သော စိတ်,စေတသိက်တို့ကို ပြဆိုပြီး၍ ရုပ်ပရမတ်ကို ပြဆိုပေအံ့ဟု ရှင် အနုရုဒ္ဓါ သင်္ဂြိုဟ်ဆရာ ဆိုပေသည်။ ထိုကြောင့် ကျမ်းတက် အနုသန္ဓေ စကားလည်းဟုတ်၏။ဝန်ခံသော ပဋိညာစကားလည်း ဟုတ်၏။

## ရုပ်အကြောင်း

ရုပ္ပတီတိ ရူပံ၊ ဝိဂြိုဟ်အရ (ဆန့်ကျင်ဘက် အကြောင်းများနှင့် ပေါင်းမိ ခြင်းဖြင့်) ဖေါက်ပြန် တတ်သောကြောင့် ရုပ်မည်၏။ ချဲ့၍ပြဦးအံ့ သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ, မကသ ဝါတာတပ, သရီသပ သမ္ဖဿေဟိပိ ရုပ္ပတိ ဟူ၍ ခန္ဓဝဂ္ဂ သံယုတ်မှာ ဘုရားဟောတော် မူသည်။ အအေးကြောင့်၎င်း၊ အပူကြောင့်၎င်း၊ ဆာလောင် သောကြောင့်၎င်း၊ မွတ်သိပ်သောကြောင့်၎င်း၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း တို့၏ အတွေ့ အထိ ကိုက်ခဲ ခြင်းကြောင့်၎င်း ရှေ့ဖြစ်သော ရုပ်စဉ် နှင့် မတူသော နောက် ရုပ်စဉ်၏ ဖြစ်ပေါ်ခြင်း အားဖြင့် ဖေါက်ပြန်တတ်သည်။ထိုဖေါက်ပြန်တတ်သော ရုပ်တို့သည် နာမ်တရားကဲ့သို့ မဟုတ်ဘဲ နာမ်သက် ၁၇ ချက်ခန့် ကြာမြင့်စွာတည်တတ်၏။ တွေ့ထိကိုင်တွယ်၍ရ၏။ ထိုကြောင့် ထိုရုပ်တရားတို့၏ တည်နေဆဲအချိန်မှာ အအေးအပူ စသောဆန့်ကျင်ဘက် အကြောင်းများနှင့် ရုပ်ကြမ်းများ(သို့မဟုတ်)မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်း ထိခိုက်ကြလေသည်။ ဤသို့ ထိခိုက်ကြခြင်းသည် ဆန့်ကျင်ဘက် အကြောင်းများနှင့် ပေါင်းမိခြင်းပင်ဖြစ်၏။

ထိုသို့ ဆန့်ကျင်ဘက် အအေးအပူ စသောအကြောင်းများနှင့် ရုပ်ကြမ်း မဟာဘုတ်တို့ အချင်းချင်း ထိခိုက်ကြသောအခါ ကလာပ်စည်း (ပေါင်းစည်းနေသော) ရုပ်အတွင်းရှိ ဓါတ်တို့သည် လှုပ်ရှားပျက်စီး ကြေကွဲကြကုန်၏။ ထိုသို့ကလာပ်စည်းအတွင်းရှိ မဟာဘုတ်ဓါတ်တို့ လှုပ်ရှား ပျက်စီး ကြေကွဲခြင်းသည်၊ **ဖေါက်ပြန်ခြင်းပင်ဖြစ်၏။**

## တနည်း လောကအားဖြင့် ထင်ရှားအောင်ပြဦးမည်

ဖေါက်ပြန်ဟူသည် တိုးပွားခြင်း, ဆုတ်ယုတ်ခြင်း အားဖြင့် ၂ မျိုးရှိ၏။ ကမ္ဘာတည်ဦးစ၌ ရုပ်တို့သည် တိုးပွါး၏။ နောင်အခါမှာ ဆုတ်ယုတ်၏။ သစ်ပင်ပျို၌ တိုးပွါး၏။ သစ်ပင်အို၌ ဆုတ်ယုတ်၏။ လူ၌လည်း ငယ်ရွယ်စဉ်အခါတိုးပွါး၏။ အသက် ၄၀ လောက်အထိ တိုးပွါး၏။ အသက်ကြီး၍လူအိုသောအခါ ဆုတ်ယုတ်၏။ ေးသော တိုင်းပြည်များ၌ရုပ်တိုးပွါးမှုတာရှည်၏။ ပူသော တိုင်းပြည်များ၌ ရုပ်တိုးပွါးမှု တာတို၏။ ဆုတ်ယုတ်မှုမြန်၏။ ပူသောအခါ ညှိုးနွမ်း၏။ ေးသောအခါ ရှင်လန်း၏။ ဆာလောင် မွတ်သိပ်သော အခါ ညှိုးနွမ်း၏။ အစာဝသော အခါ ရှင်လန်း၏။ ဤသို့လက်တွေ့အားဖြင့် ဖေါက်ပြန်ခြင်းသည် ထင်ရှားလှပေသည်။ အောက်စိတ်ပိုင်း ပရမတ္ထအခဏ်း၌လည်း ရေးခဲ့ပြီးဖြစ်၍ ပြန်လှန် ဆက်စပ်၍ ကြည့် ပါကုန်။ ကျမ်းဂန်တို့၌ကား ရုပ်မည်ခြင်း အကြောင်းကို အမျိုးမျိုး ပြကြသေး၏။ ဤ၌ကား ဤမျှသာ အကျဉ်းပြလိုက်ပါသည်။

ဤရုပ်ပိုင်း၌ အခဏ်း ၅ ခဏ်းရှိသည်။

**၎င်း ၅ ခဏ်းမှာ—**

(၁) ရူပသမုဒ္ဒေသ....ရုပ်အကျဉ်းပြခဏ်း။
(၂) ရူပဝိဘာဂ....ရုပ်ကိုဝေဘန်ခဏ်း။
(၃) ရူပသမုဋ္ဌာန....ရုပ်ဖြစ်ကြောင်းပြခဏ်း။
(၄) ရူပကလာပ....ရုပ်ကလာပ်စည်းပြခဏ်း။
(၅) ရူပပဝတ္တိက္ကမ....ရုပ်ဖြစ်စဉ်ပြခဏ်းတို့ဖြစ်သည်။

---

## (၁) ရူပသမုဒ္ဒေသ-ရုပ်အကျဉ်းသရုပ်ပြခဏ်း

**မူလစာကိုယ် ၁-၂** မဟာဘုတ် ၄ ပါး၊ ထိုမဟာဘုတ် ၄ ပါးကိုမှီ၍သာဖြစ်သော ဥပါဒါယရုပ်၊ ဤ ၂ ပါးသော ရုပ်သည် ၁၁ ပါးအားဖြင့်ရေတွက်ခြင်းသို့ရောက်၏။အဘယ်သို့ရောက်သနည်း (နံပါတ် ၃–၄ ဆက်ကြည့်။)

---

**အဓိပ္ပါယ် ၁-၂** မဟာဘုတ် ၄ ပါးဆိုသည်မှာ ကြီးကျယ်ထင်ရှားသောရုပ် ၄ မျိုးဖြစ်သည်။ ဘူတရုပ်ဟူ၍လည်းခေါ်၏။ ထင်ရှားသောရုပ်ဟု ဆိုလို၏။

၎င်းတို့သည်—

(၁) ပထဝီဓါတ်။ (၃) တေဇောဓါတ်။
(၂) အာပေါဓါတ်။ (၄) ဝါယောဓါတ်တို့တည်း။

ထိုတွင်—

(၁) **ပထဝီဓါတ်** ဟူသည် အထည်ကိုယ် အမာခံ ဓါတ်တည်း။ ၎င်းသည်အတူဖြစ်ဘက် အာပေါ, တေဇော, ဝါယော, (ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ )တို့၏ တည်ရာ အထည်ကိုယ်ဖြစ်၏။ ဥပမာ နှစ်သိန်း လေးသောင်း အထုရှိသော ပကတိ မဟာ

ပထဝီ မြေကြီးသည် သစ်ပင်, တော, တောင်, သမုဒ္ဒရာနှင့် သတ္တဝါစသည်တို့၏ တည်ရာအထည်ကိုယ် အမာခံဖြစ်သကဲ့သို့ ထိုအတူ ပထဝီ ဓါတ်သည် တည်ရာအထည်ကိုယ် အမာခံဓါတ် ဖြစ်သည်။

(၂) **အာပေါဓါတ်** ဟူသည် တွဲယှက်ဖွဲ့စည်းသောအစေး ဓါတ်တည်း။ ၎င်းသည် အတူ ဖြစ်ဘက် ပထဝီ, တေဇော, ဝါယော,တို့ကို မိမိသတ္တိ ပြန့်နှံ့စိမ့်ဝင်စေ၍ တိုးပွါးစေလျက် ဖရိုဖရဲ ကြဲရဲရဲ မဖြစ်ရအောင် ဖွဲ့စည်းတွဲယှက် ပေါင်းဘက် တတ်လေသည်။ ဥပမာ ပကတိ ရေသည် မုန့်ညက်စသည့် ဖွယ် သော အရာဝတ္ထုများကို တိုးပွါး စေလျက် ဖရိုဖရဲ မဖြစ်ရ အောင် ဖွဲ့စည်းတွဲယှက် ပေါင်းစုလုံးထွေးစေသကဲ့သို့၊ထိုအတူ အာပေါဓါတ်သည် ဖွဲ့စည်းတွဲယှက် ပေါင်းစုလုံးထွေးစေတတ် သောဓါတ်ဖြစ်သည်။ ရေစိမ်ထားသောအရာ, ရေဖြင့် ထိစပ် သော အရာများ ပွရွထလာသည်ကို လက်တွေ့ကြည့်ပါ၊ အာ ပေါဓါတ်လွှန်ကဲသောကြောင့် အားပေးထောက်ပံ့သည့်အတွက် သဟဇာတ်ရုပ်များ တိုးပွါးရန် ပွရွထလာခြင်းဖြစ်သည်။

(၃) **တေဇောဓါတ်** ဟူသည် ရင့်ကျက် စေတတ်သော အငွေ့ဓာတ်တည်း။ ၎င်းသည် အတူဖြစ်သော ပထဝီ,အာပေါ, ဝါယောတို့ကို ကျက်စေလျက် နူးညံ့ပြေ့ပြောင်းစေတတ်သည်။ ဥပမာ-ပကတိမီးသည် အရာဝတ္ထုများကိုကျက်စေလျက် နူးညံ့ ပြေ့ပျောင်းစေသကဲ့သို့ ထိုအတူ တေဇော ဓာတ်သည် တကွ ဖြစ်သော ရုပ်များကို ရင့်ကျက်စေလျက် နူးညံ့ ပြေ့ပျောင်း စေတတ်သည်။ အိုစေ၊ ရင့်စေ၊ မှည့်စေ၊ ဆွေးမြေ့စေခြင်းတို့ သည်လည်း တေဇောဓာတ်၏ ကျက်စေခြင်းများပင်ဖြစ်သည်။

## ၎င်းတေဇောသည်

(၁) သန္တပ္ပနတေဇော....အပူဒီဂရီပြင်းသောတေဇော။
(၂) ဒဟနတေဇော....အပူဒီဂရီအလွန်ပြင်းသောတေဇော။
(၃) ဇိရဏတေဇော....အိုမင်းရင့်ရော်စေသော တေဇော။
(၄) ပါစကတေဇော....စားသောက် မျိုဝါးသော အစာ အာဟာရများကို ကြေကျက်စေသောပါစကဝမ်းမီး ခေါ် တေဇော။
(၅) ဥသ္မာတေဇော....ကိုယ်စောင့်တေဇော။

ထို ၅ ပါးတို့တွင် ဥသ္မာ တေဇောနှင့် ပါစက တေဇော (ဝမ်းမီး) ကား လူ့ ခန္ဓာကိုယ်၌ အမြဲရှိ၏။ သန္တပ္ပန, ဒဟန ၂ ပါးကား ခန္ဓာကိုယ် တွင်းမှာ အမြဲမရှိ။ အဖျားရောဂါ ဖြစ်လာသောအခါ မူလတေဇော ဖေါက်ပြန်လျက် ပြင်းထန် လာသော တေဇောများတည်း။ ဇိရဏ တေဇောမှာ ဖျားနာ ခြင်းကဲ့သို့ မပြင်းထန်ပဲ ရောဂါတခုခု စွဲကပ်သော အခါနှင့် အသက်အရွယ် ကြီးလာသော အခါ ဖြစ်လာသော တေဇော တည်း။

(၄) **ဝါယောဓာတ်** ဟူသည် လှုပ်ရှား စေတတ်သော အဟုန်တည်း၊ ၎င်းသည် အတူဖြစ်သော ပထဝီ, အာပေါ တေဇောတို့ကို ရွေ့ရှားစေလျက် ထောက်ကန်ဖိညှပ်ထားတတ် လေသည်။ ဥပမာ-ပကတိလေသည် အရာဝတ္ထုများကို နေရာ တပါးသို့ ရွေ့ရှားစေလျက် အတွင်းဘက် လေသည်ထောက်ကန် တတ်၍ အပြင်ဘက် လေသည် ဖိညှပ်တတ် သကဲ့သို့ ထိုအတူ ဝါယောဓာတ်သည် တကွဖြစ်သော ရုပ်တို့ကို ထောက်ကန်

ဖိညှပ်လျက် လှုပ်ရှားစေတတ်သည်။ ၎င်းဝါယောဓာတ်ကိုပင် အားခွန်ဗလဟု ခေါ်သည်။ ဖေါင်းခြင်း၊ ပိန်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ တင်းမာ ခိုင်ခန့်ခြင်း၊ မကျုံအောင် ခံထားခြင်း စသည်တို့သည် ဝါယောဓာတ်၏ သဘောသဏ္ဍာန်တို့သာဖြစ်ပေသည်။

ဤကား မဟာဘုတ်တို့၏ သဘောကို အခြေခံ ရစေရန် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် တို့ကို တတ်နိုင်သမျှ သွတ်သွင်း၍ ရေးသားထားခြင်းဖြစ်ပေသည်။

## ရုပ်စစ်,ရုပ်တု မဟာဘုတ် ၄ ပါး

မဟာဘုတ် ၄ ပါးတို့တွင် ပထဝီသည် လက္ခဏာပထဝီ၊ သသမ္ဘာရ ပထဝီ။ အာပေါသည်လည်း လက္ခဏာအာပေါ, သသမ္ဘာရ အာပေါ။ တေဇောသည်သည်း လက္ခဏာတေဇော, သသမ္ဘာရတေဇော။ ဝါယောသည်လည်း လက္ခဏာဝါယော, သသမ္ဘာရ ဝါယောဟူ၍ ၂ မျိုးစီရှိသည်။ ထိုတွင် ပထဝီ၌—

(၁) လက္ခဏာပထဝီ ဟူသည် ခက်မာ နူးညံ့သော အမူအရာကြီယာ သဘော,ဖြစ်သည်။ ၎င်းသည် ရုပ်အစစ်တည်း၊ ၎င်းအမူအရာ ကြိယာသဘောလက္ခဏာ ပထဝီသည် မျက်စိဖြင့် မြင်ကောင်းသော ( စက္ခုဝိညေယျ ) အရာမဟုတ်။ ဒိဗ္ဗစက္ခု အဘိညာဖြင့်သာ မြင်ကောင်း၏။ အဆိုင်, အခဲ, ဒြပ်သဏ္ဌာန် မရှိပေ။

သသမ္ဘာရ ပထဝီ ဟူသည် ထိုလက္ခဏာပထဝီရုပ်စစ်တို့၏ များစွာ ပေါင်းစုခြင်းဖြင့် အစိုင်, အခဲ, ဒြပ်, နိမိတ်, အရိပ် အကောင်အထည် ဖြစ်လာသော ပထဝီဖြစ်၏။ ၎င်းသသမ္ဘာရ ပထဝီရုပ်တုကိုကား မျက်စိဖြင့် မြင်ကောင်း၏၊ အစိုင်,အခဲ,ဒြပ်, သဏ္ဌာန်ရှိသောကြောင့်တည်း။

ထိုအတူ---(၂) အာပေါ်၌ လက္ခဏာ အာပေါ...ဖွဲ့စေး ယိုစီးသောအမူအရာ ကြိယာရုပ်စစ်။

သသမ္ဘာရ အာပေါ...ငင်း ရုပ်စစ်တို့၏ များစွာသော အပေါင်း ရူပကလာပ။

(၃) တေဇော်၌ လက္ခဏာတေဇော...ပူစေးသောအမူအရာ ကြိယာ ရုပ်စစ်။

သသမ္ဘာရတေဇော...ငင်း ရုပ်စစ်တို့၏ များစွာသော အပေါင်း ရူပကလာပ။

(၄) ဝါယော်၌ လက္ခဏာဝါယော...ထောက်ကန် လှုပ်ရှား အမူအရာ ကြိယာ ရုပ်စစ်။

သသမ္ဘာရ ဝါယော...ငင်း ရုပ် အစစ်တို့၏ များစွာသော အပေါင်း ရူပကလာပ။ ငင်းတို့ကိုပထဝီဓာတ်ကဲ့သို့ အဓိပ္ပါယ် စသည်မှတ်ပါလေ။

လက္ခဏာရုပ်စစ်များကို "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု" အရ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟု ဘုရားဟောတော် မူလိုရင်း ဖြစ်သည်။ ဓာတ်သည် ရုပ်စစ်၊ ဓာတ်တို့၏ အပေါင်းအစု အတုံးအခဲဒြပ်သဏ္ဌာန် အသွင်တို့သည် ရုပ်တုများ ဖြစ်ကြသည်။ ထိုရုပ်တု ဖြစ်သော အတုံးအခဲ ဒြပ်သဏ္ဌာန်ပုံဟန်များကိုပင် လူအများ နားလည် အောင် ရုပ်ဟူ၍ပြောဆိုရပေသည်။ရုပ်အစစ်မှာ ယခင်ပြခဲ့သည် အတိုင်းမှတ်။

# ရုပ်ခေတ်မှအဆင့်ဆင့်ဒြပ်သဏ္ဍာန်ဖြစ်လာပုံ

ထိုရုပ်စစ် လက္ခဏာအမှုအရာ ကြိယာ သဘောတရားတို့၏ ဖြစ်ပေါ်လာသော ရုပ်အပေါင်းသည် ကလာပ မည်၏။ ထို ကလာပတို့၏ အပေါင်းသည် အသေးဆုံး ပရမာ ဏုမြူ တခု ဖြစ်လာ၏။ ထိုပရမာ ဏုမြူ အပေါင်းသည် သေးငယ်သော အဏုမြူတခု ဖြစ်လာ၏။ ထိုအဏုမြူ အပေါင်းသည် တဇ္ဇာရီမြူ တခုဖြစ်၏။ထိုတဇ္ဇာရီမြူအပေါင်းသည် ရထရေဏုမြူတခုဖြစ်၏။ (၎င်းမြူကို ရထား, မော်တော်ကား စသည် မောင်းနှင် ရာ၌ တွေ့မြင်နိုင်၏။) ထို မြူအပေါင်းသည် လိက္ခတခု ဖြစ်လာ၏။ (မျက်စိဖြင့် မြင်နိုင်လောက်သော အတုံးအခဲကို လိက္ခခေါ် သည်။) ထိုလိက္ခ ၇ ခုသည် သန်းတကောင် ပမာဏ ဖြစ်၏။ ထိုသန်းကောင် ပမာဏ ၇ ခု အပေါင်းသည် စပါးလုံး တလုံး ပမာဏဖြစ်၏။ ထိုစပါးစေ့ ၇ ခု ပမာဏသည် တလက်သစ် ပမာဏဖြစ်၏။

(လက်သစ်,စပါး, သန်း,လိက္ခ, မြူ စသည် အတိုင်းအတာ ပမာဏ များကို အောက်စိတ်ပိုင်းတွင် ပြန်ကြည့်)။

ဤသို့စသည်ဖြင့် မဟာဘုတ်ခေတ်ကြီး ၄ ပါးတို့သည် အတုံး အခဲဒြပ်သဏ္ဍာန်ဖြစ်၍ ကြီးသွားကြလေသည်။ ကျမ်းဂန်များ၌ လာသော သက်မဲ့ အကြီးဆုံးသော အစိုင်,အခဲ များမှာ စကြာ ဝဠာ, မြင့်မိုရ်တောင်, မြေထု, ရေထု, လေထုများ ဖြစ်သည်။ သက်ရှိအကြီးဆုံးသောအစိုင်အခဲများမှာ အာနန္ဒာငါး, တိမိလ ငါး စသည်နှင့် ဒါနဝဘီလူးတို့ဖြစ်၏။ ၎င်းအစိုင်အခဲ ကြီးကြီး ငယ်ငယ်ဟူသမျှတို့သည် ခေတ်ကြီး ၄ ပါးတို့၏ ထိုက်သည်အား

လျော့စွာ ပေါင်းစုမိခြင်းကြောင့် ဖြစ်လာရ၏။ ကြီးကြီးငယ်ငယ် အစိုင်အခဲ များတွင် ဓာတ် ၄ ပါး နုတ်လျှင် အစိုင်အခဲ ဟူ၍ ခေါ်ဝေါ်ရာ၊ ပညတ်စရာ အထည်, ကိုယ်, ဒြပ် မရှိတော့ပေ၊ ပျောက်လေ၏။

**ဥပမာ။** လောက်ကဓါတ်၌(Hydrogen)ဟိုက်ဒရိုဂျင်နှင့် (Oxygen) အောက်ဆီဂျင် ပေါင်းစပ်က ပကတိရေဖြစ်၏။ ၎င်းရေ၌ ဟိုက်ဒရိုဂျင် နှင့် အောက်ဆီဂျင်ဓါတ် ၂ ပါးခွဲယူလိုက်က ရေပျောက်၏ ရေဟူ၍မရှိတော့။ ထိုအတူ ဓါတ် ၄ ပါး နုတ်လိုက်ကအထည်ကိုယ်ဒြပ်အစိုင်အခဲပျောက်၏၊ မရှိတော့ပေ။ ဤကား မဟာဘုတ်ဓါတ်ကြီး ၄ ပါး၏ အဓိပ္ပါယ်တည်း။

---

## ဥပါဒါရုပ် ၂၄ ပါးအကြောင်း

**မူလစာကိုယ်** စက္ခုပသာဒရုပ်, သောတ, ဃာန, ဇိဝှါ, ကာယ
၃ ပသာဒရုပ်ဟူ၍ ပသာဒရုပ် ၅ ပါးရှိသည်။

**အဓိပ္ပါယ်** **စက္ခုပသာဒရုပ်** ဟူသည် မျက်စိ အကြည်ဓါတ်
၃ တည်း၊ ၎င်းသည် မျက်ဖြူဖြင့် ဝန်းရံအပ်သော မျက်နက်ဝန်း၏ အလည် တည့်တည့်မှာ ရှိသည်၊ သန်းဦးခေါင်းပမာဏရှိသည်၊ အလွှာ ၇ ထပ်ရှိသည်။ ၇ ထပ်ရှိသော ဝါဂွမ်းပုံ၌ ဆီလောင်းထည့်လျှင် ၇ ထပ် စိမ့်ဝင်သွားသလို မျက်လွှာ ၇ ထပ်သို့ စက္ခုပသာဒသည် ပြန့်နှံ့၍ တည်လေသည်။

၎င်းစက္ခုပသာဒသည်ဥပါဒါရုပ်ဖြစ်၍မဟာဘုတ် ၄ ပါးကို မှီရသည်။ ထိုကြောင့် ထိုမဟာဘုတ် ၄ ပါးကို ကြည်စေခြင်း ကြိယာ အမှုအရာပင် ဖြစ်၏။ သသမ္ဘာရ မျက်စိ အတွင်းရှိ

သူငယ်အိမ်ခေါ် အကြည်ဓါတ် ရုပ်ကလေး၌ မဟာဘုတ် ၄ ပါး အထည်ကိုယ် အတုံး အခဲသာ ရှိ၏။ ထို အထည်ကိုယ် အတုံး အခဲ၏ ပြစ်ချွတ် ထူထပ်မှုမရှိဘဲ အပြင်အာရုံ အရိပ်နိမိတ်ထင်နိုင် လောက်အောင် ကြည်လင်ခြင်း ဖြစ်၏၊ ထို ကြည်လင်သော ပသာဒအား ပထဝီဓာတ်သည် အမာခံသတ္တိ, အာပေါဓာတ် သည် ဖွဲ့စည်းခြင်းသတ္တိ,တေဇောဓါတ်သည် ရင့်ကျက်ခြင်းသတ္တိ, ဝါယောဓါတ်သည်လှုပ်ရှားခြင်းသတ္တိဖြင့် ကျေးဇူးပြု၍ဖြစ်ကြ၏။

**ဥပမာ**။ မင်း၏ သားငယ်ကလေးကို အထိမ်းတော် ၄ ဦး တို့သည် ချီပွေ့ခြင်း, ရေချိုးခြင်း, တန်းဆာဆင်ခြင်း, ယပ်လေ ခပ်ခြင်း အလုပ်တို့ဖြင့် ထိန်းသိမ်း စောင့်ရှောက်ရ သကဲ့သို့၊ ထိုအတူ မဟာဘုတ် ၄ ပါး အထိန်းအယ တို့သည် မင်းသား ငယ်နှင့် တူသော ပသာဒအား ကျေးဇူးပြု ကြသည် (ဤကား အဋ္ဌကထာလာ စကားရပ်များတည်း)။

ဎင်းစက္ခု၊ ပသာဒ၏အထည်ကိုယ်မဟာဘုတ်များနှင့် ကြည် လင်ခြင်း အမှုအရာ ကြိယာတို့သည် ကံကြောင့်သာ ဖြစ်ရ၏။ အခြားသော စိတ်,ဥတု, အဟာရတို့ကြောင့်မဖြစ်။ ထိုကြောင့် ဎင်းအခြေခံ မဟာဘုတ် အကြည်ဓါတ်ပသာဒတို့ ပျက်စီးသော် ဥတု, အဟာရဖြစ်သော ဆေးဝါးတို့ဖြင့် ကု၍မရနိုင်။ ကံဖြင့် ကုသမှရနိုင်၏။ပသာဒစက္ခု၏ ဘေးပတ်လည်ရှိသောသသမ္ဘာရ စက္ခုခေါ်မျက်ဖြူ, မျက်နက်ဝန်းတို့သည်ကား စိတ္တဇ, ဥတုဇ, အဟာဇရုပ်များ ဖြစ်၍ ကမ္မဇရုပ် ဖြစ်သော ပသာဒစက္ခုအား ထောက်ပံ့လျက်ရှိသည်။ သို့ဖြစ်၍ စက္ခုပသာဒရုပ် အစိုင်အခဲ မပျက်စီးသေးလျှင် ဥတု အာဟာရဖြစ်သော ဆေးဝါးတို့ဖြင့် ကုသ၍ ရနိုင်ပေသည်။

(၂) **သောတပသာဒရုပ်** ဟူသည် နားအကြည်ဓါတ်ဖြစ်သည်။ ၎င်းသည် နားရွက်၏ အတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော မွေးနီနုကလေးများ စုဝေးပေါက်ရောက်သောအရပ်ကို ပြန့်နှံ့၍ တည်သည်။ ဓါတ်လေးပါးအခြေခံအထောက်အပံ့ စသော အခြားအဓိပ္ပါယ်များ စက္ခုနည်းတူ သိပါလေ။

(၃) **ဃာနပသာဒရုပ်** ဟူသည် နှာခေါင်း အကြည်ဓါတ်တည်း။ ၎င်းသည် နှာခေါင်းအတွင်း၌ဆိတ်ခွါသဏ္ဌာန်ရှိသော အသားနုကလေးရှိသော အရပ်ကိုပြန့်နှံ့၍ တည်သည်။ ကျန်အဓိပ္ပါယ်များ စက္ခုနည်းတူ။

(၄) **ဇိဝှါပသာဒရုပ်** ဟူသည် လျှာ အကြည်ဓါတ်တည်း။ ၎င်းသည် လျှာပြင်အထက်၌ ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်ကိုပြန့်နှံ့၍ တည်သည်။ အခြား အဓိပ္ပါယ်များ စက္ခုနည်းတူ။

(၅) **ကာယပသာဒရုပ်** ဟူသည် ကိုယ် အကြည်ဓါတ်တည်း။ ၎င်းသည် ဥပါဒိန္နက ရုပ်ရှိသော(ဝါ)စိုစွပ်ရာ တကိုယ်လုံး၌ တည်သည်။ ဝါဂွမ်းပုံကြီးပေါ်၌ လောင်းထည့်သော ဆီများပြန့်နှံ့တည်သကဲ့သို့ ပြန့်နှံ့၍တည်လေသည်။ ဤ၌ တကိုယ်လုံးဆိုသော်လည်း ပါစကဝမ်းမီးတည်ရာ အရပ်နှင့် ဆံဖျား, လက်သီး ခြေသီးဖျား အရေခြောက်တို့၌ ကာယ ပသာဒရုပ် မရှိပေ။ ထိုမှလွဲ၍ တကိုယ်လုံးမှာ တည်သည်။ ထိုစကားဖြင့် စက္ခုပသာဒစသော ရှေ့ ၄ ပါး၌ ကာယ ပသာဒရုပ် ပါဝင်သည်ဟု ထင်ရပေသည်။ သို့ရာတွင် ကလာပ်တခုစီ ဖြစ်၍ မရောနှောပေ။ လောကီကျမ်းအလို အားဖြင့်ကား ရသကြော

တို့သည်တကိုယ်လုံး၌ ပရမာဏုမြူမျှလောက်ပင် မလင်အောင် တည်ကြ၏။ ထိုရသကြော အားလုံး၌ ကာယပဿာဒရုပ် တည် လေသည်ဟု ဆိုကြကုန်၏။

---

**အပရေဆရာတို့အလို ပဿာဒရုပ် ၅ ပါး မှတ်ဘွယ်**

(၁) တေဇောဓါတ် လွန်သော မဟာဘုတ် ၄ ပါး တို့၏ အကြည်ဓါတ်သည် စက္ခုပဿာဒ။

(၂) အာကာသဓါတ်လွန်သော မဟာဘုတ် ၄ ပါးတို့၏ အကြည်ဓါတ်သည် သောတပဿာဒ။

(၃) ဝါယောဓါတ်လွန်သော မဟာဘုတ် ၄ ပါးတို့၏ အကြည်ဓါတ်သည် ဃာနပဿာဒ။

(၄) အာပေါဓါတ် လွန်သော မဟာဘုတ် ၄ ပါးတို့၏ အကြည်ဓါတ်သည် ဇိဝှါ ပဿာဒ။

(၅) ပထဝီဓါတ် လွန်သော မဟာဘုတ် ၄ ပါး တို့၏ အကြည်ဓါတ်သည် ကာယပဿာဒ။

---

**မူလစာကိုယ် ၄** ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, (အာပေါဓါတ် ကြဉ်သော ဘူတရုပ် ၃ ခု အပေါင်း ဟူသော) ဖေါဋ္ဌဗ္ဗာရုံသည်ဂေါစရရုပ်မည်၏။

**အဓိပ္ပါယ် ၄** ရူပါရုံ ဟူသည် နီ, ဝါ, ပြာ, စသော အဆင်း, အလင်း, အမိုက်, အရိပ်, အခိုး, အရှည်, အတို, အသေး, အကြီး, အနိမ့်, အမြင့်, အလုံး, အဝိုင်း, လေးထောင့်, ခြောက်ထောင့်, ရှစ်ထောင့် စသောသဏ္ဌာန်,

လရောင်, နေရောင် စသော အရောင်, မြင်မြင်သမျှ အာရုံ၊ အချုပ် အားဖြင့် မဟာဘုတ် ၄ ပါးတို့၏ အရောင်အဆင်း အလင်းများဖြစ်သည်။

## အရောင်,အဆင်း,အလင်း ၃ပါးအထူး

ပြောင် လက် တောက်ပသော မှန်ကဲ့သို့သောရူပါရုံသည် အရောင်။

နီ,ဝါ,ပြာ,ဖြူ စသော ရူပါရုံသည် အဆင်း။

မြင်ခြင်း၏ အထောက်အပံ့ လင်းချင်းနေသော ရူပါရုံသည် အလင်း။

အလင်းသည် အမှောင်၏ ဆန့်ကျင်ဘက်၊ အရောင်သည် အညစ်အကြေး၏ဆန့်ကျင်ဘက်ဖြစ်သည်။ လိုရင်းမှာ မျက်စိဖြင့် မြင် အပ် သော အရာ အား လုံး သည် ရူပါရုံ မည် ပေ သည်။ ထို ရူပါရုံသည်လည်း စက္ခုပသာဒ၌ကဲ့သို့ မဟာဘုတ် ၄ ပါးတို့ အထည်ကိုယ်ပေါ်၌မြင်ရသော အရောင် အဆင်းအလင်းဖြစ်၍ မဟာဘုတ် ၄ ပါးကို မှီရမှုဖြစ်ပေါ်သည်။ထို့ကြောင့် ထိုအမှီခံ မဟာဘုတ် ၄ ပါး၏အစိုင်အခဲတို့ စပ်မိ ဟပ်မိသဖြင့် အရောင် အဆင်း မျက်စိ၏ အမြင်ခံ အမှုအရာ ကြီယာသည် ရူပါရုံ ရုပ် အစစ်ပင်ဖြစ်ပေသည်။

**သဒ္ဒါရုံ** ဟူသည် ကြားကြားသမျှ အသံဓါတ်ပင် ဖြစ်သည်၊ ၎င်း အသံ ဓါတ်သည် သက်ရှိ သတ္တဝါ များ၌ ဖြစ်သော စိတ္တဇအသံ၊ သက်မဲ့မိုးချုန်းသံစသော ဥတုဇအသံဟူ၍ ၂ မျိုး ရှိသည်။ ၎င်းသဒ္ဒရုပ်သည် မဟာဘုတ် ၄ ပါးရှိတိုင်း မရှိပေ။ စိတ္တဇအသံမှာ ပြောမည် ဆိုမည်ဟု စိတ်ဖြစ်ပေါ်လာသော

အခါ ထိုစိတ်ကြောင့် ဖြစ်လာသော စိတ္တဇပထဝီဓါတ်သည် စိတ္တဇဝါယောဓါတ်၏ ရွေ့ရှားတွန်းကန်မှုဖြင့် ဌာန်ငါးပါး၌ရှိသော ကမ္မဇ ပထဝီကို ထိခိုက်သောကြောင့် ဖြစ်ပေါ်လာသည်။ ဥတုဇ အသံမှာ ဥတုဇ ပထဝီဓါတ်အချင်းချင်းဝါယောဓါတ်၏ ထောက်ကန် အားပေးမှုဖြင့် ထိခိုက်သောကြောင့် ဖြစ်လာ၏။ ဓါတ် ၄ ပါးတို့၏ လှုပ်ရှားထိခိုက်မှုသာအသံဖြစ်၏။ မလှုပ်ရှား မထိခိုက်က အသံမဖြစ်ပေ။ ထိုကြောင့် အဋ္ဌကလာပ်ရုပ်တွင် သဒ္ဒရုပ် မပါပေ၊ နားအကြည်ဓါတ်ရုပ်ကို ထိခိုက်လာသော ရုပ်သည် သဒ္ဒရုပ်ပင်ဖြစ်သည်ဟု အကျဉ်းမှတ်သားပါလေ။

**ဂန္ဓာရုံ** ဟူသည် အနံ့ဓါတ်ဟူသမျှတည်း။ ၎င်းအနံ့သည် မကောင်းသော အနိဋ္ဌအနံ့, ကောင်းသောဣဋ္ဌအနံ့ဟူ၍ ၂ မျိုး ရှိသည်။ ပါဠိတော်၌လာသော မူလဂန္ဓ သစ်မြစ်နံ့ စသည် တို့သည် ပြခဲ့ပြီးသောအနံ့ ၂ မျိုး၌ပါဝင်ကြကုန်၏။ ၎င်းသည် မဟာဘုတ် ၄ ပါးအထည်ကိုယ်၌စွဲ၍ ဖြစ်ပေါ်၏။ ထိုကြောင့် မဟာဘုတ် ၄ ပါး ရှိလျှင် ဂန္ဓရုပ် ရှိသည်သာ။ နှာခေါင်း အကြည်ဓါတ်အား ထိခိုက်လာသော မှီရာ မဟာဘုတ် တို့၏ အနံ့ ဟူသော အမှုအရာ သတ္တိထူးသည်ပင် ဂန္ဓာရုံ အစစ် ဖြစ်ပေသည်။

**ရသာရုံ** ဟူသည် ရသဓါတ်ဟူသမျှ တို့တည်း။ ၎င်းသည် ချို, ဆိမ့်, ချဉ်, စပ်, ငန်, ဖန်, ခါးဟူ၍ ၆ မျိုးရှိသည်၊ ၎င်းသည် လည်း မဟာဘုတ် ၄ ပါးအထည်ကိုယ်၌ စွဲ၍ဖြစ်ပေါ်၏။ လျှာ အကြည်ဓါတ်အားထိခိုက်လာသော မဟာဘုတ် ၄ ပါးတို့၏ အရသာဟူသော အမှုအရာသတ္တိထူးသည် ရသာရုံ အစစ်ဖြစ် သည်။

ဖေါဋ္ဌဗ္ဗာရုံ ဟူသည် အတွေ့အထိဓါတ် ဟူသမျှ တည်း။ (ဝါ) တွေ့ထိအပ်သော ပထဝီ, တေဇော, ဝါယော, ဓါတ် ၃ ပါးတည်း။ ၎င်းဖေါဋ္ဌဗ္ဗာရုံ သည် ကာယ ပသာဒ အား ထိခိုက်သော သဘောသတ္တိ အမှုအရာဖြစ်သည်။ ထိခိုက်သော အခါ ပထဝီ,တေဇော, ဝါယော ဓါတ် ၃ ပါးလုံး တပြိုင်နက် ထိခိုက်ကြသည်။သို့ရာတွင် ကာယဝိညာဏ်စိတ်သည်ကား ဓါတ် ၃ ပါးလုံးကို တပြိုင်နက်အာရုံမပြုနိုင်။နှလုံးသွင်းအတိုင်းသာ ဓါတ်တခုခုကို အာရုံပြုသည်မှတ်။

အာပေါဓါတ်သည် အလွန် သိမ်မွေ့သောကြောင့် တွေ့ထိခြင်းငှါ မစွမ်းနိုင်သဖြင့် အတွေ့အထိ ဖေါဋ္ဌဗ္ဗာရုံတွင် မပါဝင်ပေ။ ချဲ့၍ပြအံ့။ ဓါတ် ၄ ပါးရှိသော အတုံးအခဲတည်း၌ပင် ပထဝီ ဓါတ်သည် အာပေါဓါတ်ကို မတွေ့ထိမူ၍ အခံတည် ဖြစ်၏။တေဇော,ဝါယောဓါတ်တို့ကိုမူကား တွေ့ထိ၍ အခံတည် ဖြစ်၏။ တေဇော, ဝါယောဓါတ် တို့သည်လည်း ပထဝီဓါတ် နည်းတူပင်။ အာပေါဓါတ်သည်ကား ကျန် ၃ ပါးကို မတွေ့ထိ မူ၍ဖွဲ့လေသည်။ ထိုကြောင့် အာပေါဓါတ်သည် မိမိကလည်း ဓါတ် ၃ ပါးကို မတွေထိ၊ ဓါတ် ၃ ပါးကလည်း မိမိကို မတွေ့ ထိနိုင်၊ ဤမျှလောက် မတွေ့ထိနိုင်အောင် သိမ်မွေ့ သောကြောင့် ဖေါဋ္ဌဗ္ဗာရုံတွင် မပါဝင်။ မကောက်ယူရပေ။

---

| | |
|---|---|
| မူလစါကိုယ် ၅ | မိန်းမဖြစ်ကြောင်းရုပ်, ယောကျ်ားဖြစ်ကြောင်းရုပ် ၂ ခု သည် ဘာဝရုပ်မည်၏။ (ဝါ) ဣတ္ထိဘာဝရုပ်,ပုရိသ ဘာဝရုပ် ၂ ခုသည်ဘာဝရုပ်မည်၏။ |
| အဓိပ္ပါယ် ၅ | **ဣတ္ထိဘာဝရုပ်** ဟူသည် မိန်းမ၏ ပုံသဏ္ဍာန်ဟန် အမှုအရာ ဖြစ်ကြောင်း တည်း။ ၎င်းဣတ္ထိဘာဝရုပ် |

သည်သက်ရှိ(ဥပါဒိန္နက) ရုပ်တို့၌ ပဋိသန္ဓေစိတ်နှင့် အတူပင် ပါလာသည်ဖြစ်၍ တကိုယ်လုံးမှာ ပြန့်နှံ့၍ တည်သည်။ မဟာဘုတ် ၄ ပါးအထည်ကိုယ်၌ ကံကြောင့် မိန်းမဖြစ်ဘို့ရာ ဖြစ်စေတတ်သော ရုပ်အထူးသည် ဣတ္ထိဘာဝရုပ် မည်၏မှတ်လေ။

ဣတ္ထိဘာဝရုပ် မျိုးစေ့ ပဋိသန္ဓေက ပါလာသောသူသည် ပဝတ္တိအခါသူ၏ ခန္ဓာပဉ္စက ဒြပ်သဏ္ဍာန်၌လက်ခြေ,လည်ပင်း ရင်စသည်တို့သည် ယောကျ်ားနှင့် မတူကုန်၊ လက်, ခြေများ သေးငယ်ခြင်း,ပါးစပ်ကျဉ်းခြင်းစသော(ဣတ္ထိလိင်-ခေါ်သော) မိန်းမ ပုံသဏ္ဍာန် တို့သည် ၎င်း၊ ရင်သား မသန့် ရှင်းခြင်း, မျက်နှာ၌မုဆိတ်ကျင်စွယ်မရှိခြင်း,ဆံတုံးပုံ,အဝတ်ဝတ်ပုံစသည် ယောကျ်ားတို့နှင့် မတူခြင်း ဟူသော(ဣတ္ထိနိမိတ္တ-ခေါ်သော ) မိန်းမအရိပ်နိမိတ်တို့သည်၎င်း၊

ငယ်ရွယ်စဉ်အခါက မိန်းကလေးတို့သည် မန်း (ဗန်း)ငယ် ဆန်ကောငယ်စသည် ကျည်ပွေ့ငယ်စသည်တို့ဖြင့်၎င်း၊ မင်းသမီး ရုပ်ငယ် စသည်တို့ဖြင့်၎င်း၊ ကစားခြင်း, မြေညက်, လျှော်ဖြင့် ချည်ငင်ခြင်းစသော (ဣတ္ထိကုတ္တ-ခေါ်သော) မိန်းမ အပြုအမူ တို့သည်၎င်း၊

သွားပုံ, လာပုံ, ရပ်ပုံ, အိပ်ပုံ,ထိုင်ပုံ, နေပုံ, စားပုံ စသော (ဣတ္ထိအာကပ္ပ-ခေါ်သော) မိန်းမ ဟန်ပန် အမူအရာ အသွင် အပြင်တို့သည်၎င်း ဖြစ်ပေါ်လာကုန်၏။

ဣတ္ထိဘာဝ ရုပ်ကိုကား မတွေ့ထိကောင်း မမြင်စကောင်း ပေ၊ သို့ရာတွင် ပဝတ္တိအခါ ပေါ်လာသောမိန်းမ၏ပုံသဏ္ဍာန် အရိပ်နိမိတ်, အပြုအမူ ဟန် အမူအရာ အသွင် အပြင် တို့ကို

မြင်သဖြင့် ဇုတ္တိဘာဝရုပ်ကို သိအပ်လေသည်။ ဥပမာ-သရက်ပင်၏ အကိုင်း,အခက်, အရွက် အပွင့်တို့ကို မြင်သဖြင့် သရက်မျိုးစေ့ကို ထောက်ဆ၍ သိအပ်သကဲ့သို့တည်း။

ပုရိသဘာဝရုပ်ဟူသည် ယောကျ်ား၏ ပုံသဏ္ဌာန် ဟန်အမူအရာဖြစ်ကြောင်း ရုပ်တည်း။ ၎င်းသည် သက်ရှိရုပ်တို့၌ ပဋိသန္ဓေစိတ်တို့နှင့်အတူပင်ဖြစ်ပေါ်လာသည်ဖြစ်၍တကိုယ်လုံးမှာ ပြန့်နှံ့တည်သည်၊ အခြားအဓိပ္ပါယ်များ ဇုတ္တိဘာဝရုပ်နည်းတူ သိပါလေ။

ပုရိသဘာဝရုပ် မျိုးစေ့ ပဋိသန္ဓေက ပါလာ သူသည်ပဝတ္တိအခါ၌ သူ၏ ခန္ဓာပဉ္စက ဒြပ်၌ လက်, ခြေ, လည်ပင်း ရင်စသည်တို့သည် မိန်းမနှင့်မတူ ကြီးထွားသန်မာခြင်းစသော (ပုရိသလိင်-ခေါ်) ယောကျ်ား၏ပုံသဏ္ဌာန်တို့သည်၎င်း။

ရင်သားများ သန့်ရှင်းခြင်း၊ မျက်နှာ၌ မုဆိတ်ကျင်စွယ်များ ရှိခြင်း၊ ဆံထုံးပုံ အဝတ်ဝတ်ပုံ စသည်မိန်းမနှင့် မတူခြင်းဟူသော (ပုရိသနိမိတ္တ ခေါ်)ယောကျ်ားအရိပ်နိမိတ်တို့သည်၎င်း။

ငယ်ရွယ် စဉ်အခါက ရထားငယ်, ထွန်ငယ် စသည်တို့ဖြင့် ကစားခြင်း, ရေကန်တူးတမ်း ကစားခြင်းစသော (ပုရိသကုတ္တ ခေါ်) ယောကျ်ားအပြုအမူများသည်၎င်း။

သွားပုံ, လာပုံ, ရပ်ပုံ, ထိုင်ပုံ, အိပ်ပုံ, နေပုံ, စားပုံ, သောက်ပုံစသော (ပုရိသအာကပ္ပ ခေါ်) ယောကျ်ားဟန်ပန်အမူ အရာ, အသွင် အပြင် တို့သည်၎င်း ဖြစ်ပေါ်လာကုန်၏။ ဤပုရိသဘာဝရုပ်ကိုလည်း မမြင်ကောင်း မတွေ့ထိ စကောင်းပေ။ သို့ရာတွင် ပဝတ္တိအခါ ဖြစ်ပေါ်လာသော ယောကျ်ား၏

ပုံသဏ္ဌာန် အရိပ်နိမိတ် အပြုအမူ ဟန် အမူအရာ အသွင်အပြင်တို့ကို မြင်သဖြင့် အကြောင်းဖြစ်သော ပုရိသဘာဝရုပ်ကို သိအပ်လေသည်။

**ဥပမာ** ဣတ္ထိဘာဝရုပ်၌ ဆိုခဲ့သည့် အတိုင်းပင်။

ဤဘာဝရုပ် ၂ ခုတို့သည် ကမ္ဘာဦးအခါ စဦးဖြစ်ပေါ်သော သတ္တဝါတို့အား ပဝတ္တိအခါ၌ ဖြစ်ပေါ်ကုန်၏။ နှောင်းကာလ၌ကား ပဋိသန္ဓေအခါ၌သာ ဖြစ်ကြကုန်သည်။ ၎င်းဘာဝရုပ်သည် ဖေါက်ပြန်တတ်၏။ ယောကျာ်းက မိန်းမဖြစ်။ မိန်းမက ယောကျာ်းဖြစ်ခြင်းများတည်း။

ဥဘတောဗျည်းတို့၌ ဘာဝရုပ် ၂-ခုမရှိပေ။ ဣတ္ထိရှိခိုက် ပုရိသမရှိ၊ ပုရိသရှိခိုက် ဣတ္ထိမရှိ။ ဘာဝရုပ် ၂-ပါးလုံးဖြစ်ခွင့်ရှိ၍သာ ဥဘတောဗျည်းဟုဆို၏။ ရာဂစိတ်လိုက်၍ ဥပတောဗျည်းပေါ်သည်မှတ်။

---

**မူလစာကိုယ်** ဟဒယဝတ္ထုသည် ဟဒယရုပ်မည်၏။
**၆ - ၈** ဇီဝိတိန္ဒြေသည် ဇီဝိတရုပ်မည်၏။
အလုပ်အလွေး မပာတ်သော်လည်း အလုပ်အလွေး ပြုအပ်သော အာဟာရသည် အာဟာရရုပ်မည်၏။

**အဓိပ္ပါယ်** ဟဒယဝတ္ထု နှလုံးအိမ်အတွင်း လက်ဆွန်းဝက်
**၆-၈** လောက် ရှိသောသွေးကို ပြန့်နှံ့၍ တည်သော ထိုနှလုံးသွေး၌ ရှိသော ဓါတ် ၈-ပါးအထည်ကိုယ်ပေါ်၌ စိတ်စေတသိက် နာမ်တရားတို့၏ တည်ရာ ဝတ္ထုဟူသော အမူအရာ ကြိယာအထူးသည် ဟဒယ ဝတ္ထုရုပ်

မည်၏။ ၎င်းဟဒယဝတ္ထုရုပ်သည် ပဉ္စဝိညာဏဓါတ်မှ တပါး စိတ်စေတသိက် နာမ်တရားတို့၏ မှီရာဖြစ်ပေါ်ရာ ဌာနဖြစ်၏၊ ထို့ကြောင့် ပဉ္စဝိညာဏဓါတ်မှတပါး အာရုံသိ နာမ်တရား များသည် ဟဒယ ခေါ် နှလုံးသွေးမှ ဖြစ်ပေါ်၏။ အခြား ရုပ်များမှ မဖြစ်ဟုမှတ်။ လောကဓါတ်ဆရာတို့က ဦးနှောက်မှ ဖြစ်ပေါ်သည်ဟု ထင်မှတ်ကြသဖြင့် ဦးနှောက်မှ ဖြစ်သည်ဟု ဆိုကြသတဲ့။ ချွဲဦးဒွံ့။ ဦးနှောက်သည် နှလုံးသွေးလောက် လုခန္ဓာ ကိုယ်တည်း၌လက်ရင်းမကျ၊ နှလုံးသွေးကသွေးကြော ဖြင့်ပို့မှ ဦးနှောက်သို့ ရောက်ရ၏။ ထိုဦးနှောက်သည် အာရုံ များကိုသိရာ၌အားအပေးဆုံးသောရုပ်ဖြစ်၍ နှလုံးအိမ်ပင်ရင်း ဌာန၏ ဌာနခွဲတခုသာ ဖြစ်လေသည်။ ထိုဌာနခွဲ ဦးနှောက်၏ အကြောမတို့သည်မျက်စိ,နား,နှာခေါင်း,လျှာတို့၌ တိုက်ရိုက် ဆက်သွယ်လျက် ရှိသဖြင့် မြင်, ကြား, နံ, စား, တွေ့ထိ အာရုံ သိရာ၌ ဦးနှောက်က အားပေး လေသည်။ နှလုံး သွေးမှ ဦးနှောက် ဦးနှောက်မှ အာရုံသိ ဤသို့သာလျှင် ဖြစ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ကြောက်စရာ ထိတ်လန့်စရာ အာရုံ ကြောင့် ကြောက်စိတ်၊ လန့်စိတ်ဖြစ်သော် နှလုံးသွေးခုံ, ရင်တုံ ဖြစ်၏။ ဦးနှောက်မတုန်လက်ရင်း နှလုံးသားမှ ကြောက်စိတ် လန့်စိတ် ဖြစ်ပေါ်၍ "လှေလှုပ်သဖြင့် ရေလှုပ် သကဲ့သို့" မှီနေသော စိတ်လှုပ်သဖြင့် တည်ရာ နှလုံးသွေး တုန်လှုပ်ရ လေသည်။ ထို့ကြောင့် ဦးနှောက်သည် အာရုံသိ နာမ်တရား များ၏ တည်ရာ မဟုတ်ကြောင်းထင်ရှားရာ၏။

**ဇီဝိတရုပ်** ဟူသည် တကွဖြစ်သော ကမ္မဇရုပ်တို့ကို ရှင်စေ တတ် မပုတ်မသိုးရအောင် ပျက်စီးမသွားအောင် စောင့်ရှောက်

တတ်သော အမှုအရာ သတ္တိထူးဖြစ်သည်။ ဝါ-ကမ္မဇရုပ်တို့၏ အသက်ရုပ်ဖြစ်သည်။ ၎င်းသည် တကိုယ်လုံးပြန့်နှံ့၍ တည်၏။

စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် တို့မှာ စိတ် ဥတု အာဟာရတို့ ရှိခိုက်မှာ ဖြစ်သော ရုပ်များ ဖြစ်၍ ဇီဝိတရုပ် စောင့်ရှောက်စရာ မလို စိတ် ဥတု အာဟာရတို့က စောင့်ရှောက်ကြ၏။ ကမ္မဇရုပ်မှာကား ကံတရားက ရေးကပင် ချုပ်ဆုံး ကွယ်ပျောက်ခဲ့၍ ဇီဝိတရုပ်ကစောင့် ရှောက်ရသည်မှတ်။

ဇီဝိတရုပ်က စောင့်ရှောက်သဖြင့်၎င်း၊ စိတ်,အာဟာရတို့က စောင့်ရှောက်သဖြင့်၎င်း အသက်ရှင်သူ၏ အသား အသွေးများ မပုတ်မသိုးဖြစ်ရလေသည်။ အသက်သေသူ၏ အသားအသွေး များကား ဇီဝိတရုပ်ချုပ်၍ မစောင့်သဖြင့်၎င်း၊ စိတ်, အာဟာရ များကလည်း မစောင့်ရှောက်သဖြင့်၎င်း ပုတ်သိုးရလေသည်။ သူသေကောင်၌ ဥတုဇရုပ်သာ ကျန်ရှိ၍ ဥတု၏ စောင့်ရှောက်မှုမှာ အားမရှိတော့သဖြင့် ဥဏှဥတု လွန်ကဲက လျင်မြန်စွာ ပုတ်သိုးလေသည်။

**အာဟာရဇရုပ်** ထမင်းစသော အာဟာရတို့၌ ပါဝင်သော အဆီဩဇာဓါတ်သည် အာဟာရရုပ်မည်၏။ ၎င်းသည်မဟာဘုတ် ၄ ပါး အထည်ကိုယ်ကိုမှီ၍ ရသာကြောကို လျောက်၍ ပြန့်နှံ့ သဖြင့် အားအင်ဗလကိုဖြစ်စေတတ်သောသတ္တိထူးပင်ဖြစ်၏။

၎င်းဩဇာသတ္တိထူးသည် အဖတ်အရည် တို့နှင့် မကင်းနိုင်၊ အာဟာရဝတ္ထုတခု၌ ဝမ်းမီးဖြင့်ချက်၍ခွဲသော် အဖတ်,အရည်, အဆီ ဟူ၍ ၃ မျိုးရှိသည်၊ ထိုတွင် အဖတ်သည် အဆာပြေစေ၏။ အရည်သည် အငတ်ပြေစေ၏။ အဆီသည် အသွေးအသား

တိုးပွားစေတတ်၏။ ၎င်း အဆီဩဇာကို သီးခြားခွဲ၍ မျိုဝါး စားသောက်မရ၊ အဖတ်အရည်တို့ပါ မျိုဝါးစားသောက်ရ၏။ ထိုကြောင့် မူလစာကိုယ်၌“ကဗဠီကာရာဟာရ”အလုပ်အလွေး ပြုအပ်သော အာဟာရရုပ်ဟု ဆိုသည်။ ဩဇာ အာဟာရရုပ် အစစ်သည်ကား အလုပ်အလွေးပြု၍ မျိုဝါးအပ်သော အရာ မဟုတ်။ သို့ရာတွင် အလုပ်အလွေးပြု၍ မျိုဝါး စားသောက် အပ်သော အဖတ်အရည်တို့နှင့်မကင်းရကား မျိုဝါးစားသောက် အလုပ်အလွေးပြုအပ်သော အာဟာရရုပ်ဟု ခေါ်ရတော့သည်။

ရသာရုံနှင့် အဆီဩဇာ အာဟာရရုပ် အဘယ်သို့ ထူးခြား ကွဲပြားသနည်း ဆင်ခြင်သော် ရသာကြောတို့မှ ပြန့်နှံ့လျက် ရုပ်တရားတို့ကို ထောက်ပံ့တတ်သောဩဇာသည် အာဟာရရုပ် မည်၏။ ဇိဝှါပသာဒအားထိခိုက်တတ်သော ရသာ ဖြစ်ပါးသည် ရသာရုံမည်၏ဟု ကွဲပြားရာ၏။

၎င်း အာဟာရရုပ်သည် အနည်းအများ ရှိသည်၊ ကြမ်း တမ်းသော ပြောင်းထမင်း, လူးထမင်း စသည်တို့၌ ဩဇာ နည်း၏။ ညံ့၏။ နူးညံ့သော ထောပတ် ဆီဦး စသည်တို့၌ ဩဇာ များ၏။ အားရှိ၏။ လက်တွေ့ကြည့်ပါ။ ပြောင်း, လူးထမင်း စားပြီးနောက် မကြာမီ ထမင်း ဆာ၏။ ထောပတ် ဆီဦး စားသောက်ပြီးနောက် တနေ့လုံးပင် ထမင်း မဆာတော့ပေ။ ဤ အာဟာရ၏ တခုနှင့်တခုထောက်၍ ကြမ်းတမ်းပုံ သိမ်မွေ့ပုံ ကျမ်းဂန်များ၌ များစွာ ဆိုသော်လည်း ဤ၌ ကျယ်အံ့ စိုး၍ မပြတော့ပေ။

မူလစာကိုယ် ၉ ဤသို့လျှင် ပြဆိုခဲ့ပြီးသော ၁၈ ပါးသော ရုပ်တို့သည် သဘာဝရုပ်, သလက္ခဏာရုပ်, နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မသနရုပ် မည်ကုန်၏။

---

အဓိပ္ပါယ် ၉
ဤသို့ဘူတရုပ် ၄
ပသာဒရုပ် ၅
ဂေါစရရုပ် ၄ (ဖေါဋ္ဌဗ္ဗာရုံပါပြီးဖြစ်၍ နုတ်သည်။)
ဘာဝရုပ် ၂
ဟဒယရုပ် ၁
ဇီဝိတရုပ် ၁
အာဟာရရုပ် ၁

ဤ ၁၈ ပါးသော ရုပ်တို့သည်—

(၁) သဘော သဘာဝအားဖြင့် ထင်ရှားရှိသောကြောင့် သဘာဝရုပ်မည်ကုန်၏။

(၂) ခိုမ်ခိုတို့၏သတ္တိလက္ခဏာအားဖြင့် ထင်ရှားရှိသောကြောင့် သလက္ခဏာရုပ်မည်ကုန်၏။

(၃) ကံစသော အကြောင်းတို့ဖြင့် ဖြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်မည်ကုန်၏။

(၄) ဖေါက်ပြန် တတ်သော လက္ခဏာ ရှိသော ကြောင့် ရူပရုပ်မည်ကုန်၏။

(၅) အနိစ္စစသော လက္ခဏာယဉ် ၃ ပါးဖြင့် သုံးသပ်အပ်သောကြောင့် သမ္မသနရုပ်မည်ကုန်၏။

ဤရုပ် ၁၈ ပါးတို့သည် ရုပ် ၂၈ ပါး အနက် တကယ်ထင်ရှားရှိသော ရုပ်တို့ဖြစ်ကြကုန်၏။

နောက်၌ ပြလတ္တံ့သောရုပ် ၁၀ ပါးတို့ကား တကယ်ထင်ရှားမရှိ၊ အရှိရုပ်တို့၏ အပိုင်းအခြား, လှုပ်ရှားမှု စသည်များသာဖြစ်ကြသည်။

---

## အနိပ္ဖန္နရုပ် ၁၀ ပါးအကြောင်း

**မူလစာကိုယ်** အာကာသဓါတ်သည် ပရိစ္ဆေဒရုပ်မည်၏။
၁၀-၁၁ ကာယဝိညတ်, ဝစီဝိညတ်သည် ဝိညတ်ရုပ်မည်၏။

---

**အဓိပ္ပါယ်** **အာကာသဓါတ် ခေါ် ပရိစ္ဆေဒရုပ်** ဟူသည် ရုပ်ကလာပ်တခုနှင့် တခုတို့ အကြား ကိုပင်ခေါ်၏။
**၁၀-၁၁**

လက်ချောင်း ၅ ခု၌ အကြား ၄ ခု ရှိသကဲ့သို့ ရုပ်ကလာပ်ပေါင်း များစွာ ပူးတွဲ နေသော ရုပ်တုံး တခု၌ အကြားပေါင်းများစွာရှိ၏ ၎င်းအကြားပေါင်း များစွာသည် အာကာသ ပရိစ္ဆေဒရုပ်ပင် ဖြစ်တော့သည်။ ရုပ်ကလာပ်တုံးတို့၌အာကာသဓါတ်ရှိသောကြောင့်ခွဲစိပ်၍ရ၏၊အမှုန့်ပြု၍ရ၏၊ စိန်ကဲ့သို့ ပထဝီဓါတ်ထက်သန်သော အလွန်မာသော ဝတ္ထုမျိုးကိုပင် ခွဲစိပ်အမှုန့်ပြု၍ရ၏။ အဋ္ဌကလာပ် တခု၌ ပါသော ရုပ် ၈ ခုကိုကား ခွဲစိပ်၍မရ အဘယ်ကြောင့်နည်း၊အာကာသ မရှိသောကြောင့်တည်း။

**ကာယဝိညတ်** ဟူသည် ရုပ်ကလာပ်တို့၏ လှုပ်ရှားသော အားဖြင့် သိစေတတ်သောအမူအရာထူးဖြစ်သည်။ ၎င်းကာယဝိညတ်ကို မျက်စိဖြင့် မမြင်ကောင်း။ စိတ်ဖြင့်သာ သိအပ်၏။ လှုပ်ရှားခြင်းကိုသာ မျက်စိဖြင့်မြင်ကောင်း၏။ လက်ပြခေါ်ခြင်း, ခေါင်းညိတ်ခြင်း စသော ကိုယ် အမူအရာ အားလုံးသည် သူတပါးကို သိစေတတ်၏။ သူတပါးတို့ကလည်း ၎င်းအမူအရာ

အားလုံးကိုပြန်၍ သိကြသည်။ သို့ဖြစ်၍ သိစေတတ်သော အမူအရာ,သိအပ်သောအမူအရာထူးသည်ကာယဝိညတ်မည်၏ မှတ်။

**ဝစီဝိညတ်** အသံခေါ် သဒ္ဒရုပ်၏ အသံနေ အသံထား အမူအရာထူးသည် ဝစီဝိညတ် မည်၏။ ၎င်း ဝစီဝိညတ်ကို မျက်မြင် နားကြား မဖြစ်ကောင်း၊ စိတ်ဖြင့်သာ သိအပ်၏။ အသံသဒ္ဒရုပ်ကိုသာ ကြားကောင်း၏။ အသံဓါတ်၌ပါသော အသံနေ အသံထား ပေါ်ထွက် လာသော အဓိပ္ပါယ်သည် သူတပါးကို သိစေတတ်, သူတပါးတို့ကလည်း သိအပ်သော ကြောင့် ဝစီဝိညတ်မည်၏ မှတ်ပါလေ၊ အဋ္ဌသာလိနီအဋ္ဌကထာများ၌ ဥပမာများဖြင့် ကျယ်ဝန်းစွာလာ၏။ အလိုရှိမူ ထိုအဋ္ဌကထာများ၌ ယူကြ ပါကုန်။ ဤ၌ကား ကလေး သူငယ်များ နားလည်ရန်လိုအပ်သဖြင့် မရေးတော့။

———

မူလစာကိုယ် ၁၂ — နိပ္ဖန္နရုပ် ၁၈ ခုတို့၏ ပေါ့ပါးခြင်း, နူးညံ့ခြင်း, အမှုအလုပ်၌ ခိုင်ခံ့ခြင်း, ကာယဝိညတ်, ဝစီဝိညတ် ဤ ၅ ပါးတို့သည် ဝိကာရရုပ်မည်ကုန်၏။

**အဓိပ္ပါယ် ၁၂** — **လဟုတာရုပ်** နိပ္ဖန္နရုပ် ၁၈ ပါးတို့၏ ပေါ့ပါးခြင်းသည် လဟုတာရုပ်မည်၏။ ရောဂါမရှိသူသည် ပေါ့ပါး သကဲ့သို့တည်း။ ၎င်း လဟုတာရုပ် ဖြစ်ခြင်းမှာ ဓါတ် ၄ ပါးညီညွတ်မျှတခြင်းပင်ဖြစ်၏။ အာပေါဓါတ်လွန်လျှင် ကိုယ်ခန္ဓာလေးလန်ထိုင်းမှိုင်း၏၊ လဟုတာရုပ်မဖြစ်။

**မုဒုတာရုပ်** နိပ္ဖန္နရုပ် ၁၈ တို့၏နူးညံ့ခြင်းသည် မုဒုတာရုပ်မည်၏။ ကောင်းစွာ ကြိတ်နယ်ပြီးသော သားရေကဲ့သို့တည်း။ ၎င်း မုဒုတာရုပ်ဖြစ်ခြင်းမှာလည်း ဓါတ် ၄ ပါး ညီညွတ် မျှတ

မှုသာဖြစ်၏။ ပထဝီဓါတ်လွန်လျှင် ခန္ဓာကိုယ်ရုပ် ကြမ်းတမ်းခက်မာ၏၊ မုဒုတာရုပ်မဖြစ်နိုင်ပေ။

**ကမ္မညတာရုပ်** နိပ္ဖန္နရုပ် ၁၈ ပါးတို့၏ အမှုလုပ်ငန်း၌ နိုင်ခန့်ခြင်းသည် ကမ္မညတာရုပ် မည်၏။ လျော်ပြီး ဦးပြီးသော ရွှေသည် အထုအရိုက် ခံသကဲ့သို့တည်း။ ၎င်းကမ္မညတာရုပ် ဖြစ်ခြင်းမှာလည်း ဧရးနည်းတူ ဓါတ် ၄ ပါး ညီညွတ် မျှတခြင်းပင်ဖြစ်၏။ ဝါယောဓါတ်လွန်လျှင် ခန္ဓာကိုယ်ရုပ် မနိုင်ခန့်တော့ပေ။ မကျန်းမာ ဟူလို။ ဗမာစကား၌ ''ခန့်ကျန်းပါ၏လော, ကျန်းမာပါ၏လော'' မေးသော စကားကို ပါဠိဘာသာ၌ ''ကစ္စိခမနီယံ'' ဟု အသုံးပြုသဖြင့် ကမ္မညနှင့် ကမ္မနီယ အတူတူ ဖြစ်သောကြောင့် ခန္ဓာကိုယ် ကျန်းမာသော ရုပ်သည် ကမ္မညတာရုပ် မည်၏ ဟု မှတ်ပါလေ။ ။ဤရုပ် ၃ ပါးသည် အချင်းချင်း မခွဲနိုင်ကြ၊ အတူတကွသာဖြစ်ကြသည်။ ဧရးကံကြောင့် ဖြစ်သည် မဟုတ်။ စိတ်,ဥတု,အာဟာရတို့ကြောင့် ဖြစ်၏။ ထိုကြောင့် ကိုယ်ခန္ဓာ ခန့်ကျန်းမှု (ကျန်းမာရေး) ကို လိုက်စားအပ်သည်။ စိတ်ကိုချမ်းသာဧးမြဲစေလျက် လက်တွေ့ပြုပြင်,ဇာရိယာပုတ်မျှတစေ၍လျော်သောအစာ အာဟာရကိုစား, အဧး,အပူ ဥတုမျှတအောင်နေတတ်ပါလျှင် ဤပြခဲ့ပြီးရုပ် ၃ ပါး ဖြစ်၏။ ဤရုပ် ၃ ပါးအဖြစ်များလျှင် ကျန်းမာသူဖြစ်ရပေမည်။ ဗဟိဒ္ဓ တုံး,တိုင်,မြေကြီး,သစ်ပင်ရုပ်တို့၌ ထိုရုပ် ၃ ခု မရှိမှတ်လေ။

(ကာယဝိညတ်, ဝစီဝိညတ် ဧရး၌ပြခဲ့ပြီ။)

ဤကျန်းမာရုပ် ၃ ပါးနှင့်ကာယဝိညတ်, ဝစီဝိညတ် ၂ ပါး ပေါင်း ၅ ပါးဧသာ ရုပ်တို့သည် ထူးသော အချင်းအရာဖြစ်သောကြောင့် ဝိကာရရုပ်မည်ကုန်၏။

မူလစာကိုယ် ၁၃-၁၄ နိပ္ဖန္နရုပ် ၁၈ တို့၏ စစဦးဖြစ်ခြင်း, နောက်၌ ထပ်ကာ ယပ်ကာဖြစ်ခြင်း, ရင့်ကျက် ဆွေးမြေ့ခြင်း, မတည်မမြဲ ပျက်စီးသေကြေခြင်း၊ ဤ ၄ ပါးတို့သည် လက္ခဏာရုပ် မည်ကုန်၏။

---

အဓိပ္ပါယ် ၁၃-၁၄ ဥပစယရုပ် ပဋိသန္ဓေ အခါ၌ နိပ္ဖန္နရုပ် ၁၈ ခု တို့၏ ရှေးဦးစွာ ဖြစ်ခြင်းသည် ဥပစယရုပ်မည်၏။

သန္တတိရုပ် ပဋိသန္ဓေအခါ၌နိပ္ဖန္နရုပ် ၁၈ ခုတို့၏ရှေးဦးစွာ ဖြစ်သင့်သည့်ရုပ်, ဖြစ်ပြီးနောက် ရှေးဖြစ်သည့်အတိုင်း ထပ်ကာ ထပ်ကာ အစဉ်မပြတ် ဖြစ်ခြင်းသည် သန္တတိရုပ်မည်၏။

ဥပမာ သောင်ပြင်၌ တူး အပ်သော လက်ယက်တွင်း (သဲတွင်း)၌ ရှေးဦးစွာ ရေထွက်၍ တွင်းပြည့်ခြင်းနှင့် ဥပစယ ရုပ်တူသည်။

နောက်ထပ် ထပ်၍ထပ်၍ ထွက်သောကြောင့် တွင်းလျှံ၍ ရေစီးသွားခြင်းနှင့် သန္တတိရုပ်တူသည်။

အဋ္ဌသာလိနီ၌ အာစယ, ဥပစယ, သန္တတိ ဟူ၍ ၃ မျိုး တနည်း။ နိဗ္ဗတ္တိ, ဝမို, ပဝတ္တိ ဟူ၍ ၃ မျိုးပြသေးသည်။ အာစယ နှင့် နိဗ္ဗတ္တိရုပ်မှာ တဘဝ၌ မဖြစ်ဘူးသေးသော ရုပ်တို့၏ ဦးစွာ ဖြစ်ခြင်းတည်း။ ဥပစယနှင့် ဝမိုရုပ်သည် ဦးစွာဖြစ်သောရုပ်တို့ ထက် တိုးပွား၍ ဖြစ်ခြင်းတည်း။ သန္တတိနှင့် ပဝတ္တိရုပ်သည် ထိုစဖြစ်သောရုပ် ပြည့်စုံပြီးနောက် ဆက်ကာ ဆက်ကာမပြတ် ဖြစ်ခြင်း တည်း။ ပြဆိုခဲ့ပြီး ဥပမာ နှင့် လည်း ကိုက်ညီ လှ၏။ ဤသင်္ဂြိုဟ်ကျမ်း၌ကား အာစယကို ဥပစယ၌ပေါင်း၍ဥပစယ သန္တတိဟု ၂ မျိုးသာပြသတည်း။

**ဇရတာရုပ်** ဦးစွာစ၍ ဖြစ်သော, တိုး၍ဖြစ်သောနိပ္ဖန္နရုပ်တို့၏ ရင့်ကျက်ဆွေးမြေ့, အိုမင်း, ရင့်ရော်ခြင်းသည် ဇရတာရုပ်မည်၏။

**အနိစ္စတာရုပ်** ဖြစ်ရုပ်,ရင့်ကျက်ရုပ်တို့၏ ပျက်စီးခြင်းသည် အနိစ္စတာရုပ်မည်၏။

## ဤ၌လိုရင်းအချုပ်မှာ

ဥပစယ သန္တတိရုပ် ၂ သည် ဇာတိ(ဖြစ်)ရုပ်၊ ဥပါဒ်ရုပ်။

ဇရတာသည် ဇရာ(တည်)ရုပ်၊ ဌီရုပ်။

အနိစ္စတာသည် မရဏ (ပျက်) ရုပ်၊ ဘင်ရုပ်။

ရင်း ၄ ပါးတို့သည် "ဤသင်္ခါရတရား မှန်သမျှ တို့သည် ဖြစ်,တည်,ပျက်,သဘောရှိကြကုန်၏" ဟု ရုပ်တို့၏ မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ်မည်ကုန်၏။

## ဤသို့လျှင်

| | | | |
|---|---|---|---|
| အာကာသဓါတ် ပရိစ္ဆေဒရုပ် | .... | .... | ၁ ပါး |
| ဝိညတ်ရုပ် | .... | .... | ၂ ပါး |
| ဝိကာရရုပ် | .... | .... | ၃ ပါး |
| လက္ခဏာရုပ် | .... | .... | ၄ ပါး |

ဤ ၁၀ ပါးသော ရုပ်တို့သည် မိမိသဘောအားဖြင့် မပြီးနိုင်သောကြောင့်ရင်း။ ကံ,စိတ်,ဥတု,အာဟာရတို့က မဖြစ်စေအပ် မပြီးစေအပ်သောကြောင့်ရင်း အနိပ္ဖန္နရုပ် မည်ကုန်၏။

| | | |
|---|---|---|
| နိပ္ဖန္နရုပ် | ၁၈ | ရုပ် ၂၈ ပါး။ |
| အနိပ္ဖန္နရုပ် | ၁၀ | |

မူလစာကိုယ် ၁၅ ဤရုပ် ၂၈ ပါးသည် အမည် အားဖြင့် ၁၁ မျိုး သရုပ် အားဖြင့် ၂၈ ပါးရှိ၏၊ အဘယ် သို့ နည်း။ ဘူတရုပ်, ပသာဒရုပ်, ဝိသယရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်,အာဟာရရုပ် (၇ မျိုး၌ နိပ္ဖန္နရုပ် ၁၈ ပါး) ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်, လက္ခဏာရုပ် (၄ မျိုး၌ အနိပ္ဖန္နရုပ် ၁၀ ပါး) ဤသို့ နာမည် ၁၁ မျိုး သရုပ် ၂၈ ပါးဖြစ်သည်။

---

**အဓိပ္ပါယ် ၁၅**

| | | | |
|---|---|---|---|
| ၁ | ဘူတရုပ် | ၄ | နိပ္ဖန္နရုပ် ၁၈ ပါး |
| ၂ | ပသာဒရုပ် | ၅ | |
| ၃ | ဝိသယရုပ် (၇-၃)= | ၄ | |
| ၄ | ဘာဝရုပ် | ၂ | |
| ၅ | ဟဒယရုပ် | ၁ | |
| ၆ | ဇီဝိတရုပ် | ၁ | |
| ၇ | အာဟာရရုပ် | ၁ | |
| ၈ | ပရိစ္ဆေဒအာကာသရုပ် | ၁ | အနိပ္ဖန္နရုပ် ၁၀ ပါး |
| ၉ | ဝိညတ်ရုပ် | ၂ | |
| ၁၀ | ဝိကာရရုပ်(၅-၂)= | ၃ | |
| ၁၁ | လက္ခဏာရုပ် | ၄ | |

ဤသို့ အမည်အားဖြင့် ၁၁-မျိုး၊ သရုပ်အားဖြင့် ၂၈ ပါး ဖြစ်သတည်း။

**ရူပသမုဒ္ဒေသပြီးပြီ။**

## ၂။ ရူပဝိဘာဂ

**မူလစာကိုယ်** အလုံးစုံရုပ် ၂၈ ပါးတို့သည် အဟေတုက,သပ္ပစ္စယ,
**၁၆-၁၇** သာသဝ, သခ်တ,လောကိယ, ကာမာဝစရ, အနာ ရမဏ,အပ္ပဟာတဗ္ဗတို့သာတမျိုးတည်းဖြစ်ကြကုန်၏ အဇ္ဈတ္တိကရုပ် ဗာဟိရရုပ် စသည်ဖြင့်ကား များစွာကွဲပြားကြကုန်၏၊ အဘယ်သို့နည်း။

ပသာဒရုပ် ၅ ပါးသည် အဇ္ဈတ္တိကရုပ်မည်၏။
ကျန် ရုပ် ၂၃ ပါးတို့သည် ဗာဟိရရုပ်မည်ကုန်၏။

(နောက်၌ မူလစာကိုယ်များမရေးတော့ပဲ အဓိပ္ပါယ်ဆက်ရေးပေအံ့။)

---

**အဓိပ္ပါယ်** ဖေါက်ပြန် တတ်သော ရုပ် ၂၈ ပါး တို့သည်။
**၁၆-၁၇** ၁၊ လောဘ ဒေါသ စသော ဟိတ် ၆ ပါး မရှိသောကြောင့် **အဟေတုကဓမ္မ** တို့သာဖြစ်ကုန်၏။ သဟေတုကဓမ္မ မဟုတ်ကြကုန်။

၂။ ကံ, စိတ်, ဥတု, အာဟာရ, အကြောင်းတရားကြောင့် ဖြစ်သောကြောင့် **သပ္ပစ္စယဓမ္မ** တို့သာဖြစ်ကုန်၏။ အပ္ပစ္စယဓမ္မ မဟုတ်ကြကုန်။

၃။ အာသဝေါတရား ၄ ပါးတို့၏အာရုံဖြစ်သောကြောင့် **သာသဝဓမ္မ** တို့သာဖြစ်ကုန်၏။ အနာသဝဓမ္မမဟုတ်ကြကုန်။

၄။ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားတို့သည် ပြုပြင်အပ်သောကြောင့် **သခ်တဓမ္မ** တို့သာ ဖြစ်ကုန်၏။ အသခ်တဓမ္မ မဟုတ်ကြကုန်။

၅။ လောက၌ အကျုံးဝင်သောကြောင့် **လောကိယဓမ္မ** တို့သာ ဖြစ်ကုန်၏။ လောကုတ္တရာဓမ္မတို့ မဟုတ်ကုန်။

၆။ ကာမတဏှာ၏ ကျက်စားရာ အာရုံအဖြစ်ဖြင့် ကာမ၌သာ အကျုံးဝင်သောကြောင့် **ကာမာဝစရဓမ္မ** တို့သာ ဖြစ်ကုန်၏။ မဟဂ္ဂတဓမ္မ အပ္ပမာဏဓမ္မတို့ မဟုတ်ကြကုန်။

၇။ အာရုံကို မယူတတ်။ ဝါ၊ အာရုံများကို အာရုံမပြုတတ်သောကြောင့် **အနာရမ္မဏဓမ္မ**တို့သာ ဖြစ်ကုန်၏။ အာရမ္မဏိကဓမ္မတို့ မဟုတ်ကြကုန်။

၈။ ဝိပဿနာဉာဏ် မဂ်ဉာဏ် တို့ဖြင့် မပယ်အပ်သောကြောင့် **အပ္ပဟာတဗ္ဗဓမ္မ** တို့သာ ဖြစ်ကုန်၏။ ပဟာတဗ္ဗဓမ္မတို့ မဟုတ်ကြကုန်။

ဤသို့ ရုပ် ၂၈ ပါးတို့သည် (ဧကဝိဓ) တမျိုးတည်းသာ ဖြစ်ကြကုန်၏။ ထို့ကြောင့် ဧကဝိဓနည်းဟု သမုတ်၍ဆို၏။

## ဒုဝိဓနည်း

## (၁) အဇ္ဈတ္တိက, ဗာဟိရရုပ်

ရုပ် ၂၈ ပါးတွင် ပသာဒရုပ် ၅ ပါးတို့သည် ခန္ဓာကိုယ် အတွင်း၌သာဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ် မည်ကုန်၏။ ကြွင်းသောရုပ် ၂၃ ပါးတို့သည် ခန္ဓာကိုယ် အတွင်းမဟုတ်သော ဝတ္ထု၌လည်းဖြစ်သောကြောင့် ဗာဟိရရုပ်မည်ကုန်၏။

တနည်း၊ ခန္ဓာကိုယ် အတွင်း၌ ကျေးဇူး များသောကြောင့် ပသာဒရုပ် ၅ ပါးသည် အဇ္ဈတ္တိကရုပ် မည်၏။ ကြွင်းသော ရုပ် ၂၃ ပါးတို့သည် ခန္ဓာကိုယ် အတွင်း၌ ကျေးဇူး မများသောကြောင့် ဗာဟိရရုပ်မည်ကုန်၏။

## (၂) ဝဇ္ဇ, အဝဇ္ဇရုပ်

ပသာဒရုပ် ၅ ပါး၊ ဟဒယရုပ် ၁ ပါး၊ ဤ ၆ ပါးသော ရုပ်တို့သည် စိတ် စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထု ရုပ်မည်ကုန်၏။ ကြွင်းသော ၂၂ ပါးသော ရုပ်တို့သည် အဝတ္ထုရုပ်မည်ကုန်၏။

## (၃) ဒွါရ, အဒွါရရုပ်

ပသာဒရုပ် ၅ ပါး၊ ဝိညတ်ရုပ် ၂ ပါး ဤ ၇ ပါးသော ရုပ်တို့သည် ( လူတို့၏ ဝင်ရာ ထွက်ရာ တံခါးကဲ့သို့ ) စိတ် စေတသိက်တို့၏ ဝင်ထွက် သွားလာရာ ဖြစ်သောကြောင့် ဒွါရ ရုပ် မည်ကုန်၏။ ကြွင်းသော ၂၁ ပါးသော ရုပ်တို့သည် အဒွါရရုပ် မည်ကုန်၏။

## (၄) ဣန္ဒြိယ, အနိန္ဒြိယရုပ်

ပသာဒရုပ် ၅ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဤ ၈ ပါးသော ရုပ်တို့သည် မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို အစိုးရ၍ အကြီးအမှူးဖြစ်သောကြောင့် ဣန္ဒြိယရုပ်မည်ကုန်၏၊ ကြွင်းသော ၂၀ သောရုပ်တို့သည် အနိန္ဒြိယရုပ် မည်ကုန်၏။

## (၅) ဥဠာရိက, အနုဠာရိကရုပ်

ဣန္ဒြိယရုပ် ၈ ပါးသည်ပင် ကံတရားတို့သည် (အသင်တို့ သည် ငါတို့၏ အကျိုးတရားတွေပါဟု) ယူအပ် သောကြောင့် ဥပါဒိန္နရုပ်မည်၏။ ကြွင်းသော ၂၀ သောရုပ်တို့သည် အနု ပါဒိန္နရုပ် မည်ကုန်၏။

## (၆) ဩဠာရိက, သုခုမရုပ်

ပသာဒရုပ် ၅ ပါး၊ ဝိသယရုပ် ၇ ပါး၊ ပေါင်း ၁၂ ပါးသော ရုပ်တို့သည် ထင်ရှားကြမ်းတမ်း သောကြောင့် ဩဠာရိကရုပ်မည်ကုန်၏။ ကြွင်းသော ၁၆ ပါးသော ရုပ်တို့သည် သိမ်မွေ့နူးညံ့သောကြောင့် သုခုမရုပ် မည်ကုန်၏။

## (၇) သန္တိကေ, ဒူရေရုပ်

ပြဲခဲ့ပြီးရုပ် ၁၂ ပါး တို့သည် သိဘို့ရန် နီးသော ကြောင့် သန္တိကေရုပ် မည်ကုန်၏။ ကြွင်း ၁၆ ပါးတို့သည် သိဘို့ရန် ဝေးသောကြောင့် ဒူရေရုပ် မည်ကုန်၏။

## (၈) သပ္ပဋိဃ, အပ္ပဋိဃရုပ်

၎င်းရုပ် ၁၂ ပါးတို့သည် ထိခိုက်တတ်သော ရုပ်ဖြစ်သောကြောင့် သပ္ပဋိဃရုပ်မည်ကုန်၏။ ကြွင်း ၁၆ ပါးတို့သည်မထိခိုက်တတ်သော ရုပ်ဖြစ်သောကြောင့် အပ္ပဋိဃရုပ်မည်ကုန်၏။

## (၉) သနိဒဿန, အနိဒဿနရုပ်

ရူပါရုံ ၁ ခုသည် မြင်ကောင်းသောကြောင့် သနိဒဿနရုပ်မည်၏။ ကြွင်းသောရုပ် ၂၇ ခုတို့သည် မမြင်ကောင်းသောကြောင့် အနိဒဿနရုပ် မည်ကုန်၏။

## (၁၀) ဂေါစရဂ္ဂါဟက, အဂေါစရဂ္ဂါဟကရုပ်

ပသာဒရုပ် ၅ ပါးတို့သည် အာရုံကို ယူတတ်သောကြောင့် ဂေါစရဂ္ဂါဟကရုပ်မည်ကုန်၏။ ကြွင်းသော ၂၃ ပါးသောရုပ်တို့သည် အာရုံကို မယူတတ်သော ကြောင့် အဂေါစရဂ္ဂါဟက ရုပ်မည်ကုန်၏။

## (၁၁) သမ္ပတ္တ, အသမ္ပတ္တရုပ်

ထိုပသာဒရုပ် ၅ ပါးတို့တွင်စက္ခု,သောတ, ၂ ပါးတို့သည် ယူအပ်သော အာရုံတို့သည် မထိရောက်သောကြောင့်အသမ္ပတ္တရုပ်မည်ကုန်၏။ ဃာန, ဇိဝှါ, ကာယ ၃ ပါးတို့သည် ယူအပ်သော အာရုံ တို့သည် ထိခိုက်လာသော ကြောင့် သမ္ပတ္တရုပ်မည်ကုန်၏။

## (၁၂) အဝိနိဗ္ဘောဂ, ဝိနိဗ္ဘောဂရုပ်

ဓါတ် ၄ ပါး၊ ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, ဩဇာ။ ဤ ၈ ပါးသောရုပ်တို့သည် ခွဲခြား၍မရသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်ကုန်၏။ကြွင်းသောရုပ် ၂၀ တို့သည် ခွဲခြား၍ ရသောကြောင့် ဝိနိဗ္ဘောဂရုပ်မည်ကုန်၏။

ရုပ်တုံး ဒြပ် အစိုင်အခဲများကို ထုခွဲသော် ကလာပ တို့၏ အပေါင်းဖြစ်နေသော ရုပ်တို့သာခွဲ၍ရ၏။နောက်ဆုံးအနည်းဆုံး အဋ္ဌကလာပ်ဟူသော ပြခဲ့ပြီး အဝိနိဗ္ဘောဂရုပ် ၈ ခုသည်ကား ထုခွဲ၍မကြေကွဲတော့။ မကြေကွဲနိုင်ပြီ။ ထိုကြောင့် အသေးငယ်ဆုံး ပရမာဏုမြူ၌ ထိုဓါတ် ၈ ပါးတို့၏ (ကလာပ) အပေါင်း အစည်းပါသည်မှတ်။ သို့ဖြစ်၍ ပရမာဏုမြူ ဟုဒြပ်သဏ္ဍာန်ပေါ်နေပေပြီ။ ရုပ်အစစ်မှာ အနည်းငယ်မျှ ဒြပ်ဏ္ဍာန်မရှိပေ။ အမူအရာသတ္တိမျှသာဖြစ်၏။ ဒြပ်သဏ္ဍာန် ပေါ်လာမှုကား ရုပ်စစ် အမူအရာသတ္တိ၏ ကလာပအားဖြင့်ဥပါဒ်ဖြစ်ပေါ်လာပြီးမှတ်။ ရုပ်တို့၏ ဥပ္ပါဒသည် ကလာပပင်ဖြစ်၏။ ကလာပရောက်လျှင်လည်းဥပ္ပါဒဖြစ်ပြီဟု အပြန်အလှန်သိအပ်၏။

**ရူပဝိဘာဂပြီးပြီ။**

## ၃။ ရူပသမုဋ္ဌာန်

**မူလစာကိုယ်** ကံ, စိတ်, ဥတု, အာဟာရ ဟူ၍ ၄ ပါးတို့သည် ရုပ်ဖြစ်
၂၇-၂၈ ခြင်း၏ အကြောင်းတို့မည်ကုန်၏။

ထို ၄ ပါးတို့တွင် ကာမာဝစရကုသိုလ် ၈, အကုသိုလ် ၁၂, ရူပါဝစရကုသိုလ် ၅, ဤ ၂၅ ပါးသောကုသိုလ်ကံ,အကုသိုလ်ကံ တို့သည် ပြုပြင်စီရင်အပ်သောအဇ္ဈတ္တိက သန္တာန်၌ကံလျှင်ဖြစ်ကြောင်း ရှိသော ရုပ်တို့ကို (ဝါ) ကမ္မဇရုပ်တို့ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏတိုင်း ခဏတိုင်းဖြစ်စေ၏။

**အဓိပ္ပါယ်** ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားတို့သည်
၂၇-၂၈ ကံ, စိတ်, ဥတု, အာဟာရဟူ၍ ၄ ပါးရှိကုန်၏။

ထိုတွင်ကံဆိုသည်မှာ အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် ၂၀, ရူပကုသိုလ် ၅၊ ဤ ၂၅ ပါးတည်း။ အရူပ ကုသိုလ် ၄ ပါး, မဂ်ကုသိုလ် ၄ ပါးတို့သည် ရုပ်ကိုမဖြစ်စေကြ သဖြင့် ရုပ်ကိုဖြစ်စေတတ်သော၌အရာ၌ဤကံဟူ၍ မကောက် ယူရပေ။

ရှေးအတိတ်က ၂၅ ပါးကြောင့် ဖြစ်သော ကမ္မဇရုပ်တို့ သည် ပဋိသန္ဓေစိတ်၏ဖြစ်စ ဥပါဒ်မှစ၍ (ဥပါဒ်ခဏ၌) ခဏတိုင်း ခဏတိုင်း ဖြစ်ကြကုန်၏။ ထိုခဏတိုင်း ခဏတိုင်း ဖြစ်ကြသော ကမ္မဇရုပ်တို့သည် နာမ်တရား ၁၇ ချက်တို့၏ ဖြစ်, တည်, ပျက်, ကြာသလောက် အသက်ရှည်ကြ ကုန်၏။ ထိုကြောင့် ရှေးဖြစ်ရုပ်နှင့် နောက်ခဏတိုင်း ခဏတိုင်းဖြစ်သော ရုပ်တို့သည် ထပ်လျက် ရှိကြကုန်၏၊ ထိုကြောင့် အလုံးအခဲ သဏ္ဍာန် ဒြပ်ပေါ်လာလေသည်။ ဥပါဒ်,၌ ဖြစ်သောရုပ်သည်


နာမ်သက် ၁၇ ချက်၏ ဘင်မှာချုပ်၏။ ဌီ,၌ စ၍ ဖြစ်သော ရုပ်သည် နာမ်သက် ၁၇ ချက်, နောက်တချက်၏ ဥပါဒ်မှာ ချုပ်၏။

ဘင်,၌ စ၍ဖြစ်သောရုပ်သည် နာမ်သက် ၁၇ ချက် နောက် တချက်၏ ဌီ မှာချုပ်၏။

(ပဌမစိတ် ၁ လုံး၏ ဥပါဒ်,ဌီ,ဘင်,၌ စဖြစ်သောရုပ် ပြီးပြီ။)

နောက် ဒုတိယစိတ် ၁ လုံး၏ ဥပါဒ်၌ စဖြစ်သော ရုပ် သည်လည်းနာမ်သက် ၁၇ ချက်၏ ဘင်မှာ ချုပ်၏။ ဌီ၌စ၍ ဖြစ်သောရုပ်သည် နာမ်သက် ၁၇ ချက်, နောက်တချက်၏ ဥပါဒ်မှာချုပ်၏။ ဘင်၌ စ၍ ဖြစ်သောရုပ်သည် နာမ်သက် ၁၇ ချက်, နောက်တချက်၏ ဌီ မှာချုပ်၏။ ဤနည်းအတိုင်း ရုပ်တို့သည် အမြီးဆက် ခေါင်းဆက်ဖြစ်ကြကုန်၏။ တဘက်ပါ ပုံစံကိုကြည့်ပါ။

ပုံစံ - ၁




## (၁) ပုံ၌ ရှင်းလင်းချက်

( ၀၀၀၀ ) ဤကဲ့သို့ ပြထားသော အလုံးကလေးများသည် နာမ်သက်၏ (ဥပါဒ်ဌီ,ဘင်) ခဏာယ်များ ဖြစ်၏။ ရုပ်တခုသည် ဤကဲ့သို့ နာမ်သက်ပေါင်း ၁၇ ချက်၊ ခဏာယ်ပေါင်း ၅၁ ချက်ခန့်ရှိသည်။ ၁-နံပါတ်ရုပ်ဖြစ်၍ မချုပ်မီ ၎င်း၏ ဌီခဏာ၌ နံပါတ် ၂ ရုပ်သည်စ၍ ဖြစ်၏။ ၎င်း ၁-၂-နံပါတ်ရုပ်များ မချုပ်မီ ၃ နံပါတ်ရုပ်သည် ၁ နံပါတ်၏ ဌီခဏာ, ၂ နံပါတ်၏ ဌီခဏာမှာစ၍ ဖြစ်ပြန်၏။ ထိုနောက် ၄ နံပါတ်ရုပ်သည် ၁, ၂, ၃ နံပါတ်တို့၏ ဌီခဏာမှစ၍ ဖြစ်ပြန်၏။ ဤအဘူ ရုပ်တို့သည် အမျှင်တိုကလေးများကို အမြီးဆက်ခေါင်းဆက် ကြိုးကျစ်သကဲ့သို့ ဆက်စပ်လျက် ထပ်နေကြသည်။

## ဤ၌ အကျဉ်းချုပ်မှာ

ကံ=ကုသိုလ်ကံ, အကုသိုလ်ကံ ၂၅ ပါး။

ကမ္မဇရုပ်=ပသာဒရုပ် ၅၊ ဘာဝရုပ် ၂၊ ဟဒရုပ် ၁။

ဇီဝိတရုပ် ၁၊ ပေါင်း ၉ ပါးသောရုပ်များနှင့် မူလဝေါတ် ၄ ပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, အာကာသဓါတ် ဤ ၉ ပါးသော ရုပ်များ ပေါင်း ၁၈ ပါး။

ဇကန်ကမ္မဇရုပ် ၉ ⎫
အနေကန်ကမ္မဇရုပ် ၉ ⎭ ကမ္မဇရုပ် ၁၈။

---

**မူလစာကိုယ် ၂၉** အရူပဝိပါက် ၄၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ဤ ၁၄ ပါး ကြဉ်ထားသော စိတ် ၇၅ ပါးသည် စိတ်လျှင်ဖြစ်ကြောင်းရှိသော ရုပ်တို့ကို (ဝါ) စိတ္တဇ ရုပ်များကို ပဋိသန္ဓေ၏ နောက် အစဆုံး ဘဝင်စိတ်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်း, ဥပါဒ်တိုင်းဖြစ်စေ၏။ (ဌီ, ဘင်, တို့၌ မဖြစ်စေ)။

---

**အဓိပ္ပါယ် ၂၉** ရုပ်ကိုဖြစ်စေတတ်သော စိတ်မှာ ၇၅ ပါးရှိ၏။ ပဉ္စဝိညာဏ် ၁၀ နှင့်အရူပဝိပါက် ၄၊ ပေါင်း ၁၄ ပါးတို့က ရုပ်ကို မဖြစ်စေနိုင်။ အဘယ့်ကြောင့် ဆိုသော် စိတ်အား နည်းသောကြောင့် ဖြစ်၏။ ဈာန်အင်္ဂါ ဖြစ်သော ဝိတက်, ဝိစာရ, ပီတိ, သုခတို့မပါသော စိတ်များသည် စိတ်အားနည်း၏။ အားနည်းသော အချို့သော စိတ်များလည်းရှိသေး၏။ ထိုစိတ်များမှာ ပဋိသန္ဓေစိတ် (ဘဝသစ်ဖြစ်စစိတ်)နှင့် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်များတည်း။ ၎င်းစိတ်တို့သည်လည်း အားနည်းသဖြင့် ရုပ်ကို မဖြစ်စေနိုင် ကြကုန်။

သို့ရာတွင် ရုပ်ကိုဖြစ်စေနိုင်သော စိတ်အရေ အတွက်၌ ဘဝင်ကိစ္စတပ်ခိုက် (ပဋိသန္ဓေ စိတ်မျိုးက) ရုပ်ကို ဖြစ်စေ သဖြင့် ပဋိသန္ဓေစိတ် ၉ ကိုမနုတ်ရ။ ထိုကြောင့်ရုပ်ကိုဖြစ်စေနိုင်သော စိတ် (ပဉ္စဝိညာဏ်နှင့် အရူပဝိပါက် ပေါင်း ၁၄ ပါးသာ နုတ်၍) ၇၅ ပါးဖြစ်သည်။

---

## စိတ်သည်အဘယ်အခါမှစ၍
## ရုပ်ကိုဖြစ်စေသနည်း

ဘဝသစ်၌ပဋိသန္ဓေစိတ်နောက် (ဘဝသစ်၌ ၂ ခုမြောက်) အစဆုံးဘဝင်စိတ်၏ ဥပါဒ်မှစ၍ ရုပ်ကိုဖြစ်စေသည်။သို့ရာတွင် ခဏငယ် ၃ လုံး၌ မဖြစ်စေ၊ ဥပါဒ်ခဏ တခုသာ ဖြစ်စေ၏။ နောက်၌ကား စိတ်ဖြစ်တိုင်းဖြစ်တိုင်းဥပါဒ်ခဏ၌ ဖြစ်စေသည်။

၎င်းစိတ္တဇရုပ်သည် ပထမဘဝင်၏ ဥပါဒ်မှ အစပြု၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်၍ စုတိဘိုင်အောင်ပင်ဖြစ်၏။ ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေစိတ် အခိုက်၌ မဖြစ်ကြကုန်။ တဘက်ပါပုံစံကို ကြည့်ပါ။

ပုံစံ-၂။

| ဘဝသစ်အစ | ပ | ဒု | တ | စ | ပဉ် | ဆဋ္ဌ | သတ် | အဋ္ဌ | နဝ-စသည် |
|---|---|---|---|---|---|---|---|---|---|
| ပဋိသန္ဓေ | ဘဝင် | ဘဝင် | ဘဝင် | ဘဝင် | ဘဝင် | ဘဝင် | ဘဝင် | ဘဝင် | ×××× |
| ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ၀ ၀ ၀ | ............ |
| ဥ-ဋ္ဌိ-ဘ | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | ဥ-ဋ္ဌိ-ဘ * | * * * |

## (၂) ပုံ၌ ရှင်းလင်းချက်

ပဋိသန္ဓေစိတ်နောက် ပထမဘဝင်စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း (ခယားပွင့်ပြထားသည်) ရုပ်ကိုဖြစ်စေသည်။ တဘဝလုံး စိတ်တိုင်း စိတ်တိုင်း၏ ဥပါဒ်ခဏ ဥပါဒ်ခဏများကို စုတိစိတ်ကျအောင်မြှော်မြင်ပါလေ။

## ဤ၌ အကျဉ်းချုပ်မှာ

စိတ်=၇၅ (ပဉ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄ မပါ) စိတ္တဇရုပ်=ဝိညတ်ရုပ် ၂ ပါးနှင့် သဒ္ဒါရုံ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဓါတ် ၄ ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အာကာသဓါတ် ဤ ၁၃ ပါးသောရုပ်များဖြစ်သည်။

ကေန်စိတ္တဇ ၂ }
အနေကန်စိတ္တဇ ၁၃ } စိတ္တဇရုပ် ၁၅ ပါး။

---

## ထိုရုပ်ကိုဖြစ်စေသော စိတ် ၇၅ ပါးတို့တွင်

မူလစာကိုယ် ၂၀-၂၂ — အပ္ပနာဇော ၂၆ ပါးတို့သည် ဣရိယာပုတ်ကို ခိုင်စေ၏။

ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် ၁၊ ကာမဇော ၂၉၊ အဘိညာဏ်စိတ် ၂၊ ပေါင်း ၃၂ ပါးသောစိတ်တို့သည် ကာယဝိညတ်၊ ဝစီဝိညတ်ကို လည်းဖြစ်စေ၏၊ ဣရိယာပုတ်ကိုလည်းခိုင်စေ၏။

သောမနဿဇောစိတ် ၁၃ ပါးတို့သည် ရယ်ရွှင်ခြင်းကို လည်း ဖြစ်စေ၏၊ ဝိညတ်ကိုငင်း၊ ဣရိယာပုတ်ကိုငင်း ဖြစ်စေ၏။

**အဓိပ္ပါယ် ၂၀-၂၂** — ရုပ်ကိုဖြစ်စေသော စိတ် ၇၅ ပါးတို့တွင် အပ္ပနာဇော ၂၆ ပါးတို့သည် လျောင်း,ထိုင်,ရပ်,သွား, ဣရိယာပုတ် ၄ ပါးကိုသာ ခိုင်စေ၏။ ဝိညတ်ကို မဖြစ်စေ၊ ရယ်ရွှင်ခြင်းကိုလည်း မဖြစ်စေ။ ၃၂ ပါးသော စိတ်တို့သည် ဣရိယာပုတ် ၄ ပါးကိုငင်း၊ ဝိညတ်ကိုငင်း ဖြစ်စေ၏။ ၁၃ ပါးသော သောမနဿစိတ်တို့သည်ကား ဣရိယာပုတ်, ဝိညတ်, ရယ်ရွှင်ခြင်း ၃ ပါးလုံးကို ဖြစ်စေနိုင်၏ ဟူလို။

## အထူးမှတ်သားရန်အချက်

အပ္ပနာဇော ၂၆ ပါးတို့သည် လျောင်း,ထိုင်,ရပ် ဟူသော ဣရိယာပုတ် ၃ ပါးကိုသာဖြစ်စေ၏။ သွားခြင်း ဣရိယာပုတ်ကို မဖြစ်စေနိုင်။ အဘယ်ကြောင့်ဆိုသော် သွားခြင်း ဣရိယာပုတ်၌ ကာယဝိညတ် ပါဝင်၍ ကာယဝိညတ်နှင့် ကင်းသော သွားခြင်းမည်သည် မရှိပေ။ အပ္ပနာဇောကလည်း ဝိညတ်ကို ဖြစ်စေရန် မစွမ်းနိုင်သောကြောင့်တည်းဟု လယ်တီ ဆရာတော်ဘုရား အမိန့်ရှိလေသည်။

ဣရိယာပုတ်ဟူသည် သွားခြင်းစသော ထိုထိုအခိုက်အတန့်ထူးဖြင့် ဖြစ်သော ရုပ်တရားများဖြစ်၏။ ရုပ်တရားမှ လွတ်သော ဣရိယာပုတ်မရှိပေ။ သို့ရာတွင် အချို့သောစိတ်သည် ရုပ်သာမညကိုသာ ဖြစ်စေနိုင်၏။ ထိုထက်အလွန်မဖြစ်စေနိုင်. အချို့သောစိတ်သည် အခြားစိတ်တို့၏ အစွမ်းဖြင့် ဖြစ်ပြီးသော ဣရိယာပုတ်ကို စောင့်ရှောက် နိုင်၏။ မဖြစ်သေးသော ဣရိယာပုတ်ကို ဖြစ်စေရန် မတတ်နိုင်၊ အချို့သောစိတ်သည် ဝိညတ်ကိုဖြစ်စေ၍ မဖြစ်သေးသော ဣရိယာပုတ်ကိုလည်း ဖြစ်စေနိုင်၏။ထိုကြောင့် အထက်ထက်ကိစ္စကို စွမ်းဆောင်နိုင်သောစိတ်တို့သည် အောက်အောက်ကိစ္စကို စွမ်းဆောင်နိုင်သည် သာလျှင်တည်းဟု နှလုံးသွင်းလျက် ဤနံပါတ် ၃၀,၃၁,၃၂ ပါဌ်တို့ကို ရှင်အနုရုဒ္ဓါ ပြဆိုခဲ့လေသည်။

# အကျဉ်းချုပ်သရုပ်မှာ

၁။ ရုပ်ကိုသာဖြစ်စေတတ်သောစိတ် ၂ အဟိတ်မှပဉ္စဒွါရာဝဇ္ဇန်း ၁။
ဖြ= ၊ သမ္ပဋိစ္ဆိုန်း ၂၊သန္တီရဏ ၃။
၁၃=မဟာဝိပါက် ၈၊ ရူပဝိပါက် ၅။
ပေါင်း-၁၉။

၂။ ရုပ်,ဣရိယာပုတ်ကို ဖြစ်စေသောစိတ် ၂၆=အပ္ပနာဇော ၂၆။

၃။ ရုပ်ဣရိယာပုတ်,ဝိညတ်ကိုဖြစ်စေ
သောစိတ် ၃၂=မနောဒွါရာဝဇ္ဇန်း ၁။
ကာမဇော ၂၉။
အဘိညာဏ် ၂။
ပေါင်း-၃၂။

၄။ ရုပ်,ဣရိယာပုတ်,ဝိညတ်,
ရယ်ရွှင်ခြင်းကိုဖြစ်စေသောစိတ် ၁၃=လောဘ သောမနဿ ၄။
မဟာကုသိုလ် ၄။
မဟာကြိယာ ၄။
ဟသိတုပ္ပါဒ် ၁။
ပေါင်း ၁၃။
အားလုံးပေါင်း-၉၀။

**မှတ်ချက်။** ။စိတ်ပေါင်း ၉၀ ဖြစ်ရာ၌ သောမနဿဇော ၁၃ ခုသည် ကာမဇော ၂၉ တွင် ပါဝင်ပြီးဖြစ်၍။ အဘိညာဏ် ၂ွေးသည်လည်း အပ္ပနာဇော ၂၆ တွင် ပါဝင်ပြီး ဖြစ်သည်။ ထိုကြောင့် ၎င်း ၁၅ ခုကို နုတ်သော် ရုပ်ကို ဖြစ်စေနိုင်သော စိတ်ပေါင်း ၇၅ ဖြစ်သည်။ ထိုတွင် မဟာဝိပါက်စိတ် ၈ ခုနှင့် ရူပ ဝိပါက် ၅ ခု၊ ဥပေက္ခာသန္တီရဏ ၂ ခု ပေါင်း ၁၅ ခုတို့သည်၊ ပဋိသန္ဓေကိစ္စ, စုတိကိစ္စ တပ်သော

အခါ ရုပ်ကို မဖြစ်စေနိုင်။ ဘဝင်ကိစ္စ အခိုက်သာ ရုပ်ကိုဖြစ်စေနိုင်ကြသည်။ ရဟန္တာပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန စုတိမှ တပါး၊ အခြား ပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် ရုပ်ကို ဖြစ်စေနိုင်သည်ဟု ပညာရှင်များယူကြသေးသည်။

စိတ်တရားတို့သည် ဖြစ်စ (ဥပ္ပါဒက္ခဏ)၌အားရှိ၏၊ ဌီခဏ, ဘင်ခဏတို့၌ အားနည်း၏၊ ထို့ကြောင့် စိတ်သည်ရုပ်ကို ဖြစ်စေရာ၌ အားရှိသော ဥပ္ပါဒက္ခဏ၌သာ ဖြစ်စေသည်။ ထို့ကြောင့် "ဇာယန္တေမေဝ သမုဋ္ဌာပေတိ"ဟု သင်္ဂြိုဟ်၌ဆိုသည်။

---

မူလစာကိုယ် ၃၃ သီတဥတု, ဥဏှ ဥတုခေါ် တေဇောဓါတ်သည် မိမိ၏ ဌီခဏ၌, ဥတုဇရုပ်ကို အတွင်း၌ရင်း, အပြင်၌ရင်း ယှက်သည်အားလျော်စွာဖြစ်စေ၏။

---

**အဓိပ္ပါယ် ၃၃** ဥတုဟူသည် တေဇော ဓါတ်တည်း။ ၎င်းသည် မြန်မာလိုအငွေ့ဖြစ်၏။ ထိုတေဇောသည် အအေးဓါတ် သီတတေဇော,အပူဓါတ်ဥဏှတေဇောဟူ၍ ၂ မျိုးရှိ၏။ ထိုဥတု ၂ မျိုးသည် စ၍ ဖြစ်ပြီးနောက် တည်နေသောအခါ(ဝါ)ဌီခဏရောက်သောအခါရုပ်များကို ဖြစ်စေ၏။ ရုပ်တရားတို့မည်သည်ဖြစ်စ ဥပ္ပါဒက္ခဏ၌ အားမရှိ။ဘင်ခဏ၌လည်းအားမရှိ။ ဌီခဏရောက်မှသာ အားရှိသဖြင့် ဥတုဟူသော ရုပ်သည် ရုပ်ကို ဖြစ်စေရာ၌ ဌီခဏ ရောက်မှသာ ဖြစ်စေသည်။ ထို့ကြောင့် "ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ" သင်္ဂြိုဟ်ဆရာဆိုသည်။

## ဥတုဇရုပ် ၁၃

ကျေန် မရှိ } ဥတုဇရုပ် ၁၃။
အနေကန် ၁၃

၄၄ ဩဇာဟုဆိုအပ်သော အာဟာရသည် အာဟာရဇရုပ်ကို မျိုဝါးစားသောက်သောအခါ၌ တည်ဆဲဖြစ်၍ (ဝါ) ဌီသို့ ရောက်သည်ဖြစ်၍ဖြစ်စေ၏။

အဓိပ္ပါယ် ၄၄ ဩဇာသည် အဇ္ဈတ္တဩဇာ, ဗဟိဒ္ဓဩဇာ ဟူ၍ ၂ မျိုး ရှိသည်။ ထိုတွင် **အဇ္ဈတ္တဩဇာ** သည်—

၁။ **ကမ္မဇဩဇာ၊** ကံကြောင့်ဖြစ်သောအဆီအစေး။

၂။ **စိတ္တဇဩဇာ** စိတ်ကြောင့်ဖြစ်သော အဆီ အစေး။

၃။ **ဥတုဇဩဇာ၊** ဥတုကြောင့်ဖြစ်သော အဆီအစေး။

၄။ **အာဟာရဇဩဇာ၊** အာဟာရ ကြောင့် ဖြစ်သော အဆီအစေးဟူ၍ ၄ မျိုး။

### ဗဟိဒ္ဓဩဇာသည်လည်း

၁။ **စားအပ်သော၊** အသိတဩဇာ။

၂။ **သောက်အပ်သော၊** ပီတဩဇာ။

၃။ **ခဲစားအပ်သော၊** ခါယိတဩဇာ။

၄။ **လျက်အပ်သော၊** သာယိတ ဩဇာဟူ၍ ၄ မျိုးရှိ၏။

ထိုအတွင်းဖြစ်သော ဩဇာ ၄ မျိုးနှင့် အပြင်ဩဇာ ၄ မျိုး အနက် တမျိုးမျိုးရောစပ် မိသောအခါ တခုနှင့်တခုအထောက် အပံ့ရ၍ ရုပ်များကို ဖြစ်ပွားစေသည်။ ထိုကြောင့် စာကိုယ်၌ "အဇ္ဈောဟရဏကာလေ" ဟု ဆိုသည်။ မျို ဝါးစားသောက် သောအခါဟု ပကတိ ရိုးရာ အားရှိသော အခါကို ဆိုသည်။ ဗဟိဒ္ဓ=အပြင်ဩဇာတို့ကိုအတွင်းရောက်အောင်,အတွင်းဩဇာ တို့ နှင့် ရော စပ်မိ အောင် တနည်း နည်း ဖြင့် ပြုလုပ် ပါ လျှင် အာဟာရဇရုပ်ဖြစ်ပွါးစေနိုင်၏ဟုမှတ်။ ထိုကြောင့် ယခုကာလ အားဆေးစသည် ခန္ဓာကိုယ်မှ ထိုးသွင်း ကြခြင်း၊ ဥါရမှရင်း, နှာခေါင်းမှရင်း, မွေးညှင်းပေါက်များမှရင်း အစာများကိုသွင်း ခြင်းများပြုလုပ်ကြသည်။ အမှန်မှာ မျိုဝါး စားသောက်မည်ဟု လျှာပေါ် တင် လိုက်ရုံမျှ ပါးစပ်တွင်း ထည့်လိုက်ရုံမျှ ဖြင့်ပင် အဋ္ဌကလာပ်ရုပ်တို့ကို ဖြစ်စေတော့သည်။ သွားဖြင့် ကြိတ်ချေ၍ ဝါးမျိုလိုက်သော အခါထမင်း တလုံးတလုံးသည် ရုပ် ၈ မျိုး ၈ မျိုးကို ဖြစ်စေသည်ဟု မဇ္ဈိမ အဋ္ဌကထာ၌ဆိုသည်။

၎င်းဩဇာ အာဟာရ ရုပ်သည်လည်း ဌီသို့ရောက်မှသာအား ရှိသဖြင့် ဌီခဏ၌သာရုပ်တို့ကို ဖြစ်ပွါးစေသည်။ "စိတ်သဘာဝ သည် ဥပ္ပါဒက္ခဏ (ဖြစ်စ)၌ အားရှိ၏။ ဌီ,ဘင် ခဏတို့၌ အား မရှိ။ ရုပ်သဘာဝသည် ဌီခဏ၌ အားရှိ၏။ ဥပါဒ် ဘင် ခဏတို့၌ အားမရှိ" ဟူသော သမ္မောဟ ဝိနောဒနီ ဆရာ၏ စကားကို သတိရှိပါစေ။

---

အကြောင်း ၄ ပါးကြောင့်ဖြစ်သော ရုပ်တို့ကိုကေန်, အနေ ကန်အားဖြင့် ခွဲခြား၍ ပြလိုရကား ဆိုလတ္တံ့သော စကားများကို ဆိုတော်မူ၏။

မူလစာကိုယ်
၃၅ ထိုတွင် ဟဒယရုပ် ၁၊ ဇီဝိန္ဒြိယ ရုပ် ၈၊ ပေါင်း ၉ ပါး တို့သည် ကမ္မဇရုပ် ကေန်ဖြစ်ကုန်၏။

၃၆ ဝိညတ်ခွေးသည် စိတ္တဇရုပ် ကေန်ဖြစ်၏။

၃၇ သဒ္ဒရုပ်သည် စိတ်, ဥတု ၂ ပါး ကြောင့် ဖြစ် ၏။ (အနေကန်)။

၃၈ လဟုတာ,မုဒုတာ,ကမ္မညတာ ၃ ခုပေါင်းသည် စိတ်, ဥတု,အာဟာရ ၃ ပါးတို့ကြောင့်ဖြစ်၏။ (အနေကန်)။

၃၉ အဝိနိဗ္ဘောဂရုပ် ၈၊ အာကာသဓါတ် ၁၊ ပေါင်း ၉ ပါး တို့သည် ကံ, စိတ်, ဥတု, အာဟာရအကြောင်းတရား ၄ ပါးကြောင့် ဖြစ်ကုန်၏။ (အနေကန်)။

၄၀ လက္ခဏာရုပ် ၄ ခုတို့သည်အကြောင်း ၄ ပါးအနက်တခုသော အကြောင်းကြောင့်မျှမဖြစ်လေ။ (နကုတောစိ သမုဋ္ဌာန် ၄ မျိုးဟူလို)။

၄၁ ကမ္မဇရုပ် ၁၈ ပါး၊ စိတ္တဇရုပ် ၁၅ ပါး၊ ဥတုဇရုပ် ၁၃ ပါး၊ အာဟာရဇရုပ် ၁၂ ပါးရှိသည်။

လက္ခဏာရုပ် ၄ ပါးတို့သည် နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲ, ရင့်ဆဲ, သေဆဲ သဘော ဖြစ်သောကြောင့် တမုံတခု သော အကြောင်းတို့ကြောင့် မဖြစ်ပေဟူလို။

အဓိပ္ပါယ်
၃၅-၄၁ ၁။ ကမ္မဇရုပ် ၁၈

**ကေန်=** ဟဒယရုပ် ၁၊ ဇီဝိန္ဒြိယရုပ် ၈၊ ပေါင်း ၉။

**အနေကန်=** အာကာသဓါတ် ၁၊ အဝိနိဗ္ဘောဂရုပ် ၈၊ ပေါင်း၉။

## ၂။ စိတ္တဇရုပ် ၁၅

**ကေန်=** ကာယဝိညတ် ၁၊ ဝစီဝိညတ် ၁၊ ပေါင်း ၂။
**အနေကန်=** အာကာသဓါတ် ၁၊ အဝိနိဗ္ဘောဂ ရုပ် ၈၊ သဒ္ဒရုပ် ၁၊ လဟုတာစသောရုပ် ၃၊ ပေါင်း ၁၃။

## ၃။ ဥတုဇရုပ် ၁၃

**ကေန်=** မရှိ။
**အနေကန်=** စိတ္တဇ အနေကန် ၁၃ ပါးပင်။

## ၄။ အာဟာရဇရုပ် ၁၂

**ကေန်=** မရှိ။
**အနေကန်=** သဒ္ဒရုပ်ကြဉ် စိတ္တဇ အနေကန် ၁၂ ပါး။

## တနည်း

**ကေဇရုပ်=** ဟဒယရုပ် ၁၊ ဣန္ဒြိယ ၈၊ ဝိညတ် ၂၊ ပေါင်း ၁၁။

**ဒွိဇရုပ်=** သဒ္ဒရုပ် ၁။

**တိဇရုပ်=** လဟုတာ, မုဒုတာ, ကမ္မညတာ ပေါင်း ၃။

**စတုဇရုပ်=** အဝိနိဗ္ဘောဂ ၈၊ အာကာသ ၁၊ ပေါင်း ၉။

**နကုတောစိရုပ်=**ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာပေါင်း ၄။

**ရူပသမုဒ္ဒေသနည်းပြီးပြီ။**

## (၄) ရူပကလာပ

ကလာပဟူသည်အပေါင်းဖြစ်၏။ကလာ+အာပ=ကလာပ= အသေးစိတ်တို့၏ အပေါင်း။ ဤ၌ ပထဝီ, အာပေါ် စသော ရုပ်တို့၏ ပေါင်းစုခြင်း, ဖြစ်ပေါ်လာခြင်း၊(ဝါ) ရုပ်တရားတို့၏ ဓါတ်သဘာဝမှ ဥပ္ပါဒ အဖြစ်ရောက်ခြင်းသည်ကလာပဖြစ်၏။ ရုပ်တရားတို့၏ ဓါတ်သဘာဝ အခြေအနေမှ ဥပ္ပါဒ အဖြစ် အကောင်ထည် ပေါ်လာသောအခါ ရုပ်တခုတည်း ဖြစ်ပေါ် လာသည်မဟုတ်၊ သူ့အုပ်စုနှင့် သူ့အုပ်စု ရုပ်အပေါင်းအားဖြင့် ဖြစ်ပေါ်လာသည်။ ထိုသို့ ဖြစ်ပေါ်လာသော ရုပ်အပေါင်းကို ရူပ ကလာပ (ရုပ်ကလာပ်စည်း)ဟုခေါ်သည်။

---

## ၎င်းရုပ်ကလာပ်စည်း၏ လက္ခဏာမှာ ၄ ပါးရှိသည်

၁။ **ဧကုပ္ပါဒ**၊ တခုတည်းဖြစ်ခြင်း၊ (ဝါ) အတူဖြစ်ခြင်း။

၂။ **ဧကနိရောဓ** တခုတည်းချုပ်ခြင်း၊ (ဝါ) အတူချုပ် ခြင်း။

၃။ **ဧကနိဿယ**၊ တခုတည်း၌မှီခြင်း၊ (ဝါ)အတူမှီခြင်း။

၄။ **သဟဝုတ္တိ**၊ အထက်လက္ခဏာ ၃ ပါးနှင့် ညီသော ရုပ်တို့၏ အတူတကွဖြစ်ခြင်း၊ (ဝါ) ဖြစ်, ချုပ်, မှီတူ ရုပ်တို့၏ တလုံးထဲ တစည်းထဲအတူတကွဖြစ်ခြင်း။

## ကေပ္ပါဒနှင့်သဟဝုတ္တိအထူး

၁။ **ကေပ္ပါဒကား**-ရုပ်တရားတို့၏ တပြိုင်နက် အဖြစ် (ဥပါဒ်) တူခြင်းတည်း။

၄။ **သဟဝုတ္တိကား**၊ဖြစ်တူ,ချုပ်တူ,မှီတူ,ရုပ်တို့၏ တလုံးတစည်းတည်း အတူတကွဖြစ်ခြင်းတည်း။

**ပုံပမာ**၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်၏ပဋိသန္ဓေအခိုက် ကလာပ် ၃ စည်း၊ ရုပ် ၃၀ ဖြစ်ရာ၌ ရုပ် ၃၀ လုံး ဖြစ် ချုပ် မှီ တူကြသော်လည်း ရုပ်အားလုံးသည် သဟဝုတ္တိ အတူတကွ ဖြစ်မှု မရှိ၍ ရုပ် ၃၀ လုံးကို ကလာပ်တစည်းတည်း မဖွဲ့ရဘဲ အတူဖြစ်သော ရုပ် ၁၀ ခု-၁၀ ခုကိုသာ ကလာပ်ဖွဲ့၍ ကလာပ် ၃ စည်းဖြစ်လေသည်။ ထိုကြောင့် သဟဝုတ္တိလည်း ကလာပ်လက္ခဏာတွင်ပါဝင်နိုင်ပေသည်။

ထိုလက္ခဏာ ၄ ပါးနှင့် အညီ ဖြစ်ပေါ်လာသော ရုပ်အပေါင်းတို့သည် ၂၁ မျိုးရှိကုန်၏။ ၎င်းတို့မှာ—

| | | | |
|---|---|---|---|
| ၁။ ကမ္မဇကလာပ် | .... ၉ စည်း | | |
| ၂။ စိတ္တဇကလာပ် | .... ၆ စည်း | ကလာပ် | |
| ၃။ ဥတုဇကလာပ် | .... ၄ စည်း | ၂၁ စည်း။ | |
| ၄။ အာဟာရဇကလာပ် | ၂ စည်း | | |

ကမ္မဇကလာပ် ၉ မျိုးဟူသည် ကံကြောင့် ဖြစ်သော ရုပ် ၁၈ ခုတို့၏ ဖြစ်ထိုက်သည်အားလျော်စွာ စုပေါင်း၍ ဖြစ်ပေါ်လာခြင်း ၉ မျိုးဖြစ်လေသည်။

## ကမ္မဇကလာပ် ၉ မျိုးမှာ

| | | | |
|---|---|---|---|
| ၁။ စက္ခုဒသက | ကလာပ်=အဝိနိဗ္ဘောဂရုပ် ၈, ဇီဝိတ, စက္ခု | | |
| ၂။ သောတဒသက | ။ | ။ | ။ သောတ |
| ၃။ ဃာနဒသက | ။ | ။ | ။ ဃာန |
| ၄။ ဇိဝှါဒသက | ။ | ။ | ။ ဇိဝှါ |
| ၅။ ကာယဒသက | ။ | ။ | ။ ကာယ |
| ၆။ ဣတ္ထိဘာဝဒသက | ။ | ။ | ။ ဣတ္ထိဘာဝ |
| ၇။ ပုမ္ဘာဝဒသက | ။ | ။ | ။ ပုမ္ဘာဝ |
| ၈။ ဝတ္ထုဒသက | ။ | ။ | ။ ဟဒယ ဝတ္ထု |
| ၉။ ဇီဝိတနဝက | ။ | ။ | ဇီဝိတ × |

ဤသို့ ရုပ် ၁၀ ခု ပေါင်းစု ဖြစ်ပေါ်သော ကလာပ်စည်း ၈ မျိုး၊ ရုပ် ၉ ခု ပေါင်းစုဖြစ်ပေါ်သော ကလာပ်စည်း ၁ မျိုး ဖြစ်သည်။ ၎င်းကမ္မဇကလာပ်စည်း ၉ မျိုးသည် သက်ရှိသတ္တဝါ သန္တာန်၌သာ ရနိုင်၏။ သက်မဲ့အရာဝတ္ထုများ၌ မရှိစကောင်း, မဖြစ်စကောင်း။

စိတ္တဇကလာပ် ၆ မျိုးဟူသည် စိတ်ကြောင့် ဖြစ်သော ရုပ် ၁၆ ခုတို့၏ ဖြစ်ထိုက်သည်အားလျော်စွာ စုပေါင်း၍ ဖြစ်ပေါ်လာခြင်း ၆ မျိုးဖြစ်လေသည်။

## ၂။ စိတ္တဇကလာပ် ၆ စည်း

| | | | |
|---|---|---|---|
| ၁။ သုဒ္ဓဋ္ဌက ကလာပ်-အဝိနိဗ္ဘောဂရုပ် ၈ ခု၊ | | | |
| ၂။ ကာယဝိညတ္တိနဝက | ။ | ကာယဝိညတ် | ၁= ၉ |
| ၃။ ဝစီဝိညတ္တိဒသက | ။ | ဝစီဝိညတ်, သဒ္ဒ | =၁၀ |
| ၄။ လဟုတာဒိဧကာဒသက | ။ | လဟုတာဒိ | ၃=၁၁ |

| | | |
|---|---|---|
| ၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသက | အဝိနိဗ္ဘောဂရုပ် ၈ ခု။ | လဟုတာဒိ ၃၊ ကာယဝိညတ် ၁=၁၂ |
| ၆။ လဟုတာဒိ ဝစီဝိညတ္တိတေရသက | ။ | လဟုတာဒိ ၃၊ ဝစီဝိညတ်,သဒ္ဒ= ၁၃ |

၁။ **အဋ္ဌကလာပ်**=ဤ ၆ မျိုးတို့တွင် အနည်းဆုံးဖြစ်သော အဋ္ဌကလာပ်သည် အိပ်ပျော်နေသောအခါ, မိန်းမော တွေဝေသောအခါ,နှလုံးမသာယာ၍ရုပ်ညှိုးနွမ်းသောအခါ၌ဖြစ်သည်။

၂။ **ကာယဝိညတ္တိ နဝက ကလာပ်**=သူတပါးသို့ သိစေမှု ကိုယ်အမူအရာ ပါသော ရုပ် ၉ ခု အပေါင်းသည် စိတ်နှလုံး မသာယာခိုက် သွားခြင်း လာခြင်းစသည်ကို လုပ်သောအခါ၌ ဖြစ်၏။

၃။ **ဝစီဝိညတ္တိဒသက ကလာပ်**=သူတပါးသို့ သိစေသော နှုတ်မြွက်သံ ပါသော ရုပ် ၁၀ ခု အပေါင်းသည် စိတ်နှလုံး မသာယာခိုက် ပြောသောစကားသံစသည်၌ဖြစ်၏။

၄။ **လဟုတာဒိ ဧကာဒသက ကလာပ်**=ရုပ်ပေါ့,ရုပ်ပြော့, ရုပ်ခိုင် အခြင်းအရာ ပါသော ရုပ် ၁၁ ခု အပေါင်း သည် ကျန်းမာရွှင်လန်း ဝမ်းမြောက် ဝမ်းသာ ဖြစ်သော အခါ၌ ဖြစ်၏။

၅။ **ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက**= ရုပ်ပေါ့,ရုပ် ပြော့,ရုပ်ခိုင်တို့ဖြင့် သူတပါးကိုသိစေမှုကိုယ်အမူအရာပါသော ရုပ် ၁၂ ခု အပေါင်းသည် ကျန်းမာ ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ သွားလာလှုပ်ရှားသောအခါ၌ ဖြစ်၏။

၆။ **ဝစီဝိညတ္တိလဟုတာဒိဒေသက**=ရုပ်ပေါ့, ရုပ်ပြေ့, ရုပ်နိုင်တို့ဖြင့် သူတပါးကို သိစေသော နှုတ်မြွက်သံပါသော ရုပ် ၁၃ ခု အပေါင်းသည် ကျန်းမာ ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ ပြောဆို ရယ်မောသောအခါတို့၌ဖြစ်၏။

၎င်း စိတ္တဇ ကလာပ် ၆ မျိုးတို့လည်း သက်ရှိ သတ္တဝါတို့၌သာဖြစ်၏။ သက်မဲ့အရာဝတ္ထု မှန်သမျှ၌ မဖြစ်ပေ။

---

ဥတုဇကလာပ် ၄ မျိုး ဟူသည် ဥတုကြောင့်ဖြစ်သော ရုပ် ၁၃ ခု တို့၏ ဖြစ်ထိုက်သည့်အား လျော်စွာစုပေါင်း၍ ဖြစ်ပေါ်လာသော ကလာပ် ၄ မျိုးဖြစ်သည်။

## ၃။ ဥတုဇကလာပ် ၄ စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်=အဝိနိဗ္ဘောဂရုပ် ၈ ခု၊
၂။ သဒ္ဒနဝက ကလာပ် ။ သဒ္ဒရုပ် ၁၊ ပေါင်း ၉၊
၃။ လဟုတာဒိဧကာဒသက ။ လဟုတာဒိ ၃၊ ပေါင်း ၁၁၊
၄။ သဒ္ဒလဟုတာဒိဒွါဒသက ။ သဒ္ဒလဟုတာဒိ ၁၊ ပေါင်း ၁၂၊

ဤ ၄ မျိုးတို့တွင် ရုပ်အနည်းဆုံး အဋ္ဌကလာပ် သည် သက်မဲ့ဝတ္ထု မှန်သမျှတို့၌ဖြစ်၏။ သက်ရှိ သတ္တဝါ တို့၌လည်း ဥတု ဖေါက်ပြန်သောအခါ ဖြစ်သင့်၏။

၂။ သဒ္ဒနဝက ကလာပ်သည် သက်မဲ့ ဝတ္ထုတို့၏ အသံ (မိုးခြိမ်းသံစသည်)တို့၌၎င်း၊ သက်ရှိသတ္တဝါတို့၏ ဝမ်းရုတ်သံ စသည်တို့၌၎င်း ဖြစ်၏။

၃။ လဟုတာဒိကောဒသကကလာပ်သည်သက်ရှိသတ္တဝါ တို့၌ သင့်တင့်သော ဥတုကြောင့် ကျန်းမာ ခန့်ကြမ်း ဖြစ်သော အခါ၌ဖြစ်၏။ သက်မဲ့၌မဖြစ်။

သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်သည် သက်ရှိသတ္တဝါ တို့၌ သင့်တင့်သော ဥတုကြောင့်ဖြစ်သော ဝမ်းရုတ်သံ စသည် တို့၌ ဖြစ်၏။

အာဟာရဇ ကလာပ် ၂ မျိုးဟူသည် အစာ အာဟာရ ကြောင့်ဖြစ်သော ရုပ် ၁၂ ခုတို့၏ဖြစ်ထိုက်သည်အားလျော်စွာ စုပေါင်း၍ ဖြစ်ပေါ်လာသော ကလာပ် ၂ မျိုးဖြစ်သည်။

## ၄။ အာဟာရဇကလာပ် ၂ စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈။ × ×

၂။ လဟုတာဒိ ကောဒသက ။ လဟုတာဒိ ၃၊ ပေါင်း ၁၁။

ထိုတွင် အဋ္ဌက ကလာပ်သည် မသင့် မတင့်သော အစား အစာကို စားသောကြောင့်ကိုယ်ခန္ဓာမကျန်းမမာသောအခါ၌ ဖြစ်၏။

၂။ လဟုတာဒိ ကောဒသက ကလာပ်သည် သင့်တင့် သော အစားအစာကို စားသောကြောင့် ကိုယ်ခန္ဓာ ကျန်း မာရွှင်လန်း ပေါ့ပါးသော အခါ၌ဖြစ်၏။ သက်မဲ့၌မဖြစ်။

ဤသို့ ရုပ်ကလာပ်ပေါင်း ၂၁ မျိုး ရှိလေသည်။ ဤကား သင်္ဂြိုဟ်ပါဠိအတိုင်း သရုပ်ခွဲပြထားခြင်းဖြစ်သည်။

## သဘောအားဖြင့်ရသင့်သည်အားလျော်စွာ ခွဲသော်

၁။ အဋ္ဌက ကလာပ် ၃ မျိုး= စိတ္တဇ, ဥတုဇ, အာဟာရဇ ဖြစ်၏။

၂။ နဝက ကလာပ် ၃ မျိုး= ဇီဝိတ, ကာယ ဝိညတ္တိ, သဒ္ဒ ဖြစ်၏။

၃။ ဒသက ကလာပ် ၉ မျိုး= စက္ခု, သောတ, ဃာန,ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဝတ္ထု, ဝစီဝိညတ္တိဖြစ်၏။

၄။ ကောဒသက ကလာပ် ၃ မျိုး=စိတ္တဇ,ဥတုဇ,အာဟာရဇ ဖြစ်၏။

၅။ ဒွါဒသက ကလာပ် ၂ မျိုး=ကာယ ဝိညတ္တိ လဟုတာဒိ, သဒ္ဒလဟုတာဒိဖြစ်၏။

၆။ တေရသက ကလာပ် ၁ မျိုး= လဟုတာဒိ ဝစီ ဝိညတ္တိ တေရသကဖြစ်၏။

---

မူလစာကိုယ် ၅၀ ကမ္မဇကလာပ် ၉ ပါး, စိတ္တဇကလာပ် ၆ ပါး, ဥတုဇ ကလာပ် ၄ ပါး, အာဟာရဇ ကလာပ် ၂ ပါး, ပေါင်း ကလာပ် ၂၁ ပါးဖြစ်သည်၊ အာကာသဓါတ်နှင့် လက္ခဏာရုပ် ၄ ပါးတို့သည်ရုပ်ကလာပ် ၂၁ ပါးတို့၏ပိုင်းခြားကြောင်း, မှတ်သားကြောင်း ဖြစ်သောကြောင့် ကလာပ် ၂၁ ပါးတွင် မပါ မဝင်ပေ။ ကလာပ်ဖွဲ့ရာတွင် မပါဟူလို။

**အဓိပ္ပါယ် ၅၀** ကမ္မဇကလာပ်စသည်တို့သည်အောက်၌ပြခဲ့ပြီးပြီ။ ရုပ် ၂၈ ပါးအနက်နိပ္ဖန္နရုပ် ၁၈ ခုသာကလာပ် အင်္ဂါနှင့် ကိုက်ညီ၍ ကလာပ်ဖွဲ့ရသည်။ အနိပ္ဖန္န

ရုပ် ၁၀ ခုကား ကလာပ်ဖွဲ့ရာတွင်စင်စစ်မပါဝင်ပေ။သို့ရာတွင် ရှေးပညာရှိများသည် သက်ရှိရုပ်, သက်မဲ့ရုပ်ကွဲပြား သိစေရန် အနိပ္ဖန္နရုပ်များအနက် ဝိကာရရုပ် ၅ ပါးကို ကလာပ်ဖွဲ့ရာတွင် ထည့်သွင်း၍ ဖွဲ့ကြသည်။ ကျန်အနိပ္ဖန္နရုပ် ၅ ခု (အာကာသ, လက္ခဏာ ၄) ကိုကား မဖွဲ့နိုင်ပေ။ အကြောင်းမှာ အာကာသ ဓါတ်သည် ရုပ်ကလာပ်များကို မရောနှောအောင် ပိုင်းခြား ထားသော အကြားရုပ်မျှဖြစ်၍ ကလာပ်၌ မပါဝင်ပေ။ လက္ခဏာရုပ် ၄ ပါးတို့သည်လည်း နိပ္ဖန္နရုပ် ၁၈ ခုတို့၏ဖြစ်ဆဲ, တည်ဆဲ, ချုပ်ဆဲ အမှတ်အသား မျှသာ ဖြစ်သောကြောင့် ကလာပ်၌ မပါဝင်ပေ။ ထိုကြောင့် ကလာပ်ဖွဲ့ရာ၌ ရုပ် ၂၈ ခု အနက် ၂၃ ခုသာပါဝင်သည်မှတ်။

အဋ္ဌကထာဆရာများက ပါဠိတော်ကို ထောက်၍ကမ္မဇရုပ် ၁၈ ပါး၌ ဥပစယသန္တတိ ၂ ပါးကို ပေါင်းထည့်၍ ကမ္မဇရုပ် (၂၀) ဟု ဆိုကြသည်။ ထိုကြောင့် မာတိကာ, ဓါတုကထာ, ယမိုက်, ပဋ္ဌာန်း အရကောက် ကျမ်းစာ တို့၌လည်း ကမ္မဇရုပ် ဝီသ၊ စိတ္တဇရုပ် သတ္တရသ (၁၇)၊ ဥတုဇရုပ် ပန္နရသ (၁၅)၊ အာဟာရဇရုပ် စုဒ္ဒသ (၁၄) ဟု ဆိုတော်မူကြသည်။ သို့ဖြစ် သောကြောင့် ကလာပ်ဖွဲ့ရာ၌ ရုပ် ၂၈ ခုအနက် ၂၅ ခုပါဝင် သည်ဟူ၍လည်း မှတ်သားပါဦး။

**ရူပကလာပ ပြီးပြီ။**

# ၅။ ရူပပဝတ္တိက္ကမ

ဤအခဏ်းသည် ရုပ်ဖြစ်စဉ် ဖြစ်ပုံများကို ရုပ်ဖြစ်ရာ ဌာန ကာမဘုံ, ရူပဘုံ, မဖြစ်သော အရူပဘုံအားဖြင့်၎င်း၊ ထိုဘုံ၌ ပဋိသန္ဓေအခါ, ပဝတ္တိအခါ, စုတိအခါတို့၌၎င်း စ၍ ဖြစ်ပုံ, အဆုံး၌ချုပ်ပုံတို့ကို ဖေါ်ပြထားသည်။

## ထိုတွင် ကာမဘုံ၌ ရုပ်ဖြစ်ပုံဖြစ်စဉ်

**မူလစာကိုယ်** ရုပ် ၂၈ ပါး အားလုံးတို့သည် ကာမ ၁၁ ဘုံ၌ ဖြစ်
**၅၁** ထိုက်သည် အားလျော်စွာ ပဝတ္တိအခါ၌ မယုတ် မလျော့ ဖြစ်ကြကုန်၏။

---

**အဓိပ္ပါယ်** ကာမ ၁၁ ဘုံ၌ ရုပ် ၂၈ ပါးလုံးအကုန် ပဝတ္တိ
**၅၁** အခါ၌ ဖြစ်ကုန်၏။ ပဋိသန္ဓေအခါ, စုတိအခါ ၌ကား အကုန်လုံးမဖြစ်ကုန်၊ နောက်၌တွေ့လတ္တံ့ ထိုက်သည်အား လျော်စွာ ဟူသည် ရုပ် ၂၈ ပါးလုံး အကုန် တစုတည်း ဖြစ်သည် မဟုတ်၊ ယောက်ျား၌ ဣတ္ထိဘာဝရုပ်မရ၊ မိန်းမ၌ ပုရိသဘာဝရုပ် မရနိုင်၊ ရုပ် ၂၇ ပါးစီသာ ရကြ၏။ သူတို့ ၂ ဦး၌ဖြစ်သော ရုပ်ကို ပေါင်းမှသာ ၂၈ ဖြစ်၏။ ယောက်ျား၌ ယောက်ျားနှင့်ထိုက်သည်အားလျော်စွာ၊ မိန်းမ၌ မိန်းမနှင့် ထိုက်သည်အားလျော်စွာ ရကြသည်။ ထိုပြင် ဘာဝ ချို့တဲ့သူ၌ ဘာဝရုပ် ၂ မျိုးမရထိုက်၊ မျက်စိစသည် ချို့တဲ့သူ၌ စက္ခုပသာဒရုပ်စသည်မရထိုက်၊ဤသို့ထိုက်သည်အားလျော်စွာ ဖြစ်သည်ဟူလို။

**မူလစာကိုယ်** ပဋိသန္ဓေ အခါ၌ သံသေဒဇ ဩပပါတိက သတ္တဝါ
၅၂-၅၃ တို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု ဒသက ဟူသော ရုပ်ကလာပ် ၇ ပါးတို့ သည် မချို့သောအခါ အများဆုံးဖြစ်ကြကုန်၏။ ထိုတွင် စက္ခု, သောတ, ဃာန, ဘာဝ ဒသက ကလာပ်တို့သည် တခါတရံ မဖြစ်ဘဲ ရှိကုန်၏။ (ဝါ) ချို့တဲ့နေကြကုန်၏။ ထိုကြောင့် စက္ခု, သောတ, ဃာန ဘာဝ ဒသက ကလာပ်တို့ကို ချို့တဲ့သောကလာပ်တို့ဟူ၍ သိမှတ်အပ်ကုန်၏။

---

**အဓိပ္ပါယ်** ဤ၌ ပဋိသန္ဓေသည် ၄ မျိုးရှိ၏။
**၅၂-၅၃**

၁။ သံသေဒဇ, ပဋိသန္ဓေ။
၂။ အဏ္ဍဇ } ဂဗ္ဘသေယျက။
၃။ ဇလာဗုဇ }
၄။ ဩပပါတိက ပဋိသန္ဓေ။

၎င်း ၄ မျိုးကို မဟာသီဟနာဒ သုတ်၌ ယောနိ ၄ ပါးဟု ဘုရားဟောတော်မူသည်။

၁။ **သံသေဒဇပဋိသန္ဓေ** ဟူသည် မစင်တွင်း, ရေပုတ်, ရွှံ့ပုတ်, အမှိုက်ဆွေးပုတ်, သားပုတ်စသော အပုတ်အစပ်များနှင့် ပဒုမာကြာတိုက်, ဝါးခေါင်း, သစ်ခေါင်း, ပန်းပွင့်, သစ်သီး စသော စိုစွတ် စေးကပ်သော ဌာနများ၌ ဖြစ်သော သတ္တဝါများ၏ ပဋိသန္ဓေဖြစ်သည်။ ၎င်းသတ္တဝါများမှာ ပိုး, လောက်, မှက်, ခြင်, ယင် စသော သတ္တဝါများနှင့် ရှေးအခါက ပဒုမာကြာပန်း၌သန္ဓေတည်သောပဒုမဒေဝီနှင့်၎င်း၏သားတော်များ, ပေါက္ခရသာတိပုဏ္ဏား, ဝါးခေါင်း၌ သန္ဓေတည်သော ဝေဠုဝတီမိဖုရားတို့ဖြစ်ကြ၏။

၂။ **အဏ္ဍဇ ပဋိသန္ဓေ** ဟူသည် ဥခွံတွင်း၌ဖြစ်သော ကြက်, ငှက်စသော သတ္တဝါတို့၏ ပဋိသန္ဓေဖြစ်သည်။ ၎င်းသည် အမိဝမ်းတိုက်၌ ကိန်းရသော ဂဗ္ဘသေယျကဖြစ်၏။

၃။ **ဇလာဗုဇ ပဋိသန္ဓေ** ဟူသည် ရေအိမ် ရေမြွှာခေါ် သားအိမ်၌ဖြစ်သော လူစသော သတ္တဝါတို့၏ ပဋိသန္ဓေ ဖြစ်သည်။ ၎င်းသည်လည်း အမိ ဝမ်းတိုက်၌ ကိန်းရသော ဂဗ္ဘသေယျကပင်ဖြစ်၏။

ထို့ကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေသည် အဏ္ဍဇ, ဇလာဗုဇ ဟူ၍ ၂ မျိုးရှိသည်မှတ်။

၄။ **သြပပါတိက ပဋိသန္ဓေ** ဟူသည် ကောင်းကင်မှ ရုတ်တရက် ကျရောက် လာသကဲ့သို့ ဘွားကနဲ ထင်ရှား ဖြစ်ပေါ် လာသော နတ်ဗြဟ္မာစသော သတ္တဝါတို့၏ ပဋိသန္ဓေဖြစ်၏။ ၎င်းပဋိသန္ဓေသည် နတ်ပြည်, ဗြဟ္မာပြည်, ငရဲပြည် စသည်တို့၌ နတ်, ဗြဟ္မာ, ငရဲသားတို့၌ဖြစ်သည်။ ပဋိသန္ဓေစိတ်နှင့် တပြိုင်နက် အင်္ဂါကြီးငယ် အစုံအလင်နှင့် ပြည့်စုံသော အတ္တဘော ဖြစ်ပေါ်၏။ လူသတ္တဝါများကဲ့သို့ နောက်မှ တဖန် တိုးပွါး ရသည်မဟုတ်။ ယခု လူသတ္တဝါတို့၏ အသက် အရွယ်အား ဖြင့် ၁၅ နှစ်, ၁၆ နှစ် အရွယ်ဖြစ်လာ၏။

ဤကာမ ၁၁ ဘုံရှိ သတ္တဝါတို့၏ စ၍ဖြစ်ပုံ ပဋိသန္ဓေ ၄ ပါး, ယောနိ ၄ ပါးတည်း။ ထို ၄ ပါးကို အမှတ်အသား ထားပြီးမှ ထိုသတ္တဝါတို့၏ပဋိသန္ဓေအခါ၌ရသောရုပ်ကလာပ်, ပဝတ္တိအခါ ဖြစ်သော ရုပ်ကလာပ်, စုတိအခါ ချုပ်သော ရုပ်ကလာပ်များကို မှတ်သားနားလည်လွယ်ပေ၏။

ထိုပဋိသန္ဓေ ၄ မျိုးဖြင့်ပဋိသန္ဓေနေကြသောပုဂ္ဂိုလ်တို့တွင် သံသေဒဇနှင့် ဥပပါတ်ပုဂ္ဂိုလ်တို့အား—

၁။ စက္ခုဒသက ကလာပ် (ရုပ် ၁၀ ပါး)
၂။ သောတ ဒသက ။ ။
၃။ ဃာန ဒသက ။ ။
၄။ ဇိဝှါဒသက ။ ။
၅။ ကာယဒသက ။ ။
၆။ ဘာဝ ဒသက ။ ။
၇။ ဝတ္ထုဒသက ။ ။

ဟူ၍ ကလာပ် ၇ စည်း ရုပ်ပေါင်း ၇၀ တို့သည် ပြည့်စုံစွာ အများဆုံးဖြစ်နိုင်ကြကုန်၏။ ထိုတွင် ဘာဝဒသက ကလာပ်၌ ယောကျ်ားဖြစ်က ပုရိသဘာဝ ဒသက၊ မိန်းမဖြစ်ကဣတ္ထိဘာဝ ဒသက ဖြစ်သည်ဟု ခွဲခြားမှတ်သားပါ။

ဝှင်းကလာပ် ၇ စည်းတို့သည် ချို့တဲ့သောအခါ၌ ၇ စည်း မဖြစ်ကုန်။ ၃ စည်းတို့သာ အမြဲဖြစ်ကုန်၏။ စက္ခု, သောတ, ဃာန, ဘာဝဒသက ကလာပ် ၄ စည်းကား ချို့တဲ့နိုင်သော ကလာပ်တို့ဖြစ်ကုန်၏။ ထို ၄ စည်းအနက် ပဋိသန္ဓေကမျက်စိ ကန်းသူ (ဇစ္စန္ဓ)ပုဂ္ဂိုလ်၌ စက္ခု ဒသက ကလာပ် ချို့တဲ့သဖြင့် ကလာပ် ၆ စည်းသာ ဖြစ်၏။ ပဋိသန္ဓေကနားပင်းသူ (ဇာတိ ဗဓိရ)ပုဂ္ဂိုလ်၌ သောတ ဒသက ကလာပ်ချို့တဲ့သဖြင့် ကလာပ် ၆ စည်းသာဖြစ်၏။ပဋိသန္ဓေကနှာခေါင်းပျက်သူ(ဇစ္စဃာနက) ပုဂ္ဂိုလ်၌ ဃာနဒသက ကလာပ်ချို့တဲ့သဖြင့်ကလာပ် ၆ စည်းသာ ဖြစ်၏။ ဝှင်းဃာန ဒသက ကလာပ် ချို့တဲ့မှုသည် သံသေဒဇ ပုဂ္ဂိုလ်၌သာဖြစ်၏။ ဥပပါတ်ပုဂ္ဂိုလ်၌ ဃာနဒသက ကလာပ်

မချုပ်နိုင်ပေ။ သုဂတိ ဥပပါတ် ပုဂ္ဂိုလ်၌ စက္ခုစသည်လည်း မချုပ်ပေ။ ကမ္ဘာဦးကာလ ဥပပါတ်၌ ဘာဝချုပ်သဖြင့်ကလာပ် ၆ စည်းသာဖြစ်၏။ ဤသို့ ဩမက (ယုတ်လျော့ချုပ်ခြင်း) အားဖြင့် မှတ်အပ်၏။

---

## အချုပ်အားဖြင့်

**ချုပ်နိုင်သောရုပ်ကလာပ်**= စက္ခု, သောတ, ဃာန, ဘာဝ ဒသက ကလာပ် ၄ စည်း။

**ချုပ်နိုင်သောပုဂ္ဂိုလ်** = ဒုဂ္ဂတိ အဟိတ်,သုဂတိအဟိတ်။

**ချုပ်ကောင်းသောပဋိသန္ဓေ**= ဒုဂ္ဂတိ၏ သံသေဒဇ, ဥပပါတ် ဂဗ္ဘသေယျက ၂၊ယောနိ၄ ပါး။ သုဂတိ၏ သံသေဒဇ, ဂဗ္ဘ သေယျက ၂၊ ယောနိ ၃ ပါး။

**မူလစါကိုယ်** ဂဗ္ဘသေယျက (အမိဝမ်းနေ) သတ္တဝါတို့အား ပဋိ
**၅၄-၅၅** သန္ဓေအခါ ကာယဒသက,ဘာဝဒသက,ဝတ္ထုဒသက ကလာပ် ၃ စည်းတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထို ၃ စည်းတို့တွင် ဘာဝဒသက ကလာပ် ၂ ပါးသည် တခါတရံ၌မရပေ။

ထိုနောက် ပဝတ္တိအခါ၌ ကံကြောင့် စက္ခုဒသက စသော ရုပ်ကလာပ်တို့သည်လည်း ထင်ရှားဖြစ်ပေါ်ကုန်၏။

---

**အဓိပ္ပါယ်** ဂဗ္ဘသေယျက သတ္တဝါဟူသည် အမိဝမ်း၌ ကိန်း
**၅၄-၅၅** နေသော သတ္တဝါများ ဖြစ်သည်၊ ၎င်းတို့သည် အောက်၌ ပြခဲ့ပြီးအတိုင်း ဥဒ္ဓံတထပ်ဖြင့် အမိဝမ်း၌ ကိန်းနေရသော အဏ္ဍဇယောနိ, သားအိမ်ဖြင့် အမိ

ဝမ်း၌ ကိန်းရသော ဇလာဗုဇယောနိ ဟူ၍ ၂ မျိုး ရှိသည်။ ထိုကြောင့် အမိဝမ်းမှ တခါမွေး၍ ဥခွံမှ တခါ ပေါက်ရသော ၂ ခါဖြစ်(ဒွိဇ) ကြက်ငှက်မျိုး သတ္တဝါများနှင့် သားအိမ်ခေါ် ရေအိမ်ရေမြွာ၌ဖြစ်၍ မွေးဖွါးသော ခြေလေးချောင်းတိရစ္ဆာန်များ၊ ခြေ ၂ ချောင်း လူစသော သတ္တဝါတို့သည် ဂဗ္ဘသေယျက သတ္တဝါတို့မည်ကုန်၏။

၎င်းသတ္တဝါတို့၏ ပဋိသန္ဓေနေသော အခါ၌ စ၍ဖြစ်သော ရုပ်ကလာပ်များမှာ ကာယဒသက, မိန်းမဖြစ်အံ့ ဣတ္ထိဘာဝ ဒသက, ယောကျာ်းဖြစ်အံ့ ပုမ္ဘာဝဒသက, ဝတ္ထုဒသက ဤ ကလာပ် ၃ စည်း၊ ရုပ် ၃၀ တို့သည် ဖြစ်ကုန်၏။ ထိုတွင် နပုံ ပဏ္ဍုက် ဖြစ်အံ့ ဘာဝဒသကလာပ် ချို့တဲ့သည်။ ထိုကြောင့် ''တခါတရံ၌မရပေ'' ဟု စာကိုယ်၌ ဆိုသည်။ ထိုနောက်—

(၇၇) ရက် တဆဲ့တသတ္တာဟ ရက်သတ္တပါတ် ၁၁ ပါတ် ရောက်သော အခါကို ပဝတ္တိအခါ ဟူ၍ ခေါ်ဆိုအပ်၏။ ထို ပဝတ္တိအချိန်အခါ၌ သတ္တဝါ၏ ကံကြောင့် စက္ခုဒသက (မျက်စိ ရုပ်စု)၊ သောတဒသက (နားအကြည် ရုပ်စု)၊ ဃာနဒသက (နှာခေါင်း အကြည်ရုပ်စု)၊ ဇိဝှါဒသက (လျှာအကြည်ရုပ်စု) တို့သည် တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။ တခုပြီးမှ တခု အစဉ် အတိုင်းဖြစ်ပေါ်သည်မဟုတ် အသေအချာမှတ်ပါ။

သတ္တဝါစဖြစ်ပုံကို အဘိဓမ္မာကျမ်းများ အလိုနှင့် သံယုတ် စသော သုတ္တန်များ၌ ဟောတော်မူပုံကို အကျယ်ချဲ့၍ပြဦးအံ့။

## ပဋိသန္ဓေတည်နေပုံ

တဘဝ၌ သတ္တဝါ စဖြစ်ပုံကို ပဋိသန္ဓေ ဟု ခေါ်ကြသည်၊ ယောနိ ၄ မျိုးအနက် ဂဗ္ဘသေယျက ခေါ် အဏ္ဍဇယောနိနှင့်

ဇလာဗုဇယောနိ ၂ မျိုးသာ ဤပြဆိုလတ္တံ့သော ပဋိသန္ဓေ နေပုံနှင့် စပ်ဆိုင်သည်။

## ပဋိသန္ဓေတည်နေခြင်း အကြောင်း ၃ ပါး

တိဏ္ဏံခေါပန ဘိက္ခဝေ သန္နိပါတာ ဂဗ္ဘဿဝက္ကန္တိ ဟောတိ စသည်ဖြင့် မူလပဏ္ဏာသ ပါဠိတော် မဟာတဏှာသင်္ခယသုတ်၌ ဟောတော်မူသည်အတိုင်း—

၁။ အမိ ဥတုလာပြီးစ ၇ ရက်အတွင်း ဖြစ်ခြင်း။

၂။ အမိဝမ်း၌ ဖြစ်လတ္တံ့သော သတ္တဝါရှေးရှုတည်ခြင်း။

၃။ မိဘ ၂ ပါးတို့၏ စုဝေးပေါင်းဆုံခြင်း၊(ဝါ) ရာဂစိတ်ကို တစုံတခုဖြင့် ဖြစ်စေခြင်း၊ ဤအကြောင်း ၃ ပါး ညီညွတ်က ပဋိသန္ဓေတည်၏။

ထို ၃ ပါးတွင် ဖြစ်ဘို့ရာ သတ္တဝါ ရှေးရှုတည်ခြင်းသည် ပဓါနဖြစ်၏။ ယခုလက်တွေ့အားဖြင့်လည်း သိနိုင်ခဲ၏။ အခြားအင်္ဂါ ၂ ပါးကား လက်တွေ့ မျက်မြင် ဖြစ်နိုင်၏။ ၃ နံပါတ် အင်္ဂါ ''မိဘ ၂ ပါးတို့၏ စုဝေး ပေါင်းခြင်း''ဟု ဆိုသည်မှာ များသောအားဖြင့် လောက ဖြစ်ရိုးဓမ္မတာကိုသာပြဆိုထား၏။ အမှန်မှာ အမိ ရာဂစိတ် ဖြစ်ရန် တစုံတခု ပြုလုပ်ခြင်းကို ပြဆိုလို၏။ ပေါင်းဘော်မှီဝဲမှ မဟုတ်ပေ။ ထို့ကြောင့် ရှေးက ဇာတ်တော်များ၌ သုဝဏ္ဏသာမ သတို့သား၊ မဏ္ဍဗျ သတို့သားတို့၏ အမိ၏ချက်ကို အဘက လက်ဖြင့် သုံးသပ်ရုံ မျှဖြင့် သတို့သားများကို သန္ဓေတည်လေသည်။ ဤနည်းဖြင့် သန္ဓေတည်ခြင်းသည် ရာဇဝင် မဟာဝင်တို့၌ များစွာရှိ၏။ ဖျိုင်းအောက်မများသည်

မိုးသံဖြင့် သန္ဓေတည်ကြ၏။ ထိုကြောင့် မေထုနသံဝါသမှ ပြုမှ မဟုတ် အဓိရာဂစိတ် ဖြစ်အောင် တခုခုဖြင့် ပြုလုပ်က သန္ဓေ တည်နိုင်သည်ဟုမှတ်။

ဤပြဆိုခဲ့သော အင်္ဂါ ၃ ပါး ညီညွတ်၍ သန္ဓေတည်သော ဂဗ္ဘသေယျက သတ္တဝါသည် အမိဝမ်း၌ သားအိမ် တွင်းဝယ် မိဘ ၂ ပါး၏ သုတ်သွေးကို အမှီပြု၍ ကာယဒသက ကလာပ် တစည်း, ဝတ္ထုဒသက ကလာပ်တစည်း, ယောကျာ်း ဖြစ်အံ့ ပုမ္ဘာဝဒသက ကလာပ်တစည်း, မိန်းမ ဖြစ်အံ့ ဣတ္ထိဘာဝ ဒသက ကလာပ်တစည်း၊ဤကလာပ် ၃ စည်းအားဖြင့်ပဋိသန္ဓေ တည်နေ၏။ နပုံပဏ္ဍုက်ဖြစ်အံ့ ဘာဝဒသက ကလာပ်တစည်း မျှ မပါသောကြောင့် ကာယဒသက, ဝတ္ထုဒသက ကလာပ် ၂ စည်းအားဖြင့် ပဋိသန္ဓေ တည်နေ၏။

ဤ ကလာပ် ၃ စည်း၊ ရုပ်ပေါင်း ၃၀ ကို လောကအခေါ် အဝေါ်အားဖြင့် ကလလရေကြည်ဟု ခေါ်သည်။ ထို ကလလ ရေကြည်ခေါ် ကလာပ် ၃ စည်း၊ ရုပ် ၃၀ တို့သည် ထိုသတ္တဝါ ၏ ကံကြောင့် ဖြစ်ပေါ်လာသော ရုပ်များဖြစ်၏။ မိဘတို့၏ သုတ်သွေးကား ကမ္မဇရုပ် မဟုတ်၊ ရာဂစိတ်ကြောင့် ဖြစ်ပေါ် လာသော စိတ္တပစ္စယ ဥတုဇရုပ်များဖြစ်ကြ၏။ ထိုကြောင့် မိဘ တို့၏ သုတ်သွေးသည် ကလလရေကြည် မဟုတ်ပေ။ ကလလ ရေကြည်၏ တည်ရာသာဖြစ်၏။ ထိုသတ္တဝါ၏ ကံကြောင့် ပဋိ သန္ဓေစိတ်ခေါ် နာမ်တရားနှင့်တပြိုင်နက် အတူတကွ ဖြစ်ပေါ် လာသောကလာပ် ၃ စည်း၊ ရုပ် ၃၀ တို့၏ ကလလ ရေကြည် သည် သတ္တဝါ၏အစဆုံး ခန္ဓာကိုယ် အတုံးအခဲကလေး ဖြစ်၏။

ထို ကလလ ရေကြည်၏ ပမာဏမှာ ကျမ်းဂန်တို့၌ အဆို အမျိုးမျိုးရှိ၏။ ယင်ငယ်တကောင်တခါသောက်အရည်မျှလောက် ရှိ၏။ ထိုပြင် အပ်ဖျားကို ဆီ၌စိုက်၍ စောက်ထိုးထားရာအပ်ဖျား၌ ပါလာသောဆီပေါက်လောက်ရှိ၏။ ထိုမှတပါးမြောက်ကျွန်းသူ ဆံပင်ဖျား၌ ကပ်ပါသော ဆီပေါက်လောက် ရှိ၏ စသည်ဖြင့် ဝိဘင်းအဋ္ဌကထာ၌ ဆိုသည်။ သံယုတ်အဋ္ဌကထာ၌ကား ဇာတိ ဥဏ္ဏမည်သောသားကောင်၏ နူးညံ့သော အမွေးဖျား၌ ပါလာ သော ဆီပေါက်လုံးကလေးမျှရှိသည်ဟုဆိုသည်။

လယ်တီဆရာတော်ကြီးကား ကျန်းဂန်တို့၌ အမျိုးမျိုးဆိုကြ သော၍ကလလရေကြည်၏ပမာဏများသည်အတန်ငယ်ကြီးရင့် ၍လာသော ကလလရေကြည်ကိုသာ ရည်ရွယ်၍ ဆိုကြပေသည်။ ပဋိသန္ဓေ အခိုက်၌ ဖြစ်သော ကလာပ် ၃ စည်း၊ ရုပ် ၃၀ ဖြစ် သော ကလလ ရေကြည်သည်ကားမျက်စိဖြင့်မြင်လောက်သော အဆင်းသဏ္ဌာန်မရှိ၊ ပရမာ ဏုမြူထက် သေးငယ်ကောင်း သေး ငယ်ရာ၏ဟု ဆိုတော်မူ၏။

ယောအတွင်းဝန် ဦးလှိုင်ကား သန်းဦးခေါင်း သုံးလုံးမျှ လောက်ရှိသည်ဟု တထစ်ချဆိုသည်၊ သူ၏ အထောက်အထား မှာ ရှင်သာရိပုတ္တရာ ထေရ်သည် စက္ခု၊ ဒသက ကလာပ်၏ ပမာဏကို သန်းဦးခေါင်းမျှ ရှိသည်ဟု ဟောတော်မူသည်ကို ထောက်ထား၍၊ ရုပ်ကလာပ်မှန်သမျှတို့၏ ဒြပ်သဏ္ဌာန်ပမာဏ မှာလည်း ပထဝီဓါတ်နှင့် ရူပါရုံ ရုပ်များသာ ရထိုက် သဖြင့် ၍ကလာပ် ၃ စည်း၌လည်း ပထဝီ နှင့် ရူပါရုံ၏ ဒြပ်သဏ္ဌာန် ပမာဏ သာ ဖြစ်ရကား ကလာပ် ၃ စည်းဖြစ်၍ သန်းဦးခေါင်း ၃ လုံးခန့်ဟု ဆိုလေသည်။

ထိုကလလ ရေကြည်မှစ၍ ၉ လ, ၁၀ လ မွေးဖွားသည် အထိဖြစ်ပုံကား—

ပဌမံကလလံဟောတိ၊
ကလလာ ဟောတိအဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊
ပေသိယာ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊
ကေသာ လောမာ နခါပိစ။ ။

[ယက္ခသံယုတ်ပါဠိတော်။]

## မြန်မာပြန်

ပထမ ၇ ရက် ကလလ ရေကြည် ဖြစ်၏။ ထိုနောက် ဒုတိယ ၇ ရက် အဗ္ဗုဒ၊ အမြှုတ်ဖြစ်၏။ ထိုနောက် တတိယ ၇ ရက် ပေသိ၊ သားတစ်ပြော့ ဖြစ်၏။ ထိုနောက် စတုတ္ထ ၇ ရက် ဃန၊ သားတစ်မာခဲ ဖြစ်၏။ ထိုနောက် ပဉ္စမ ၇ ရက် ပသာခ၊ ခက်မငါးဖြာ ဖြစ်၏။ ထိုနောက် ၄၂ ကြိမ်မြောက် ရက်သတ္တပါတ်၌ ဆံပင်မွေးညှင်းစသည်တို့ သည်ဖြစ်ကုန်၏။

ဤဂါထာ၏ အဓိပ္ပါယ်မှာ အစပိုင်းနှင့် အဆုံးကိုဖေါ်ပြ၍ အလယ်ပိုင်းကို မြှုတ်ထားသည်။ ကလလ ရေကြည် ၇ ရက်၊ အမြှုတ် ၇ ရက်၊ သားတစ်ပြော့ ၇ ရက်၊ သားတစ်မာခဲ ၇ ရက်၊ ခြေ ၂ ချောင်း၊လက် ၂ ဘက်၊ ဦးခေါင်း၊ခက်မ(အဖု) ၅ ခုဖြစ်=၇ရက်၊ ပေါင်းရက်ပေါင်း ၃၅ ရက်၊ ထိုနောက် ကောဒသမသတ္တာဟ ၇ ရက် ၁၁ ပါတ်၊ [ရက်ပေါင်း (၇၇)

ရက်၊ ၂ လနှင့် ၁၇ ရက်] ရှိသောအခါ မျက်စိ, နား, နှာ, လျှာ, အကြည်ဓါတ် ရုပ်တို့သည် ဖြစ်ကုန်၏။ ထိုနောက်ရင့်ကျက်၍ ၄၂ သတ္တာဟ ၇ ရက်၊ ၄၂ ပါတ်(ရက်ပေါင်း ၂၉၄ ရက်၊ ၉ လကျော်ကျော်)ရှိသောအခါ ဆံပင်,မွေးညှင်း, လက်သီး,ခြေသီးတို့သည် ပြည့်စုံကုန်၏။ ဤ၌ ၇ ရက် ၄၂ ပတ်ဆိုထားသည်မှာ ရင့်ကျက်နိုင်ဆုံးအချိန်ကိုရည်ရွယ်၍ အဋ္ဌကထာဆိုသည်ဖြစ်ရာ၏။အချို့ ၇ လမွေးကလေးတို့၌ ဆံပင်,မွေးညှင်း စုံလင်နေပြီဖြစ်သောကြောင့် စောစောရက်တို့၌လည်းဖြစ်နိုင်သည်ဟု ယူဆရမည်။

ဤသို့ ဖြစ်စဉ်အတိုင်းရင့်ကျက်ကြီးထွားနေသော ဝမ်းတွင်းအောင်းသတ္တဝါကလေး၌ ကံ,စိတ်,ဥတု,အာဟာရအကြောင်းတရား ၄ ပါးကြောင့် ဖြစ်သော ရုပ်ကားများ၍၊ ပျက်သောရုပ်ကနည်းသဖြင့် ကြီးထွားတိုးပွားလာလေသည်။ထိုအပြင်အမိ၏အာဟာရကလည်း အလွန် ထောက်ပံ့ လေသည်။ အဘယ်သို့နည်းဆိုသော် ထိုသူငယ်ဝမ်းဘိုက်ချက်ကြိုးသည်အချင်းနှင့်ဆက်စပ် သဖြင့် ထိုအချင်းသည်လည်း အမိ၏ အစာသစ်အိမ်အောက်စ၌ မျော့တွယ်သကဲ့သို့ တွယ်ကပ်လျက်ရှိသဖြင့် အမိ စားသမျှအရည်,အဖတ် အစာတို့မှ အဆီဩဇာတို့သည် သူငယ်၏ ဝမ်းတွင်းသို့ ဝင်စေလျက် များစွာသော အာဟာရဇ ရုပ်တို့ကိုဖြစ်စေ၏။ ထို့ကြောင့် သားသူငယ်သည် ကြီးထွားလာရသည်။ ထိုနောက် ၇ လနှင့် သော်၎င်း၊ ၈ လနှင့်သော်၎င်း၊ ၉ လနှင့်သော်၎င်း၊ ၁၀ လ ရောက်မှသော်၎င်းဘွားမြင်လေ၏။ ထိုတွင် ၇ လနှင့် မွေးဘွားသော သူငယ်သည် အသက် ရှင်တတ်၏။ ၈ လနှင့် မွေးဘွားသော သူငယ်သည်အသက်မရှင်တတ်။၉လ,

၁၀ လ မွေးဘွားသော သူငယ်အသက်ရှင်တတ်သည်ဟု သုတ်မဟာဝါ အဋ္ဌကထာ၌ ဆိုကြလေသည်။ ဤကား ပဋိသန္ဓေနေပုံ အကျဉ်းတည်း။

---

## ရုပ် ၄ ပါးတို့ စ၍ဖြစ်ပုံ

**မူလစာကိုယ် ၅၆** ဤသို့လျှင် ပဋိသန္ဓေစိတ်၏ ဥပါဒ် (ဖြစ်စ)ကို အစပြု၍ ကမ္မဇရုပ် ၁၈ ပါးတို့သည်၎င်း၊

ဒုတိယစိတ် (ဘဝင်စိတ်) ကို အစပြု၍ စိတ္တဇရုပ် ၁၅ ပါးတို့သည်၎င်း၊ ပဋိသန္ဓေစိတ်၏ ဌီကာလကို အစပြု၍ ဥတုဇရုပ် ၁၃ ပါးတို့သည်၎င်း၊ ဩဇာ ပြန့်နှံ့သော အခါကို အစပြု၍ အာဟာရဇရုပ် ၁၂ ခုတို့သည်၎င်း၊ ၄ ပါးသော အကြောင်းကြောင့် ဖြစ်သော ဤရုပ်အစဉ်သည်ကာမဘုံ၌ ဆီမီးလျှံကဲ့သို့၎င်း၊မြစ်ရေအလျှင်ကဲ့သို့၎င်း အသက်ထက်ဆုံး မပြတ်ဖြစ်၏။

---

**အဓိပ္ပါယ် ၅၆** အထက်ပဋိသန္ဓေနေပုံအကြောင်း၌ပြခဲ့သည့်အတိုင်း ပဋိသန္ဓေစိတ်နှင့် ကံကြောင့်ဖြစ်သော ရုပ်ကလာပ် ၃ စည်းတို့သည် အတူတပြိုင်နက် ဖြစ်ပေါ်ကုန်၏။ ထိုပဋိသန္ဓေစိတ်၏ ဥပါဒ် (ဖြစ်စ) မှစ၍ ကံကြောင့် ဖြစ်သော ရုပ်တို့သည် နောက်နောက်စိတ်တို့၏ဥပါဒ်, ဌီ, ဘင် ခဏငယ်တိုင်း,ခဏငယ်တိုင်း၌ဖြစ်ကုန်၏။မသေမီစိတ် ၁၇ ချက်လောက်မှ အဖြစ်ရပ်၏။

**စိတ္တဇရုပ်၊** စိတ်ကြောင့် ဖြစ်သော ရုပ် ၁၅ ပါး တို့သည် ဒုတိယစိတ် (ပဋိသန္ဓေစိတ်သည် တဘဝ၌ ပထမစိတ်၊ ဘဝင်စိတ်သည် ဒုတိယစိတ်)၏ ဥပါဒ် (ဖြစ်စ)မှစ၍ နောက်နောက်စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း၌ဖြစ်၏။ သေသော စုတိစိတ်၏ ဥပါဒ်အထိ ဖြစ်လေသည်။

**ဥတုဇရုပ်၊** အအေးအပူ ဥတုကြောင့်ဖြစ်သောရုပ် ၁၃ ပါး တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ နောက်နောက်၌လည်း ဌီခဏသို့ ရောက်တိုင်း ရောက်တိုင်း ဖြစ်၏။ သေပြီးနောက် အကောင်ပုတ်သည်အထိ အရိုးမါတ်မပျောက်မချင်း ဖြစ်သည်။

**အာဟာရဇရုပ်၊**အစားအစာကြောင့်ဖြစ်သောရုပ် ၁၂ ပါး တို့သည် ဩဇာပြန့်နှံ့သောအခါမှစ၍ နောက်နောင်ဆက်လက် ဖြစ်၏။ ဩဇာပြန့်နှံ့သောအခါဆိုသည်မှာ ပဋိသန္ဓေ နေသော သတ္တဝါကလေး၌ ချက်ကြိုးနှင့်အချင်း၊ အချင်းနှင့် အမိ၏အစာ အိမ် ဆက်စပ်သဖြင့် အမိစားသော အစာအာဟာရမှ အဆီ ဩဇာဓါတ် တို့သည် သားသန္ဓေ၏ ကိုယ်၌ ပြန့်နှံ့လေ၏။ ထို အခါသည် ဩဇာ ပြန့်နှံ့သောအခါ ဖြစ်၏။ ထိုကြောင့် ယက္ခ သံယုတ်မှာပင်—

ယဉ္စဿ ဘုဉ္ဇတိ မာတာ၊
အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊
မာတု ကုစ္ဆိဂတော နရော။ ။ဟု ဆို၏။

ထို သား သန္ဓေ၏ အမိသည် အကြင် ထမင်း အဖျော် ဘောဇဉ်ကိုစား၏။ ထို အမိစားသော ထမင်းအဖျော်ဖြင့် အမိ ဝမ်းတိုက်၌ ကိန်းသော သား သန္ဓေသည် ထို ဝမ်းတိုက်ဝယ် မျှတလျက်နေ၏။ (ဂါထာ မြန်မာပြန်။)

ခန္ဓဝိဘင်း အဋ္ဌကထာ၌ကား သေးငယ်နုနယ်လှသေးသော ကလလ ရေကြည် အခိုက် ၇ ရက် အတွင်းမှာ အမိ၏ အဆီ ဩဇာသည် ကြမ်းတမ်း၍ နုနယ်သော ကလလ ရေကြည်၌

မပြန့်နှံ့နိုင်သေး။ ၇ ရက် ၂ ပါတ်လောက် ကြာမှ ပြန့်နှံ့နိုင်၏။ သို့ရာတွင် တထစ်ချ မဟုတ်ပေ။ ၇ ရက် ၂ ပါတ်လောက်မှ ဖြစ်စေ၊ အမိဩဇာ ပြန့်နှံ့သောအခါ၌ အာဟာရဇ ရုပ်ကို ဖြစ်စေသည်ဟု ဆိုလေသည်။ ထိုကြောင့် မူလစာကိုယ်၌ပင် မည်သည့်အခါဟု မသတ်မှတ်ဘဲ "ဩဇာပြန့်နှံ့ရာ ကာလ"ဟု ဆိုခဲ့သည်။

ဤ ၄ ပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်တို့၏ ဖြစ်စဉ်သည် ဖြစ်စဉ်အမြဲမပြတ်တလစပ်ဖြစ်နေလေသည်။ဥပမာ မီးတောက် မီးလျှံသည် အကြောင်းဖြစ်သော ဆီ မီးစာ မကုန်သမျှ ဆက်လက် တောက်နေ၏။ ပဌမ ဆီနှင့် မီးစာကြောင့် ပဌမမီးဖြစ်၍ ပျက်သွား၏။ဒုတိယ ဆီနှင့်မီးစာကြောင့် ဒုတိယ မီးတောက် ဆက်ဖြစ်၍ပျက်သွား၏။ ဤအတူ တတိယ စတုတ္ထစသည် သူ့ဆီမီးနှင့် သူ့မီးတောက် အစဉ်အဆက် မပြတ် ဖြစ်ပျက်နေသဖြင့် မီးတောက် တခုတည်း တည်နေသလို မြင်ရသူ သန္တာန်မှာ ထင်ရ၏၊ အမှန်မှာ တခြားစီ ဖြစ်၏။ ဥပမာ တမျိုးမှာ မြစ်ရေ အလျှင်သည် ကမ်းပါးပေါ်မှ ရပ်ကြည့်သူ၌ မူလရေသည် တည်နေသည်ဟု ထင်ရ၏။ အမှန်မှာ အထက်မှ စီးသောရေသည် အောက်သို့စီးသွား၏။ နောက်ထပ်အထက်မှ ရေသည် ဤနေရာသို့စီးလာ၍ တဖန် အောက်သို့စီးသွားပြန်၏။ ထိုနောက် အထက်ထက်မှ ရေက အောက်သို့ အဆက်မပြတ် တလစပ် စီးသွားနေခြင်းဖြစ်၏၊မူလရေ တည်နေခြင်းမဟုတ်ပေ။ ဤဥပမာများ အတူ ရှေ့ရုပ်ဖြစ်၍ ချုပ်သွား၏။ နောက်ရုပ် ထပ်ဖြစ်၏။ ဤသို့ ရှေ့ရုပ် ဖြစ်, ချုပ်၍ နောက်ရုပ် ဖြစ်ခြင်းဖြင့် အဆက်မပြတ်တလစပ် ရုပ် ၄ ပါးတို့ ဖြစ်ပျက်နေသော အစဉ်

သန္တတိကို ဖြစ်သဏ္ဍာန် အတုံးအခဲတည်နေသည်ဟု ယခုလူတို့ ထင်မှတ်လျက်ရှိနေကြသည်။ အသက်သေသည် အထိ အဆက်မပြတ် တလစပ် ဖြစ်နေသဖြင့် သေ၍ အကောင်ပုတ် ဖြစ်မှသာ ပျက်စီးသည် ဟု ထင်မှတ်လျက် ရှိနေကြပေသည်။

---

## ရုပ် ၄ ပါးတို့နောက်ဆုံးချုပ်ပုံ

**မူလဝကိုယ် ၅၇-၅၉** ကမ္မဇရုပ် ၁၈ ပါးတို့သည် သေခါနီး (မသေမီ) စုတိစိတ်အထက် ၁၇ ချက်မြောက် စိတ်၏ ဌီခဏမှစ၍ မဖြစ်တော့ပေ။ ထို ၁၇ ချက်မြောက် စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့် အတူတကွသာ ချုပ်ကြကုန်၏။

စိတ္တဇရုပ်, အာဟာရဇ ရုပ်တို့သည်လည်း ထိုစုတိစိတ် နောက်၌ ပြတ်စဲ၏။

ဥတုဇရုပ်သည်သေပြီးနောက်အကောင်ပုတ်ဖြစ်သည်အထိ အဆက်ဆက်ဖြစ်ကုန်၏။ ဥတုဇရုပ် တခုချုပ်, တခုဆက်ဖြစ်၍ မချုပ်ဟူလို။

---

**အဓိပ္ပါယ် ၅၇-၅၉** ကမ္မဇရုပ် ၁၈ ပါးတို့သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကြကုန်၏။ စုတိစိတ်ချုပ်သည်နှင့် တပြိုင်နက် ချုပ်ကြကုန်၏ ဟူလို။ ရုပ်သက်သည် စိတ္တက္ခဏ ၁၇ ချက်ခန့် အသက် ရှိသောကြောင့် စုတိစိတ်နှင့် တပြိုင်နက် အတူချုပ်ရန် စုတိစိတ်မရောက်မီ ၁၇ ချက်မြောက် စိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ် အသစ်အသစ်တို့ မဖြစ်ဘဲ အဖြစ် ရပ်ကြတော့သည်။ အကယ်၍ ကမ္မဇရုပ်သစ် အဖြစ် မရပ်ခဲ့သေးမူ စုတိစိတ် မကျသေးပေ။ ကမ္မဇရုပ် အသစ် အသစ် အဖြစ် ရပ်စဲတော့မှ ၁၇ ချက်မြောက်စိတ်၏ ဥပါဒ်၌ ဖြစ်သော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် ပြိုင်၍ချုပ်ကြကုန်သည်။

## ဤနေရာ၌-

၁။ **အာယု**၊ အသက်ခေါ် ကံကြောင့် ဖြစ်သော ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ။

၂။ **ဥသ္မာ**၊ ကမ္မဇတေဇောခေါ် ကိုယ်ငွေ့ဓါတ်။

၃။ **ဝိညာဏ**၊ ဝိပါက်ဝိညာဏ် စုတိစိတ်။ ။ဤတရား ၃ ပါး တပြိုင်နက် ချုပ်သည် ရှိသော် သတ္တဝါသည် သေသည်ဟု လောက၌ ခေါ်ဝေါ်ပြောဆိုကြသည်။

စိတ္တဇရုပ်နှင့် အာဟာရဇရုပ်တို့သည် စုတိ စိတ်နောက်၊ (ဝါ) သေပြီးနောက် စိတ္တက္ခဏ ၁၆ ချက်ခန့်လောက် ကြာမှ ချုပ်ပျက်ကြ၏။

ဥတုဇရုပ်သည် သံသေဒဇ, ဂဗ္ဘသေယျက သတ္တဝါတို့ သဏ္ဍာန်၌ဖြစ်က သေပြီး၍ အကောင်ပုတ်ဖြစ်သည် တိုင်အောင် ကြွင်းကျန်ကုန်၏။ သတ္တဝါအခေါ် ကင်းပျောက်၍ မြေကြီးစာ ဖြစ်၍ ကမ္ဘာပျက်သည်အထိမြေကြီး ဥတုဇရုပ်အဖြစ်ဖြင့် ဆက်လက်၍ ဖြစ်ကုန်၏။ ဥပပါတ် သတ္တဝါတို့၏ သဏ္ဍာန်၌ ဖြစ်က စုတိစိတ်နှင့်တပြိုင်နက် ဥတုဇရုပ်ကလာပ်ကြီးပါမီးတောက်ငြိမ်း သွားသလို ဟုတ်ကနဲ ရုတ်တရက် လျှပ်တပျက် မျက်တောင် တခတ်အတွင်း အကုန်လုံး ချုပ်ငြိမ်းကုန်၏။ လူသတ္တဝါများ ကဲ့သို့ အသုဘ အခလောင်းကောင်မသာပို သင်္ဂြိုဟ်စရာ မလို တော့ချေ။ ဤကား ရုပ် ၄ မျိုးတို့၏ တဘဝအတွက် နောက်ဆုံး ချုပ်ပျက်ပုံများတည်း။

ဤသို့ သေကြကုန်သော သတ္တဝါတို့အား နောက်ထပ် တဖန်ဘဝသစ်ဘခု၌ ပဋိသန္ဓေစိတ်ဖြစ်၏၊ (ဝါ) ပဋိသန္ဓေနေ ရ၏။ထိုပဋိသန္ဓေ၏ဥပါဒ်(ဖြစ်စ)ကိုအစပြု၍ ကမ္မဇရုပ်,ပထမ

ဘဝင်စိတ်၏ ဥပါဒ်(ဖြစ်စ)ကို အစပြု၍ စိတ္တဇရုပ်,ပဋိသန္ဓေ၏ ဌီခဏမှစ၍ ဥတုဇရုပ်, အဆီဩဇာ ပြန့်နှံ့ရာ ကာလမှစ၍ အာဟာရဇရုပ်၊ ဤ ၄ ပါးတို့သည် ရှေ့ဘဝနည်းတူ ဖြစ်ကြ ချုပ်ကြကုန်သည်သာလျှင်တည်း။

ဤသို့ ရုပ်ဖြစ်စဉ် ဖြစ်တန်းသည်လည်း တသံသရာလုံးပြတ် သည်မရှိပေ။ နာမ် ဖြစ်စဉ် လည်း မပြတ်, ရုပ်ဖြစ်စဉ် လည်း မပြတ်လျှင် သတ္တဝါ သေသည်ဟုအဘယ့်ကြောင့် ဖြစ်ရသနည်း ဆိုသော်၊ ဘဝ တခု၌ အကြောင်း ၄ ပါးကြောင့် ဖြစ်ပေါ် နေသောရုပ်တို့သည် ပထမ၌ ကံသစ် ရုပ်သစ်ဖြစ်၍ အဖြစ်ရုပ်က များ၍အပျက်ရုပ်က နည်းပါး လေသည်။ နောက် တစ တစ ကံဟောင်း, ရုပ်ဟောင်း လာသဖြင့် အဖြစ်ရုပ်က နည်းပါး၍ အပျက်ရုပ်ကများပြားလာလေသည်။ ထိုနောက် ကံကြောင့်ဖြစ် သောရုပ်များ အသစ်မဖြစ်တော့ဘဲ အဖြစ်ရပ်စဲတော့၏။ ထိုကမ္မဇ ရုပ်များ အဖြစ်ရပ်စဲပြီးနောက်စိတ္တက္ခဏ ၁၆ ချက်မှာသတ္တဝါ သေရတော့၏။ သို့ရာတွင် ထိုသတ္တဝါ၏သေစိတ်၏ ဘင်ခဏနှင့် ပြိုင်တူ အထက် စိတ္တက္ခဏ ၁၇ ချက် မြောက် စိတ်၏ ဥပါဒ် ခဏ၌ ဖြစ်ခဲ့သော ကမ္မဇရုပ်သည်ချုပ်၏။ နောက်ဘသစ်တခု၌ ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏ၌ကမ္မဇရုပ်များဖြစ်ပြန်၏၊ ထိုကြောင့် ကမ္မဇရုပ်အဆက် တသံသရာလုံးမှာ မပြတ်ဟုဆိုရ၏။ ကမ္မဇ ရုပ် အဖြစ်ရပ်စဲသွားသောခဏမှာ ၁၆ ချက်သာရှိ၏။ ထိုကြောင့် ပင် ဘဝ၏ ခန္ဓာကိုယ်ဟောင်းကိုစွန့်၍ဘဝသစ်တခု၌ခန္ဓာကိုယ် သစ်တခု တည်ထောင်ခြင်းဖြစ်၏။ ထိုကဲ့သို့ကမ္မဇရုပ်များအဖြစ် ရပ်စဲခိုက် ဥဿ္မာခေါ် ကံကြောင့် ဖြစ်သော ကိုယ်ငွေ့လည်း ပါဝင်၏။ ထိုကြောင့် သတ္တဝါတဦးသည် အသက်ခေါ် ဇီဝိတ ရုပ် နှင့် ဥဿ္မာ ခေါ် ကိုယ်ငွေ့ ကမ္မဇရုပ်များ အဖြစ် ရပ်စဲပြီး

နောက် ဝိညာဏ်ခေါ် (လိပ်ပြာခေါ်) ဝိပါက် ဝိညာဏ်သည် စိတ္တက္ခဏ ၁၇ ချက်၌ စုတိကိစ္စတပ်၍ ဘဝတခု၏ အဆုံးစိတ် အဖြစ်ဖြင့် ဖြစ်ကာပြတ်စဲရတော့၏။

ထိုဝိပါက် ဝိညာဏ်လည်း ဘဝသစ်တခု၌ ပဋိသန္ဓေကိစ္စ တပ်၍ ဘဝသစ် တခု၏ အစဆုံး စိတ်ဖြင့် စပြန်တော့၏။ ထို အချိန်မှာ ပဋိသန္ဓေစိတ်နှင့် အတူတကွ ကမ္မဇရုပ်များကလည်း စ၍ ဖြစ်ပြန်တော့၏။ ဤသို့တသံသရာလုံး နိဗ္ဗာန်မရသေးသမျှ နာမ်စဉ်နှင့် ရုပ်စဉ်ဖြစ်နေခြင်းကိုပင် သတ္တဝါဟုငင်း၊ လူ,နတ်, ဗြဟ္မာစသည်ဖြင့်ငင်း ခေါ်ဝေါ်နေကြပေသည်။ ထိုကဲ့သို့ နာမ် ရုပ် ဖြစ်စဉ် မပြတ်သော်လည်း ကမ္မဇရုပ်အားနည်း၍ အဖြစ် ရပ်သော အခိုက်အတန့် ကလေးမှာ ပြောင်းလဲမှု ရှိသဖြင့် ထို အခိုက်အပြောင်းအလဲကိုပင် လောကကြီးကသေသည်ဟု ခေါ် ဝေါ် ကြခြင်းဖြစ်ပေသတည်း။ ဤအရာကို သေသေချာချာဖတ် ရှု၍စဉ်းစား ဆင်ခြင်ပါကုန်လော့။

**ကာမဘုံ၌ ရုပ်ဖြစ်စဉ် ဖြစ်ပုံပြီးပြီ။**

---

## ရူပဘုံ၌ရုပ်ဖြစ်ပုံ

ရူပဘုံ၌ ဥပပါတ် ယောနိ တခုသာဖြစ်၍ ရုပ်ကလာပ် ၂၁ စည်းတို့တွင် ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဣတ္ထိ ဘာဝဒသက, ပုမ္ဘာဝဒသက, ဤကမ္မဇ ကလာပ် ၅ စည်း။ အာဟာရဇကလာပ် ၂ စည်း၊ ပေါင်းကလာပ် ၇ စည်းမရ။ စက္ခု, သောတ, ဝတ္ထုဒသက,ဇီဝိတ နဝက ကလာပ် ဤကမ္မဇ ကလာပ် ၄ စည်း။ စိတ္တဇ ကလာပ် ၆ စည်း၊ ဥတုဇ ကလာပ် ၄ စည်း၊ ပေါင်း ကလာပ် ၁၄ စည်းရသည်။

ရူပဘုံ၌ ရသော ရုပ်ပေါင်းမှာ ရုပ် ၂၈ ခုတို့တွင် ဃာန ပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝ, ပုမ္ဘာဝ ရုပ်ပေါင်း ၅ ပါးမှ တပါး ကျန် ၂၃ ပါးရသည်။

၂၃ ပါးသရုပ်မှာ---

| | | | |
|---|---|---|---|
| **နိပ္ဖန္နရုပ် ၁၃** | ဘူတရုပ် | ၄ | ပါး။ |
| | ပသာဒရုပ် | ၂ | ။ |
| | ဝိသယရုပ် | ၄ | ။(ဂေါစရရုပ်လည်းခေါ်၏။) |
| | ဟဒယရုပ် | ၁ | ။ |
| | ဇီဝိတရုပ် | ၁ | ။ |
| | အာဟာရရုပ် | ၁ | ။ |
| **အနိပ္ဖန္နရုပ် ၁၀** | အာကာသဓါတ် | ၁ | ။ |
| | ဝိညတ်ရုပ် | ၂ | ။ |
| | ဝိကာရရုပ် | ၃ | ။ |
| | လက္ခဏာရုပ် | ၄ | ။ |
| | ပေါင်း .... | ၂၃ | ။ |

ပဋိသန္ဓေအခါ၌ စက္ခု, သောတ, ဝတ္ထု, ဒသက, ဇီဝိတ နဝက ကလာပ် ဤကမ္မဇကလာပ် ၄ စည်း။ ရုပ်ပေါင်း ၃၉ ခု ဖြစ်သည်။

ပဝတ္တိအခါ၌ ပြခဲ့ပြီး ကမ္မဇကလာပ် ၄ စည်းနှင့် စိတ္တဇ ကလာပ် ၆ စည်း၊ ဥတုဇကလာပ် ၄ စည်း၊ ပေါင်း ကလာပ် ၁၄ စည်းရသည်မှတ်။

## အသညသတ်ဘုံ၌ရုပ်ဖြစ်ပုံ

အသညသတ်ပုဂ္ဂိုလ်၌ ကလာပ် ၂၁ စည်းတို့တွင် ဇီဝိတနဝက ကလာပ် ၁၊ ဥတုဇကလာပ် ၂၊ ပေါင်းကလာပ် ၃ စည်းရ၏။ ကျန်သော ကမ္မဇကလာပ် ၈ စည်း၊ စိတ္တဇကလာပ် ၆ စည်း၊ သဒ္ဒဥတုဇကလာပ် ၂ စည်း၊ အာဟာရဇ ကလာပ် ၂ စည်း ပေါင်းကလာပ် ၁၈ စည်းမရပေ။ (အသညသတ်သတ္တဝါသည်လည်း ဥပပါတ်ယောနိမျိုးဖြစ်၏။)

ထိုတွင်—

ပဋိသန္ဓေအခါ၌= ဇီဝိတနဝကကလာပ် ၁ စည်းသာရ၏။

ပဝတ္တိအခါ၌= ဇီဝိတနှင့် သုဒ္ဓဋ္ဌက, လဟုတာဒိ ဧကာဒသက, ဥတုဇကလာပ် ၂ စည်း ပေါင်း ၃ စည်းရ၏။

ရုပ်အရေအတွက်အားဖြင့်—

| | |
|---|---|
| ပသာဒရုပ် | ၅ ပါး။ |
| သဒ္ဒရုပ် | ၁ ။ |
| ဘာဝရုပ် | ၂ ။ |
| ဟဒယရုပ် | ၁ ။ |
| ဝိညတ်ရုပ် | ၂ ။ |

ပေါင်း ၁၁ ပါးသောရုပ်များကိုကြဉ်ထား၍ ၁၇ ပါးသောရုပ်တို့ကို ရသည်။

၁၇ ပါးသရုပ်မှာ—

| | |
|---|---|
| အဝိနိဗ္ဘောဂရုပ် | ၈ ပါး။ |
| ဇီဝိတရုပ် | ၁ ။ |
| အာကာသဓါတ် | ၁ ။ |

| | | |
|---|---|---|
| လဟုတာ | ၁ | ပါး။ |
| မုဒုတာ | ၁ | ။ |
| ကမ္မညတာ | ၁ | ။ |
| လက္ခဏာရုပ် | ၄ | ။ |
| ပေါင်း .... | ၁၇ | ။ |

ဤသို့လျှင် ကာမဘုံ, ရူပဘုံ, အသညသတ်ဘုံ ဟု ဆိုအပ်ကုန်သော ၃ ဘုံတို့၌ ပဋိသန္ဓေ အခါ, ပဝတ္တိအခါ အားဖြင့် ၂ မျိုးသော ရုပ်ဖြစ်စဉ် ဖြစ်ပုံကို သိအပ်လေသည်။

အရူပဘုံ၌ကား မည်သည့်ရုပ်မျှ မဖြစ်၍ ''အရူပ'' ဟူ၍ပင် အမည်ရသဖြင့် မှတ်သားဘို့မလိုတော့ပေ။

---

## ဗြဟ္မာများသေသောအခါ ရုပ်ချုပ်ပုံ

ကာမဘုံသားများကဲ့သို့ပင် ရူပဗြဟ္မာများ၏ စုတိစိတ်၏ ရှေ့ ၁၇ ချက်မြောက်စိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်များအသစ်အသစ် မဖြစ်တော့ဘဲ ရပ်စဲခဲ့၏။ ထို ၁၇ ချက်မြောက်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်များသည် စုတိစိတ်နှင့် တပြိုင်နက် အတူချုပ်ကြကုန်၏။

စိတ္တဇရုပ် များလည်း စုတိစိတ်နောက် ၁၆ ချက်ခန့်လောက်မှာ ချုပ်ကြကုန်၏။

ဥတုဇရုပ် ကလာပ် တုံးကြီးကား စုတိနောက် လက်ဖြစ်တတွက်-လျှပ်တပြက် အတွင်း၌ အကြွင်းမဲ့ ချုပ်၏။ ကာမလူသားများ ကဲ့သို့ မသာချစရာ အလောင်းကောင် မရှိပေ။ ကာမဘုံသား နတ်များကဲ့သို့ပင်။

ဤနေရာ၌ လူသားများကဲ့သို့ ခန္ဓာကိုယ်အလောင်းကောင် အဘယ့်ကြောင့် မကျန်ရစ်သနည်း။ မေးဘွယ်ရှိ၏။

**အဖြေမှာ။** ။ထိုရူပဗြဟ္မာများနှင့် နတ်တို့၏ ခန္ဓာကိုယ် ရုပ်တုံး ရုပ်ခဲတို့သည် ကမ္မဇရုပ် များသာ များပြား ကုန်၏။ အခြားသော ရုပ်များကား အနည်းငယ်သာ ရှိကြ၏။ ထို အနည်းငယ်ရှိသော ရုပ်များ သည်လည်း ကမ္မဇရုပ် များကို ထောက် တည်ရာ, အားထားရာ ပြု၍ ဖြစ်ကြရ၏။ ထိုကြောင့် သေ၍ကမ္မဇရုပ်ချုပ်လျှင်ပင် ကြွင်းသောရုပ်များလည်း ထောက် တည်ရာ မရတော့ဘဲ ချုပ်ပျက်ကြကုန်တော့သည်။ ထိုကြောင့် ခန္ဓာကိုယ် အလောင်းကောင် ဥတုဇ ရုပ်ကလာပ် မကျန်ရစ် တော့ပေ။

---

## အကျဉ်းချုပ်မှတ်ရန်

ကာမဘုံ၌ ရုပ် ၂၈ ပါး အကုန်ဖြစ်ကုန်၏။
ရူပဘုံ၌ ရုပ် ၂၃ ပါး ဖြစ်ကုန်၏။
အသညသတ်ဘုံ၌ ရုပ် ၁၇ ပါး ဖြစ်ကုန်၏။
အရူပဘုံ၌ မည်သည့်ရုပ်မျှ မဖြစ်ပေ။

၁။ ပဋိသန္ဓေအခါ၌ မရကောင်းသောရုပ်—
သဒ္ဒရုပ်, ဝိကာရရုပ် ၅၊ ဇရတာ,အနိစ္စတာ ပေါင်း ၈ ပါး။
၂။ ပဝတ္တိအခါ၌ မရကောင်းသောရုပ် မရှိ၊ အားလုံးရ၏။
၃။ စုတိအခါ၌ သဒ္ဒ, ဝိကာရ ၅၊ ဥပစယ ပေါင်း ၇ ပါး မရပေ။

**ရူပ ပဝတ္တိက္ကမ ပြီးပြီ။**

# နိဗ္ဗာန်အကြောင်း

စိတ်, စေတသိက်, ရုပ်ပရမတ် များကို ပြဆိုပြီး၍၊ နိဗ္ဗာန်ပရမတ်ကိုပြဆိုအံ့၊ ထိုကြောင့် သင်္ဂြိုဟ်ဆရာသည် "နိဗ္ဗာနံပန" စသော စကားကို ဆိုသတည်း။ ၎င်းအဓိပ္ပါယ်မှာ—

**မူလစာကိုယ်**
၆၇ နိဗ္ဗာန်ဟူသည် လောကုတ္တရာတရားဖြစ်၏။မဂ်ညာဏ်
၄ ပါးဖြင့် လက်တွေ့ မြင်အပ်, သိအပ်သော တရား
ဖြစ်၏။ မဂ်ဖိုလ်တို့၏ အာရုံပြုရာဖြစ်၏၊ "ဝါန"ခေါ်
တဏှာမှ ထွက်မြောက် ကျွတ်လွတ်တတ်သောကြောင့်
"နိဗ္ဗာန"ဟု ပါဠိဘာသာ အားဖြင့် ခေါ်ဆိုအပ်၏။
၆၈ ထိုနိဗ္ဗာန်သည် သဘာဝ အားဖြင့် တပါးတည်း ဖြစ်
သော်လည်း အကြောင်း အမြွက် အားဖြင့် သဉပါဒိ
သေသနိဗ္ဗာန်,အနုပါဒိသေသနိဗ္ဗာန် ဟူ၍ ၂ ပါးရှိ၏။
၆၉ ထိုအတူသုညတနိဗ္ဗာန်,အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတ
နိဗ္ဗာန် ဟူ၍အခြင်းအရာကွဲပြားသဖြင့် ၃ ပါးရှိပြန်၏။
ဤကား သင်္ဂြိုဟ် စာကိုယ် အဆိုတည်း။

---

**အဓိပ္ပါယ် ၆၇-၆၉** နိဗ္ဗာန်ဟူသည် ငြိမ်းအေးသောဓါတ်တည်း(ဝါ) သန္တိသုခ, မြေ ချမ်းသာခြင်း တည်း။ ၎င်းသည် ကိလေသာတို့၏ ငြိမ်းအေးခြင်း, ခန္ဓာငါးပါးတို့၏ ငြိမ်းအေးခြင်းဟူ၍ ၂ မျိုးရှိသည်။ ထိုတွင် ကိလေသာ တို့၏ ငြိမ်းအေး ခြင်း ကို ဦးစွာ ပြပေ အံ့။ ၎င်း ကိလေသာ တို့၏ ငြိမ်းအေးမှုသည် သမထလုပ်ငန်းဖြင့် ငြိမ်းအေးမှု ဝိပဿနာလုပ်ငန်းဖြင့် ငြိမ်းအေးမှုဟူ၍ ငြိမ်းအေးကြောင်းတရား ၂ ပါးရှိသည်။ ထိုတွင်ဦးစွာ သမထ လုပ်ငန်းဖြင့် ငြိမ်းအေးသော လောကီနိဗ္ဗာန်များကို အစဉ် အတိုင်း ပြပေအံ့။

## ကာမကုသိုလ် နိဗ္ဗာန်

ကုသိုလ်တရားတို့သည် အကုသိုလ်တရားများကို ပယ်သတ်နိုင်၏။ ပုံပမာပေးကမ်းလှူဒါန်းခြင်းဒါနကုသိုလ်သည် မပေးလိုခြင်း, နှမြောစေးနဲခြင်း, လောဘ, ဒေါသ, အကုသိုလ်တရားများကိုပယ်သတ်၍ ငြိမ်း၏။ သူ့အသက် သတ်မှုရှောင်သော ပါဏာတိပါတ ဝိရတီ ကုသိုလ်သည်ပါဏာတိပါတအကုသိုလ် ဒုစရိုက်ကိုပယ်သတ်၍ငြိမ်း၏။

အဒိန္နာဒါန ဝိရတီကုသိုလ်သည် အဒိန္နာဒါန အကုသိုလ်ဒုစရိုက်ကို ပယ်သတ်၍ငြိမ်း၏။

ကာမေသု မိစ္ဆာစာရ ဝိရတီ ကုသိုလ်သည် ကာမေသု မိစ္ဆာစာရ အကုသိုလ်ကို ပယ်သတ်၍ ငြိမ်း၏။ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ တို့၌လည်း အထက်နည်းတူသိပါ။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ, အကုသိုလ်ကို အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိကုသိုလ်တို့က ပယ်သတ်သောအားဖြင့် ငြိမ်းအေးလေသည်။ ဤသို့စသည် ငြိမ်းအေးမှုတို့သည် များပြားလှကုန်၏။ ဤများပြားလှသော ငြိမ်းအေးမှု အားလုံးတို့သည် ခဏခေတ္တ ငြိမ်းအေးမှု လောကီ နိဗ္ဗာန်များ ဖြစ်ကြကုန်၏၊ (ဝါ) **တဒင်္ဂနိဗ္ဗာန်**ဖြစ်ကုန်၏။

## ဈာန်ကုသိုလ်နိဗ္ဗာန်

၈။ ပဌမဈာန် ကုသိုလ်သည် ဝတ္ထုကာမ, ကိလေသာကာမတို့မှ ငြိမ်းအေးသည်။

၂။ ဒုတိယ ဈာန် ကုသိုလ်သည် ဝိတက်,ဝိစာရတို့မှ ငြိမ်းအေးသည်။

၃။ တတိယဈာန်ကုသိုလ်သည် ပီတိမှ ငြိမ်းအေးသည်။

၄။ စတုတ္ထဈာန် ကုသိုလ်သည် သုခဝေဒနာမှ ငြိမ်းအေးသည်။

၅။ အာကာသာနဉ္စ ဈာန်ကုသိုလ်သည် ပဋိဃသညာ, နာနတ္တသညာတို့မှ ငြိမ်းအေးသည်။

၆။ ဝိညာနဉ္စဈာန်ကုသိုလ်သည် အာကာသာနဉ္စ သညာမှ ငြိမ်းအေးသည်။

၇။ အာကိဉ္စညာ ဈာန် ကုသိုလ်သည် ဝိညာနဉ္စ, သညာမှ ငြိမ်းအေးသည်။

၈။ နေဝသညာ နာသညာ ဈာန်ကုသိုလ်သည် အာကိဉ္စညာ သညာမှ ငြိမ်းအေးသည်။

ဤကား သမထဖြင့် ငြိမ်းအေးသော နိဗ္ဗာန် များတည်း၊ (ဝါ) **ဝိက္ခမ္ဘန** နိဗ္ဗာန်များတည်း။

## မဂ်ကုသိုလ်နိဗ္ဗာန်

၁။ သောတာပန်၏ သောတာပတ္တိမဂ် ကုသိုလ်သည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ အကုသိုလ်တို့ကို ပယ်သတ်၍ ငြိမ်းအေးသည်။

၂။ သကဒါဂါမိ၏ သကဒါဂါမိမဂ်ကုသိုလ်သည် ကြမ်းတမ်းသော ကာမရာဂ,ဗျာပါဒ အကုသိုလ်တို့ကိုပယ်သတ်၍ ငြိမ်းအေးသည်။

၃။ အနာဂါမိ၏ အနာဂါမိမဂ် ကုသိုလ်သည် သိမ်မွေ့သော ကာမရာဂ, ဗျာပါဒအကုသိုလ်တို့ကိုပယ်သတ်၍ ငြိမ်းအေးသည်။

၄။ ရဟန္တာ၏ အရဟတ္တမဂ်ကုသိုလ်သည် ရူပရာဂ, မာန အဝိဇ္ဇာ အကုသိုလ် အားလုံးတို့ကို ပယ်သတ်၍ ငြိမ်းအေးသည်။ ဤကား ဝိပဿနာမဂ်ဖြင့် ပယ်သတ်၍ ငြိမ်းအေးသော လောကုတ္တရာ နိဗ္ဗာန်များတည်း။

ဆိုခဲ့ပြီးသော သမထဖြင့် ငြိမ်းအေးသော လောကီနိဗ္ဗာန်, ဝိပဿနာဖြင့် ငြိမ်းအေးသော လောကုတ္တရာ နိဗ္ဗာန် အားလုံးတို့သည် ကိလေသာတို့၏ ငြိမ်းအေးမှုဖြစ်သောကြောင့် ကိလေသနိဗ္ဗာန်မည်ကုန်၏။ ၎င်းကိလေသနိဗ္ဗာန်မှန်သမျှသည် သဉပါဒိသေသ နိဗ္ဗာန်မည်၏။

ခန္ဓာ ၅ပါး၏ ချုပ်ငြိမ်းခြင်း နိဗ္ဗာန်သည်ကား ပရိနိဗ္ဗာန် စံပြီးနောက်၌ ဖြစ်သော နိဗ္ဗာန်တည်း၊ ၎င်းနိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန်မည်၏။ နောက်၌ ထင်ရှားလတ္တံ့။

သင်္ဂြိုဟ် ကျမ်းဆရာကား တကယ် အစစ် လောကုတ္တရာဖြစ်သော မဟာနိဗ္ဗာန်ကြီးကိုသာ ပြလို၏။ ထိုကြောင့် နိဗ္ဗာန်သည် လောကုတ္တရာဖြစ်၏ စသောစကားကိုဆို၏။ ၎င်းနိဗ္ဗာန်ကို မဂ်ဉာဏ် ၄ ပါးဖြင့် လက်တွေ့မြင်အပ်၏။ ယခုလူတို့မျက်စိဖြင့် ကောင်းကင်၌ လ, နေများကို မြင်ရသကဲ့သို့ မဂ်ဉာဏ်ကို ရပြီးသော အရိယာ ပုဂ္ဂိုလ် တို့သည် မဂ်ဉာဏ်များဖြင့် နိဗ္ဗာန်ကို လက်တွေ့ မြင်ကြသေသည်။ ထိုစကားဖြင့် ပညာရှိ ကလျာဏ ပုထုဇဉ်များသည် မျက်စိကန်းသူများ ကဲ့သို့ နိဗ္ဗာန်ကို လက်တွေ့မမြင်အပ်။ အနုမာန, မှန်းဆသော အားဖြင့် သိကြသည် ဟုဆိုလိုသည်။

၎င်းနိဗ္ဗာန်ကို သင်္ဂြိုဟ်ဆရာသည် ပရိယာယ် အမျိုးမျိုးဖြင့် ပြသေး၏။ ၎င်းတို့မှာ—

မူလစာကိုယ် ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
၇၀ နိဗ္ဗာန-မိတိဘာသန္တိ၊ ဝါနမုတ္တာမဟေသယော။ ။

---

**အဓိပ္ပါယ်** ပဒံ၊ စိတ်, စေတသိက်, ရုပ် ပရမတ် တို့နှင့်
၇၀ မရောနှော သီးခြား ပရမတ်တခုဖြစ်သော နိဗ္ဗာန်။

အစ္စုတံ၊ ရွေ့လျောသေပျောက်ခြင်းမရှိသောနိဗ္ဗာန်။

အစ္စန္တံ၊ ရှေ့အစွန်း, နောက်အစွန်း တို့ကို ကျော်လွန်၍ ဖြစ်သော နိဗ္ဗာန်။

အသင်္ခတံ၊ ပြုပြင်ထူထောင်မှုမရှိသော နိဗ္ဗာန်။

အနုတ္တရံ၊ မိမိထက် လွန်ကဲသော တရားမရှိသော နိဗ္ဗာန်။

ထိုပြင် အခြားသော နိဗ္ဗာန်၏ ပရိယာယ်များမှာ—

ရာဂက္ခယ၊ ရာဂကုန်ရာနိဗ္ဗာန်။

ဒေါသက္ခယ၊ ဒေါသကုန်ရာနိဗ္ဗာန်။

မောဟက္ခယ၊ မောဟကုန်ရာနိဗ္ဗာန်။

သဗ္ဗသင်္ခါရ သမထ၊ သင်္ခါရ အားလုံးမှ ငြိမ်းအေးသောနိဗ္ဗာန်။

သဗ္ဗူပဓိ ပဋိနိဿဂ္ဂ၊ ဥပဓိအားလုံးတို့၏စွန့်ရာနိဗ္ဗာန်။

ဒုက္ခနိရောဓ၊ ဒုက္ခအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန် စသည်များ ပြားဘိတောင်းလောကီမာဂဓ အဘိဓါန်ကျမ်းတို့၌ “မောက္ခော နိရောဓော” စသည်ဖြင့် နိဗ္ဗာန်၏ အမည်နာမ ၄၆ ပါးလာ သေးသည်။

ဤစာလာ, ပေလာ စကားများကို ထောက်ဆ၍ နိဗ္ဗာန်ဆို တာဘာလဲ၊ ဘယ်လိုသဘောကို နိဗ္ဗာန် ခေါ်သလဲ စသည်ဖြင့် လူပြိန်းများ နားလည်လောက်အောင်လောက စကား အသွား အလာတို့ဖြင့် သဘာဝကျကျရေးသားဖော်ပြ ပါဦးအံ့။

**နိဗ္ဗာန်** ဟူသည် ဒုက္ခ ခပ်သိမ်း အပြီးတိုင် ချုပ်ငြိမ်းခြင်း တည်း၊ (ဝါ) ရုပ်နာမ်ခန္ဓာချုပ်ငြိမ်း၍ သတ္တဝါဇာတ်လက်စ သိမ်း၍ ငြိမ်းအေး ခြင်းတည်း။ ထိုကြောင့် ဘုရားရှင်သည် “ဒုက္ခနိရောဓေါအရိယသစ္စ”ဟု သစ္စာ ၄ ပါးဟောတော် မူသော နေရာဌာနတိုင်း၌ ဟောတော်မူသည်။ ဤသို့ဆိုလျှင် အောက်၌ပြခဲ့ပြီးသော ကိလေသာ ချုပ်ငြိမ်းမှု နိဗ္ဗာန်များနှင့် ဆန့်ကျင်သည် မဟုတ်လော မေးသော် မဆန့်ကျင်ပေ။ ချဲ၍ပြအံ့။ “ကိလေသာ ချုပ်မှ ဒုက္ခချုပ်၏၊ ကိလေသာဖြစ်က ဒုက္ခကေန် ဖြစ်ရ၏” ဤ အမှန် တရားကို မလွှဲကိုင် ထား၍ ကိလေသာ အကြောင်းတရားချုပ်ခြင်းများကို ပြခဲ့ပြီး၍၊ ဤ၌အကျိုးဖြစ်သော ဒုက္ခနှင့် ခန္ဓာ ၅ ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်နိဗ္ဗာန်မည်၏ဟု ဆိုသောကြောင့် မဆန့်ကျင်ပေ။ ထိုကြောင့်အချုပ်အခြာပဓါန ဖြစ်သော ဤဒုက္ခနိရောဓ နိဗ္ဗာန်၏ သဘာဝကိုသာ အကျယ် ရေးသားပေအံ့။

ကမ္ဘာလောကကြီးသည် ဒုက္ခအပေါင်းတို့ဖြင့်ပြည့်နှက်လျက် ရှိ၏။ ဒုက္ခတို့ဖြင့်သာ ကမ္ဘာလောကကြီးကိုတည်ဆောက်ထား

ပေ၏။ ဒုက္ခစက်ကွင်းမှ လွတ်ကင်းသော ကမ္ဘာလောက တစုံတခုသည် မရှိပေ။မှန်၏။လောကသည်ပုဂ္ဂိုလ်သတ္တဝါလောက တမျိုး,တည်ရာဘုံဌာန လောက တမျိုး, သင်္ခါရခေါ် စိတ်, စေတသိက် နာမ်လောက တမျိုးဟူ၍ ၃ မျိုးရှိသည်။ထိုသုံးလောက အားလုံးသည် မြဲသော သဘောမရှိ။ဖြစ်ပြီးသော အရာမှန်သမျှ ပျက်စီးသော သဘောရှိ သဖြင့် နောက် ထပ်၍ ဖြစ်အောင် ထူထောင်,ပြုပြင်ရ၏=သင်္ခတဒုက္ခ။ ထိုသူထောင်,ပြုပြင်လုပ်ကိုင်ပြီးသောအရာတို့သည် ပျက်စီးပြန်သဖြင့် တဖန် ထူထောင်, ပြုပြင်လုပ်ကိုင်ရပြန်၏။ ဤသို့ အဆက်မပြတ်, မပြီးနိုင်, မဆုံးနိုင်အောင် ပြုပြင်, လုပ်ကိုင်၊ ပြီးသောအခါ ပျက်စီး၊ ပျက်စီး၍ ပြုပြင်, လုပ်ကိုင်ရ။ ဤသို့သော သံသရာလည်၍ ဒုက္ခတုံး ဒုက္ခခဲကြီးတို့သည် ဖြစ်ပျက်နေလေသည်။

ဆက်လက်၍ ဖေါ်ပြပါဦးမည်။ သတ္တဝါတဦးသည်၊ လူ့ဘဝ, လူ့ခန္ဓာကို ရလာသောအခါ အမိဝမ်းတွင်းဝယ် ၉ လ၊ ၁၀ လ၊ ပဋိသန္ဓေ နေရ၏။ ထိုအချိန်၌ ပဋိသန္ဓေ နေရခြင်း ဇာတိဒုက္ခတို့ကို အမှတ်မထင် အတိုင်းမသိ ခံစားရ၏။ အမိဝမ်း၌ အစာသစ်အိမ် အစာဟောင်းအိမ် အောက်ထက် ခြံရံလျက် ပုတ်နံညှီဟောင်သော ဝမ်းခေါင်း ကျဉ်းမြောင်းရာ၌ ဒူးနှစ်ဘက်ကြား မေးစေ့ထားကာ သစ်ပင်ခွမှာ မျောက်အိုကလေး ကုတ်နေဘိသို့ နေရသည်။ စန့်စန့် ရံ့ရံ့ ပြန့်ပြန့် ပြောပြော ကျယ်ကျယ် ဝန်းဝန်း နေရသည်မဟုတ်။ ဤလည်း ဇာတိဒုက္ခတမျိုး။

ဤသို့ ကျဉ်းမြောင်း ကျပ်တည်း လှသော သားသန္ဓေကလေးသည် အမိက အစပ်စားလိုက်သော အခါ ကိုယ်ရည်

ကိုယ်သား ပြတ်မတတ် ဆတ်ဆတ်တုံကာ စပ်ပူစပ်လောင် ခံစားရ၏။ အဒိက အပူစားက အပူ၊ အဒိက အခါးစားက အခါး စသည်ဖြင့် ဒုက္ခခံစားရ၏။ ဤလည်း ဇာတိဒုက္ခတမျိုး။

ဤသို့ စသော ဒုက္ခပေါင်း မြောက်မြားစွာ တို့ဖြင့်သာ စ၍ အရင်းတည်ထောင်ခဲ့ပေသည်။ ထိုနောက် အမိဝမ်းမှ မွေးဖွား လာသောအခါမှာလည်း သေကြေပျက်စီးမှု မရှိရအောင်ဒုက္ခ အမျိုးမျိုးခံကာ စောင့်ရှောက်ရ, ပြုပြင်ရ, မွေးမြူရ, အစာ ကျွေးရ, နို့တိုက်ရ, ထိန်းကျောင်းရ, ရေချိုးရ, ဆေးဝါးတိုက် ကျွေးရ စသည်ဖြင့် ဒုက္ခ အနန္တများပြားလှ၏။ အရွယ်ရောက် လာပြန်သောအခါ လူချင်းတူတူ သူချင်းမျှမျှ နေနိုင်အောင် ပညာသင်ရ, စီးပွားရှာရ, ကောင်းအောင်နေထိုင်ရ စာရိတ္တ ပြုပြင်ရ လူတိုင်းထက်သာအောင် လုပ်ရ စသော ဒုက္ခအနန္တ များပြားလှ၏။ ဤဒုက္ခများလည်း ဇာတိဒုက္ခစုပင်တည်း။

ဖျားနာခြင်း, အူရောင် ဖျားခြင်း, အနာ ပေါက်ခြင်း, ကျောက်ပေါက်ခြင်း, မျက်စိကျိန်းခြင်း, သွားကိုက် သွားဖုံး ရောင်, ပန်းနာ, ရင်ကြပ် ချောင်းဆိုး, အဆုပ်နာ, အူအတက် ပေါက်ခြင်း, မီးယပ်ပိန်, မီးယပ်ခြောက်စသော ၉၆ ပါး များ စွာသော ရောဂါဥပါဒ် ဘေးရန်ဟူသော ဗျာဓိဒုက္ခ တို့လည်း အနန္တ များပြားလှ၏။

အသက် အရွယ် ကြီးရင့်လာသောအခါ အိုးမင်းရွတ်တွ အရေတွန့်ခြင်း, အသားပြော့ခြင်း, မျက်စိမှုံခြင်း, နားထိုင်း ခြင်း, ခါးကိုင်းခြင်း, သွားကျိုးခြင်း, ဆံဖြူခြင်း စသော ဇရာ ဒုက္ခတွေလည်း အနန္တ များပြားလှ၏။

ဆွေမျိုးပျက်စီး, စည်းစိမ်ပျက်စီး, ဥစ္စာပျက်စီး, သာမယား အခြွေအရံ လယ်ယာကျေးကျွန် ပျက်စီးခြင်းစသော "သန္တာပ" ဒုက္ခတွေလည်း အနန္တ။

ချစ်သူ ခင်သူများနှင့် ဝေးကွာရခြင်း၊ မချစ်သူ မခင်သူ မုံးသူတို့နှင့် နီးကပ်စွာ နေသိုင်ရခြင်း၊ စိတ်အလိုဆန္ဒ မပြည့်ဝခြင်းစသော "သန္တာပ" ဒုက္ခတွေလည်း အနန္တ။

ထိုဒုက္ခတွေ ပင်လယ်ဒဝနှင့်ပင် လူ့လောကကြီး၌ နေထိုင်လာသော လူသတ္တဝါသည် နောက်ဆုံး၌ ရွှေလျောပျက်ကြွေသေရတော့သည်။ ထိုသေရသော မရဏဒုက္ခများကို ခံစားရသဖြင့်လည်း ဆုံးပြီဟုမဆိုရ။ နောက်ဘဝသစ်၌ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, ဒုက္ခ သန္တာပဒုက္ခတို့ကို ခံစားရပြန်၏။ ဤသို့ ဘဝအဆက်ဆက် မပြတ်မလတ် ဒုက္ခတို့ဖြင့်သာ ခံစား စံစားရသောကြောင့် လောကကြီးသည် ဒုက္ခအပေါင်းတို့ဖြင့်ပြည့်နှက်လျက်ရှိ၏။ ဒုက္ခတို့ဖြင့်သာ လောကကြီးကို တည်ဆောက်ထားပေ၏ ဟု ဆိုပေသည်။

ထို ဒုက္ခတုံး ဒုက္ခခဲ တို့၏ နောင် တ ဖန် မ ဖြစ် ပေါ် သော လောကမှ ထွက် မြောက် သော တခါတည်း အပြီး အငြိမ်း ချုပ်ဆုံးမှု၊ (ဝါ) သင်္ခတ တရားတို့၏ ဇာတ်သိမ်းမှု သဘောတရားသည် ရှိ၏၊ ထို တရားသည် ကေန်စင်စစ် "နိဗ္ဗာန်" ခေါ် ပရမတ္ထဓါတ်အစစ်ကြီးပေတည်း။

ထိုပရမတ္ထ မဟာနိဗ္ဗာန်သည် သင်္ခတ တရားတို့၏(အနုပ္ပါဒ နိရောဓ) တဖန်မဖြစ်ပေါ်သောချုပ်ငြိမ်းခြင်းသဘာဝအားဖြင့်

တပါးတည်းသာဖြစ်ပေသည်။ သို့ရာတွင် ချုပ်ငြိမ်းအပ်သော သင်္ခတ တရားတို့၏ အကွဲ အပြား အားဖြင့် အမျိုးမျိုး ဖြစ်နိုင်ပေသည်။

သို့ဖြစ်၍ သင်္ဂြိုဟ်ဆရာသည် နံပါတ် ၆၇ ပါဠိကို ဆိုသတည်း။

**အဓိပ္ပါယ်ကား။** ။သဥပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန် ဟူ၍ အကြောင်းပရိယာယ် အားဖြင့် ၂ မျိုး ရှိသည်တို့တွင်—

**သဥပါဒိသေသနိဗ္ဗာန်** ဟူသည် ဘဝခန္ဓာ သံသရာအကြွင်း အကျန်ရှိနေစဉ်အခါ သင်္ခတ တရားအချို့ (ဝါ) ကိလေသာ အချို့ ချုပ်ငြိမ်းမှုကို ခံစားရသော ပုဂ္ဂိုလ်၏ နိဗ္ဗာန်ဖြစ်သည်။ ၎င်းနိဗ္ဗာန်ကို အဘယ်သို့ အဘယ်ပုဂ္ဂိုလ်များခံစားကြသနည်း။

သောတာပန်ပုဂ္ဂိုလ်၏မဂ်စိတ်အခိုက်၌ သက္ကာယဒိဋ္ဌိ ၂၀၊ မိစ္ဆာဒိဋ္ဌိ ၆၂ ပါး၊ အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀ ပါး၊ နိယတမိစ္ဆာဒိဋ္ဌိကြီး ၃ ပါး၊ ယုံမှားခြင်း ၇ ပါး၊ ၁၄ ပါး တို့သည် အပြီးတိုင် တဖန် မဖြစ်သော အားဖြင့် ချုပ်ငြိမ်း ကြကုန်၏။ ထိုအခါ ဒိဋ္ဌိဝိစိကိစ္ဆာခေါ် ကိလေသာသင်္ခတတို့၏ ချုပ်ငြိမ်းခြင်းသည် ဘဝခန္ဓာ သံသရာအကြွင်းအကျန်ရှိသော သဥပါဒိသေသ နိဗ္ဗာန် မည်၏။ ထို နိဗ္ဗာန်ကို သောတာပန်ပုဂ္ဂိုလ်တို့သည် လက်တွေ့ခံစားကြကုန်၏။

သကဒါဂါမိပုဂ္ဂိုလ်၏မဂ်စိတ်အခိုက်၌ ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ, ဗျာပါဒ တရားတို့သည် အပြီးတိုင် တဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းကြကုန်၏။ ထို အခါ သြဠာရိက

ကာမရာဂ,ဗျာပါဒခေါ် သံ်ာကိလေသာတို့၏ ချုပ်ငြိမ်းခြင်းသည် ဘဝသံသရာ အကြွင်းအကျန်ရှိသော သဉပါဒိသေသ နိဗ္ဗာန်မည်၏။ ထို နိဗ္ဗာန်ကို သ က ဒါ ဂါမ် ပုဂ္ဂိုလ် တို့သည် လက်တွေ့ခံစားကြကုန်၏။

အနာဂါမ် ပုဂ္ဂိုလ်၏မဂ်စိတ်အခိုက်၌ သိမ်မွေ့သောကာမရာဂ, ဗျာပါဒ ဒေါသတရား တို့သည် အပြီးတိုင် တဖန်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းကြကုန်၏။ ထိုအခါ "သုခုမရာဂ,ဗျာပါဒ"ခေါ် သံ်တ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းသည် ဘဝခန္ဓာ သံသရာ အကြွင်းအကျန်ရှိသော သဉပါဒိသေသ နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်ကို အနာဂါမ်ပုဂ္ဂိုလ်တို့သည်လက်တွေ့ခံစားကြကုန်၏။

ရဟန္တာပုဂ္ဂိုလ်၏အရဟတ္တမဂ်စိတ်အခိုက်၌ ရူပရာဂ,အရူပရာဂ, မာန, အဝိဇ္ဇာ အစရှိသော ကိလေသာ အာလုံးတို့သည် အပြီးတိုင် အကြွင်းအကျန်မရှိချုပ်ငြိမ်းကုန်၏။ထိုအခါရူပရာဂ, အရူပရာဂ,မာန, အဝိဇ္ဇာ စသော သံ်ာကိလေသာတို့၏ချုပ်ငြိမ်းခြင်းသည် ခန္ဓာကိုယ် အကြွင်းအကျန်ရှိသေးသော သဉပါဒိသေသနိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်ကို ရဟန္တာ ပုဂ္ဂိုလ် တို့သည် လက်တွေ့ခံစားကြကုန်၏။ ဤကားနိဗ္ဗာန်ကို လက်တွေ့ ခံစားရသော ပုဂ္ဂိုလ်များတည်း။

ဤသို့လျှင် ကိလေသာ သံ်ာတို့သာချုပ်ငြိမ်း၍ ဥပါဒိခေါ် ခန္ဓာငါးပါးမချုပ်ငြိမ်းသေးသောနိဗ္ဗာန်သည် **သဉပါဒိသေသ** နိဗ္ဗာန်မည်၏။

**အနုပါဒိသေသနိဗ္ဗာန်** ဟူသည် ကိလေသာသခ်ိတနှင့်ဥပါဒိ မည်သော ခန္ဓာ ငါးပါးတို့၏ အကြွင်း အကျန်မရှိ ချုပ်ငြိမ်း အေးမြသော သန္တိသုခ မဟာနိဗ္ဗာန ဓါတ်အစစ်ပင်ဖြစ်၏။ ဤ သန္တိသုခ မဟာနိဗ္ဗာန်ကိုကား မည်သူခံစားသည်ဟု မဆိုထိုက်, မဆိုရပေ။ ဝေဒက (ခံစားသူ) မရှိပေ။ ဝေဒက၊ ခံစားသူရှိက ဒုက္ခရှိဦးမည်။ ဒုက္ခရှိက မဟာနိဗ္ဗာနဓါတ်မဟုတ်တော့ပေ။

## ချဲ၍ပြဦးအံ့

သုခသည် (၁) ခံစားအပ်သော ဝေဒယိတသုခ၊

(၂) မြေ ချမ်းသာသော သန္တိသုခ

ဟူ၍ ၂ မျိုးရှိသည်။

ထိုတွင် **ဝေဒယိတသုခ** ဟူသည်လူ့စည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မစည်းစိမ် စသောစည်းစိမ်အားလုံးတို့ကို ခံစားသောသုခမျိုး တည်း။ ၎င်းဝေဒယိတ သုခကို လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ သည် ခံစားကြကုန်၏။ ထိုကြောင့်ခံစားသူဝေဒကရှိ၏။

ယခု လောကကြီးသည်ကား ထိုဝေဒယိတသုခဖြင့် ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် အရှိအားဖြင့် ဖြစ်၍ လူ့စည်းစိမ် နတ်စည်းစိမ်, ဗြဟ္မစည်းစိမ် တို့ကို ခံစား စံစား နေရသည်ကို အလွန့်အလွန် ချမ်းသာကြီးဟု ထင်နေကြကုန်၏။ သို့ရာတွင် လောကကြီးထင်သည့်အတိုင်းမဟုတ်ပေ၊ စင်စစ် အမှန်အားဖြင့် ဒုက္ခတုံး, ဒုက္ခခဲတို့သာဖြစ်ကုန်၏။ ဒုက္ခသစ္စာတရားအစုတို့သာ ဖြစ်ကုန်၏။ အဘယ်ကြောင့်ဆိုသော် ခံစားသူဝေဒကနှင့် ခံစား အပ်,ခံစားထိုက်,ခံစားစရာစည်းစိမ်အားလုံးတို့သည်ဖြစ်ပြီးက ပျက်စီးရမြဲ ဓမ္မတာ သဘော ရှိကြကုန်၍၊ (ဝါ) ဥဒယဗ္ဗယ

ပီဠနသဘောရှိကြကုန်၍ မမြဲသောအနိစ္စသဘောတရားတို့သာ ဖြစ်ကြကုန်၏။ ထိုကြောင့် ချုပ်ပျက်သွားသောအရာ နောက် ဖြစ်ပေါ်လာအောင် ထူထောင် ပြုပြင်ရသော “သင်္ခတ” ဒုက္ခ၊ ထူထောင်ပြီး၍ပျက်စီးရသော “ဝိပရိဏာမ” ဒုက္ခတို့သာ ဖြစ်ကုန်၍ ဒုက္ခတုံး, ဒုက္ခခဲ, ဒုက္ခသစ္စာ တရားအစုတို့သာ ဖြစ်ကုန်၏။

**သန္တိသုခ** ဟူသည် ထိုဒုက္ခတုံး, ဒုက္ခခဲ,ဒုက္ခသစ္စာတို့၏ တဖန် မဖြစ်ပေါ်သော ချုပ်ငြိမ်းခြင်း “အနုပ္ပါဒ နိရောဓ” မြေချမ်းသာခြင်းသည်သာလျှင်ဖြစ်သည်။ ၎င်းသန္တိသုခကိုကား ခံစားသူ (ဝေဒက) ပုဂ္ဂိုလ် သတ္တဝါမရှိတော့ပေ။ အကယ်၍ ခံစားသူရှိအံ့၊ ဒုက္ခနှင့်မကင်းသဖြင့် သန္တိသုခ (နိဗ္ဗာန်အစစ်) မဟုတ်နိုင်ပေ။ သန္တိသုခ, ပရမသုခ နိဗ္ဗာန်အစစ်သည်ကား ခံစားသူမရှိသော အေးမြချမ်းသာမှုဖြစ်သည်။

**ဥပမာ**။ ။အနာရောဂါ ရောက်ခြင်း၊ အနာရောဂါ ပျောက်ကင်းခြင်းဟူ၍ လောက၌ ထင်ရှားရှိ၏။ အနာရောဂါ ရောက်သောအခါ ဒုက္ခဖြစ်၍၊ အနာရောဂါ ပျောက်ကင်းသော အခါ သုခဖြစ်၏။ အနာရောဂါ ရောက်သောအခါဖြစ်သော ဒုက္ခသည်ကား ဖြစ်ပေါ်လာသောဒုက္ခ။ အနာရောဂါ ပျောက် ကင်းသောအခါ သုခသည်ကား ပျောက်ငြိမ်းသော သုခ။ ၎င်း ၂ မျိုးအနက် ဒုက္ခသည်ကား တကယ် ဖြစ်ပေါ်ခြင်း။ သုခကား ထို ဖြစ်ပေါ်သော ဒုက္ခ၏ ပျက်စီးခြင်းဖြစ်၍၊ ၎င်း သုခကို လူတို့သည် လက်တွေ့ ခံစားရသည်။ ထိုဥပမာနည်းတူ သံသရာ၌လူဖြစ်လိုက် နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် ခွေးဖြစ်လိုက် ဝက်ဖြစ်လိုက် စသည်ဖြင့် တဝဲလည်လည် ခံစား စံစားနေရသော

ဒုက္ခဝဋ္ဋ၊ ဒုက္ခတုံး ဒုက္ခခဲ (သင်္ခတတရား) တို့၏ (ဥပါဒ်, ဌီ, ဘင် အားဖြင့်) ဖြစ်ပေါ်မှုနှင့် ထို ဒုက္ခတို့၏ (ဥပါဒ်, ဌီ, ဘင် အားဖြင့်) မဖြစ်ပဲ ချုပ်ငြိမ်းမှု ဟူ၍ ထင်ရှား ရှိလေသည်။ သင်္ခတ တရားတို့၏ ဖြစ်ပေါ် ဥပါဒ် နေသောအခါ ဒုက္ခအစု တို့သာတည်း။ သင်္ခတ တရားတို့သည် မဖြစ်ပဲ ချုပ်ငြိမ်းသွား သောအခါ သန္တိသုခ, ပရမသုခ မဟာ နိဗ္ဗာနဓါတ် အစစ် ဖြစ်ပေသည်။ ဤမျှသာ မှတ်သား လေ့လာပါဦး၊ ကျယ်ဝန်း လှ၏။

တနည်းအားဖြင့် သင်္ဂြိုဟ်ဆရာသည် နိဗ္ဗာန် ၃ မျိုးကို ပြသေး၏။ ၎င်းတို့မှာ သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်,အပ္ပဏိ ဟိတနိဗ္ဗာန် ဟူ၍ အခြင်းအရာကွဲပြားသဖြင့် ၃ ပါးရှိသည်။ ထိုတွင်—

**သုညတနိဗ္ဗာန်** ဟူသည် ပလိဗောဓ (ကြောင့်ကြဘွယ်) အားလုံးတို့မှ ကင်းဆိပ်သောနိဗ္ဗာန်ဖြစ်၏။ ချဲ့အံ့ လောက ဘက်ရှိ သင်္ခတတရား အားလုံးတို့သည် ဗလိဗောဓ (ကြောင့် ကြမှု) အမျိုးမျိုးတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သော တရား တို့သာဖြစ်ကုန်၏။ ငြိမ်းအေး ချမ်းသာ သက်သာခွင့်ကို ပေးစွမ်း နိုင်သောတရားတို့ မဟုတ်ကြကုန်။

(ဤ၌ ကြောင့်ကြစိုက်ရသောသဘောဆိုသည်မှာ ဖြစ်ပြီးက ပျက်စီးသော သဘော ရှိသောကြောင့် နောက်ထပ်ဖြစ်အောင် ကြိုးစားအားထုတ်ခြင်းပင်ဖြစ်သည်။)

နိဗ္ဗာနဓါတ်သည်ကား ထိုသို့မဟုတ်၊ ပလိဗောဓ အမျိုးမျိုး တို့မှကင်း၍ တစုံတရာ ကြောင့်ကြစိုက်ဘွယ် မလိုပေ။ အလိုလို မြဲနေပေသည်။

**အနိမိတ္တနိဗ္ဗာန်** ဟူသည် ဖြစ်,တည်ခြင်း အကြောင်းရင်း ခံ၍ အရိပ်, နိမိတ်အသွင်, သဏ္ဍာန် ဒြပ်မရှိသော နိဗ္ဗာန် ဖြစ်သည်။ ချဲ့အံ့။ လောကဘက် သင်္ခတ တရားတို့သည် အရိပ်, နိမိတ်, အသွင်, သဏ္ဍာန်ဒြပ်ရှိသော "သနိမိတ္တ" တရားတို့သာ ဖြစ်ကြကုန်၏။ နိဗ္ဗာနဓါတ် အစစ်သည်ကား နိမိတ်, အသွင်, သဏ္ဍာန်,ဒြပ် မရှိပေ၊ ထိုကြောင့် ကာလ,ဒိသာ,ဒေသ,သန္တာန် အပြား ယုတ်,လတ်,မြတ် ဟူ၍မရှိ။

**အပ္ပဏိဟိတနိဗ္ဗာန်** ဟူသည်အာသာဆန္ဒတောင့်တခြင်းမရှိ သောနိဗ္ဗာန်ဖြစ်သည်။ ချဲ့အံ့။ လောကဘက်ရှိ သင်္ခတ တရား တို့သည် အာသာဆန္ဒ တောင့်တမှုဖြင့် ဒုက္ခကို ဖြစ်ပွါးစေ တတ်သော "သပ္ပဏိဟိတ" တရားတို့သာ ဖြစ်ကုန်၏။ နိဗ္ဗာန် ဓါတ်အစစ်သည်ကား တောင့်တမှု အာသာကို ပယ်ဖျောက် တတ်သော တရားဖြစ်သောကြောင့် တဏှာအာသာမရှိ ကင်း ပြတ်လေသည်။ ဤကား နိဗ္ဗာန်နှင့်စပ်လျဉ်းသော သင်္ဂြိုဟ်လာ စကားများပြီး၏။

မိလိန္ဒပဉှာ ပါဠိတော်၌ နိဗ္ဗာန်နှင့်စပ်သော ကထာပေါင်း ၇-မျိုးလာ၏။ အဆုံးကထာ၌ နိဗ္ဗာန်သည် တည်ရာအရပ် ရှိသ လော-ဟု မင်းကြီးမေးသောအခါ နိဗ္ဗာန်၏တည်ရာအရပ် မရှိ ဟု-ဖြေ၏။ တည်ရာအရပ် မရှိသော် နိဗ္ဗာန်မရှိရာ။ နိဗ္ဗာန်ကို မျက်မှောက်ပြုသည် ဟူသော စကားလည်း အမှားသာဖြစ်ရာ၏ ဟု မင်းကြီးကဆိုလျှင်၊ တည်ရာအရပ် မရှိသော်လည်း နိဗ္ဗာန် ရှိ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုသည် ဟူသော စကားလည်း မမှားပေ, အမှန်ဖြစ်၏ဟု ဖြေ၏။ မီးပွတ်, မီးဆုံ ဥပမာဖြင့် ကျယ်စွာလာသည်။ အလိုရှိမူ ထို၌ ကြည့်ပါကုန်။

## ထိုနိဗ္ဗာန်နှင့်စပ်လျဉ်း၍

ဥဒါန်းပါဠိတော် နိဗ္ဗာန ပဋိသံယုတ္တကထာ၌ ဘုရားရှင် ဟောတော်မူသော သုတ်များအနက် ကောင်းမွန်လှသောသုတ်ကို ရှင်းလင်းထုတ်ပြပါအံ့။

၁။ နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ။

၂။ စလိတေ အသတိ ပဿဒ္ဓိ၊ ပဿဒ္ဓိယာ သတိနတိ နဟောတိ။

၃။ နတိယာ အသတိ အာဂတိ ဂတိ နဟောတိ။

၄။ အာဂတိ ဂတိယာ အသတိ စုတူပပါတော နဟောတိ။

၅။ စုတူပပါတေ အသတိ နေဝိဓ နဟုရံ နဥဘယမန္တရေ ဧသေ ဝန္တော ဒုက္ခဿာတိ။ ။

**အဓိပ္ပါယ်မှာ** ထိုအချိန်အခါ၌ ဘုရားရှင်သည် များစွာသော အကြောင်းတို့ဖြင့် နိဗ္ဗာန်နှင့် စပ်သော တရားစကားကို ဟောတော်မူသည် ရှိသော် တရားနာ (ဓမ္မပဋိဂ္ဂါဟက) ရဟန်းများသည် ဤသို့ကြံစည်အောင့်မေ့ကြကုန်၏။

"ဘုရားရှင်သည် မအိုရာ, မသေရာ, မနာရာ အမတဓါတ် မဟာနိဗ္ဗာန်၏ အကျိုးအာနိသင်ကို ရှေးဦးစွာ ဟောပြတော်မူ၏။ ထိုနိဗ္ဗာန်ကို ရခြင်း၏ အကြောင်းကိုကား ဟောတော်မမူ။ ကျင့်ကြံလိုသော ငါတို့သည် ဤမည်သောနိဗ္ဗာန်ကို ဘယ်လိုရအပ် ရောက်အပ်ပါသနည်း" ဤသို့ ကြံစည်အောင့်မေ့ကြကုန်၏။ ထိုရဟန်းတို့၏အကြံကို ဘုရားရှင်သည် အလုံးစုံအားဖြင့် သိတော်မူ၍ ဤအထက်ပါ ဥဒါန်းကိုကျူးရင့်တော်မူသည်။

ဤ ဥဒါန်း၌ နိဗ္ဗာန်ရကြောင်း တရားမှာ တဏှာလောဘကို အကြွင်းမရှိ ပယ်သတ်ခြင်းတည်း။

၁။ ထိုဥဒါန်း ပါဠိတော်၏ အကျဉ်းချုပ် အဓိပ္ပါယ်မှာ အာရုံ ၆ ပါး သင်္ခါရတရားတို့၌ တဏှာ, ဒိဋ္ဌိတို့ဖြင့် ကပ်ငြိတွယ်တာသောသူအား "ဤဟာသည် ငါ့ဥစ္စာ၊ ဤကိုယ်သည် ငါ့ကိုယ်"ဟု လှုပ်ရှားမှုရှိလေသည်။ မှန်ပေသည် တဏှာနှင့် ဒိဋ္ဌိကို မပယ်သတ်ရသေးသော ပုဂ္ဂိုလ်တို့သည် ချမ်းသာဖွယ် အာရုံကို ခံစားတွေ့ကြုံသည် ရှိသော် ထိုအာရုံကို လွှမ်းမိုးနှိပ်စက်၍နေခြင်းငှာ မစွမ်းနိုင်သဖြင့် "ငါခံစားရသည်၊ခံစားမှုသည် ငါ့ဥစ္စာဖြစ်သည်" စသည်ဖြင့် တဏှာစွဲ,ဒိဋ္ဌိစွဲ စွဲလမ်း၍ တုန်လှုပ်ချောက်ချားလေသည်။

အာရုံ ၆ ပါးသင်္ခါရတရားတို့၌ တဏှာ, ဒိဋ္ဌိတို့ဖြင့် မကပ်ငြိ မတွယ်တာသော သူသည် စင်ကြယ်သော အကျင့်ကိုကျင့်၍ သမထ, ဝိပဿနာတို့ဖြင့် တဏှာ, ဒိဋ္ဌိတို့ကို ပယ်ခွါ၍ အနိစ္စ, ဒုက္ခ, အနတ္တ, အားဖြင့်သင်္ခါရတရားတို့ကို သုံးသပ် ဆင်ခြင်၍ နေသဖြင့် "ငါခံစားရသည်၊ ခံစားမှုသည် ငါ့ဥစ္စာဖြစ်သည်"ဟု တဏှာစွဲ မစွဲလမ်းသောသူအား လှုပ်ရှားမှုမရှိတော့ပေ။

၂။ တဏှာစွဲ, ဒိဋ္ဌိစွဲ စွဲလမ်းသော လှုပ်ရှားမှု မရှိသည် ရှိသော် လမ်းစဉ်အတိုင်း ကျင့်သော ဝိပဿနာဖြင့် တဏှာစွဲ, ဒိဋ္ဌိစွဲကင်းခြင်းကို ကျိုးစားအားထုတ်သူအား ဝိပဿနာစိတ်နှင့် တကွဖြစ်သော လှုပ်ရှားချောက်ချားခြင်းကိုပြုတတ်သော ကိလေသာကိုငြိမ်းအေးစေတတ်သောကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ ၂ ပါးသည်ဖြစ်၏။ ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ ၂ ပါးဖြစ်သည်ရှိသော် အပြစ်မရှိသော ချမ်းသာသုခ၌ တည်သော သမာဓိကို ပွားစေ၍

သမာဓိ နှင့် ပညာကို မျှတစေသဖြင့် သမထ ဝိပဿနာ လမ်း ၂ သွယ်ဖြင့် မဂ်တရား အဆက်ဆက် တို့သည် ကိလေသာ ကုန်စေ၍ ရဟန္တာဖြစ်သူအား ထိုထိုဘုံဘဝတို့၌ ညွတ်ကိုင်းခြင်း (နတိ) မည်သော တဏှာသည်မဖြစ်တော့ပေ။

၃။ အရဟတ္တမဂ်ဖြင့် တဏှာကို ကောင်းစွာ ပယ်ပြီး ဖြစ်သောကြောင့် ဘဝစသည် အကျိုးငါ့ တွယ်တာ နှစ်သက် သော တဏှာလောဘ စိတ္တုပ္ပါဒ် မထကြွ မဥပါဒ် သည်ရှိ သော် ပဋိသန္ဓေအားဖြင့်ဖြစ်လာရခြင်း (အာဂတိ)၊ သေသော အားဖြင့် ဤဘုံမှတခြားဘုံသို့ သွားရခြင်း (ဂတိ)၊ ဤလောက ဓမ္မတာတို့သည် မဖြစ်တော့ပေ၊

၄။ ဤဘုံသို့ ဖြစ်လာရခြင်း (အာဂတိ)နှင့် တခြားဘုံသို့ သွားရခြင်း (ဂတိ)တရားတို့ မရှိသည်ရှိသော် သံသရာ အဆက် ဆက် ပဋိသန္ဓေနေခြင်း၊စုတိ သေခြင်းတို့သည်မဖြစ်နိုင်တော့ပေ။ မှန်ပေသည် ကိလေသာဝဋ် မရှိသော် ကမ္မဝဋ်ပြတ်၏၊ ကမ္မဝဋ် ပြတ်သည်ရှိသော်အဘယ်မှာလျှင် ဝိပါကဝဋ် ဖြစ်နိုင်တော့မည် နည်း။ ထို့ကြောင့်-

၅။ ပဋိသန္ဓေ, စုတိတို့မရှိသော် ဤလောက၌လည်း မဖြစ်။ တမလွန်လောက၌လည်းမဖြစ်။ ဤဘဝ, နောင်ဘဝ, ဘယ်ဘဝ ၌မျှမဖြစ်တော့။ ဤသည်သာလျှင် ကိလေသာ ဒုက္ခတို့၏ဝှင်း၊ ဝဋ်ဒုက္ခတို့၏ဝှင်း၊ အဆုံးဖြစ်သော အသင်္ခတဓါတ်မဟာနိဗ္ဗာန် အစစ် ဖြစ်ပေသည်။

အချုပ်မှာ တဏှာကို ပယ်သတ်၍ကိလေသာဝဋ်ကုန်သဖြင့် ကံတရားကုန်ဆုံးရသည်။ ကံတရားကုန်ဆုံးလျှင် အဘယ်မှာ အကျိုးပေးဝိပါက်ရှိတော့အံ့နည်း။ အကျိုးပေးကုန်လျှင် ဘယ်

ဘဝသို့မျှ မရောက်ရ မဖြစ်ရတော့။ ဤသို့ဘယ်ဘုံ ဘယ်ဘဝ၌မျှ မဖြစ်ဘဲ သံသရာစက်ဝန်း အတွင်း သတ္တဝါဟု ဖြစ်ခြင်းမရှိ အေးငြိမ်းရာသန္တိသုခ မဟာနိဗ္ဗာန်သို့ဖြစ်ရရောက်ရတော့သည်။
(ဤကား ဥဒါန်းပါဠိတော်လာအဓိပ္ပါယ်တည်း။)

**နိဗ္ဗာန်အကြောင်းပြီးပြီ။**

---

ဤသို့လျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ပရမတ္ထ တရား ၄ ပါးတို့ကို ဘုရားရှင် ဟောဘော်မူသည့်အတိုင်း ထင်ရှားပြ၍ ပြီးပါပြီ။

**ဤသည်လျှင်ရင်ပိုင်းပြီးပြီ။**

# ရှေးဦးသင်အဘိဓမ္မာ

ဤ ရှေးဦးသင် အဘိဓမ္မာ ကျမ်းစာများကို ၁၉၅၂ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ဗုဒ္ဓကျမ်းစာဌာနကို စတင်ဖွင့်လှစ်သော အခါမှစ၍ သင်ကြား လာသည်မှာ ယခု အချိန်ထိ ၁၀ နှစ် မြောက်ရှိသွားပေပြီ။

၎င်းကျမ်းစာများသည် ကျောင်းသား များနှင့် ကိုက်ညီရုံ သာမက ပထမပြန် စာဖြေ သံဃာတော်များ အတွက်လည်း လုံလောက်ပြည့်စုံသော ကျမ်းစာဖြစ်ပေသည်။

၁။ အမိပ္ပါယ်ပြည့်စုံခြင်း။

၂။ သိလွယ်အောင် ရှင်းပြခြင်း။

၃။ တိုတို ကျဉ်းကျဉ်း ရေးသားထားခြင်း။

၄။ အဋ္ဌကထာ ဋီကာလာ အမိပ္ပါယ်များကို စုံအောင် ရေးသားခြင်း။

၅။ သဘာ၀ ကျအောင် လုပ်ငန်း အားဖြင့် လက်တွေ့ ပြထားခြင်း စသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံပေသည်။

---

ပထမတွဲ　စိတ်ပိုင်း, စေတသိက်ပိုင်း။

ဒုတိယတွဲ　ပကိဏ်းပိုင်း, ဝီထိပိုင်း။

တတိယတွဲ　ဝီထိမုတ်ပိုင်း, ရုပ်ပိုင်း။

စတုတ္ထတွဲ　သမုစ္စည်း, ပစ္စည်း, ကမ္မဋ္ဌာန်းပိုင်း။

၁၅၀၀-

ရန်ကုန်မြို့၊ အမှတ် ၁၁၄၊ ကရိလမ်း၊ အောင်သိပ္ပံစာအုပ်တိုက်၊ ဒေါ်ကြည်ကြည်က
ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ အမှတ် ၆၁၊ ရေကျော်လမ်း၊ ကုသလဝတီပုံနှိပ်တိုက်တွင်ရိုက်နှိပ်သည်။